

www.burmeseclassic.com
BURMESE CLASSIC .com
မုညခင်
စာအုပ်တိုက်
မုညခင်
နှင့်
www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက် - ၅၀၁၈၇/၂၀၂၀၉
မျက်နှာဖုံးခွင့်ပြုချက် - ၅၀၁၅၄၆၀၁၁၀
ထုတ်ဝေခြင်း - ၂၀၁၄ ခု၊ ဇန်နဝါရီလ
ပထမအကြိမ်
မျက်နှာဖုံးပန်းချီ - L လင်း
အုပ်ရေ - ၅၀၀ အုပ်
တန်ဖိုး - ၁၅၀ ကျပ်
ထုတ်ဝေသူ - ဒေါ်သင်းသင်းမာ
ပုညခင်စာပေ(ယာယီ-၈၅၆)
တိုက်(၆၁)၊ အခန်း(၁၁)၊
ကမ္ဘာအေးဘုရားလမ်း၊ ရန်ကုန်
အတွင်းပုံနှိပ် - ဒေါ်ခင်ခင်ဝင်း
ကလျာပုံနှိပ်တိုက်၊ (မြ-၀၂၆၇၀
အမှတ်(၄၂)၊ (၄၂)လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်
မျက်နှာဖုံးပုံနှိပ် - ဦးမြသိန်း
သိန်းမြင့်ဝင်း ပုံနှိပ်တိုက်၊
အမှတ်(၉၆)၊ (၁၁)လမ်း၊ ရန်ကု

| |
|---|
| ၈၉၅၊ ၈၃ |
| ပုညခင် |
| နှင့်/ပုညခင်။ - ရန်ကုန်၊ |
| ပုညခင်စာအုပ်တိုက်၊ ၂၀၀၉။ |
| ၁၁၁ - စာ၊ ၁၈ × ၁၂ စင်တီ။ |
| (၁) နှင့် |

ပုညခင်စာအုပ်တိုက်

# ပုညခင်

## နှင့်



www.burmeseclassic.com

www.burmeseclassic.com

…ချွေးချွေး

ကျွန်မဘဝမှာ ဘာမှမရှိတော့တဲ့အချိန်မှာ ကျွန်မ …ဘဝထဲကို သူ ရောက်လာခဲ့တာပါ …။

အဲ့ဒီနေ့က အကြော်ဗန်းလေးကို ခေါင်းပေါ်ရွက် …သားတဲ့ အမေဟာ ကျွန်မလက်ကလေးကို ဆွဲပြီး ခပ်သုတ်သုတ် …လျှောက်နေတုန်းမှာ မိုးက သဲသဲမဲမဲ ရွာလာခဲ့တယ်။

"ဟယ် … အရေးထဲမှာ မိုးက ရွာပြန်ပကောဟယ်"

အမေက စိတ်ရှုပ်သလိုညည်းတွားလိုက်ပြီး ကျွန်မ …လက်တွဲဖြုတ်လိုက်တယ်။ ပြီးတော့ ခေါင်းပေါ်က အကြော် …န်းကို ကမန်းကတန်းချပြီး ချိုင်းကြားမှာ ညှပ်ယူလာတဲ့ ပလတ် …တစ်စနဲ့ သေသေချာချာ အုပ်လိုက်တယ်။ ကျွန်မက ကျွန်မရဲ့ …ဟောင်းဟောင်း ဗိုက်ကလေးကိုပုတ်၊ အမေ့ အကြော်ဗန်းထဲကို …ကြည့်လိုက်ရင်း …

"မေ့ … မီးမီး ဗိုက်ဆာပြီ"

"အေး … အေး … အိမ်ကျရင် စားရမယ်"

"ဟင့် … မီး အခုဆာနေပြီ၊ အခုစားချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



ငါးနှစ်သမီးလေး ကျွန်မက ခြေဆောင့်ရှုပုတ်ပြီး အမေ့ကို ဆိုးနွဲ့လိုက်မိတယ်။ အမေက ကျွန်မကို စကားပြန် မပြောအားသေးဘူး၊ သူ့အကြော်တွေ ရေစိုမှာစိုးလို့ ထင်ပါရဲ့ ပလတ်စတစ်စလွှင့်ထွက်မသွားအောင် သေသေချာချာ အုပ်ချည် နေတယ်။ ကျွန်မကလည်းဗိုက်ဆာတာကို မအောင့်နိုင်တော့ဘဲ

"မေ့ … ဗိုက်ဆာပါတယ်ဆို …"

"အေးပါဟယ် … စားရပါမယ်ဆို …"

"အခု ဆာနေတာ၊ အကြော်တစ်ခုကျွေး …"

"ဩော် … သမီးရယ်၊ ဒီမှာ သေသေချာချာ အုပ်ချည် ထားရတာ၊ ပြန်ဖြုတ်ဖို့မလွယ်တော့ဘူး၊ ဖြုတ်လိုက်ရင် လည်း အကြော်တွေကို ရေစိုကုန်တော့မှာ"

"ရေစိုတော့ ဘာဖြစ်မှာလဲဟင်"

"ရေစိုတော့ ရောင်းမရတော့ဘူးပေါ့၊ ဘယ်သူမှဝယ်မစား တော့ အမေတို့ ပိုက်ဆံမရတော့ဘူးပေါ့"

"ပိုက်ဆံမရရင် ဘာဖြစ်မှာလဲဟင်"

"ပိုက်ဆံမရတော့ အသက်ဆက်ရှင်လို့ မရတော့ဘူးပေါ့၊ ကဲ … လာ … လာ ဒီနားတိုး၊ ဒီပလတ်စတစ်စလေး သမီးခေါင်းပေါ် အုပ်ထား၊ သမီးကို မိုးရေတွေ စိုကုန်လိမ့် ဦးမယ်"

အမေက ကျွန်မကိုဆွဲလှဲပြီး ပလတ်စတစ်စ တစ်စ ကို ခေါင်းပေါ်မှာ လာအုပ်ပေးလိုက်တယ်။ ကျွန်မက အမေ့ကို မော့ကြည့်ပြီး …





"မေ့ … မီးကို မိုးရေတွေ စိုရင်ရော ပိုက်ဆံမရတော့ဘူး လားဟင်၊ ပိုက်ဆံမရရင် မီး သေသွားမှာလားဟင်"

"ဩော် … ငါ့သမီးနှယ်၊ စကားတတ်ရန်ကောဟယ်"

အမေက ရယ်လိုက်ပြီး ကျွန်မကို မိုးရေလုံအောင် …တ်စတစ်စနဲ့ သေသေချာချာ ခြုံပေးနေတယ်။ အမေ ဘာလို့ …်လဲဆိုတာ ကျွန်မ မသိပါဘူး။ ကျွန်မကတော့ ပိုက်ဆံမရရင် …သေတတ်သလားလို့ တွေးမိနေတယ်။

မိုးက ပိုပိုပြီး သဲလာတယ်။

"သမီး … ဒီပလတ်စတစ်စ တစ်စကို သမီးလည်ပင်းနား မှာ သေသေချာချာ စေ့ပြီးကိုင်ထား၊ လေနဲ့လွင့်ထွက် သွားဦးမယ်၊ သေချာကိုင်နော် … သမီး"

"ရေမစိုအောင် ကိုင်ရမှာလားဟင်"

"အေး … အေး … သေသေချာချာ ကိုင်"

ကျွန်မ သေသေချာချာ ကိုင်ထားလိုက်တယ်။ …ကြော်ကို ရေစိုရင် ပိုက်ဆံမရသလို ကျွန်မကို ရေစိုရင်လည်း …်ဆံမရဘူးလို့ ကျွန်မ ထင်နေမိတာကိုး …။ ပိုက်ဆံမရရင် …နှမ အသက်ဆက်မရှင်နိုင်တော့ဘူးလို့ ထင်တယ်။ ကျွန်မ …သက်ဆက်ရှင်ချင်သေးတယ်။ ကျွန်မတို့အိမ်နားမှာ ခိုကလေး …စ်ကောင် မပျံနိုင်ဘဲ တုံးလုံးလေးလဲနေတာ ကျွန်မ မြင်ဖူး …ယ်။ 'သူဘာဖြစ်နေတာလဲဟင်' လို့ ကျွန်မတို့ အိမ်နားက …ဒေါ်ကြီးကိုမေးတော့ အဒေါ်ကြီးက 'သေသွားပြီ' လို့ ပြော …ယ်။ ပြီးတော့ ခိုအသေလေးကို အမှိုက်ပုံမှာပစ်လိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ခိုကလေးခများ ပျံလို့လည်းမရတော့ဘူး။ အမှိုက်ပုံဆီယူသွားတော
လည်း မရုန်းနိုင်ဘူး။ မသေတဲ့ ခိုကလေးတွေဆိုရင် ကျွန်
ဆော့ချင်လို့ လိုက်ဖမ်းတာတောင် ဖမ်းလို့မမိနိုင်ဘူးလေ။ သူတို့
ဟိုးအဝေးကြီးထိ ပျံသွားနိုင်တယ်လေ။ အဲ့ဒီအချိန်ကတည်းက
သေတာကို ကျွန်မ မကြိုက်ဘူး၊ ရှင်တာကိုပဲ ကျွန်မ ကြိုက်တာ

ကျွန်မ မသေချင်သေးလို့ ပလတ်စတစ်ဇကို သေ
သေချာချာလေး ဆုပ်ကိုင်ထားရတယ်။

အမေ့ကို ရေစိုမှာတော့ မပူရပါဘူး။ အမေက
အကြော်ဇန်း ရွက်ထားတာဆိုတော့ ထီးမိုးထားသလို ဖြစ်နေတာ
ကိုး။ ဒါပေမယ့် တစ်ခါတစ်ခါ လေကပြင်းလာရင် အမေ့
မိုးရေတွေ ပက်စင်သွားတယ်။ အမေ့ကို ရေစိုသွားရင် ကျွန်
ငိုချင်လာတယ်။ အမေ့ကို မသေစေချင်ဘူးလေ။

"မေ့ ... ရေမစိုစေနဲ့နော်၊ ရေမစိုစေနဲ့နော် ..."

ကျွန်မက အမေ့လက်ကိုတွဲပြီး ဆက်လျှောက်လ
ရင်းက အမေ့ကို မော့ကြည့်မော့ကြည့်နဲ့ လှမ်းအော်သတိပေ
နေမိတယ်။ မိုးသံတွေ ဆူနေတော့ အမေ ကြားမကြားတော့
မသိရဘူးပေါ့။

"ယောဒိက အကြော်ရဲ့ ..."

အမေက မိုးသံကို ဖောက်ထွက်သွားအောင် အော
လိုက်တော့ ကျွန်မစိတ်ထဲကနေ 'အမေကွ' လို့ အော်လိုက်
တယ်။ အမေ့အသံက လမ်းထိပ်လက်ဖက်ရည်ဆိုင်မှာ ဖွင့်
အဆိုတော်တွေလိုပဲ တော်တော် ရှုးရှကျယ်လောင်တယ်။ မို





ဒီလောက်ရွာတာတောင် အမေ့အသံကို ထင်ထင်ရှားရှား ကြား
နေရတယ်။

"မေ့ ... ရေမစိုစေနဲ့နော်၊ ရေမစိုစေနဲ့ ..."

ကျွန်မအသံက အမေ့လောက် မကျယ်တော့ အမေ
ကြားသလား မကြားသလားတော့ မသိပါဘူး။ ကျွန်မကတော့
တွဲထားတဲ့ အမေ့လက်ကို လှုပ်လှုပ်ပြီး ခဏခဏ ပြောမိနေ
တယ်။

"အကြော်သည် လာပါဦး ..."

အိမ်တစ်အိမ်က လှမ်းအော်ခေါ်တော့မှ အမေက
အဲ့ဒီအိမ်ဘက်ကို လျှောက်သွားတယ်။ အဲ့ဒီအိမ် တံစက်မြိတ်မှာ
မိုးခိုပြီးမှ အမေက အကြော်ဇန်းကို ဖွင့်လိုက်တယ်။

"ဘူးသီးကြော် ပါလား"

"ပါတယ် အစ်မ"

"ဟယ် ... ပျော့စိစိကြီး ..."

"မိုးအေးတော့ နည်းနည်းပျော့သွားတယ် အစ်မရယ်"

"ဒါဆိုလည်း မယူသေးဘူးအေ ..."

"နည်းနည်းပဲ ပျော့တာပါ အစ်မရယ်၊ စားလို့တော့
ကောင်းပါသေးတယ်"

"အကြော်ဆို ပူပူရွရွလေးပဲ စားချင်တာအေ ..."

ဈေးဝယ် အဒေါ်ကြီးက အိမ်ထဲသို့ လှည့်ဝင်သွား
တယ်။ အမေ့မျက်နှာလေး ညှိုးသွားတယ်။ ပြီးတော့ ... အမေ့ကို
မျက်လုံးပြူးကလေးနဲ့ ကြည့်နေတဲ့ ကျွန်မကို လှမ်းကြည့်ပြီးပြ



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပြီး အကြော်ဗန်းထဲက ပုစွန်ကြော်တစ်ချပ်ကို ယူပြီး ကျွန်မ လှမ်းပေးလိုက်တယ်။

“ရော့ ... သမီးလေး ဗိုက်ဆာနေတယ် မဟုတ်လား၊ စား ...”

ကျွန်မ ဝမ်းသာအားရလှမ်းယူပြီး စားလိုက်တယ်။ အမေက ကျွန်မကို ပြုံးကြည့်နေပြီးမှ အကြော်ဗန်းကို သေချာပြန်အုပ်ပြီး ခေါင်းပေါ်ရွက်တင်လိုက်တယ်။

အဲ့ဒီကထွက်လာတော့ အမေ့ရဲ့ ‘အကြော်စုံ’ အော်သံက ခုနလောက် မကျယ်တော့သလိုပဲ ...။ ခုနတုန်းကဆို လမ်းထိပ်လက်ဖက်ရည်ဆိုင်ရှေ့ အသံထွက်တဲ့ သေတ္တာကြီးထဲက အသံလောက်ကျယ်ပေမယ့် ခုတော့ အမေ့အသံက ထိသည် ဦးလေးကြီးရဲ့ စက်ဘီးမှာ ကပ်ချည်ထားတဲ့ ကက်ဆက် အစုပ်ကလေးက ထွက်တဲ့ အသံလောက်ပဲ ကျယ်နိုင်တော့တယ်။ ပြီးတော့ ... အဲ့ဒီအသံလိုပဲ တစ်ချက်တစ်ချက်မှာ တုန်ရီတုန်ရီ ဖြစ်ဖြစ်သွားသေးတယ်။

ကျွန်မကတော့ ပုစွန်ကြော်ကိုဖဲ့ရွဲ့စားရင်း အကြော်တွေရောင်းရစေလို့ ပိုက်ဆံမရ၊ ပိုက်ဆံမရတော့ ကျွန်မတို့ သားအမိတွေ အသက်ဆက်ရှင်လို့ မရတော့ဘူးလားလို့ တွေးတွေးပြီး ဝမ်းနည်းနေမိတယ်။ ခိုသေကလေးလို မဖြစ်ချင်ဘူး။

အမေက အကြော်ဗန်းကို လက်တစ်ဖက်နဲ့ ကိုင်၊ ကျန်တစ်ဖက်က ကျွန်မလက်ကိုဆွဲပြီး လမ်းသွယ်ကလေးကနေ လမ်းမကြီးပေါ် တက်လိုက်တယ်။ ဒီလမ်းအတိုင်း ဆက်လျှောက်





သွားပြီး မိုးရထားသံလမ်းကိုကျော်လိုက်ရင် ကျွန်မတို့နေတဲ့ ရပ်ကွက်ကို ရောက်ပြီ။

မိုးက သည်းသထက် သည်းလာတယ်။ ရှေ့ကို ဘာမှ သိပ်မမြင်ရတော့ဘူး။ အမေက လမ်းမဘက်အစွန်းက၊ ကျွန်မက လမ်းဘေးကနေ အတူလက်တွဲပြီး လျှောက်နေကြတယ်။ အမေ့ကို မိုးရေတွေ စိုကုန်ပါပြီ။ ကျွန်မကို တစ်ချက်တစ်ချက် ငုံ့ကြည့်လာတဲ့ အမေ့မျက်နှာပေါ်မှာ မိုးရေတွေလား မျက်ရည်တွေလား မသိ စွတ်စွတ်စိုနေတယ်။ မိုးတွေက သည်းလွန်းတော့ အမေ့မျက်နှာကို သေချာတော့ မမြင်ရပါဘူး။ အမေ ပြုံးပြုံးပြတာကိုတော့ မိုးအမှုန်အမွှားတွေကြားက မသဲမကွဲ မြင်ရတယ်။ အမေ့အပြုံးကိုမြင်တော့ ကျွန်မ ဝမ်းမနည်းတော့ဘူး။

အဲ့ဒီအချိန်မှာပဲ ...

ကားကြီးတစ်စီးက ကျွန်မနားကနေ အရှိန်ပြင်းပြင်း ဖြတ်သွားတဲ့အသံကို ကြားလိုက်ရလို့ ကျွန်မ ကြောက်ကြောက်နဲ့ မျက်လုံးတွေကိုတအားမှိတ်ပစ်လိုက်မိတယ်။ တစ်ချိန်တည်းမှာ အမေနဲ့ တွဲထားတဲ့လက်လည်း ပြုတ်ထွက်သွားတယ်။

ကျွန်မ မျက်လုံးဖွင့်ကြည့်လိုက်တော့ အမေ့ကို ကျွန်မနားမှာ မတွေ့ရတော့ဘူး။ ကျွန်မ ယောင်ချာချာဖြစ်သွားတယ်။ ခုန ကျွန်မတို့နားက ကားဖြတ်လို့ လေဟုပ်သွားတာ ကျွန်မကိုယ်ပေါ်က ပလတ်စတစ်စလေးတောင် လွင့်သွားတယ် လေ ...။ အမေရော အဲ့ဒီလေနဲ့ ဘယ်ကိုလွင့်သွားပြီလဲလို့ ... သွားနေတုန်းမှာ လွင့်ကျသွားတဲ့ ကျွန်မရဲ့ မိုးကာ ပလတ်စတစ်



www.burmeseclassic.com

www.burmeseclassic.com



စလေးကို လှမ်းမြင်ရတယ်။ ကျွန်မ ပြေးကောက်တယ်။ လေ တိုက်လာလို့ ရှေ့ဆက်လွင့်သွားတယ်။ ပြီးတော့... အဲဒီ ပလတ် စတစ်စက တစ်စုံတစ်ခုပေါ် သွားအုပ်တန့်ရပ်သွားတယ်။

ကျွန်မ အပြေးသွားပြီး ပလတ်စတစ်စလေးကို ဆွဲယူလိုက်တဲ့အချိန်မှာ အမေ့ကို ဘွားခနဲ တွေ့လိုက်ရတယ်။

အမေဟာ ကျွန်မ မြင်ဖူးတဲ့ ခိုသေကလေးလိုပဲ တုံးလုံးကလေး လဲနေတယ်၊ လုံးဝမလှုပ်ဘူး။ အကြော်စန်းနဲ့ အကြော်ပျော့တွေက ခပ်ဝေးဝေးမှာ လွင့်ကျပြန့်ကျဲနေတယ်။

"အမေ... အမေ"

ကျွန်မလေ အမေ့ကို လှုပ်လှုပ်ပြီး ခေါ်ပါတယ်။ ဒါပေမယ့် မရပါဘူး။ မကြာခင် အမေ့နားကို လူတွေဝိုင်းလာ တယ်။

"ကားတိုက်သွားတာ..."

"ကားက ပြေးပြီ"

"ယုတ်မာလိုက်တာဟယ်..."

"သေသွားပြီထင်တယ်၊ ခေါင်းကို တော်တော်ထိသွား တာ"

"ဟဲ့... ဒါ မနုခင် မဟုတ်လား"

"ငါတို့ရပ်ကွက်ထဲကပဲဟဲ့၊ သားအမိနှစ်ယောက်တည်း နေတာ"

"သူ့သမီးလေးခမျာတော့ ဒုက္ခပါပဲ၊ သူ့အဖေကလည်း သူ့ကိုမမွေးခင်ကတည်းက ဆုံးရှာတာ"





"ဒါဆို သူ့ကို ဘယ်သူမွေးမလဲ..."

"သနားတော့ သနားပါရဲ့၊ ငါတို့မှာလည်း ကိုယ်စားဖို့ တောင် အနိုင်နိုင်ရယ်"

အသံတွေက ဆူလာတယ်။ လူတွေဝိုင်းလာတယ်။ သူတို့ အမေ့ကို ခိုသေကလေး ကောက်သလို ကောက်ပြီး အမှိုက်ပုံမှာ သွားပစ်ကြမလို့လား။

"အင့်... အီး... ဟီး... အမေ့ကို အမှိုက်ပုံမှာ မပစ်ရဘူး၊ မလွှင့်ပစ်ရဘူး"

မိုးရေထဲမှာ ကျွန်မ အာခေါင်ခြစ်ပြီး အော်ငိုလိုက် တယ်။ ဘယ်သူတွေမှန်းလည်း မသိဘူး။ အမေ့ကို လာဝိုင်း ကြည့်ကြတယ်။ ပြီးတော့ အမေ့ကို သယ်ဆောင်သွားကြတယ်။

"အီးဟီး... အမေ့ကို မလွှင့်ပစ်ရဘူး၊ လွှင့်မပစ်ရဘူး"

"ဟဲ့... ဟဲ့... ဒုက္ခပါပဲ၊ ဒီကလေးကို ဘယ်လိုများ လုပ်ကြမလဲ"

တစ်ယောက်တစ်ပေါက် ပြောရင်း ကျွန်မကို ဝိုင်းကြည့်နေကြပေမယ့် ဘယ်သူမှ လာမခေါ်ကြဘူး။

ကျွန်မ မျက်စိစုံမှိတ်ပြီး တအားအော်ငိုနေမိတယ်။

ငိုလို့ အရမ်းမောပြီး ကျွန်မ မျက်လုံးဖွင့်ကြည့်လိုက် တော့ ကျွန်မဆီ ကမ်းလာတဲ့ လက်တစ်ဖက်ကို မြင်လိုက်ရ တယ်။

ကျွန်မ မော့ကြည့်မိတော့ ကျွန်မကို ပြုံးပြနေတဲ့ မျက်နှာချိုချို တစ်ခုကို မြင်ရတယ်။



www.burmeseclassic.com

သူ့အပြုံးကို မြင်လိုက်ရတဲ့အချိန်မှာပဲ ကျွန်မ အငို တိတ်ခဲ့ရတယ်။

သူ့အပြုံးကို မြင်လိုက်ရတဲ့အချိန်မှာပဲ ကျွန်မ ဝမ်းနည်းခြင်းကနေ ခဏလေး လွတ်မြောက်အားရှိလာသလို ထင်လိုက်မိတယ်။

"မငိုနဲ့တော့ ညီမလေး ..."

သူ့ဆီက နူးညံ့တိုးဖွဖွပြီး အကြင်နာစာတ် အပြည့် ရှိတဲ့ စကားအဆုံးမှာ ကျွန်မ သူ့ဆီ လက်ကမ်းလိုက်မိတယ်။

သူက ကျွန်မကို သူ့ရဲ့ သန်မာတဲ့လက်တွေနဲ့ ကောက်ယူပွေ့ချီလိုက်တယ်။

"ဒါ ... ကျွန်တော့် ညီမ ဝမ်းကွဲလေးပါ"

သူက ဝိုင်းကြည့်နေကြတဲ့ သူတွေကို လှမ်းပြောပြီး အားလုံးရှေ့ကနေ လှည့်ထွက်လိုက်တယ်။

'နီရွှေးရွှေး'ဆိုတဲ့ ကလေးမလေးက မငြင်းခဲ့ပါဘူး။

သူ့ခေါ်ရာနောက်ကို ယုံယုံကြည်ကြည် လိုက်ခဲ့ တယ်။

သူ့လက်တွေက ရွှေးကို နွေးထွေးလာစေတယ်။

အဲ့ဒီအချိန်ကတည်းက ဘဝမှာမရှိတော့တဲ့ ကလေး လေး 'ရွှေး' ဟာ အရာရာပြည့်စုံလာခဲ့ရတော့တယ်။

ရွှေးဘဝရဲ့ အရာရာဟာ 'ကိုကို' ပါပဲ။



ရွှေသွေး'

ညီမလေးကို မတွေ့ခင်က ကျွန်တော့်ဘဝမှာ ဘာမှမရှိခဲ့ပါဘူး။

ကျွန်တော် ငယ်ငယ်တုန်းကတော့ ကျွန်တော့်ဘေး မှာ အဘွားတစ်ယောက် ရှိနေခဲ့ဖူးပါတယ်။ မသိတတ်ခင်အချိန် လေးတုန်းကတော့ အဘွားကို အမေလို့ပဲ ထင်ခဲ့မိတာပေါ့ ...။ ကျွန်တော့်အမေက သူများတကာ အမေတွေထက် ပိုပြီး အသက် ကြီးနေတဲ့အတွက်လည်း တအံ့တဩဖြစ်ခဲ့မိတာပေါ့ ...။ အဲ့ဒါနဲ့ ဆံပင်တွေဖြူနေတဲ့ ကျွန်တော့် ဘွားမေရဲ့ ပျော့တွဲလျော့ရဲနေတဲ့ ပါးကြီးနှစ်ဖက်ကို ကျွန်တော့်လက်ကလေးနှစ်ဖက်နဲ့ ညှစ်ညှစ် ဆွဲရင်း ...

"ဘွားမေက သား မေမေလားဟင်"

လို့ မေးတော့ ဘွားမေက မျက်လုံးနားက အရေး အကြောင်းကြီးတွေ ထင်းခနဲပေါ်လာအောင်ပြုံးပြရင်း ကျွန်တော့် ခေါင်းလေးကို အုပ်ကိုင်ပြီး မေးခွန်းတွေ တစ်ခုပြီးတစ်ခု မေး တော့တယ်။



www.burmeseclassic.com

www.burmeseclassic.com



"သား ရွှေသွေးလေးကို ဘွားမေက ထမင်း ဖွံ့ဖွံ့မကျွေး ဘူးလား"

"ကျွေးပါတယ်"

"သားကို ကျောင်းလိုက်လိုက်မပို့ဘူးလား"

"ပို့ပါတယ်"

"သားဝတ်မယ့် အဝတ်အစားတွေကို လျှော်ဖွပ်မီးပူတိုက် မပေးဘူးလား"

"ပေးပါတယ်"

"ညညဆို သားကို ဖက်မအိပ်ဘူးလား"

"အိပ်ပါတယ်"

"သားသူငယ်ချင်းတွေကိုရော သူတို့အမေတွေက ဘွား လုပ်သလို လုပ်မပေးဘူးလား"

"လုပ်ပေးပါတယ်"

"အဲ့ဒါဆို ဘွားမေက သားသူငယ်ချင်းတွေရဲ့ အမေတွေနဲ့ အတူတူပဲ မဟုတ်လား"

ကျွန်တော် အားရပါးရ ခေါင်းညိတ်ပြလိုက်ပြ ဘွားမေဟာ ကျွန်တော့်မေမေပဲလို့ယုံကြည်သွားတယ်။ ကျွန်တော် သူငယ်ချင်းအမေတွေရဲ့ ပါးလောက် မချောမွေ့တော့တဲ့ ဘွားမေ ပါးကို ကျွန်တော် အားရပါးရ နမ်းပစ်လိုက်မိတယ်။ ဘွား လည်း ကျွန်တော့်ကို ပွေ့ဖက်ပြီး ကျွန်တော့် ပါးနှစ်ဖက် ဘယ်ပြန်ညာပြန် နမ်းတယ်။ ကာလိထိုးတယ်။ ဘွားမေလက်





မှာ ကျွန်တော် လူးလိမ့်ကော့ပျံ ရယ်မောခဲ့ရတဲ့ အဲ့ဒီအချိန်လေးမှာ ကျွန်တော် အရမ်းပျော်ခဲ့ရပါတယ်။

အဲ့ဒီတုန်းလဆို ကျွန်တော့် အတွက် အစားအသောက်တွေက ပေါမှပေါပဲ...။ ဘွားမေက မုန့်မျိုးစုံ လုပ်တတ်တယ်။ မနက်စောစောဆို ကောက်ညှင်းပေါင်းပြီး ရောင်းတယ်။ နေ့လယ်ဆို ဖြူဖြူဖွေးဖွေး မုန့်ပေါင်းလေးတွေ လုပ်ရောင်းတယ်။ ညနေဆို မုန့်ဖက်ထုပ် ထုပ်ပြီး ဖောက်သည်ပေးလိုက်တယ်။ ဘွားမေ ဘာမုန့်ပဲလုပ်ရောင်းရောင်း ကျွန်တော် ဗိုက်ကားအောင် စားခွင့်ရှိတယ်။ အိပျော့နေတဲ့ ဘွားမေပေါင်ပေါ်မှာ ငြိမ့်ငြိမ့်လေးထိုင်ပြီး ဘွားမေ ဆုပ်ဆုပ်ပေးတဲ့ လက်တစ်ဆုပ်စာ ကောက်ညှင်းပေါင်းလုံးကြီးကို နှမ်းထောင်းကလေး ဆုပ်ပြီး ကိုက်ကိုက်စားရတဲ့အရသာကို ကျွန်တော် မမေ့နိုင်ခဲ့တာ ခုချိန်ထိပါပဲ။

တစ်နေ့မှာ ဘွားမေနဲ့ ပျော်ပျော်ရွှင်ရွှင် နေလာခဲ့တဲ့ ကျွန်တော့် ဘဝလေးကို ပတ်ဝန်းကျင်က ဖျက်ဆီးလာခဲ့တယ်။

အဲ့ဒီနေ့က ဒုတိယတန်း စာသင်ခန်းထဲက စာသင်ခုံလေးမှာ ကျွန်တော် ထိုင်ပြီး သင်္ချာတွက်နေတုန်း ဆရာမက ကျွန်တော့်ရှေ့ကို လာရပ်ပြီး ကျွန်တော့် ဗလာစာအုပ်ထဲကို ကြည့်ရင်း...

"ကြည့်စမ်း... စာအုပ်ထဲမှာ ခြစ်ရာ ဖျက်ရာတွေပြည့်လို့



www.burmeseclassic.com

www.burmeseclassic.com



ပါလား ရွှေသွေးရယ်၊ သချာတွက်တိုင်းလည်း အမှားတွေ ချည်းပဲ၊ စာမေးလိုက်ရင်လည်း ဘယ်တော့မှ ရတယ် မရှိဘူး၊ အိမ်က မိဘတစ်ယောက်ယောက်နဲ့ တွေ့ပြီ ပြောဦးမှပါပဲ၊ မနက်ဖြန်ကျ သား အမေကို ဆရာမ လာတွေ့ပါလို့ ပြောလိုက်နော် ... ကြားလား"

"ရွှေသွေးမှာ မိဘမရှိပါဘူး ဆရာမ"

ရှေ့တစ်တန်းကျော်က အတန်းဖော် ညီညီက လှမ်းအော်ပြောလိုက်တော့ ကျွန်တော် ဆတ်ခနဲဖြစ်သွားပြီး ညီညီ ကို စိတ်ဆိုးပြီး လှမ်းကြည့်မိတယ်။ ညီညီက ပါးစပ်ပိတ်မသွား ဘဲ ဆရာမကို ဆက်ပြောနေတယ်။

"ရွှေသွေးက သို့အဘွားနဲ့နေတာ ဆရာမ၊ သူက သူ့ အဘွားကို သူ့အမေထင်နေတာ၊ သားမေမေ ပြောပြတာ တော့ ရွှေသွေးအမေက ရွှေသွေးကို မွေးပြီး ပစ်သွားတာ တဲ့၊ ရွှေသွေး အဖေကလည်း အရက်မူးသမားကြီးတဲ့ ... အရက်မူးပြီး လျှောက်သွားရင်း ရထားကြိတ်သွားတာ ပြောတယ်"

"ဟဲ့ ... သြော် ... တော်စမ်း ညီညီ ..."

"မဟုတ်ဘူး၊ သူပြောတာမဟုတ်ဘူး ဆရာမ၊ သားမှာ အမေရှိတယ်၊ ဘွားမေက သားအမေ ..."

"ဟီး ... ဟီး ... အဘွားကြီးကိုများသူ့အမေတဲ့၊ သူ့အမေ ကဖြင့် သူ့ကိုမချစ်လို့ ပစ်သွားတာ ..."

"ဟောကောင် ..."





ကျွန်တော် ဝုန်းခနဲ ခုန်ထပြီး ညီညီကို ခုန်အုပ် ...န်းလုံးပစ်လိုက်တယ်။ ပါးစပ်ကလည်း တအားအော်ပြောနေ တယ်။

"မင်း မဟုတ်တာ မပြောနဲ့ကွ၊ ဘွားမေက ငါ့အမေကွ"

"ဟဲ့ ... ဟဲ့ ... ဒီကလေးတွေ ခက်တော့တာပဲ၊ ရွှေသွေး လွှတ်စမ်း ... ဖယ်စမ်း ..."

ဆရာမက အတင်းဆွဲလွဲ၍ ရန်ဖျင်တော့မှ ညီညီနဲ့ ...န်တော် လူချင်းကွဲသွားတယ်။

အဲ့ဒီညနေက ကုပ်ရာခြစ်ရာတွေနဲ့ ညစ်ပတ်နေပွ ...တဲ့ ကျွန်တော်ဟာ ငိုကြီးချက်မနဲ့ ဘွားမေရဲ့ ရင်ခွင်အိအိကြီး ...ကို ပြေးဝင်ပြီး တအားဖက်ထားလိုက်မိရင်း ...

"အီးဟီး ... ဘွားမေ သားကို မညာနဲ့၊ သားအမေ ဘယ် မှာလဲ၊ သားအမေ ဘယ်မှာလဲ"

လို့ တကြော်ကြော်အော်မေးမိတော့ ဘွားက ...တော့်ခန္ဓာကိုယ် သေးသေးလေးကို သိမ်းကြုံးဖက်ထားရင်း

"သားအမေက သားအတွက် ကစားစရာတွေ အိမ်တွေ ကားတွေ ဝယ်ပေးဖို့ ဟိုးအဝေးကြီးကို ထွက်သွားတယ်"

လို့ ငိုသံပါနေတဲ့ အသံနဲ့ ဖြေတယ်။ ကျွန်တော် ရှိုက်ရှိုက်ငိုရင်း ဆက်မေးမိတယ်။

"ဒါဆို သား ဖေဖေကရော ..."

"သားဖေဖေကလည်း ဟိုအဝေးကြီးကို ထွက်သွားတာ"

"သားဆီ ပြန်လာမှာလား"



www.burmeseclassic.com

www.burmeseclassic.com



"သူကတော့ ခရီးလွန်နေတော့ ပြန်မလာနိုင်တော့ဘူ

"သားမေမေကရော ..."

"သား မေမေကတော့ သားကို သတိရရင် ပြန်လာမှာ ကွယ်"

ဘွားမေ စကားကြောင့် ကျွန်တော် အငိုတိတ် တယ်။ ညအိပ်ရာဝင်လို့ ဘုရားရှိခိုးတိုင်း 'သား မေမေ သာ သတိရပါစေ၊ ပြန်လာပါစေ' လို့ ဆုတောင်းရတယ်။ ည လမ်းထိပ်ထိ လှမ်းမြင်နိုင်တဲ့ နေရာလေးမှာ သွားသွား မေမေများ ပြန်လာမလားလို့ ရပ်ရပ်စောင့်မိနေတယ်။

ဒါပေမယ့် မေမေ ကျွန်တော့်ဆီ ပြန်မလာခဲ့

ဘွားမေကတော့ ...

"သားမေမေ ပြန်မလာလည်း ဝမ်းမနည်းပါနဲ့ ဘွားမေတစ်ယောက်လုံး ရှိတာပဲ"

လို့ အားပေးနှစ်သိမ့်တယ်။ ကျွန်တော် အရေခွံတွေလျော့ရဲနေတဲ့ ဘွားမေရဲ့ လက်တွေနဲ့ ထွေး သိမ့်တာကို ခံယူရင်း တစ်နှစ်ပြီးတစ်နှစ် ကြီးပြင်းလာခဲ့

စာညံ့တဲ့ ကျွန်တော်၊ ဉာဏ်သိပ်မကောင်း ကျွန်တော်ဟာ စာမေးပွဲတွေ ခဏခဏကျပြီး ရှစ်တန်း ခက်ခက်ခဲခဲ တက်လာခဲ့ရတယ်။ ရှစ်တန်းနှစ်မှာပဲ ဘွား ကျွန်တော့်ကို ပြောတယ်။

"သားလေး ပထမအစမ်း စာမေးပွဲမှာ အဆင့် ၁





၅ အတွင်းရရင် သားလိုချင်တဲ့ လွယ်အိတ်လှလှလေး ဝယ်ပေးမယ်"

ဘွားမေက မက်လုံးပေးတာနဲ့ ကျွန်တော်လည်း ုန်ယမ်းကုန် ကြိုးစားလိုက်တာ ပထမအစမ်း စာမေးပွဲမှာ ဆင့် ၅ ရသွားပါတယ်။ ရိုပ်ကတ်ရတဲ့ အဲဒီနေ့က ကျွန်တော် သာအားရနဲ့ အိမ်ကိုအပြေးပြန်လာခဲ့တယ်။ ပျော်လွန်းလို့ ာတောင် ရိုးရိုးမပြေးဘူး၊ နည်းနည်းပြေးလိုက်၊ တစ်ချက် က် ခုန်လိုက် မြင်ရာတွေ့ရာ ခဲလုံးလေးတွေကို ကြုံးကြုံး လိုက်နဲ့ လူကလွှတ်ပြီး မြောက်နေတာပဲ။ သွားကို မစေတော့ လမ်းတစ်လျှောက်လုံးမှာ တွေ့ရာမြင်ရာလူကို သွားတဖြီး ဟီးဟီးဟဲဟဲရယ်ပြလာခဲ့တယ်။ အိမ်ရှေ့ရောက်တော့ မေကို တကြော်ကြော်အော်ခေါ်ရင်း အိမ်ထဲကို အပြေးဝင် ခဲ့တယ်။

"ဘွားမေရေ... ဘွားမေ ... သား အဆင့် ၅ ရတယ်ဗျို့၊ လွယ်အိတ်ဝယ်ပေးပါတော့ဗျို့ ..."

အိမ်ရှေ့လှေကားသုံးဆင့်လုံးကို ကျွန်တော် လှမ်း ခုန်တက်ပြီး အိမ်ထဲကို ဝင်လာခဲ့တယ်။ အိမ်ထဲမှာ တိတ် ာပဲ၊ ဘွားမေ ဘယ်ရောက်နေလဲ ...။

"ဘွားမေရေ ... ဘွားမေ"

ကျွန်တော် အိမ်ထဲအနှံ့ ဘွားမေကို လိုက်ရှာမိ ။ အိမ်လေးက ကျဉ်းကျဉ်းလေးဆိုတော့ ရှာရလွယ်တယ်။



www.burmeseclassic.com

ခုတင်အောက်၊ ဗီရိုနောက်၊ မီးဖိုချောင်ထောင့် သေချာရှာရင် ကျွန်တော် ပါးစပ်ကလည်း အော်အော်ပြောနေရတယ်။

"ဘွားမေရေ သားကို လွယ်အိတ်ဝယ်ပေးရမှာစိုးလို့ ပုန်း မနေနဲ့နော်"

ကျွန်တော်သာ အော်နေပေမယ့် ဘွားမေကို လုံး မတွေ့ရဘူး။ အပြင်များ သွားနေသလားလို့ စဉ်းစားရင် ကျွန်တော် နောက်ဖေးဘက်ကို ထွက်လိုက်တော့မှ ရေချိုး ကျောက်ခုံလေးပေါ်မှာ ခွေခွေလေး လဲနေတဲ့ ဘွားမေကို တွေ့ လိုက်ရတယ်။ ဘွားမေခေါင်းမှာ သွေးတွေနဲ့ …။

"ဘွားမေ … ဘွားမေ၊ အီးဟီး … ဘွားမေ ဘာဖြစ်တာလဲ သားကို လွယ်အိတ်ဝယ်ပေးဦးမယ်လေဗျ …"

ကျွန်တော် ဘွားမေကို တအားကြီးဖက်ပြီး အော် ငိုလိုက်တော့ အိမ်နီးချင်းတွေ ဝိုင်းလာကြတယ်။

"ချော်လဲပြီး ခေါင်းနဲ့ ကျောက်စည်ပိုင်းနဲ့ ရိုက်မိသွား တာထင်တယ်"

"ဟဲ့ … ကလေး … ဖယ် … ဖယ်၊ ဆေးရုံပို့ရမယ်"

"အသက်မရှိတော့ဘူး ထင်တယ်"

လူတွေက ဘွားမေကို ကျွန်တော့်လက်ထဲကလှုပ် ဆေးရုံခေါ်သွားကြတယ်။ အဲဒီအချိန်ကစပြီး ဘွားမေ ကျွန်တော် ဆီ ပြန်မလာတော့ဘူး။

မေမေလည်း ပြန်မလာဘူး။

ဖေဖေလည်း ပြန်မလာဘူး။





အခု ဘွားမေလည်း ကျွန်တော့်ဆီ ပြန်မလာတော့ ဘူး။

ကျွန်တော့်ဘဝမှာ ဘာဆို ဘာမှမရှိတော့ဘူး။

ဘွားမေရဲ့ ခေါင်းအုံးအောက်မှာ ကျွန်တော့်ကို တစ်သက်လုံး ရင်နင့်စေမယ့် လွယ်အိတ်ကလေးတစ်လုံးတော့ ချန်ထားခဲ့တယ်။ ကျွန်တော်မသိအောင် တိတ်တိတ်လေး ဝယ် သိမ်းထားတဲ့ အဲဒီလွယ်အိတ်ကလေးကို ကြည့်ရင်း ကျွန်တော် ရှိုက်ရှိုက်ငိုမိတယ်။ လွယ်အိတ်ရပေမယ့် ကျွန်တော် မပျော်နိုင် တော့ပါဘူး။

အဲဒီနေ့က စလို့ လူ့ဘဝကြီးကို တစ်ယောက် တည်း ဖြတ်သန်းလာခဲ့ရတာ ဒီနေ့ထိပါပဲ။ ကျွန်တော့် ညီမလေး ကို တွေ့တဲ့နေ့အထိပါပဲ။

ဘွားနဲ့အတူနေခဲ့တဲ့ အိမ်ကလေးမှာ ကျွန်တော် တစ်ယောက်တည်း ဆက်နေခဲ့ရတာလေ။

ကျွန်တော် ကျောင်းထွက်လိုက်ရတယ်။

ဝမ်းရေးအတွက် လက်ဖက်ရည်ဆိုင်မှာ ပန်းကန် ဆေး၊ စားပွဲထိုးလုပ်ရတယ်။ တစ်နေကုန် အလုပ်ပင်ပန်းပြီး အိမ်ပြန်လာရင် ထမင်းအတူစားဖို့ စောင့်နေမယ့် အမောပြေ စေတဲ့ မျက်နှာကို မမြင်ရဘူး။ ဝမ်းနည်းတဲ့အခါ ခိုနားစရာ ရင်ခွင် မရှိဘူး …။ ညတွေကို ချောက်ချောက်ချားချား ဖြတ် သန်းရတယ်။

www.burmeseclassic.com



ဘွားဘွား ဆုံး၍ တစ်နှစ် နှစ်နှစ်လောက်ကတော့ အိမ်နီးချင်း အဒေါ်ကြီးတစ်ယောက် အိမ်မှာ လာလာအိပ်ပေး ပေမယ့် နောက်တော့ သူ့ချွေးတွေကို ထိန်းဖို့ သူ့သမီးအိမ်ကို လိုက်သွားရတယ်။

တစ်ယောက်တည်းဘဝက ချောက်ချားစရာကောင်း လှတယ်။

တွယ်ရာမဲ့နေတယ် ...။

ဘာကို မျှော်လင့်ရမယ် မသိဘူး ...။

ဘယ်လို ရပ်တည်ရမယ် မသိဘူး ...။

ဒီလိုနဲ့ နှစ်တွေ ကုန်ဆုံးဖြတ်သန်းလာခဲ့ပြီး ကျွန်တော့်အသက် ၁၆ နှစ်ပြည့်ခဲ့ရတယ်။

ဒီနေ့ ...။

ဒီနေ့ ...။ ညီမလေးကို တွေ့တဲ့နေ့ကတော့ ကျွန်တော့်ဘဝရဲ့ အခမ်းနားဆုံး နေ့တစ်နေ့ပါပဲ။

ညီမလေး ငိုနေလိုက်တာ ...။

ပါးဖောင်းဖောင်းလေးနဲ့ နှာတံချွန်ချွန်လေးတွေ ရဲတွတ်နေအောင်၊ ကော့နေတဲ့ မျက်တောင်များမှာ မျက်ရည်တွေ စိုရွှဲတွဲနေအောင် အော်ဟစ်ငိုနေတဲ့ ညီမလေးကို လူအုပ်ကြားမှာ ရပ်ကြည့်နေရင်း ကျွန်တော့်ရင်ထဲ နင့်နင့်လာခဲ့ရတယ်။

သူ ဘယ်လိုရပ်တည်မှာလဲ ...။

သူ ... ကျွန်တော့်လို ရပ်တည်ရတော့မှာလား။ ကျောင်းထွက်ပြီး အရွယ်မရောက်ခင်ကတည်းက လက်ဖက်ရည်





ဆိုင်မှာ ပန်းကန်ဝင်ဆေး၊ စားပွဲထိုးပေးရတဲ့ ကျွန်တော့်လိုဘဝ မျိုးကို ညီမလေး ကြုံတွေ့ရတော့မှာလား။

အနီးအနားက ပြောစကားတွေအရ ညီမလေးဘဝ ကို ကျွန်တော် သိလာတယ်။

ညီမလေးကလည်း တစ်ယောက်တည်း။

ကျွန်တော်လည်း တစ်ယောက်တည်း။

တစ်နဲ့ တစ်ပေါင်းရင် နှစ်ပေါ့။ ကျွန်တော်တို့ နှစ်ယောက်ပေါင်းပြီး အတူနေလိုက်ရင် အနှစ်သာရရှိတဲ့ ဘဝမျိုး ကို ရလာမှာပေါ့။

မငိုပါနဲ့ ညီမလေးရယ်။

ညီမလေးကို ကိုကို အစွမ်းကုန် စောင့်ရှောက်ပါ့ မယ် ...။

ကိုကိုတို့ နှစ်ယောက်ဘဝမှာ ပြန်မလာနိုင်တော့တဲ့ သူတွေကို မတမ်းတကြေးပေါ့။

ကျွန်တော် ညီမလေးဆီ လက်ကမ်းပေးလိုက် တယ်။

မော့ကြည့်လာတဲ့ ညီမလေးရဲ့ မျက်လုံးတွေကလေ အရည်တလဲ့လဲ့နဲ့ သိပ်လှပြီး သိပ်သနားစရာကောင်းတာပဲဗျ။

ကျွန်တော့်ဆီ ပြန်ကမ်းလာတဲ့ ညီမလေးရဲ့ လက် သေးသေးလေးတွေက အေးစက်နေတာပဲ။ ကျွန်တော် ညီမလေး ကို ဖွဖွခန့် ပွေ့ချီလိုက်ပြီး သူ့လက်ကလေး နွေးသွားအောင် ကျွန်တော့် ချိုင်းကြားမှာ ညှပ်ထားလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီနားက နှလုံးသားနေရာမှာ နွေးထွေးလာတယ်။

ဘဝမှာ တွယ်တာချစ်ခင်စရာ ...၊ အနှစ်နှာခံပေးဆပ်စရာ၊ အရိပ်တကြည့်ကြည့်နဲ့ ပြုစုပျိုးထောင်စရာ ညီမလေးတစ်ယောက် ရလာမှတော့ ...

အေးစက်ခြောက်ကပ်လွန်းတဲ့ ကျွန်တော့်ဘဝကြီးလည်း ထာဝစဉ် နွေးထွေးရတော့မှာ အသေအချာပေါ့ ...။

ညီမလေးရယ် ...

ညီမလေးနဲ့ တွေ့တော့မှ ကိုကို့ဘဝမှာ အရာအားလုံး ပြည့်စုံသွားခဲ့ရသလိုပါပဲ ...။



# အပိုင်း (၁)

www.burmeseclassic.com

www.burmeseclassic.com

♥ ♥ ♥

"အိး ... ဟိး ... လိုက်မယ် ... လိုက်မယ်၊ မွေးလည်း လိုက်မယ်"

"ဟ ... ဟ ... ဩော် ... ငါ့ပုဆိုး ကျွတ်ကျတော့မယ်ဟ ညီမလေးရ ..."

ညီမလေးက ရွှေသွေးရဲ့ ပုဆိုးစကို တအားဆွဲဆုပ်ထားရင်း အော်ငိုနေတာမို့ ရွှေသွေးက ပုဆိုးကျွတ်မသွားအောင် ပြန်ဆွဲဆုပ်ထားရင်း အော်ဟစ်နေရပါသည်။

ဒါဟာ မွေးကို ခေါ်လာပြီးနောက်မှာ ကြုံရသည့် ဝကျရံသော အဖြစ်သနစ်ပင် ...။ မွေးနဲ့ သူ့ဝမ်းရေးအတွက် သူအလုပ်ထွက်မလုပ်လို့တော့ မဖြစ်ပါချေ။ မွေးအနားမှာ အမြဲနေချင်ပေမယ့် ဘဝအခြေအနေအရ မဖြစ်မနေ အလုပ်လုပ်မှ ဖြစ်မှာပင် ...။

"ညနေကျ ငါပြန်လာမှာပါ ညီမလေးရာ၊ ငါပြန်လာရင် နင့်ဖို့ မုန့်တွေအများကြီး ဝယ်ခဲ့မယ်လေ"

"ဟင့်အင်း ... မွေး မုန့်မစားချင်ဘူး၊ အတူပဲလိုက်ချင်



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ အင့်ဟင့် ... ချွေးလိုက်မယ်၊ ချွေးကို ခေါ်နော်၊ ခေါ်သွားပါနော်၊ ချွေး ရှိခိုးပါတယ်နော်"

ညီမလေး ချွေးက ရုတ်တရက် သူ့ခြေရင်းမှာ ကျုံ့ကျုံ့လေးထိုင်ချပြီး သူ့ကို အခါခါဦးချရှိခိုးလိုက်တာမို့ သူ့ရင်ထဲ နင့်ခနဲဖြစ်သွားကာ ချွေးရှေ့မှာ ဆောင့်ကြောင့်ထိုင်ချလိုက်ပြီး လက်အုပ်ချီထားတဲ့ ချွေးရဲ့ လက်သေးသေးလေးနှစ်ဖက်ကို အုပ်ကိုင်ထားလိုက်ရင်း ...

"ငါ့အလုပ်ထဲကို နင့်ကိုခေါ်သွားလို့ မရလို့ပါ ညီမလေးရယ်၊ ကျန်ခဲ့နော် ..."

"အမေတောင်မှ အကြော်ရောင်းရင်း ချွေးကို ခေါ်သွားတာ၊ ချွေးက အမေ့လက်ကိုတွဲပြီး အတူလျှောက်လိုက်လို့ရတယ်၊ အခု ... ကိုကို့လက်ကိုတွဲပြီး ချွေးလျှောက်လိုက်လို့ မရဘူးလား"

"ဘာ ... ဘယ်လို ... နင် ငါ့ကို ဘယ်လိုခေါ်လိုက်တယ်"

ညီမလေးရဲ့အပြောလေးကြောင့် ရွှေသွေးက မျက်ခုံးပင့်ချီသွားကာ ညီမလေးခေါင်းကိုအုပ်ကိုင်ရင်း မေးလိုက်မိပါသည်။ ချွေးက ချစ်စဖွယ် မျက်လုံးပြူးလေးနှင့် သူ့ကိုမော့ကြည့်ရင်း ...

"ကိုကိုလို့ ခေါ်တာလေ ..."

"ငါ့ကို အဲ့ဒီလိုခေါ်ရမယ်လို့ ဘယ်သူသင်ပေးသွားလဲ"

"ဘယ်သူမှ သင်မပေးပါဘူး၊ တီဗီထဲမှာ ကြားဖူးတာ"

"တီဗီထဲမှာ ..."





"ဟုတ်တယ် ... ချွေးတို့ လမ်းထိပ်မှာ ဗီဒီယိုရုံရှိတယ်လေ၊ တစ်ခါတုန်းက ချွေး မေမေနဲ့ အတူသွားကြည့်ဖူးတယ်၊ အဲ့ဒီဇာတ်ကားထဲမှာ မောင်နှမနှစ်ယောက်ရှိတယ်၊ သူတို့က ကိုကိုနဲ့ ညီမလေး ခေါ်ကြတယ်၊ ကိုကိုက ချွေးကို ညီမလေးခေါ်တော့ ချွေးလည်း ကိုကို့ကို ကိုကိုလို့ ခေါ်တာပေါ့ ..."

"ဒါဆို နင်နဲ့ငါက မောင်နှမတော်တယ်ပေါ့"

ချွေးက ခေါင်းလေး တဆတ်ဆတ်ညိတ်ပြလိုက်ရင်း ...

"တော်တယ်လေ ... ၊ ကိုကို ချွေးကို လာခေါ်တုန်းက ပြောတယ်လေ၊ ချွေးက ကိုကို့ ညီမလေးဆို၊ ကိုကိုပြောပြီး ကိုကိုမေ့သွားပြီလား၊ ပြီးတော့ ရုပ်ရှင်ထဲက ကိုကိုလိုပဲ၊ ကိုကိုကလည်း ညီမလေးကို ထမင်းခွံ့ကျွေးတယ်၊ မုန့်လည်း ဝယ်ကျွေးတယ်လေ၊ ချွေးကို ခဏခဏချီတယ်လေ၊ အဲ့ဒီတော့ ကိုကိုနဲ့ ချွေးက မောင်နှမပေါ့"

"စကားတတ်မလေး ..."

ရွှေသွေးက ချွေးရဲ့ ဆံပင်တွေကို ဖွရင်း ပြောလိုက်တော့ ချွေးက ခုန်ထကာ ရွှေသွေးရဲ့ ခေါင်းကို သူ့လက်စလေးဖြင့် မမီ့တမီ လှမ်းကိုင်ရှုပ်ဖွလိုက်ရင်း ...

"စကားတတ် ကောင်လေး ..."

"ဟင် ... ကြည့်စမ်း၊ လူကြီးကို မရိုမသေ၊ ငါ နင့်ထက်



www.burmeseclassic.com

www.burmeseclassic.com



အသက်အများကြီး ကြီးတယ် မိစွေးရဲ့၊ နှင် ရဲကြီးလိမ့်
မယ်"

"ကြီး ကြီး ...၊ ကိုကိုလုပ်သလို ပြန်လုပ်တာပဲဟာ"

"ဟာ ... မနိုင်ပါလား၊ ဒီကောင်မလေးတော့ ..."

"ဟီ ..."

"ဟင် ... ခုနတုန်းက ငိုနေပြီး အခု ရယ်ပြန်ပြီလား
ငိုတုန်းက သနားစရာကောင်းသလောက် အခုကျတော့
အမြင်ကတ်စရာ တအားကောင်းပဲ"

"စွေး ပျော်လို့ပါ"

"ပျော်တယ်! ဘာလို့ ပျော်တုန်း"

"ကိုကို အလုပ်မသွားတော့လို့လေ ..."

"ငါ ဘယ်မှာ မသွားဘူးပြောလို့လဲ"

"အခု စွေးနဲ့ စကားပြောနေတော့ အချိန်နောက်ကျသွား
ပြီ မဟုတ်လား၊ နောက်ကျရင် သွားလို့မရတော့ဘူး
မဟုတ်လား"

"နောက်ကျလည်း သွားရမှာပဲ"

"ကိုကိုသွားရင် စွေး လိုက်မှာပဲ၊ အမေနဲ့တုန်းကလည်း
စွေး လိုက်တာပဲ"

"ညည်းအမေက ကိုယ့်ပိုက်ဆံနဲ့ကိုယ် ရင်းပြီး အကြော
ရောင်းတာ၊ ဘယ်သူမှ မကြောက်ရဘူး၊ ငါ့အလုပ်က
သူများဆိုင်မှာ လုပ်ရတာ၊ အလုပ်ရှင်ကို ကြောက်ရတယ်
အလုပ်ပြုတ်ရင် ထမင်းငတ်မယ်"





"စွေး ထမင်းမစားဘဲ နေမယ်လေ"

"ဖြစ်မလားဟ၊ နေခဲ့စမ်းပါ ညီမလေးရယ် နော်"

"အင့်ဟင်း ... စွေးတစ်ယောက်တည်းမနေရဲဘူး၊ ကြောက်
တယ်"

"နေ့ခင်းဘက်ကြီး ဘာကြောက်စရာရှိလဲ၊ ဟိုဘက်အိမ်
က အဒေါ်ကြီးလည်း စွေးနဲ့အတူ လာနေပေးမှာပဲ"

"စွေးက ကိုကိုနဲ့ပဲ နေချင်တာ ..."

စွေးရဲ့ထိုစကားလေးက ရွှေသွေးရဲ့ နှလုံးသားထဲ
သို့ ခပ်နက်နက် စိုက်ဝင်စူးနစ်သွားသည်။ ကိုကိုကလည်း ညီမ
လေးနဲ့ အတူနေချင်လို့ ညီမလေးကို ခေါ်လာခဲ့တာပါ ညီမလေး
ရယ် ...။

"ကဲ ... ကဲ ... ဒါဆိုလည်း မသွားတော့ပါဘူးဟာ"

"ဟေး ... ပျော်စရာကြီး"

ရွှေသွေးက စီးထားသည့် ကတ္တီပါဖိနပ်အဟောင်း
လေးကို ပြန်ချွတ်ပြီး ညီမလေးကို ကောက်ချီကာ အိမ်ထဲဘက်
သို့ ပြန်လှည့်ဝင်လာသည်။

စွေးက ချက်ချင်း မြူးတူးရွှင်ပျသွားတာမို့ ရွှေသွေး
က စွေးခေါင်းကို မနာအောင် ခေါက်လိုက်ရင်း ...

"ရုပ်ကိုက စပလိန်ရုပ် ..."

"စပလိန်ဆိုတာ ဘာလဲဟင်"

"စပလိန်ဆိုတာ တွန့်တွန့်လိမ်လိမ်လေးလေ"



www.burmeseclassic.com

www.burmeseclassic.com



"ဖွေးကဖြင့် တွန့်လိမ်မနေဘဲနဲ့၊ ဖွေး ကိုယ်လုံးက ဖြောင့်ဖြောင့်မတ်မတ်လေး"

"ဒါပေမယ့် နင့်မျက်နှာက ခုပဲငိုလိုက်၊ ခုပဲ ရယ်လိုက် အမျိုးမျိုး တွန့်လိမ်နေတာလေ၊ ကဲ ... ကဲ ... ဆင်းတော့ ငါညောင်းပြီ"

"ချီထားပါဦး"

"ကလေးက လူကြီးကို အနိုင်မကျင့်ပါနဲ့ဟာ ..."

ရွှေသွေးက ဖွေးကို အောက်ချပေးလိုက်ချိန်မှာ တစ်ဖက်အိမ်က ဒေါ်စိုးက ရွှေသွေးတို့အိမ်ရှေ့ ရောက်လာကာ

"ဟယ် ... ရွှေသွေး နင် ခုထိအလုပ်မသွားသေးဘူးလား"

"မသွားသေးတာမဟုတ်ဘူး ဒေါ်စိုးရေ၊ မသွားရတော့တာ၊ ဒီမှာ မိဖွေး ဂျီကျနေလို့ ..."

"နင့်မလည်း ဒီကလေးမလေး တစ်ယောက်နဲ့ ဒုက္ခပါ ဟယ်၊ ကိုယ်စားဖို့တောင် အနိုင်နိုင်ရယ်ကို လူပိုတစ် ယောက် တိုးလာတော့ မလွယ်ကြောပေါ့၊ သူ့ကို ငါ ထားပြီး အလုပ်သွားပါလား၊ တော်ကြာ အလုပ်တွေ ဘာတွေ ပြုတ်ပြုနေပါဦးမယ်"

"မတတ်နိုင်ဘူး ဒေါ်စိုးရယ်၊ ပြုတ်လည်း နောက်အလု ရှာရမှာပေါ့"

"အလုပ်တစ်ခု ရဖို့ဆိုတာ လွယ်တယ်မှတ်လို့လား"

ဒေါ်စိုးကသာ ပူပင်တကြီးပြောနေပေမယ့် ရွှေသွေး





က တစ်ချက် မျက်နှာမပျက်ပါ။ ဒေါ်စိုးကတော့ ရွှေသွေးကို အံ့သြပြီးရင်း အံ့သြနေမိပါသည်။

အရင်တုန်းကဆို ရွှေသွေးပုံစံက ဂျစ်ကန်ကန် ဆတ်ူးတူးလေးပင်။ ရုပ်ရည်ကလေးက ဖြူစင်ချောမွေ့ပေမယ့် အမြဲမှုန်ကုပ်ကုပ်လေး ဖြစ်နေတတ်ပါသည်။ မအေက သူ့ကို မွေးပြီးကတည်းက ပစ်သွားကာ အဖေကလည်း အမူးသမားမို့ ဂတ်သိမ်းမလှခဲ့။ တစ်ဦးတည်းသော အဘွားက အမေပမာ စောင့်ရှောက်ကျွေးမွေးလာခဲ့ပေမယ့် ရွှေသွေး အသက် ၁၃နှစ် လောက်မှာ ဆုံးသွားခဲ့တာမို့ ဥမမယ် စာမမြောက် ရွှေသွေး ကလေးဟာ အားကိုးရာမဲ့ခဲ့ရပါသည်။ အရပ်က ဝိုင်းဝန်းစောင့် ရှောက်ပေးခဲ့ကြပေမယ့် သူ့ခမျာ ကျောင်းလည်းထွက်ကာ ငယ် ငယ်ရွယ်ရွယ်နှင့် မီးဖို့ချောင်တွေမှာ ကွမ်းယာ၊ စီးကရက်ရောင်း၊ နံ့ရောင်း စသဖြင့် အသက်မွေးကာ သူ့ဝမ်းသူကျောင်းခဲ့တာ င်။

တစ်ယောက်တည်း အထီးကျန်ကျန် မှုန်တေတေ တတ်သော ရွှေသွေးကို အပေါ်ယံကြည့်လိုက်ရင် ခုလို ကြင် တတ်သော နှလုံးသားရှိမည်ဟု မထင်ခဲ့ရပါ။

နီဖွေးဖွေး လို့ အမည်ရတဲ့ ကလေးမလေးကို ခေါ် တဲ့နေ့မှ အစပြု၍ ရွှေသွေးရဲ့ ပုံစံက ပြောင်းလဲလာခဲ့ရတာ င်၊ အရယ် အပြုံး မရှိတဲ့ ရွှေသွေးဟာ ဖွေး ရောက်လာတဲ့ တကတည်းက အမြဲပြုံးရွှင်ကြည်လင်နေတတ်သည်။ သူ့ထမင်း ခုံးစားဖို့တောင် စိတ်မရှည်လှတဲ့ ရွှေသွေးက သူ့ညီမလေး



www.burmeseclassic.com

www.burmeseclassic.com



စားဖို့ မတတ်တတတ် ကြိုးစား ချက်ပြုတ်ရှံမှုမကာ ခွဲ့၍ပါ ကျွေးလေရာ ရွှေသွေးတို့အိမ်ဆီက ရွှေသွေး၏ ရယ်သံကျယ် ကျယ်ကို မကြာခဏ ကြားရလေရာ အရပ်ထဲကလူတွေပင် အထူးအဆန်း ဖြစ်နေခဲ့ရပါသည်။

ကလေးတစ်ယောက်ကြောင့် ရွှေသွေး ပြောင်းလဲ

ခဲ့ပုံဟာ တကယ့်ကို အံ့သြစရာ ...

"ကိုကို ..."

ဒေါ်စိုး ထွက်သွားတော့ ဇွေးက ရွှေသွေးလက်ကို လှုပ်၍ ခေါ်လိုက်သည်။ ရွှေသွေးက ညီမလေးနှင့် အရပ်ချင်း ညီသွားအောင် ထိုင်ချလိုက်ရင်း ...

"ဆိုဗျာ ..."

"အလုပ်ပြုတ်ရင် ဘာဖြစ်မှာလဲဟင်"

"အလုပ်ပြုတ်ရင် ပိုက်ဆံမရတော့ဘူးပေါ့ ညီမလေးရဲ့"

"ပိုက်ဆံမရတော့ဘူး ! ဒါဆို ကိုကို သေမှာပေါ့၊ အမေ့လို ပဲ ကိုကို သေသွားမှာပေါ့၊ အီးဟီး ... ကိုကို မသေရဘူး ကိုကို မသေရဘူး၊ ကိုကို အလုပ်သွားတော့ ... သွား ... သွား၊ အလုပ်သွားလုပ်တော့ ... အင့် ... ဟီး"

ဇွေးသည် ရုတ်တရက် ထိတ်လန့်တုန်လှုပ်သွား ပုံကလေးနှင့် ကယောင်ချောက်ချား အော်ဟစ်ငိုရင်း ရွှေသွေး ကို တံခါးဝဆီသို့ သူ့အင်အားလေးနှင့် ဖွတ်အတင်း တွန်းလွှတ် နေလေသည်။





"ညီမလေး ... ညီမလေး ...၊ ဘာဖြစ်တာလဲ၊ မငိုနဲ့လေ၊ နင် မသွားစေချင်လို့ ငါမသွားဘဲ နေတာလေ"

ရွှေသွေးသည် တက်မတတ် ချက်မတတ် အော် နေသော ဇွေးကို စိုးရိမ်တကြီး ထွေးပွေ့လိုက်မိရင်း ဇွေးခန္ဓာ ကိုယ်လေးကို လှုပ်ယမ်းချော့မော့နေမိသည်။

ဇွေးသည် ဝမ်းပမ်းတနည်း ဆက်လက်ရှိုက်ငင်ရင်း "အမေက ပြောတယ်၊ ပိုက်ဆံမရှိရင် အသက်ဆက်မရှင် တော့ဘူးတဲ့၊ ကိုကို့မှာ ပိုက်ဆံမရှိရင် ကိုကို သေမှာ၊ ကိုကိုသေလို့ မဖြစ်ဘူး၊ ဇွေး ကိုကို မရှိဘဲ မနေနိုင်ဘူး"

"ညီမလေးရယ် ... တိတ် ... တိတ် ... ကိုကို မသေပါဘူး၊ စိတ်ချပါ၊ ကိုကို အခု အလုပ်ပြုတ်လည်း နောက်အလုပ် တစ်ခုရရင် ပိုက်ဆံရလာမှာပါ"

"အဲဒါဆို ကိုကို မသေတော့ဘူးလား"

"အေးပေါ့၊ ကိုကိုမသေတော့ဘူး"

"ကိုကိုမသေရင် ညီမလေးနားမှာအမြဲနေလို့ရမှာပေါ့နော်"

"အေးပေါ့ ..."

"ဒါဆို ဘယ်တော့မှ မသေနဲ့နော်"

"အေးပါ ... အေးပါ"

ရွှေသွေးက ဇွေးကို ပွေ့ဖက်ချီမြှောက်ရင်း ယမ်းရင်း ချော့မော့လိုက်မိပါသည်။

ညီမလေးက ရွှေသွေးကို မျက်စိရှေ့မှောက်က



www.burmeseclassic.com

www.burmeseclassic.com



အပျောက်မခံတတ်ပေ ...။ အမြဲတမ်း ရွှေသွေး နောက်ကနေပဲ
တကောက်ကောက် လျှောက်လိုက်နေတတ်ခဲ့၏။ သူ့မြင်ကွင်
ထဲကနေ ပျောက်သွားတာနှင့် ...

"ကိုကို ... ကိုကို ဘယ်မှာလဲ"

ဟု ငိုသံပါလေးနှင့် တကြော်ကြော်အော်မေးရင်
လိုက်ရှာနေတတ်သည်။ ရွှေသွေးက အိမ်ရှေ့မှာဆို ဆွေးကလည်
အိမ်ရှေ့မှာ နေရမှ ...။ ရွှေသွေး အိမ်နောက်ဘက်ကို ရောက်
သွားတာနှင့် ဆွေးက အော်ခေါ်လိုက်ရာသည်။ ရွှေသွေး ရေချိ
လျှင်လည်း ဆွေးက အနားမှာရပ်ကြည့်နေတာမို့ ရေတော
ဖြောင့်ဖြောင့်မချိုးရပါ။ ဆွေးဟာ အရွယ်နဲ့မလိုက်အောင် သိတ
သူကလေးမို့ ရွှေသွေး ရေချိုးနေတုန်း ရေသုတ်တဘက်
ပြေးယူပြီး အသင့်ကိုင်စောင့်ပေးတတ်လာသည်။ ရေချိုးဖို့ အဝ
ချွတ်လိုက်တာနှင့် ရေဖလားနှင့် ဆပ်ပြာခွက်ကို ပြေးယူကာ ...

"အင့် ... ကိုကို ရေချိုးဖို့ ..."

ဟု လှမ်းပေးတတ်လာသည်။

"ညီမလေးက လိမ္မာလိုက်တာကွာ ..."

ဟု သူက ချီးမွမ်းလိုက်တိုင်း ပြုံးစေ့စေ့နှင့် ဖ
လေး တွန့်ပြတတ်သော ဆွေးရဲ့ ချစ်စရာ ပုံစံကလေးကို မြင်တိုင်
သူ့ဘဝရဲ့ အမောဟူသမျှ ပြေခဲ့ရပါသည်။

ရွှေသွေးရဲ့ ပုဆိုးစကို ဆွဲကာ တကောက်ကောက်
လျှောက်လိုက်နေတတ်သော ဆွေးသည် သူ့အိမ်သာတက်လျှ
ပင် အိမ်သာရှေ့ကနေ ငုတ်တုတ်ကလေး ထိုင်ထိုင်စောင့်နေတ





မို့ အီးလည်း ဖြောင့်ဖြောင့်မပါရ။ နည်းနည်းကြာတာနှင့်ပင်
ဆွေးက အပြင်ကနေ ခြေတလေးဆောင့်ကာ ...

"ကိုကိုရေ ... ကြာလိုက်တာ၊ အီး မြန်မြန်ပါ ..."

"ဝမ်းချုပ်နေလို့ပါဟ ...၊ အိမ်ရှေ့မှာ သွားနေစမ်းပါ
မိဆွေးရာ၊ နင့်ကြောင့် ငါ ဝမ်းတောင်ချုပ်နေပြီဟ"

"ဝမ်းချုပ်တယ်ဆိုတာ ဘာလဲ ..."

"အီးမထွက်တာဟေ့၊ အီးမထွက်တာ ... သိပြီလား"

ဆွေးနဲ့ ရွှေသွေးတို့ အပြန်အလှန်အော်ပြောနေသံကို
အိမ်နီးနားချင်းတွေကပင် ကြားကာ ရယ်မောကြရသည်။ ဒေါ်စိုး
က ရွှေသွေးအဖြစ်ကို ကြည့်ကာ ...

"ရွှေသွေးရယ် ... နင့်မလည်းဟယ် ငယ်ငယ်ရွယ်ရွယ်နဲ့
ကလေးအဖေနဲ့ တူတူလာတယ်ဟယ်၊ ဒီကလေးတစ်
ယောက်နဲ့ နင်နဲ့တော့ ဒုက္ခပါပဲ"

"ဒုက္ခ မဟုတ်ပါဘူး ဒေါ်စိုးရ၊ သုခပါဗျ။ နောက်တစ်ခါ
ပြောချင်ရင် ဒီကလေးတစ်ယောက်နဲ့ နင်နဲ့တော့ သုခပါပဲ
ဟယ်လို့ ပြော ..."

"အံ့ပါ့ဟယ် ..."

အမှန်တကယ်တော့ ဒေါ်စိုးပြောသလိုပင် ရွှေသွေး
က ကလေးအဖေပေါက်စလေးလို ဖြစ်နေလေသည်။

ရွှေသွေးသည် အသက်သာ ၁၆ နှစ်ဆိုသော်လည်း
အရပ်မြင့်မား ထွားကျိုင်းလွန်းလှပါသည်။ ဆံပင် ခပ်ရှည်ရှည်
သေပ်မရပ်ရယ်၊ အဝတ်အစား ဟောင်းညစ်ညစ်တွေရယ်ကို



www.burmeseclassic.com

www.burmeseclassic.com



ဖယ်လိုက်လျှင် ရွှေသွေးဟာ ကြည့်ကောင်းသော လူပျိုပေါက်ကလေးတစ်ယောက်ပင် ... ။ လူကောင်ထွားသော်လည်း ကလေးရုပ် သိပ်မပျောက်ချင်သော မျက်နှာကလေးကတော့ အလွန်နုနယ်ဖြူစင်သည်။ အသားကဖြူတာမို့ ဘယ်လိုပဲ ကပိုကရို နေနေ ရွှေသွေးရုပ်က သန့်ထွက်နေတတ်တာပင် ... ။

ရပ်ကွက်ထဲမှာ ရွှေသွေးကို စိတ်ဝင်စားသည့် မိန်းမပျိုလေးတွေကလည်း အများသားပင်။ သို့သော် ရွှေသွေးကတော့ စိတ်ကစားပြီး ရည်းစားထားဖို့ကိစ္စကို ဘေးချိပ်ကာ ကလေးတစ်ယောက်နှင့်သာ တကုပ်ကုပ် အလုပ်ရှုပ်နေတတ်ပါသည်။

ဟင်းချက်စရာ ဝယ်ဖို့ ဈေးသွားလည်း ဆွေးက ရွှေသွေးပုဆိုးစကို ဆွဲပြီး လိုက်သွားသည်။ ဈေးထဲမှာ လူရှုပ်နေလျှင် ရွှေသွေးက ဆွေးကို ပခုံးပေါ်ထမ်းတင်သွားရသည်။

စားဖို့သောက်ဖို့ ချက်ပြုတ်နေလျှင် ဆွေးက အနားမှာနေကာ ရေခပ်ပေး၊ တိုလီမုတ်စ လိုအပ်တာလေးတွေကို သူ့လက်သေးသေးလေးတွေနှင့် မနိုင့်တနိုင် သယ်ပေးရင်း ကူညီတတ်သည်။ ပြီးတော့ ဆွေးက ရွှေသွေးနားကမခွာဘဲ သူ့လက်သည်းလေးဖြင့် ကြက်သွန်ဥခွံတွေကို ကတ်သီးကတ်သတ်ကုပ်၍ ကုပ်၍ ခွာပေးလေသည်။ ကြက်သွန်အခိုးရိုက်ကာ မျက်ရည်တွေထွက်၊ နှာရည်တွေထွက်လာလည်း နှပ်ချေးတရှုံ့ရှုံ့နှင့် ဆက်ခွာနေတာမို့ ရွှေသွေးက ဆွေးလက်ထဲက ကြက်သွန်ကို လုယူကာ ...

"မလုပ်ပါနဲ့တော့ ညီမလေးရယ်၊ သွား ... သွား ... အခ





ရှေ့မှာ သွားနေ၊ ညီမလေးကြိုက်တဲ့ အာလူးကြော် ဝယ်ထားတယ်၊ သွားစားချေ ..."

"ဟင့်အင်း ... ကိုကိုကို ကူလုပ်ပေးမလို့ ..."

"မလုပ်ပါနဲ့ဟာ၊ ကြည့်စမ်း ... နှပ်ချေးတွေတောင် ထွက်နေပြီ၊ လာခဲ့ ... ဒီနားကို"

ရွှေသွေးက ဆွေးကို နှပ်ညှစ်ပေးပြီး လက်ကို ပုဆိုးမှာ သုတ်လိုက်တာမို့ ဆွေးက နှာခေါင်းလေးရှုံ့ကာ ...

"ကိုကို ညစ်ပတ်တယ်၊ လက်ကို ရေလည်းမဆေးဘူး"

"ဟဲဟဲ ... ဆေးမှာပေါ့ဟ နင်ကလည်း၊ နင့်လည်း နှပ်ညှစ်ပေးရသေး၊ ငါ့ကိုလည်း နှိပ်ကွပ်သေး"

"အ ... ပူ ... ပူတယ်"

ရွှေသွေးက ခပ်ရှက်ရှက်နှင့် တဟဲဟဲရယ်နေဆဲမှာ ဆွေးက ရုတ်တရက် နှာခေါင်းကိုပွတ်ရင်းက ထ,အော်လိုက်ပါသည်။

"ညီမလေး ... ဘာဖြစ်တာလဲ၊ ဘယ်ကပူလို့လဲ"

"နှာခေါင်းက ... နှာခေါင်းက ပူတာ၊ ငရုပ်သီးစပ်သလို ပူတာ"

"ဟာ ... ငါ ... ငါ ... ငရုပ်သီးထောင်းပြီး လက်မဆေးဘဲ နင့်ကို နှပ်ညှစ်လိုက်မိပြီ"

"အီးဟီး ... စပ်တယ် ... စပ်တယ်၊ အီး ..."

"ဟာ ... ဟာ ... ဒုက္ခပါပဲဟာ၊ လာ ... လာ ... ရေဆေးပေးမယ်၊ ရေဆေးပေးမယ်"



www.burmeseclassic.com

www.burmeseclassic.com



ရွှေသွေးက ဇရုန်းသုန်းကား ပြေးကာ ရေပြေးခပ်လာပြီး ညီမလေး နှာခေါင်းနားကို သေချာပွတ်ဆေး၊ ရေအေးဖတ်နှင့် ကပ်ပေး စသဖြင့် ပျာပျာသလဲ ပြုစုယုယနေမိပါသည်။ ခဏနေတော့မှ ဈွေးတာ အပူသက်သာကာ အငိုတိတ်သွားသည်။

ရွှေသွေးနဲ့ ဈွေးမှာ တစ်ယောက်ကလည်း ကလေးပီပီကျွေး၊ တစ်ယောက်ကလည်း ကလေးသာသာရယ်မို့ မကြာခဏ ဝွကျသည့် အဖြစ်မျိုးတွေကို ကြုံရတတ်သည်။

သို့သော်လည်း ရွှေသွေး ပျော်ခဲ့ရပါသည်။



"ရော့ ... ကိုကို စီးဖို့"

ဈွေးက ရေစိုနစ်ကာ လေးတွဲ့နေသော ကတ္တီပါဖိနပ်ကို ရွှေသွေး ခြေထောက်နားမှာ ဗျပ်ဆို လာချပေးလိုက်ပါသည်။ ရွှေသွေးက ဖိနပ်ကို ငုံ့ကြည့်လိုက်ရင်း ...

"မြတ်စွာဘုရား၊ ငါ့ဖိနပ်၊ ငါ့ဖိနပ်က ဘယ်လိုဖြစ်ရတာတုန်း"

"ကိုကို လှလှလေး စီးရအောင် ဈွေး ရေနဲ့ဆေးပေးထားတာ"

"ကောင်းရောကွာ ..."

ရွှေသွေးက တစ်ရံတည်းသော ကတ္တီပါ ဖိနပ်အဟောင်းလေးကို နမြောတသစွာ ကြည့်ရင်း ရယ်ချင်သလိုငိုချင်သလို ဖြစ်သွားပါသည်။

ဈွေးက ရွှေသွေးကို မော့မော့လေးကြည့်ရင်း ...

"ကိုကို ... ဒီဖိနပ်ကို စီးပြီး အလုပ်သွားလုပ်တော့လေ၊ ဈွေး ကိုကိုနဲ့ မလိုက်တော့ပါဘူး၊ ကျန်နေခဲ့ပါမယ်"



www.burmeseclassic.com

www.burmeseclassic.com



"အံမယ် ... တယ် လိမ္မာနေပါလား"

"မလိမ္မာလို့မဖြစ်ဘူး၊ ဒေါ်ကြီးစိုးက ပြောတယ်၊ နှင်းကိုကျရင် နှင်းအစ်ကို ဒုက္ခရောက်လိမ့်မယ်တဲ့၊ ခုတောင် နှင်းကြောင့် အလုပ်ပြုတ်သွားပြီတဲ့၊ အဲတော့ ဆွေး လိမ္မာမှ ဖြစ်မှာပေါ့၊ ပြီးတော့ ... ကိုကိုက အလုပ်သစ်လုပ်မှ ပိုက်ဆံရမှာမဟုတ်လား၊ ပိုက်ဆံရမှ အသက်ရှင်မှာမဟုတ်လား၊ ကိုကို အသက်ရှင်မှ ညီမလေးနဲ့ အတူနေလို့ရမှာလေ၊ အမေ့လို အသက်မရှင်တော့ရင် အတူနေလို့မရတော့ဘူး"

စကားတတ်တတ်နှင့် ပြောနေပုံလေးကြောင့် ရွှေသွေးရင်ထဲ နင့်ခနဲ ဖြစ်သွားရပါသည်။ ရွှေသွေးက ညီမလေးကို ချီပိုးလိုက်ရင်း ...

"လိမ္မာလိုက်တဲ့ ကိုကို့ ညီမလေး၊ ညီမလေးနားမှာ ကိုကို အမြဲနေမှာပေါ့၊ ပိုက်ဆံတွေ အများကြီးရှာပြီး ညီမလေးနဲ့ အမြဲတူတူနေမှာပေါ့ကွ"

"ဒါဆို ကိုကို အလုပ်သွားလုပ်တော့၊ ဆွေး ကျန်ခဲ့တော့မယ်၊ ဆွေး မငိုဘူးနော်၊ မငိုတော့ဘူးနော် ... ဟင်"

မငိုဘူး ပြောနေပေမယ့် မျက်ရည်လေးတွေ စီးလဲ့လာတာမို့ ရွှေသွေးက ဆွေးကို ခုံပေါ်မှာထိုင်စေလိုက်ပြီး သူကတော့ ကြမ်းပြင်ပေါ် ဒူးထောက်ထိုင်ကာ ဆွေးကို ကြည့်ရင်း ...





"ကိုကို ဒီတစ်ခါအလုပ်လုပ်ရင် ညီမလေးကို ခေါ်သွားလို့ ရတဲ့အလုပ်မျိုးပဲ လုပ်မှာ၊ ကိုကို အလုပ်သွားလုပ်ရင် ညီမလေးလည်း လိုက်ခဲ့လို့ရတယ်၊ အဲဒါဆို ကိုကိုတို့ တစ်နေ့လုံး ခွဲမနေရတော့ဘူးလေ"

"ဟင် ... တကယ်လား"

"တကယ်ပေါ့ဟ ... ၊ ငါက ညာပါ့မလား"

"လိမ္မာလိုက်တဲ့ ကိုကို ..."

ဆွေးက ရွှေသွေး စကားကို အတုခိုးပြောရင်း ရွှေသွေးလည်ပင်းကိုဖက်ကာ ရွှေသွေးပါးကို ဘယ်ပြန်ညာပြန် နမ်းလိုက်သည့်အခါမှာ တစ်ဘဝစာ အေးငြိမ်းချမ်းသာသွားသည်ဟု ထင်လိုက်မိသည်။ ကြည်နူးခြင်းပီတိအဟုန်ဖြင့် ရယ်မောမိသည်။ ဆွေးဟာ သူ့ဘဝရဲ့ အဓိပ္ပာယ်တစ်ခုပေပဲ။

ဆွေးကို ထားခဲ့လို့မရတာမို့ သူ အလုပ်ပြုတ်ခဲ့ရသော်လည်း ခုချိန်မှာ စိတ်ဓာတ်ကျမနေပါ။ ဆွေးကို ခေါ်သွားလို့ရမည့် အလုပ်တစ်ခုခုကို ရှာဖို့သာ စိတ်အားထက်သန် တက်ကြွနေပါသည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

"ကလင် ... ကလင် ..."

ဆွေးသည် ရွှေသွေး နင်းလာသော စက်ဘီးရှေ့ ဘားတန်းကလေးမှာ တင်ပလ္လင်လေးထိုင်လိုက်လာရင်း စက်ဘီး ဘဲလ်လေးကို အဆက်မပြတ် ဖိနှိပ်တီး၍လာလေသည်။ သူတို့ အတူစီးလာသော စက်ဘီးလေးသည် လေကိုထိုးခွင်းကာ တလှ လှစ် ပြေးနေသည်။ ရှေ့မြေပြင်မှာ နားနေသော ခိုတစ်အုပ်က လန့်ပျံသွားသည်။ ရွှေသွေးရဲ့ စက်ဘီးလေးက ပျံသွားသော ကိုအုပ်ရဲ့အလယ်မှ ထိုးထွင်းနင်းထွက်လာသည်။

"ခိ ... ခိ ... အေးလိုက်တာ၊ ဆွေး မျက်နှာကို လေတိုက် နေတာ အရမ်းခဲလို့ကောင်းတာပဲ၊ ဟိ ... ဟိ ... ဆွေ ဆံပင်တွေ လွင့်နေပြီ၊ ဆွေး ဂါဝန်လေးလည်း လွင့်နေ တာ တွေ့လား၊ ကိုကို ညီမလေးကို ကြည့်ပါဦး ကိုကိုရဲ့ ညီမလေး လှတယ်မဟုတ်လား ..."

"အေးပါ ... အေးပါ ... လှပါတယ်ဟ၊ လှပါတယ်၊ ငြိ ငြိမ်နေပါဟ၊ ပြုတ်ကျနေပါဦးမယ်၊ နင်ရှေ့က လှ





လှုပ်စိလှုပ်နေတော့ ငါမှာ စက်ဘီးကို မနည်းထိန်းနင်း နေရတယ်ဟ ..."

"ပြုတ်မကျပါဘူး ကိုကိုရ၊ ညီမလေး သေသေချာချာ ကိုင်ထားပါတယ်၊ မြန်မြန်နင်း ကိုကို၊ မြန်မြန်လေး နင်း ...၊ နင်း ... နင်း ... တို့ကိုကိုကွ၊ ဟုတ်ပြီကွ ... ရှေ့က ကုန်းဆင်းကို အရှိန်နဲ့လိမ့်ချလိုက်ပါဦးကွ ..."

ဆွေးက ရှေ့ကနေ အသံစာစာလေးနှင့် အော်ဟစ် နေတာမို့ ရွှေသွေးက စက်ဘီးကို သွက်သထက်သွက်အောင် င်ကလေးကြွကာ ဘယ်ညာယိမ်းနွဲ့နင်းလာသည်။ ကုန်းတက် ကို အားသွန်နင်းတက်ပြီး ကုန်းဆင်းကနေ အရှိန်နှင့် လိမ့်ဆင်း ါနီးမှာ ...

"ညီမလေးရေ ... မြဲမြဲကိုင်ထားဟေ့ ..."

ဟု အော်ရင်း အရှိန်နှင့် လိမ့်ဆင်းလာသည်။ ဆွေးကလည်း ...

"ဝေး ... ဟေး ... ပျော်စရာကြီး"

ဟု မျက်လုံးစုံမှိတ်၍အော်ရင်း စက်ဘီးလက်ကိုင် ကို လက်နှစ်ဖက်နှင့် တအားဆုပ်ကိုင်ထားလိုက်သည်။

မြေပြင်ညီညာသော လမ်းကလေးကိုရောက်တော့ ဖြည်းဖြည်းပြန်နင်းလိုက်ရင်း နံနက်ခင်းလေးကို အားပါးတရ ခင်မော့ရှူရှိုက်လိုက်မိသည်။ ရွှေသွေးရဲ့ စက်ဘီးနောက် ကယ် ယာပေါ်မှာ သတင်းစာထုပ်ပါသည်။ ရှေ့စက်ဘီးလက်ကိုင်မှာ န်းလန်းဆွဲထားသည့် အိတ်ကလေးထဲမှာ အသင့်လိပ်ပြီးသား



www.burmeseclassic.com

သတင်းစာလိပ်ကလေးတွေ ထိုးထိုးထောင်ထောင်ရှိနေသည်။ စက်ဘီးဘားတန်းပေါ်မှာတော့ ညီမလေးက ပျော်ရွှင်စွာ လိုက်ပါလာသည်။ ဘယ်လောက် ပျော်စရာကောင်းတဲ့ ဘဝနည်း။

သတင်းစာပို့သည့် အလုပ်ကို ညီမလေးနှင့်အတူ လုပ်ခွင့်ရတာမို့သာ သူရွေးချယ်ခဲ့တာဖြစ်ပါသည်။

မနက်ဆို စောစော အိပ်ရာထကာ သူတစ်ယောက်တည်း စက်ဘီးလေးနင်းပြီး သတင်းစာသွားယူရသည်။ မနက်ဂေလီဆေလင်းအချိန်မှာ အဆေးကြီးထိ စက်ဘီးနင်းသွားရပေမယ့် လေလေးတချွန်ချွန်နှင့် သူ ပေါ့ပါးပျော်ရွှင်နေတတ်သည်။

သူ့ သတင်းစာတွေ သွားယူပြီး ပြန်လာတော့ ညီမလေးကို နှိုးရသည်။ ညီမလေးက သူနဲ့အတူလိုက်ရမှာမို့ အစောကြီး ထရလည်း မအိမ်သာ ငြူစူတာမရှိ။ သူက မနက်တိုင်း ညီမလေးရဲ့ ဆံပင်လေးတွေကို ဖြီးပေး၊ ရှေ့ဆံပင်အရှည်လေးတွေကို အလယ်ခွဲခွဲကာ အရုပ်ကလစ်လေး နှစ်ခုဖြင့် တစ်ဖက်တစ်ခုစီ ညှပ်ပေးသည်။ ပိုက်ဆံလေးတွေ ခြစ်ခြုတ်ပြီး ဝယ်ပေးထားသည့် ဂါဝန်ကလေးကို ဝတ်ပေးသည်။ ညီမလေးက ဂါဝန်ဆို သိပ်ကြိုက်သည်။

"စက်ဘီးစီးရင်း မွေး ဂါဝန်လေး လွင့်နေတာ အရမ်းလှတာပဲနော်၊ မွေး ဂါဝန်အရမ်းကြိုက်တယ်၊ နောက်လည်း ဂါဝန်ပဲ ဝယ်ပေးနော်"

ဟု မွေးက တဖွဖွပြောတတ်ပြီး ဂါဝန်ကလေး သွားအောင် ချာခနဲ လှည့်ပြတတ်သော မွေးပုံစံလေးကို ကြည့်





ရှုမဝ ကြည်နူးရတဲ့အရသာဟာ လူ့ဘဝရဲ့ ရှင်သန်ခြင်းအရသာဟုပင် ထင်မိတတ်သည်။

မနက်မနက် သတင်းစာပို့တိုင်း စက်ဘီးဘားတန်းပေါ် သို့မဟုတ် သူ့ရင်ခွင်နှင့် အနီးဆုံးနေရာမှာ တီတီတာတာ ပြောဆိုရင်း ဟီဟိခိခိရယ်မောရင်း ဂါဝန်ကလေး လွင့်လွင့်ဝဲဝဲဖြင့် မွေးထိုင်လိုက်လာသော ရွှေသွေးရဲ့ မနက်ခင်းတိုင်းဟာ သာယာပျော်ရွှင်ဖွယ်အတိ ပြီး၏။

"ကိုကိုရေ ရောက်ပြီ ရပ်တော့၊ ဟိုး စတော့"

"ကျွီး ..."

ရှေ့မှာထိုင်နေသော မွေးက လက်ကလေးမြှောက်ကာ အော်လိုက်တာမို့ ရွှေသွေးက စက်ဘီးဘရိတ်ကို ညှစ်ပြီး ခြေတစ်ဖက်ထောက်၍ ရပ်လိုက်သည်။ မွေးက ရှေ့မှာချိတ်ထားသည့် အိတ်ထဲမှာ အသင့်ရှိနေသော သတင်းစာခေါက်လေးကို ဆတ်ခနဲ လှမ်းယူလိုက်ပြီး ခြံတွင်းသို့ ဝင်အောင် ပစ်ထည့်လိုက်သည်။ ပြီးမှ ခေါင်းကိုနောက်လှန်ကာ ရွှေသွေးကိုမော့ကြည့်ရင်း

"တွေ့လား ... ကိုကို၊ မွေးက လက်တည့်နေပြီ၊ ကိုကိုတောင် မွေးလောက် လက်မတည့်ဘူးမဟုတ်လား"

"အောင်မာ ဘာလို့မတည့်ရမှာလဲ၊ တည့်တယ်"

"ဒါဆို ရှေ့တစ်အိမ်ကျ ကိုကိုပစ်ပြမလား"

"အေးပါ ... ကြည့်နေပါ၊ ပစ်ပြပါမယ်၊ နင် သိပ်ပြီး လူတတ်ကြီးမလုပ်စမ်းပါနဲ့၊ နင်တောင် ငါသင်ပေးထားလို့ ပစ်တတ်တာပါ"



www.burmeseclassic.com

www.burmeseclassic.com



“ဟို ... ရွှေ မနေ့က ဒေါ်စိုးတို့အိမ်မှာ သွားကြည့်တဲ့ ဗီဒီယိုကားထဲမှာလေ ဆရာထက် တပည့်က လက်ဆောင် ပိုထက်တယ်ဆိုလား ပြောသံ ကြားလိုက်တယ်”

“အံမယ် ... မီရွှေတို့က လူကြီးကို ပြန်ပြောတဲ့နေရာမှာ ရှုပ်ပါ ပါလား”

“ဟုတ်လား ... ရွှေက ရှုပ်ပါလား၊ အဲ့ဒါဆို ရှုပ်ပါမင်း ရွှေ ပြန်နိုင်လို့ရပြီလား၊ ဗိုးဆိုပြီး ယောလိုပျံ ...”

“ဟ ... ဟ ... ပြုတ်ကျမယ်ဟ၊ ငြိမ်ငြိမ်နေစမ်းပါ မီရွှေ ရာ၊ မကဲလွှားစမ်းပါနဲ့ဟာ ...”

ရွှေက စက်ဘီးလက်ကိုင်ကို ကိုင်ထားသည့်လ နှစ်ဖက်လုံးကို လွှတ်ပြီး လက်နှစ်ဖက်ကို ရှေ့သို့ဆန့်တန်း ရှုပ်ပါမင်းပျံသလို လုပ်ပြတာမို့ ရွှေသွေးက ယိမ်းယိုင်သွားသေ ရွှေကိုယ်လုံးလေးကို ဖမ်းထိန်းပေးလိုက်ရပါသည်။ ရွှေကတေ အကြောက်အလန့်မရှိ ရယ်မောနေသည်။

ရွှေသွေးက ရွှေ ခေါင်းကို ပုတ်ရင်း ...

“မနိုင်စိန်မ ...”

“မနိုင်စိန်ဆိုတာ ဘာလဲ ကိုကို ...”

“နှင့်ကို ငါ မနိုင်ဘူးလို့ ပြောတာပေါ့ ...”

“နိုင်လို့သာ စက်ဘီးပေါ် တင်ခေါ်လာတာ မဟုတ်လာ

“အေးပါဟာ ... နှင်နဲ့ ငါ စကားနိုင်မလုရပါဘူး”

“စကားနိုင်လုတယ်ဆိုတာကရော ဘာလဲဟင်”

“အင်း ... ဘယ်လိုပြောရမှန်းတောင် မသိတော့ဘူ





ရွှေသွေးက ခေါင်းတစ်ချက်ကုတ်လိုက်ပြီးမှ ...

“နှင်နဲ့ ငါနဲ့ စကားလုပြောတာကို ပြောတာဟာ”

“လုတယ်ဆိုတာ ရွှေလက်ထဲက မုန့်ကို လုယူတာမျိုး ကို ပြောတာလား၊ စကားကို လုယူလို့ရလို့လား”

“ကတ်သီးကတ်သတ်တွေ မမေးစမ်းပါနဲ့”

“ကတ်သီးကတ်သတ်ဆိုတာကရော ဘာလဲ ကိုကို”

“မသိတော့ဘူးဟော့ ...”

“မသိတော့ဘူးဆိုတာကရော ဘာလဲ ကိုကို”

“ဟ ... မီရွှေ နှင့် ငါ့ကို နောက်နေတာလား”

“ဟီး ... ဟီး ... ဟိ ...”

“ကြည့်စမ်း ... ရယ်ပုံက လူကြီးကို မခန့်လေးစား”

“မခန့်လေးစားဆိုတာကရော ဘာလဲ ကိုကို”

“မီရွှေ ... နှင့် ငါ ခေါက်မိတော့မယ်”

ရွှေသွေးက လက်ရွယ်လိုက်တော့ ရွှေက ခေါင်း းပုကာ တဟိဟိ ရယ်နေသည်။

နောက်တစ်အိမ်ရှေ့ရောက်တော့ ရွှေသွေးက တင်းစာလိပ်လေးကို ဆတ်ခနဲ ဆွဲယူကာ ...

“ကဲ ... ဒီမှာကြည့် ...”

ဟု ပြောပြီး ခြံထဲသို့ လွှဲပစ်လိုက်သည်။ သို့သော် တင်းစာက ခြံထဲသို့ မရောက်ဘဲ ခြံတံခါးတိုင်ကိုထိကာ ပေါ်သို့ ပြန်ပြုတ်ကျလာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟိ ... ဟိ ... ဟား ... ဟား ... လက်လည်း မတည့်ဘူးဟေ့"

ဆွေးက လက်ခုပ်ကလေးတီး၍ ရယ်မောလိုက်ပြီး ဘားတန်းပေါ်ကနေ ဖင်လျှောဆင်းလိုက်ပြီး မြေပြင်ဆီ ခုန်ချလိုက်သည်။ ပြီးတော့ သတင်းစာခေါက်လေးကို ပြေးကောက်ကာ ...

"ကြည့်နေ ... ဆွေး ပစ်ပြမယ်"

ဟု ပြောပြီး ခပ်ဝေးဝေးသို့ ပြေးသွားပြီးမှ အပြေး ယူသလို ခြေကိုချဲကာ သူ့ရှိသမျှ အင်အားလေးဖြင့် မြှောက်ပစ်လိုက်ရာ သတင်းစာခေါက်က ခြံထဲသို့ တန်းတန်းမတ်မတ် ဝင်သွားလေတော့သည်။

"တွေ့လား ... ဆွေးက လက်တည့်တယ်၊ တွေ့လား"

"အေးပါ ... အေးပါ၊ တွေ့ပါတယ်ဟာ၊ တော်ပါတယ် တော်ပါတယ်"

ဆွေးက ကိုကိုထက် တော်တယ်မဟုတ်လား"

"အေးပါ၊ တော်ပါတယ်၊ နောက်လည်း အမြဲတမ်း ကိုကို့ထက် တော်အောင်ကြိုးစားရမယ်နော်"

"ဟုတ်ကဲ့ ..."

ဆွေးက စက်ဘီးနားသို့ ပြန်လျှောက်လာပြီး စက်ဘီးခြေနင်းဖုကို နင်းပြီး စက်ဘီးဘားတန်းပေါ် တင်ပြီး တက်ထိုင်လိုက်ပြီးမှ သူ့တင်ပါးလေးသူ ပွတ်ကာ နာ... လေးရှုံ့လျက် ရွှေသွေးကို နောက်ပြန်လှည့်ကြည့်ရင်း ...





"ကိုကို ... ဖင်နာတယ်"

"ဟေ ..."

"ဒီမှာထိုင်ရတာ ဖင်နာတယ် ကိုကိုရ ..."

"အေး ... အေး ... ဒါဆို ခဏဆင်း၊ မနာအောင် ခင်းပေးမယ်"

ရွှေသွေးက မိုးရွာလျှင် သတင်းစာထုပ်အုပ်သည့် ...တ်စတစ်စတွေကို သူ့အိတ်ထဲက ဆွဲထုတ်လိုက်ပြီး ဆွေး ...ိုင်သည့် ဘားတန်းကို ပလတ်စတစ်စဖြင့် အထပ်ထပ် အုပ် ...ပေးလိုက်ပါသည်။

"ကဲ ... လာ၊ လာထိုင်တော့ ..."

ဆွေးက ဘားတန်းပေါ် ပြန်တက်ထိုင်လိုက်ရင်း ...

"သိပ်မနာတော့ဘူးနော်"

"အေးပေါ့ ... ခုထားတာကိုး၊ နောက်နေ့ကျမှ ကိုကို ပုဆိုးဟောင်းလေးနဲ့ ခုပေးမယ်နော်"

"ပုဆိုးနဲ့ ခုရင် ပိုထိုင်လို့ကောင်းလား"

"အေးပေါ့ ... ထိုင်လို့ကောင်းတာပေါ့"

ရွှေသွေးက စက်ဘီးလေးကို နင်းထွက်လာသည်။ ...က်အိမ်တွေရှေ့ရောက်တော့လည်း ဆွေးကပဲ သတင်းစာ ...ပေးသည်။ ခြံရှေ့မှာ စာထည့်ဖို့ ပုံးကလေးတွေလုပ်ထားသည့် ...အနားရောက်လျှင် စက်ဘီးပေါ်က လျှောခုန်ဆင်းသွားပြီး ...ိုက်ပုံးနား တံခါးကြားလေးမှာ သွားညှပ်ပေးလိုက်သည်။ ...ဆွေးကလေးက ပြုံးစိစိနှင့် အမြဲရွှင်လန်းတက်ကြွနေတတ်

www.burmeseclassic.com



သော ညီမလေးက ရွှေသွေးရဲ့ ရင်အလယ်ဗဟိုတည့်တည့်မှာ စမ်းချောင်းလေး ဖြတ်စီးသွားသလို အေးမြနေအောင် ဈွမ်းဆောင် ပေးနိုင်သည်။

သတင်းစာပို့ပြီး ပြန်လာတော့ စားနေကျ လမ်းဘေး အကြော်ဆိုင်လေးတစ်ဆိုင်မှာ ဝင်ထိုင်ကာ ...

"ဘူးသီးကြော်တစ်ပွဲ ချပါဗျို့"

ဟု ရွှေသွေးက လှမ်းအော်ပြောလိုက်သည်။ အကြော်သည် အဒေါ်ကြီးက ရွှေသွေးကို မျက်စောင်းထိုးကြည့်ရင်း ...

"ထုံးစံအတိုင်း ထမင်းကြမ်းနဲ့ပဲလား"

"အဟဲ ... ဟုတ်တယ်ခင်ဗျ"

ရွှေသွေးက ပြုံးစပ်စပ်နှင့် စလွယ်သိုင်းလွယ်ထားသော ထမင်းကြော်ထည့်ယူလာသည့် ပလတ်စတစ်ဘူးပြားလေးကို ထုတ်ယူပြီး စားပွဲခုံဝိုင်းလေးပေါ် တင်လိုက်သည်။

"ထုံးစံအတိုင်း ဆီဆမ်းပေးရဦးမှာလား"

"အဟဲ ... ဆားလေးပါ ဖြူးပေးရင် ပိုကောင်းမယ် ခင်ဗျ"

"ဟွန်း ..."

"အဟဲ ..."

အပြောဆိုးပေမယ့် သဘောမနောကောင်းသော အဒေါ်ကြီးက ထမင်းကြမ်းဘူးကို လှမ်းယူပြီး ဆီပူအိုးထဲက ဆီတစ်ဇွန်း ခပ်ပြီး ရက်ရက်ရောရော ထည့်ပေးလိုက်သည်။





ပြီးတော့ ဆားအနည်းငယ်ဖြူးကာ ကျကျနန နယ်ပေးလိုက်ပါသည်။ ဒီမောင်နှမရဲ့ ချစ်ခင်ကြင်နာ တွယ်တာငဲ့ညှာပုံတွေကို နေ့တစ်ရွှေ့ မြင်တွေ့နေရတာမို့ ကရုဏာ သဒ္ဒါတရားစိတ် သိုဖိတ်ရတာမို့ပင် ...။

"အဒေါ် ... အဒေါ်"

"ဟော ... ဟော ... ဘာတုန်း သမီး"

ဈွေးက လှမ်းခေါ်တာမို့ အဒေါ်ကြီးက မေးဆတ်ထိုးလိုက်သည်။ ဈွေးက ရွှေသွေးခွဲပေးသည့် ထမင်းကြမ်းနှင့် ဘူးသီးကြော်ကို စားနေရင်းက အဒေါ်ကြီးရဲ့ ဆီပူအိုးထဲကို လှမ်းကြည့်ရင်း ...

"အဒေါ် ဘာကြော်နေတာလဲ"

"အကြော်ကြော်နေတာလေဟယ်၊ မြင်ရဲ့သားနဲ့"

"ဘာကြော် ကြော်နေတာလဲဟင်"

"ဗယာကြော်လေ၊ မမြင်ဘူးလား၊ ဘူးသီးကြော်တွေ များနေလို့ ဗယာကြော် ကြော်နေတာ"

"ဗယာကြော်လေးတွေက ဝါဝါလေးတွေနော်၊ လှလိုက်တာ"

"အမယ် ... ညည်း ဘာဖြစ်နေတာတုန်း၊ ဗယာကြော်များ မမြင်ဖူးတာကျနေတာပဲ"

"မြင်တော့ မြင်ဖူးပါတယ်၊ ဒါပေမယ့် ဒီနေ့ ဗယာကြော်က ပိုလှနေသလိုပဲ၊ ခုနေ ကိုကို စားဖို့ ဝယ်ကျွေးလိုက်ရရင် ဈွေး ကုသိုလ်ရမှာနော်၊ ဒါပေမယ့် ဈွေးမှာလည်း



www.burmeseclassic.com

www.burmeseclassic.com



ဝယ်စရာ ပိုက်ဆံမရှိပါဘူး၊ သဘောကောင်းတဲ့ လူကြီးတွေ အလကားကျွေးမှပဲ ကိုကို့ကို ကျွေးနိုင်တော့မှာ"

"အံမယ် ... စကားတတ်မ၊ ညည်းလေး ဘာကိုဆိုလိုတာလဲ ... ငါသိတယ်နော်"

"ကိုကိုက ဘူးသီးကြော်ထက် ဗယာကြော်ကို ပိုကြိုက်တာ အဒေါ်ရဲ့၊ ဒါပေမယ့် ဈေးက ဗယာကြော်ထက် ဘူးသီးကြော်ကို ပိုကြိုက်မှန်းသိလို့ ကိုကိုက အမြဲတမ်း ဘူးသီးကြော်ပဲ ဝယ်စားတော့တာ၊ ကိုကို သနားပါတယ်"

"ကဲဟော့ ... မတတ်ပရေ၊ ငါ့စိတ်က အစကတည်းက မျှော်ပါတယ်ဆိုမှ နင်က ဒီရုပ်ဒီရည် ဒီအပြောလေးနဲ့ လာလာချွဲနေတော့ အရင်းပြုတ်လည်း မတတ်နိုင်တော့ဘူးဟေ့၊ ရော့ ... ဒီမှာ ဗယာကြော်တစ်ပွဲ လာယူ၊ ညည်းတသိုလ်ရအောင် ညည်းအစ်ကိုကို ကျွေးလိုက်တော့ ..."

"အလကား ကျွေးတာလား"

"အေးပါ ... အလကား ကျွေးတာပါ၊ ညည်းလေး စားချင်တာရှိရင်လည်း ယူစားတော်မူပါ"

"အဒေါ်ကြီးက သဘောကောင်းလို့ ချောတာဖြစ်မယ်"

"အပိုတွေ ... ဒီရုပ်လား ချောမှာ"

"ချောပါတယ် အဒေါ်ကြီးရဲ့၊ ဒီနားက ကားကြီးနဲ့ဖြတ်ဖြတ်သွားတတ်တဲ့ သူဌေးမကြီးထက်တောင် အဒေါ်က ပိုချောသေး"





"ဒါတော့ နည်းနည်း အိုတာဖြစ်သွားပြီအေ၊ ညည်းမြှောက်မပြောလည်း ငါက ကျွေးပါတယ်"

"အဒေါ့်ကိုယ်လုံးကို ဈေးမှ မမြှောက်နိုင်တာ၊ ဈေးဘယ်လိုလုပ်ပြီး မြှောက်ပြောပါ့မလဲ အဒေါ်ရဲ့"

ဈေး အပြောကြောင့် အဒေါ်ကြီးက ရယ်မော ... 

"ရွှေသွေးရေ ... မင်းညီမကို မင်း တုန့်နေအောင်ချစ်တာလည်း မပြောနဲ့၊ ငါတောင်မှ ဒီကလေးလေးကို ချစ်လွန်းလို့ အပိုင်မွေးစားချင်လာပြီ၊ ပေးမလားဟေ့"

"ကျွန်တော့်ကို အဒေါ်က သတ်မလို့လား"

"ဟော ... ဘာဖြစ်လို့တုန်း"

"သူက ကျွန်တော့်အသက်လေ၊ အဒေါ် သူ့ကိုခေါ်ထားရင် ကျွန်တော့်မှာ အသက်မရှိတော့ဘဲ သေသွားမှာပေါ့"

"အံမယ်လေး ... ပိုရန်ကောကွယ်"

အဒေါ်ကြီးက မျက်စောင်းထိုးရင်း ပြောလိုက်ပါသည်။ ရွှေသွေးကတော့ ပြုံးစိစိနှင့် လက်ကျန် ဘူးသီးကြော်...းကို ဈေးပါးစပ်ထဲ ခွံ့ထည့်ပေးလိုက်ပါသည်။

"ကိုကိုက ဗယာကြော်စား ..."

ဈေးကလည်း ဗယာကြော်တစ်လုံးယူကာ ရွှေသွေး...စပ်ထဲ ခွံ့ထည့်ပေးလိုက်သည်။

ရွှေသွေးက ဗယာကြော်ကို တမြုံ့မြုံ့ဝါးရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"ငါ့ညီမလေး ခွဲ့ကျွေးလို့လား မသိဘူး၊ စားလို့ကောင်းလိုက်တာကွာ"

"အဲ့ဒါဆို နေ့ခင်း ထမင်းစားရင်လည်း မွေး ခွဲ့ကျွေးမယ်နော်၊ အဒေါ်ကြီးရေ... ဗယာကြော် တစ်ပွဲ ပါဆယ်လေး ထည့်ပေးလိုက်ပါဦးလား"

"လောဘက အတော်မသတ်ပါလား မိမွေးရယ်"

"မွေး ကုသိုလ်များများရင် အဒေါ်ကို တစ်ဝက်ခွဲပေးမယ်လေ"

"ကျေးဇူးတင်ပါတယ်၊ ညည်းလေးပဲ အကုန်ယူတော်မူပါ"

အဒေါ်ကြီးက ဗယာကြော်တချို့ကို ထုပ်ပြီး လှမ်းပေးလိုက်တာမို့ မွေးက ဗယာကြော်အထုပ်ကလေးကို တန်တသေ လှမ်းယူလိုက်သည်။ ဆိုင်ထဲမှ ပြန်ထွက်လာတော့ ရွှေသွေးက မွေးခေါင်းလေးကို ဖွဖွခေါက်ရင်း...

"လောဘကို ကြီးတယ်၊ အလကားရတိုင်း ယူတာပဲ"

"မွေးက ကိုကို့ကို ကျွေးချင်လို့ပါ"

"အဒေါ်ကြီးကို အားမနာဘူးလား"

"အားနာတယ်ဆိုတာ ဘာမှန်းမှမသိတာ"

"အေးဟာ... အဲ့ဒါပဲ ကောင်းပါတယ်၊ က... တက်"

ရွှေသွေးက မွေးကို ချိုင်းမှမြှောက်ချီ၍ စက်ဘီးဘားတန်းပေါ် တင်ပေးလိုက်ပြီး စက်ဘီးနင်းထွက်လာသည်။





"ကိုကိုရေ မြန်မြန်နင်း၊ မျက်နှာကို လေများများတိုးအောင် နင်း၊ ဂါဝန်ဝဲအောင်နင်း၊ ဆံပင်လွင့်အောင်နင်း"

"အေးပါ... အေးပါ... နင်းပါမယ်"

မွေးက အော်ဟစ်ပူဆာနေတာမို့ ရွှေသွေးကလည်း ခပ်လေး တမြှောက်မြှောက်ဖြင့် အစွမ်းကုန် နင်းလာနေဆဲမှာ မွေးက လက်နှစ်ဖက်ကို ဆန့်တန်းကာ...

"ရှုပါမင့်ကွ..."

ဟု အော်လိုက်ရာ...

"ဟာ... ဟာ... ဟေ့... မိမွေး... လက်မလွှတ်နဲ့လေ၊ မလွှတ်နဲ့၊ ဟာ... အရှိန်မထိန်းနိုင်တော့ဘူး"

ကုန်းဆင်းကြီးမှာ မွေးက ပြုတ်ကျတော့မလို ယိမ်းယိုင်သွားတာမို့ မွေး ပြုတ်မကျအောင် လက်တစ်ဖက်နှင့် လှမ်းထိန်းလိုက်ရသော ရွှေသွေးခမျာမှာ စက်ဘီးကိုမထိန်းနိုင်တော့ဘဲ စက်ဘီးက အရှိန်နှင့် လိမ့်နေရာမှ ကွေ့ကောက်ပြိုလဲသွားပါတော့သည်။

"အိ... ဟီး... နာတယ်၊ နာတယ်..."

မွေးက အော်ငိုလိုက်တာမို့ ရွှေသွေးက မွေးကိုယ်ပေါ် ပိနေသော စက်ဘီးကို အမြန်ဆွဲထူလိုက်ပြီး မွေးပခုံးကို ကိုင်ကာ...

"မငိုနဲ့... မငိုပါနဲ့ ညီမလေးရယ်၊ တိတ်... တိတ် ဘယ်နားနာသွားလို့လဲ"

"ဒီနား... ဒီနား"



www.burmeseclassic.com

www.burmeseclassic.com



ရွှေးက သူ့လက်မောင်းကို ပုတ်ပြသည်။ ရွှေး လက်မောင်းကို သေချာကြည့်တော့ နည်းနည်း နီသွားရုံမို့ ရွှေသွေးက လက်နှင့်ဖွဖွအုပ်ထားပေးရင်း ...

"ဦးဖွ ... ဦးဖွ ... မနာပါဘူးကွာ"

"နာပါတယ်ဆို ...

"အခုနာနေပေမယ့် ခဏနေရင် ပျောက်သွားမှာပါ"

"တကယ် ပျောက်မှာလား"

"ပျောက်မှာ ... ပျောက်မှာ"

"ဒါဆို မငိုတော့ဘူး၊ ကိုကို တစ်ယောက်တော့ သိပ်ခက်တာပဲ"

"အဲမယ် ... ပြောပုံက၊ ငါက ဘာခက်လို့လဲ"

ရွှေးက အငိုတိတ်သွားပြီး နှုတ်ခမ်းစူထော်ရင်း ပြောလာတာမို့ ရွှေသွေးက ရယ်ချင်သွားကာ ...

"ပြောစမ်းပါဦး ... ငါဘာခက်သလဲဆိုတာ"

"ဒီအရွယ်ကြီးပဲ ရောက်နေပြီ၊ စက်ဘီးတောင် ကောင်းကောင်းမစီးတတ်သေးဘူး"

"ဘာလို့ မစီးတတ်ရမှာလဲ"

"စီးတတ်ရင် ဘာလို့ စက်ဘီးမှောက်သေးလဲ"

"နင် အတင်းမြန်မြန်နင်းခိုင်းတာလေ၊ ပြီးတော့ လျှာရှည်ပြီး လက်ကိုလွှတ်လိုက်တော့ နင်ပြုတ်ကျမှာစိုးလို့ ငါက ထိန်းရတာပေါ့၊ အဲ့ဒါကြောင့် စက်ဘီး မှောက်တာပေါ့"





"ရွှေး လက်လွှတ်တာက ရှုပါမင်းနဲ့ တူအောင်လုပ်မလို့လွှတ်တာ၊ လျှာရှည်လို့လွှတ်တာမဟုတ်ဘူး၊ ရွှေး လျှာက လုံးဝမရှည်ဘူး၊ မယုံရင် ဒီမှာကြည့် ... ဟမ်း ..."

ရွှေးက ပါးစပ်ကို အသားကုန်ဖြဲကာ လျှာထုတ်ပြလိုက်ပါသည်။

"နင့် ငါ့ကို ကြပ်ကြပ် ဆရာလုပ်၊ အဲ့ဒီလျှာတော့ အဖြတ်ခံရမယ်"

"ဖြတ်လို့မရပါဘူး၊ ပါးစပ်ထဲ ထည့်ဖွက်ထားလိုက်မှာပေါ့၊ ဒီမှာကြည့် ... မရှိတော့ဘူး"

ရွှေးက လျှာကို အမြန်ပြန်ထည့်ပြီး ပါးစပ်ကို တင်းတင်းစေ့ပိတ်ကာ လက်ဖဝါးနှစ်ဖက်ကို ရွှေသွေး မျက်နှာနား ကပ်ပြီး ခါပြနေရင်းက ရုတ်တရက် ငြိမ်သက်သွားသည်။ ရွှေးက တစ်နေရာကို စူးစိုက်ကြည့်နေတာမို့ ရွှေသွေးက ရွှေး ကြည့်သောနေရာဆီ လှမ်းကြည့်လိုက်သည်။

ရွှေး စိုက်ကြည့်နေတာဟာ အဖြူအစိမ်းဝတ်လျက် လွယ်အိတ်ကိုယ်စီလွယ်ကာ လျှောက်လာနေကြသော ကျောင်းသူ ကျောင်းသားအုပ်စုကိုပင် ...။

ရွှေးသည် ထိုကျောင်းသားတွေ လျှောက်သွားတာကို သမင်လည်ပြန် မျက်စိတဆုံး လိုက်ငေးနေပြီးမှ ရွှေသွေးကို ပြန်လှည့်ကြည့်လာရင်း ...

"ကိုကို သူတို့က ဘယ်သွားတာလဲဟင်"

"ကျောင်းသွားတာပေါ့ ရွှေးရဲ့ ..."



www.burmeseclassic.com

www.burmeseclassic.com



"ကျောင်းကို ဘာလုပ်ဖို့ သွားတာလဲ ..."

"စာသင်ဖို့ သွားတာပေါ့"

"စာသင်ရင် ဘာဖြစ်မှာလဲဟင်"

"စာသင်ရင် စာတတ်တာပေါ့"

"စာတတ်ရင် ကာတွန်းစာအုပ်ထဲက စာတွေကို ဖတ်တတ်မှာလား"

"ဖတ်တတ်မှာပေါ့"

"ဒါဆို ပျော်စရာကြီးနော်၊ ခွေးလည်း ကျောင်းတက်ချင်တယ် ကိုကို"

ရွှေသွေးသည် ညီမလေးရဲ့ ပြောပုံလေးကို အတိုင်းမသိ ကရုဏာသက်မိကာ ညီမလေးကို ထွေးပွေ့ထားလိုက်မိလေသည်။

"ညီမလေး ကျောင်းတက်ချင်ရင် ကိုကို ကျောင်းထားပေးမှာပေါ့ ညီမလေးရယ် ..."



♥ ♥ ♥

"တို့ဟူးသုပ် ..."

တို့ဟူးသုပ် ရောင်းသည့် ဆိုင်းထမ်းကလေးကို အိပ်ပဲ့အိပ်ပဲ့ ထမ်းလာနေသော ရွှေသွေးက ခပ်ရှက်ရှက်နှင့်ပင် လေသံပြတ်ပြတ်ဖြင့် အော်လိုက်တာမို့ ခွေးက ခိခိနဲ့ ရယ်ပါသည်။

"ကိုကို အဲလိုအော်လို့ ဝယ်စားမယ့်သူ မလာတာပေါ့၊ နားထောင် ခွေး အော်ပြမယ်၊ တို့ဟူးသုပ် ရမယ်နော်၊ အရသာရှိတဲ့ တို့ဟူးသုပ် စားချင်ရင် ဒီကိုလာခဲ့နော်၊ ချဉ်ငန်စပ်ကလေး စားလိုက်ရင် ဆွေမျိုး မေ့သွားမယ်နော်"

ခွေးက ရွှေသွေးလက်ကိုတွဲ၍ လိုက်လာရင်းက ပါးစပ်နားမှာ လက်ဖဝါးလေးကာ၍ အသံစာစာဖြင့် အော်လိုက်တာမို့ လမ်းသွား လမ်းလာတွေက ပြုံးစိစိနှင့် စိတ်ဝင်တစား ကြည့်သွားသည်။ တချို့ကလည်း တို့ဟူးသုပ်သည်ကို ခုမှမြင်ဖူးတာ ဝယ်စားရန် ရွှေသွေးတို့နားသို့ လျှောက်လာတာမို့ ရွှေသွေး



www.burmeseclassic.com

www.burmeseclassic.com



က အရိပ်ကောင်းသည့် နေရာလေးမှာ အထမ်းကိုချကာ ခုံလေးတွေ ချခင်းပေးလိုက်သည်။

"တွေ့လား ... အဲ့လိုအော်မှ ဝယ်စားတဲ့သူလာတာ၊ ကိုကို နောက်လည်း အဲ့လိုအော်နော်၊ ကိုကို မအော်တတ်ရင် ဈေး အော်ပေးမယ်"

"အေးပါ ... အေးပါ"

"ဦးလေးကြီး တို့ဟူးသုပ် ချဉ်ငန်စပ်သုပ်လေး စားမလား"

"အေး ... စားမယ် ကလေး"

"ကိုကို တို့ဟူးသုပ် တစ်ပွဲ၊ ကောင်းကောင်းလေး သုပ်နော် ကိုကို၊ ဒီဦးလေးကြီးက ဝယ်စားနေကျ ဖောက်သည် ဖြစ်နေပြီ"

ဈေးက အလွန်ဉာဏ်ကောင်းသူကလေးမို့ ဈေးရောင်းသည့်နေရာမှာလည်း ချက်ချက်ချာချာ ရှိလှသည်။ ထို့ကြောင့် အအ ရွှေသွေးရှေ့ကနေ အမြဲ ဆရာလုပ် ဦးဆောင်နေတတ်သည်။

ဈေးကို ကျောင်းထားပေးချင်လှတာမို့ မနက်ပိုင်း သတင်းစာပို့၊ ညနေပိုင်း တို့ဟူးသုပ်ရောင်း၊ ညကျတော့ အိမ်မှာပဲ အာလူးကြော်ထုပ်သည့် အလုပ်ကိုလုပ်၊ နွားနို့လည်း ရောင်း ... စသဖြင့် အလုပ်စုံစုံလုပ်ရင်း ငွေစုခဲ့တာ တော်တော်လေးတောင် ရနေခဲ့ပြီ။ ဒီနှစ် ကျောင်းဖွင့်ချိန်အမီ ဈေးကို ကျောင်းထားပေးဖို့ အားခဲထားတာမို့ အလုပ်တွေ ဆက်တိုက်





လုပ်ရပေမယ့်လည်း ပင်ပန်းသည်ဟု မထင်မိပါ။ ညီမလေးကိုလည်း အိမ်မှာထားခဲ့လို့ မရတာမို့ အပြင်သွားတိုင်း အမြဲခေါ်ပါသည်။ ညီမလေးကလည်း အအားနေတတ်သူတော့ မဟုတ်။ ကလေးအရွယ်ကလေးနှင့်မှ မလိုက်အောင် ချက်ချာတတ်သလွန်းတာမို့ ရွှေသွေး ဘာလုပ်လုပ် ကူညီမြဲပင်။ ညနေပိုင်း အိမ်မှာ အာလူးကြော်ထုပ်လျှင်လည်း ကူထုပ်ပေးတတ်မြဲပင်။ သူ့လက်သေးသေးလေးတွေ ရှုစိရှုစိဖြင့် အာလူးကြော်တွေကို ပလတ်စတစ်အိတ်ထဲ ထည့်ထည့်ထုပ်နေတတ်သော ညီမလေးပုံစံလေးက ချစ်စရာကောင်းလွန်းတာမို့ သူက ဖယောင်းတိုင်မီးဖြင့် မြင်နေရသော ညီမလေးရဲ့ မျက်နှာဖောင်းဖောင်းလေးကို မကြာခဏ ငေးကြည့်ပြုံးမိရသည်။

ညီမလေးမှာ စိတ်ဒဏ်ရာတစ်ခုတော့ ရှိသည်။

ရွှေသွေးနှင့်အတူ လက်တွဲပြီး လမ်းဘေးကနေ ကပ်လျှောက်ရတိုင်း ...

"ကိုကို ... ကိုကို ဒီဘက်ကနေ လာလျှောက်၊ ညီမလေး လမ်းဘက်က လျှောက်မယ်"

ဟု တုန်တုန်ရင်ရင်လေး ပြောပြောပြီး ရွှေသွေးဘက်ကို ဆွဲကာ လမ်းရဲ့အတွင်းဘက်က လျှောက်ခိုင်းသည်။ သူကတော့ ကားတွေ တဝီဝီ ဖြတ်နေသည့် လမ်းဘက်ကနေ အကြောက်အရွံ့မရှိလျှောက်သည်။ ရွှေသွေးက ညီမလေးအတွက် စိုးရိမ်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ကားတွေ ဒီလောက်ဖြတ်နေတာ မကြောက်ဘူးလား လာ... ဒီဘက်ကလျှောက်၊ ငါ အပြင်ကလျှောက်မယ်"

"ဟင့်အင်း... ဟင့်အင်း... ကိုကို အပြင်က လျှောက်ရင် ကိုကို့ကို ကားတိုက်သွားမှာပေါ့၊ ကိုကိုမရှိတော့ရင် ရွှေ တစ်ယောက်တည်း ကျန်ခဲ့မှာပေါ့"

ဇွေးက ရွှေသွေး ဘယ်လိုပြောပြော နားမထော ဘဲ သူ့အင်အားရှိသမျှလေးနှင့် ရွှေသွေးကို လမ်းဘေးသို့ တွန်းပို့တတ်ပါသည်။ ဇွေးက သူ့အမေကို ကားတိုက်သွားသလို မျိုး ရွှေသွေးကို ကားတိုက်သွားမှာကို အလွန်အမင်း ကြောက် ရွံ့တတ်သည်။

ရွှေသွေးသည် ညီမလေးရဲ့ ချစ်စရာကောင်းလွန်း စွာ သွက်လက်ချက်ချာ ဆရာလုပ်တတ်ပုံ၊ ရွှေသွေးကို မျက် အောက်က အပျောက်မခံနိုင်လောက်အောင် တွယ်တာအားကို ပုံကလေးတွေကို ချစ်သနားစိတ်ဖြင့် သံယောဇဉ်တွေ အထပ်ထပ် တွယ်လာခဲ့ရသည်။ ခုဆိုရင် ညီမလေးဟာ ရွှေသွေးရဲ့ အသက် တမျှပါပဲ။ ညီမလေး မရှိတော့ရင် သူလည်း အသက်မရှင်နိုင် တော့ဘူးဟုပင် ထင်မိသည်။

တကယ်ဆို ရွှေသွေးရဲ့ အရွယ်ကလေးဟာ လူ ပေါက်စန စိတ်ကစားတတ်သော အရွယ်လေးပင်။ ဆင်းရဲချို့ ပေမယ့် ရုပ်ရည်ကလေး သန့်ပြန့်ရည်မွန်တာမို့ ရွှေသွေး အရေးပေးချင်သူတွေလည်း အများသားပင်။ သို့သော် ရွှေသွေး က ဘယ်မိန်းကလေးကိုမှ စိတ်မဝင်စားပါ။ သူ့အာရုံထဲ





ညီ့အဝကြီးစိုးနေတာက ညီမလေးကို ကျောင်းထားနိုင်ဖို့ ပင်။

ညနေစောင်း၍ တို့ဟူးသုပ်ရောင်းကုန်သောအခါ ရွှေသွေးနှင့် ဇွေးက အထမ်းတွေ ပြန်သိမ်းလာပြီး ရေမိုးချိုး င်းစားပြီးတာနှင့် အဝတ်အစားသန့်သန့်ပြန့်ပြန့်လေးတွေ ဖြင့် ထိုအချိန်မှ လမ်းလျှောက်ထွက်လာကြသည်။ လမ်းလျှောက်ရင်း ကွက်ထိပ်က ထုံးစေတီလေးကို သူတို့ ညနေတိုင်း သွားလေ့ ရှိကြသည်။

"ဒီမောင်နှမ နှစ်ယောက် လမ်းလျှောက်ထွက်လာပြီလား"

ကွမ်းယာ အချို့အချဉ် စားစရာရောင်းသည့် ဆိုင် ထဲမှာ ထိုင်နေသော တစ်ရပ်ကွက်တည်းနေ ဆွေဆွေက မေးတာမို့ ရွှေသွေးက ရယ်ပြလိုက်ရင်း...

"ဒီကောင်မလေးလေ... ညနေတိုင်း အပြင်မထွက်ရရင် ဂျီကျလွန်းလို့ ဟိုနား ဒီနား လိုက်လိုက်ပို့နေရတာ..."

"မနက်ဖြန်ကျရင် ဆွေတို့ လမ်းထိပ်မှာ တန်ဆောင်တိုင် ပွဲ လုပ်မှာတဲ့ ကိုရွှေသွေးရဲ့၊ ရုပ်ရှင်တို့ ဘာတို့လည်း ပါလာမှာ၊ ဇွေးကစားချင်ရင် ဆွေ လိုက်ပို့ပေးလို့ရတယ်"

"ရပါတယ်၊ ကျွန်တော်ပဲ လိုက်ပို့ပေးလိုက်ပါ့မယ်၊ ဒီကောင်မလေး ဂျီကျတာကို တော်ရုံလူ သည်းမခံနိုင်ပါ ဘူး"

"ဇွေးက ဂျီကျတာမဟုတ်ပါဘူး ကိုရွှေသွေးရဲ့၊ စကား



www.burmeseclassic.com

www.burmeseclassic.com



တတ်တာပါ၊ ချွေး ... လာ ... လာ ... ဒီမှာ ငါးမုန့်
တစ်ထုပ် စားဖို့ယူသွား"

"ယူပါဘူး"

ရွှေသွေး မတ်တတ်ရပ် နှုတ်ဆက်စကား ပြော ကတည်းက မျက်နှာ ပုပ်သိုးသိုးနှင့် ရွှေသွေးမျက်နှာကို ကြ လိုက်၊ ဆွေဆွေ့ကို အကဲခတ်လိုက်လုပ်နေသော ချွေးက ခေ ခါငြင်းဆန်ရင်း မျက်နှာကို မော့ပစ်လိုက်တာမို့ ရွှေသွေ ချွေး ခေါင်းလေးကို အုပ်ကိုင်လှုပ်ယမ်းရင်း ...

"မိချွေး ... ငါးမုန့်ကြော် ကြိုက်တယ်မဟုတ်လား လိုက်လေ"

"ယူပါဘူးဆို ..."

"ယူပါ ... ချွေးရဲ့၊ မမက ညီမလေးကိုချစ်လို့ ပေး

"ဟုတ်ပါဘူး၊ မမက ချွေးကိုချစ်လို့ပေးတာမှ မဟုတ် ကိုကို့ကို ချစ်လို့ပေးတာ ..."

"ဟာ ... ဒီကောင်မလေး ဘာတွေလျှောက်ပြောနေ လဲ"

ရွှေသွေးက ခပ်ရှက်ရှက်နှင့် အော်လိုက်မိပါ ချွေးကတော့ ဆွေဆွေ့ကို စွေတောတောကြည့်နေရင်း ...

"အဲဒီမမက ချွေးကိုတွေ့ရင် မုန့်တွေခေါ်ခေါ်ကျွေး ကိုကို့အကြောင်းတွေ လျှောက်လျှောက်မေးတာ ကို ကိုကို့မှာ ရည်းစားရှိလားလို့လည်း ခဏခဏ မေး

"မိချွေးတို့ကတော့ကွာ၊ လာ ... လာ ... သွားပြော





ရွှေသွေးက ဆွေဆွေ့ကို အားနာနာနှင့် ချွေးလက်ဆွဲကာ မြန်မြန် ထွက်လာခဲ့ရပါသည်။ ချွေးဟာ လူကြီး ပ်အကဲကို သိသည့် လူပါးမဝလေးပင်။ ရွှေသွေးကို မရိုး ပတ်သက်ချင်သည့် မိန်းကလေးတွေကိုဆို သူက မကြည်။

ညနေ ညနေဆို ဒေါ်ကြီးစိုး တူမ ရွှေစင်က ဖက်သုတ် ပန်းကန်လေးကိုင်လျက် ရွှေသွေးတို့အိမ်ဘက်သို့ လာကာ ...

"ကိုရွှေသွေးတို့ မောင်နှမစားဖို့ လက်ဖက်သုပ်လာတာ၊ မိချွေး လာစားလေ ..."

ဟု ခေါ်လျှင် ချွေးက မျက်နှာလေးရှုံ့မဲ့ကာ ...

"သွားမကောင်းလို့ လက်ဖက် မစားနိုင်ပါဘူး မမရွှေစင်ရာ"

ဟု ပြန်ပြောတတ်သည်။ ရွှေစင်က တော်တော်နဲ့ ဘဲ ရွှေသွေးကို စကားရောဖောရော လုပ်ချင်သည်။

"ကိုရွှေသွေး နာမည်က လှတယ်နော်၊ ဘယ်သူ ပေးတဲ့ နာမည်လဲ"

"သွားမေ ပေးတာပေါ့ဟ၊ ငါ ငယ်ငယ်က ရွှေသွေး ဂျာနယ် အရမ်းကြိုက်လို့ ရွှေသွေးလို့ ပေးထားတာတဲ့"

"ရွှေသွေးနဲ့ ရွှေစင်ဆို တစ်လုံးပဲ လွဲတာနော်၊ နာမည်ကြားရင် မောင်နှမလားမှတ်ရတယ်၊ ရွှေစင့်နာမည်ကျတော့ ရွှေစင် ငယ်ငယ်က ရွှေရုပ်ကလေးလို အသားဝါ



www.burmeseclassic.com

www.burmeseclassic.com



ဝင်းလှပလို့ ရွှေစင့်မိဘတွေက ရွှေစင်လို့ ပေးထား

တဲ့"

"ခုတော့ မဝါဝင်းဘဲ မည်းတူးနေတာပဲနော်၊

အသားနဲ့ တခြားစီပဲ၊ ကျိုးကန်းနဲ့ ဘဲဥလိုပဲ ဟိဟိ

ဖွေးက တဟိဟိရယ်ရင်း ရွှေသွေးလက်ကို

ဆွဲယူကာ သူ့လက်ဖျံနှင့် ယှဉ်ပြလိုက်ရင်း ...

"တွေ့လား ... ဒီလိုအသားဖြူတာ တူမှ မောင်နှမ၊

နဲ့ ဖွေးနဲ့ကမှ မောင်နှမ၊ မမရွှေစင်နဲ့က မောင်နှမ

နိုင်ဘူး၊ ကိုကိုက အဖြူ မမက အမည်း ... ဟဲဟဲ

"မိဖွေးနော် ငါခေါက်မိတော့မယ် ... နင်တော့

အကောင်းလည်း လက်ဖက်ကျွေးရသေးတယ်၊

ပြန်မယ်၊ နောက်လည်း မလာတော့ဘူး"

ရွှေစင်က စူပုပ်ဆောင့်အောင့်လျက် ထရပ်

တာမို့ ရွှေသွေးက ရယ်မောရင်း ...

"မိဖွေးအကြောင်းလည်းနင်သိသားပဲဟာ၊ သူက က

မို့လို့ ကလေးစကား ပြောတာပါ၊ စိတ်ဆိုးမနေ

ဟာ ..."

"ကလေးက လူကြီးစကား ပြောနေတော့ ကြည့်မရ

ဘူး"

ရွှေစင်က ဖွေးကို မျက်စောင်းထိုးပြီး လှည့်

သွားသည်။





"မိဖွေးရာ နင်လုပ်ပုံနဲ့တော့ ငါ လူပျိုကြီးပဲ ဖြစ်တော့မယ်ထင်ပါတယ်"

"ကိုကို လူပျိုကြီးလုပ်ရင် ဖွေးလည်း အပျိုကြီး လုပ်မှာပေါ့ ..."

ဖွေးက ရွှေသွေး ဘာပြောပြော တစ်ခွန်းမကျန် ပြန်ပြောနေတာမို့ ရွှေသွေးက ဘာမှဆက်မပြောရဲဘဲ လက်မြှောက်ထားလိုက်ရပါသည်။

ဖွေးကို သူ ဘယ်တုန်းကမှ မနိုင်ခဲ့ပါ။



www.burmeseclassic.com

www.burmeseclassic.com

♥ ♥ ♥

မိုးဦးကျကာလသို့ ရောက်သောအခါ ...

မိုးစက်ကလေးတွေ ဖွဲဖွဲမှုန်မှုန်ကျနေသော ကျောင်းဖွင့်ချိန် နံနက်ခင်းတစ်ခုတွင် ရွှေသွေးက သေတ္တာထဲမှာ တယုတယ သိမ်းထားသော ဘွားမေချုန်ထားခဲ့သည့် လွယ်အိတ်လေးကို ထုတ်ယူလာခဲ့ကာ ဖွေးရှေ့မှာ ဒူးထောက်ထိုင်လျက် ဖွေးရဲ့ ပခုံးကလေးပေါ်မှာ လွယ်ပေးလိုက်ရင်း ...

"ဒီလွယ်အိတ်လေးထဲကို စာအုပ်တွေထည့်ပြီး ကျောင်းတက်ရမယ်နော် ညီမလေး ..."

"လွယ်အိတ်လေးက လှတယ်နော် ကိုကို၊ ဒါပေမယ့် ကြိုးကရှည်နေတယ် ကိုကိုရဲ့၊ ဖွေးအရပ်နဲ့ မလွတ်ဘူး"

"အေးပါ ... တွေ့ပါတယ်၊ ကြိုးတိုအောင်လုပ်ပေးမှာပေါ့"

ရွှေသွေးက လွယ်အိတ်ကြိုးတိုသွားအောင် အဖုထုံးကလေး ထုံးလိုက်ပြီး စာအုပ်၊ ပေတံ၊ ကွန့်ပါဘူး စသည့် စာရေးကိရိယာတွေကို လွယ်အိတ်ထဲသို့ သေချာစီရီထည့်ပေးလိုက်ပြီး ဖွေးပခုံးကို စလွယ်သိုင်း၍ လွယ်ပေးလိုက်ပါသည်။





"ကြည့်စမ်း ... ငါ့ညီမလေးက တကယ့် ကျောင်းသူမကြီး ဖြစ်နေပါလား ..."

"ဖွေး လှလား ကိုကို"

အကျီဖြူနှင့် စကတ်စိမ်းလေး ဝတ်ထားသော ဖွေး လွယ်အိတ်လေးလွယ်လျက် ရွှေသွေးရှေ့မှာ ခေါက်တုံ့ခေါက် လျှောက်ရင်း လှမ်းမေးလိုက်တာမို့ ရွှေသွေးက ကြည်နူးစွာ ရယ်ရင်း ...

"ကိုကို့ ညီမလေးပဲဟာ မလှဘဲနေပါ့မလား၊ လာ ... လာ ဒီနားကို ခဏလာဦး၊ ဆံပင်လေးတွေ ဖြီးပေးမယ်"

ဖွေးက ရွှေသွေးရှေ့မှာ ခေါင်းကလေးငုံ့၍ ရပ်ကသည်။ ရွှေသွေးက ခုံပေါ်တင်ထားသည့် ဘီးကလေးကို ယူပြီး ညီမလေးကို သေသေချာချာ ခေါင်းဖြီးပေး၊ ဆံပင်ကို ခွဲ၍ ချိုကလေးနှစ်ချောင်းလို ထောင်နေအောင် စည်းပေး ကသည်။

"ပန်း ပန်ပေးဦးလေ ကိုကို ..."

"အေးပါဟ၊ ခဏစောင့်ပါဦး"

ရွှေသွေးက ကျောက်ပျဉ်ရှေ့က ခုံလေးပေါ်မှာ ထားသည့် စံပယ်နှစ်ပွင့်ကို လှမ်းယူကာ ညီမလေးရဲ့ ချိုင်ကလေး နှစ်ခုမှာ တစ်ဖက်တစ်ပွင့်စီ ပန်ပေးလိုက်သည်။ ဆံပင်လေးတွေကိုတော့ ကလစ်နဲ့ မညှပ်တော့ဘဲ နဖူးပေါ် အုပ်အုပ်ကလေး ဖြီးချပေးလိုက်ပါသည်။ ပါးပြင်ပေါ်မှာ



www.burmeseclassic.com

www.burmeseclassic.com



သစ်ရွက်ပုံ ပါးကွက်ကျားလေးတွေ ချထားသော ညီမလေး မျက်နှာလေးက ချစ်စရာကောင်းလွန်းသည်။

နေ့တိုင်း နေ့တိုင်း ညီမလေးရဲ့ ပါးမို့မို့လေးတွေ ပေါ်မှာ သစ်ရွက်ပုံလေးတွေ၊ ကွင်းဝိုင်းကလေးတွေ စသဖြင့် ပါးကွက်ပုံအမျိုးမျိုးကို ရေးခြယ်ပေးရတိုင်း ဂန္ထဝင်တင်သော သည့် လက်ရာမြောက် ပန်းချီကားတစ်ချပ်ကို ရေးဆွဲနေရသလို ကြီးကျယ်မြင့်မြတ်သည်ဟု ထင်မိရမြဲပင်။

"ညီမလေး ဒီလွယ်အိတ်လေးကို ရိုရိုသေသေကိုင်နော် မညစ်ပတ်စေနဲ့၊ ဒါ ... ငါ့အဘွား ဆုချခဲ့တဲ့ လွယ်အိတ် ငါ အရမ်းမြတ်နိုးတဲ့ လွယ်အိတ်ကို နင့်ပေးလွယ်တာ"

"ဈွေး ရိုရိုသေသေ ကိုင်မယ်နော်၊ နှပ်ချေးထွက်ရင်လည်း လက်နဲ့ညှစ်ပြီး မသုတ်ဘူးနော်၊ ဈွေးလက်မှာ ဆီတွေ ပေးရင်လည်း ကပ်မသုတ်ဘူးနော်"

"အေးပါ ... အေးပါ၊ ကတိသာတည်ပါစေ"

ကျောင်းတက်ရမှာမို့ ဈွေးက မြူးရွှင်တက်ကြွ သည်။

ဈွေးကို ရပ်ကွက်နှင့်နီးနီးနားနား မူလတန်းကျော ကလေးမှာ ထားမှာမို့ စက်ဘီးဖြင့် ကျောင်းလိုက်ပို့ရသည်။

ကျောင်းတက်ရမှာမို့ အလွန် ပျော်မြူးနေသော ဈွေးက လမ်းမှာတွေ့သမျှလူကို သွက်သွက်လက်လက် နှု ဆက်နေသည်။ စက်ဘီး ကယ်ရီယာမှာ ထိုင်လိုက်လာသော ဈွေးက အသိတွေ့တိုင်း လက်ကလေးလှမ်းလှမ်းပြကာ ...





"မမရေ ... ဈွေး ကျောင်းသွားပြီနော်၊ ဒေါ်ကြီးရေ ... တာ့ တာ၊ ဈွေး ကျောင်းတက်ပြီနော်၊ ဦးဦး ... ဈွေး စာတွေ တတ်အောင် သင်ဖို့သွားပြီ"

စသဖြင့် လှမ်းအော်လာသည်။ အသိတွေ အိမ်ရှေ့ ကဖြတ်တိုင်း 'ကိုကို စက်ဘီးဖြည်းဖြည်းနင်း' ဟု ပြောပြီး အိမ်ထဲကလူတွေကို အော်ခေါ်နှုတ်ဆက်သည်။ သူဝတ်လာသော အဖြူအစိမ်းဝတ်စုံသစ်၊ လွယ်အိတ်သစ်ကလေးတွေကို လူမြင် အောင် ပြကာကြွားသည်။

ဈွေးကို ကျောင်းမှာထားပြီး ရွှေသွေး ပြန်မည်လုပ် တော့မှ ဈွေးရဲ့မျက်နှာလေးက ငိုမဲ့မဲ့လေး ဖြစ်လာကာ ...

"ကိုကို ... မပြန်နဲ့လေ၊ ဈွေးနဲ့အတူ ကျောင်းတက်လေ"

"ဈွေးနဲ့အတူကျောင်းတက်ရင် ဈွေးတို့ကျောင်းက ဆရာမ က ရိုက်ထုတ်မှာပေါ့"

"မရိုက်အောင် ဈွေး ပြောပေးမယ်လေ၊ ဟိုမှာ ဆရာမ လာပြီ၊ ဆရာမ ... ဆရာမ သမီးကိုကိုက သမီးနဲ့အတူ ကျောင်းတက်ရင် ကိုကို့ကို ရိုက်မထုတ်ပါနဲ့နော် ..."

ဆရာမက ဈွေးနဲ့ ရွှေသွေးကို ပြုံးကြည့်ကာ ...

"ကိုကို့ကိုတော့ ရိုက်မထုတ်ပါဘူးကွယ်၊ ဒါပေမယ့် သမီး တို့အတန်းမှာ လူကြီးတွေကို လက်မခံဘူးကွယ့်၊ ကလေး တွေကိုပဲ လက်ခံထားတာ"

ဈွေးက လက်ကလေးနှစ်ဖက်ကိုဖြန့်ကာပြကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ကိုကိုက ဟောလို လူအကြီးကြီးမှ မဟုတ်တာ၊ အသက်ကြီးကြီး ဦးဆောင်ကြီးတွေကိုပဲ လက်မခံတာမဟုတ်လား"

"သခင်းကိုကိုလည်း လူကြီးပဲလေ၊ သမီးနဲ့ အရပ်ချင်းတိုင်းကြည့်ပါလား၊ အရပ်ချင်းမှ မတူတာ"

ဆွေးက ရွှေသွေးနားသို့ကပ်ကာ ရွှေသွေးနှင့် သားချင်းယှဉ်ရပ်လျက် အရပ်ချင်းတိုင်းသလိုလုပ်ရင်း ရွှေသွေးကို မော့ကြည့်ကာ မျက်ခုံးကလေး တွန့်ရှုံ့ကျုံ့နေသည်။

"တွေ့တယ်မဟုတ်လား သမီး၊ သမီးထက် ကိုကိုက အရပ်အများကြီးမြင့်လို့ သမီး အဲဒီလို မော့ကြည့်နေရတာပေါ့၊ ဆရာမက သမီးကိုကိုကို သမီးလို မော့မကြည့်ရဘူး၊ ဆရာမနဲ့ဆို သမီးလောက် အရပ်မကွာဘူး၊ ဆရာမလည်း လူကြီး၊ သူလည်း လူကြီးပဲ"

ဆွေးက စဉ်စားသလိုလေး ငြိမ်သွားပြီးမှ အကြံရလာဟန်ဖြင့် ဆရာမကို မော့ကြည့်လိုက်ရင်း ...

"ကိုကိုက ရှစ်တန်းတောင် မအောင်ဘူးတဲ့ ဆရာမရဲ့၊ သူ ရှစ်တန်းအောင်အောင် ကျောင်းတက်လို့မရဘူးလား"

ဆရာမက ဆွေးကိုကြည့်ရင်းရယ်နေတာမို့ ရွှေသွေးက ဆရာမကို အားတုံ့အားနာ ကြည့်မိကာ ...

"သူက ကျွန်တော်နဲ့ တစ်ခါမှမခွဲဘူးလို့ တစ်ယောက်တည်း ကျန်ခဲ့ရမှာကို ကြောက်နေလို့ပါ ဆရာမရယ် ..."

"ကျောင်းနေစ ကလေးဆိုတာ ဒီလိုပဲဖြစ်တတ်ပါတယ်၊ နောက်တော့လည်း ကျောင်းမှာပျော်သွားမှာပါ၊ စိတ်ချ





လက်ချသာ ထားခဲ့ပါ၊ သမီး ဆရာမနဲ့ လိုက်ခဲ့နော်၊ အတန်းထဲမှာ သမီးအရွယ် သူငယ်ချင်းတွေ အများကြီးပဲ သိလား"

"ဟုတ်သားပဲ ညီမလေးရာ၊ သူငယ်ချင်းတွေ အများကြီး ရရင် အရမ်းပျော်စရာကောင်းမှာ၊ ကျန်ခဲ့တော့နော်၊ ကိုကို ပြန်လိုက်ဦးမယ်နော်"

"ဟင့်အင်း ... ဟင့်အင်း ... ကိုကို မပြန်ရဘူး၊ ဆွေးနဲ့အတူ ကျောင်းတက်ရမယ်၊ ဆွေး ပြန်မှပြန်ရမယ်"

ဆွေးက ငိုမဲ့မဲ့လေးဖြင့် တားမြစ်နေသော်လည်း သူက အားတင်းလျက် ကျောခိုင်းလှည့်ထွက်လာသည်။

"အင့် ... ဟီး ... ကိုကို ဆွေးကိုတစ်ယောက်တည်း မထားခဲ့နဲ့ ... ဟီး ... ဟီး"

ဆွေးသည် အော်ဟစ်ငိုကြွေးလျက် ဆရာမလက်မှ ရုန်း၍ ရွှေသွေးနောက်သို့ ပြေးလိုက်လာကာ ရွှေသွေးရဲ့ ပုဆိုးစကို ဆတ်ခနဲ လှမ်းဆောင့်ဆွဲလိုက်လေသည်။

"ဟာ ..."

ရွှေသွေးက လက်ဖြင့် အမြန်ဖမ်းသော်လည်း မမီလိုက်ဘဲ ပုဆိုးက ခြေထောက်နားမှာ ကွင်းလုံးကျွတ်သွားကာ အတွင်းက ဘောင်းဘီတိုတိုပွပွက ကားခနဲ ပေါ်လာသည်။

"ဟာ ... ဟ ... မိဆွေး ... ဖယ်စမ်းပါဟာ"

ဆရာမ အပျိုအရွယ်ကလေးရှေ့မှာမှ ပုဆိုးကျွတ်ကျရခြင်းမို့ ရွှေသွေးက ပုဆိုးကို ကယောင်ကတမ်း ကောက်



www.burmeseclassic.com

www.burmeseclassic.com



ကိုင်ကာ အမြန်ဝတ်ရသည်။ မိချွေးကတော့ ပုဆိုးကိုပဲ လိုက်လိုက်ဆွဲနေကာ ...

"မပြန်ရဘူး၊ ကိုကို မပြန်ရဘူး"

ဟု မျက်စိစုံမှိတ်ကာ တအီးအီး အော်ငိုနေတာမို့ ရွှေသွေးတ ပုဆိုးမကျွတ်အောင် ခါးပုံစကို သေချာကျပ်ကျပ် ကိုင်ထားရသည်။ ရွှေသွေးက ရုန်း၊ ချွေးကဆွဲ ... ကျောင်းရှေ့မှာ ဝရုန်းသုန်းကား ဖြစ်နေတာမို့ ကလေးတချို့လည်း ဝိုင်းကြည့်လာသည်။ ဆရာမငယ်ငယ်လေးတွေကတော့ မသိမသာ ပြုံးစေ့စေ့လေးတွေဖြစ်လျက် မျက်နှာလွှဲသွားကြသည်။ ရွှေသွေးသည် မိချွေးလက်ထဲမှလွတ်အောင် ရုန်းရင်း ကိုယ့်မျက်နှာကိုယ် ဓားနဲ့လှီးဝစ်ချင်လှအောင် ရှက်ရွံ့ဖိန်းရှိန်းလာရပါသည်။

"မိချွေးရာ လွှတ်စမ်းပါဟာ၊ နင်လုပ်တာနဲ့ ငါ့အရှက်တော့ ဟက်တက်ကွဲပြီဟ ... ဖယ်စမ်းပါဟာ ..."

"ချွေးလွှတ်လိုက်ရင် ကိုကို ပြန်သွားမှာပေါ့ ..."

"ဒီနေ့မှာ ဒီမျက်နှာနဲ့ ဒီကျောင်းမှာ ငါ ဘယ်လိုလုပ်ပြီး တစ်နေကုန် နေနိုင်မလဲ၊ နောက်နေ့ကျမှ ကျောင်းနားမှာ လာစောင့်ပေးမယ်၊ ဒီနေ့တော့ နေခဲ့ဦးနော် မိချွေး၊ နေခဲ့ပါ မိချွေးရာ၊ ငါရှက်လွန်းလို့ပါဟာ ..."

ချွေးက ငိုမဲ့မဲ့ရုပ်ကလေးဖြင့် ကျန်ရစ်ခဲ့သည်။ သူကတော့ ဒီနားကနေ မြန်မြန်ဝေးရင်ပြီးရော စက်ဘီးကို သုတ်ခြေတင်နင်း ထွက်လာသည်။

နောက်နေ့တွေမှာတော့ ချွေးရဲ့ စာသင်ခန်း ပြတင်း





ါက်ကနေ လှမ်းကြည့်လျှင် မြင်နိုင်သော အအေးဆိုင်လေး ာ ထိုင်ကာ ချွေးကို တစ်နေကုန် စောင့်နေပေးရသည်။ ချွေးက ရာမ လစ်တာနှင့် ပြတင်းပေါက်နားမှာ လာရပ်ကာ ရွှေသွေး ရှိ လှမ်းလှမ်းကြည့်သည်။ ရွှေသွေး လှမ်းကြည့်တာနှင့်ကြုံ ုင် လက်လှမ်းလှမ်း ပြတတ်တာမို့ ရွှေသွေးကလည်း မကြာ ာ လက်တပြပြလုပ်နေရသည်။

အအေးဆိုင်က အစ်မကြီးကတောင် ရွှေသွေးရဲ့ ်အင်ကို သိလာကာ ...

"ဒီမောင်နှမကတော့ သည်းလည်း သည်းပါ့ကွယ်"

ဟု ပြောလာသည်။

ဒေါ်ကြီးစိုးကလည်း ...

"ရွှေသွေးရယ် ... နင်ဒီလိုသာ တစ်နေကုန် သွားစောင့်နေရရင် ဘယ်အချိန် အလုပ်သွားလုပ်မလဲ ...၊ ကြာရင် ခက်ဦးတော့မယ်၊ ချွေးကို ကျောင်းထားဖို့တောင် နင်ရှင်ပြုဖို့ နင့်အဘွားစုထားခဲ့တဲ့ စုဘူးကို ဖောက်လိုက်ရတယ် မဟုတ်လား၊ ချွေးကို အလိုလိုက်ချင်တာနဲ့ပဲ နင့်မှာ ပိုက်ဆံရှာရ စုရတဲ့အပြင် ရှိရှိသမျှလေးတွေ ထုခွဲရသေးတာ မဟုတ်လား၊ နင့်အဘွား မုန့်လုပ်ခဲ့တဲ့ ဗန်းတွေ၊ အိုးခွက်တွေကိုပါ ရောင်းပစ်လိုက်တယ် မဟုတ်လား၊ ကြပ်ကြပ် အလိုလိုက် ... ကလေးက တစ်နေ့ကျ နင့် ရောင်းစားသွားလိမ့်မယ်၊ မိချွေးက ကလေးပေမယ့် နင့်ထက်လည်တယ်၊ နင်က ခပ်နုံနုံရယ် ..."



www.burmeseclassic.com

www.burmeseclassic.com



ခေါ်ကြီးစိုး ပြောလည်း ရွှေသွေးက ပြုံးဖြဲဖြဲနှ
ငြိမ်နေတတ်သည်။

ပိုက်ဆံကုန်မှာကိုတော့ သူလည်း ကြောက်တာ
ဝဲ။ သို့သော် ညီမလေးအတွက်ဆိုလျှင်တော့ ကုန်ရင် ကုန်ပ
ဟု သဘောထားသည်။

သူမြတ်မြတ်နိုးနိုး သိမ်းလာခဲ့သည့် ဘွားမေ ချ
ခဲ့သည့် ဝါးဆစ်စုဘူးကြီးကိုလည်း စွေးအတွက်မို့ ဖောက်ရ
ခဲ့ရတာပင်။ ဘွားမေက သူငယ်ငယ်လေးကတည်းကပင် အ
ဝါးဆစ်ဘူးကြီးထဲကို နေ့တိုင်း ပိုက်ဆံတွေထည့်နေတာ
မြင်ဖူးခဲ့သည်။

"ဘွားမေ ... အဲ့ဒီပိုက်ဆံတွေက ဘာလုပ်ဖို့လဲဟင်"

ဟု သူ မေးတိုင်း ဘွားမေက ...

"သားကို ရှင်ပြုဖို့ပေါ့ကွယ်"

ဟု ပြန်ဖြေတတ်သည်။ သူကလည်း ရှင်ပြုတ
ဆိုတာ ဘာမှန်းမသိသူမို့ ဘွားမေကို ပြန်မေးရပြန်သည်။

"ဘွားမေ ရှင်ပြုတယ်ဆိုတာ ဘာလဲဟင်"

"ရှင်ပြုတယ်ဆိုတာ သားကို မင်းသားလေးလိုဝတ်ပေး
မြင်းကြီးပေါ်တင် ရွှေထီးဆောင်းပြီး ဘုန်းကြီးကျောင်း
ပို့ပေးရတာပေါ့"

"ဘုန်းကြီးကျောင်းရောက်ရင် ဘာလုပ်ရမှာလဲဟင်"

"ခေါင်းတုံး တုံးပြီး သင်္ကန်းဝတ်ရမှာပေါ့ သားရဲ့၊





ခံကြွတဲ့ ဘုန်းဘုန်းတွေ မြင်ဖူးတယ်မဟုတ်လား၊ သားက
အဲ့ဒီ ဘုန်းဘုန်းတွေလိုမျိုး ဖြစ်သွားမှာ ..."

"အဲ့ဒါဆို သူများတွေက သားကို ဆွမ်းလောင်းပြီး ရှိခိုး
ကြမှာပေါ့နော်"

"အေးပေါ့ ... သားရဲ့"

"ဟီဟိ ... ပျော်စရာကြီး၊ အဲ့ဒါဆို သားလည်း ရှင်ပြုချင်
တယ်"

"ပြုချင် ပြုရမှာပေါ့၊ ဒီဘူးထဲမှာ ပိုက်ဆံတွေပြည့်လာ
ရင် ပြုမယ်၊ ဒါ သားရှင်ပြုဖို့ ပိုက်ဆံ၊ တခြား ဘာ
အတွက်မှ ဖောက်မသုံးဘူး"

ဘွားက ထိုစုဘူးကြီးကို တသသနှင့် ဘာအတွက်
မှ ဖောက်မသုံးခဲ့ပါ။ သို့သော် စုဘူးမပြည့်မီမှာပင် ဘွားမေ
ကွယ်လွန်သွားခဲ့သည်။ ထို့ကြောင့်ပင် သူက ထိုစုဘူးကြီးကို
ကာက်ဆို အိပ်ရာနားထားထားအိပ်ပြီး နေ့တိုင်း ပိုက်ဆံခေါက်
လေးတွေ ထည့်နိုင်အောင် ကြိုးစားခဲ့သည်။ ခေါ်ကြီးစိုးကို
လည်း သေချာပြောထားရသည်။

"ကျွန်တော် ရှင်ပြုဖို့ ပိုက်ဆံတွေ ရလာရင် ခေါ်ကြီးစိုး
ပဲ ဘွားမေကိုယ်စား ရှင်လောင်းအမေ လုပ်ပေးပါနော်"

"အေးပါဟယ် ... လုပ်ပေးမှာပေါ့၊ နင်သာ ပိုက်ဆံရ
အောင် စုစမ်းပါ၊ ရှင်ပြုပွဲ ဖြစ်မြောက်ဖို့တော့ ငါတာဝန်
သာထား ..."

ရွှေသွေးက ဘွားမေအလိုကျ ရှင်ပြုဖို့ ပိုက်ဆံစု



www.burmeseclassic.com

www.burmeseclassic.com



နေ့စဉ်မှာပဲ ညီမလေးက သူ့ဘဝထဲသို့ ရောက်လာခဲ့တာဖြစ်ပ သည်။ နောက်ဆုံးမှာတော့ သူ မဖောက်ရက် မပြုရက် တသသ သိမ်းလာခဲ့သော စုဘူးကြီးကို ညီမလေး ကျောင်းစရိတ်အတွက် ဖောက်ခဲ့ရပါသည်။

စုဘူးဖောက်သော ညက ...

စုဘူးထဲက သွန်ကျလာသော အကြွေစေ့တွေ ကျပ်တန်ခေါက်ကလေးတွေကို လက်ခုပ်ဖြင့် ကြုံးယူရင်း သ ချက်ရည်ကျရသည်။

"သားကို ခွင့်လွှတ်ပါ ဘွားမေ"

ဟု တီးတိုးပြောမိရသည်။ ထိုပိုက်ဆံတွေနှင့် ညီ လေးအတွက် လိုအပ်သမျှ ဝယ်ပေးခဲ့ရသည်။ ညီမလေး ပြ ပျော်နေတာ မြင်တော့လည်း ဝမ်းနည်းစိတ်တွေ ကြက်ပျော ငှက်ပျောက် ပျောက်သွားခဲ့ရသည်။

ညီမလေးအတွက်ဆို ဘာမဆို ဖြည့်ဆည်းပေး သူ အမြဲအဆင်သင့် ဖြစ်ခဲ့ရသည်။

ရှင်မပြုရလည်း နေပါစေတော့ ...။ ညီမလေ ကျောင်းတက်ရဖို့က ပိုအရေးကြီးပါသည်။

ဈေးကို ကျောင်းပျော်လာအောင် သူ နေ့စဉ်ရ ဆက် တစ်နေ့ကုန် ကျောင်းနားမှာ သွားသွားစောင့်နေတာ အလုပ်ပျက် အကိုင်ပျက်ဖြစ်လာသည်။ မနက်ခင်းတစ်ခင်းသ သတင်းစာပို့ပြီး ညီမလေးကို ကျောင်းလိုက်ပို့၊ ပြီးတော့ သူလည ကျောင်းနား အအေးဆိုင်မှာ တစ်နေ့ကုန်ထိုင်၊ ဗိုက်ဆာ





ခနီးအနား မုန့်ဆိုင်လေးတွေမှာ ကြုံသလို ဖြစ်သလိုစား၊ ညီမ လေးအတွက်တော့ မနက်ကတည်းက အသားဟင်း တစ်မျိုး ဟုတ် တစ်မျိုး ထချက်ကာ ထမင်းချိုင့်ကလေး ထည့်ယူလာ ရသည်။ နေ့ခင်း ထမင်းစားချိန်ဆို ညီမလေးကို ထမင်းခွံ့ ကျွေးရသည်။

တစ်နေ့တော့ ရွှေသွေးက ထုံးစံအတိုင်း ညီမလေး ကျောင်းထဲပို့ပြီးတာနှင့် ထိုင်နေကျ အအေးဆိုင်မှာပင် င်သည်။ ဆိုင်ရှင်အစ်မက ရွှေသွေးနှင့် ခင်မင်နေပြီမို့ ရွှေသွေး ခုံမှာ ဝင်လာထိုင်ကာ ...

"ငါ့မောင်က ဒီမှာပဲ တစ်နေ့ကုန် လာလာနေရတော့ ဘယ်အချိန်မှာ ဘာအလုပ်များ လုပ်သတုန်း"

"မနက်ပိုင်းတော့ သတင်းစာပို့ပါတယ် အစ်မရာ၊ နေ့ခင်း ပိုင်းတော့ ဘာမှလုပ်လို့ မရတော့ဘူးပေါ့၊ ညကျရင်တော့ အိမ်မှာ အာလူးကြော် လုပ်ပါတယ်၊ အရင်ကတော့ နေ့လယ်နေ့ခင်း တို့ဟူးသုပ် ရောင်းသေးတယ်၊ ညီမလေး ကျောင်းတက်ကတည်းက အဲဒီအလုပ်က လုပ်လို့မရတော့ ဘူး"

"ဖြစ်ရလေကွယ်၊ စောစောက ပြောပါတော့လား၊ ဒီနား မှာ တို့ဟူး ပ်လာရောင်းရင် ဖြစ်တာပဲ၊ အစ်မဆိုင်ထဲမှာ လာရောင်း၊ အစ်မ ခွင့်ပြုတယ်၊ မင်း အဲဒီလိုရောင်းရင်း မင်းညီမကိုလည်းစောင့်ရင် ဝင်ငွေလည်း ရတာပေါ့ကွယ်"

"ကျေးဇူးပါပဲ အစ်မရယ်"



www.burmeseclassic.com

ထိုအစ်မရဲ့ ကျေးဇူးဖြင့် သူ ဈွေးကိုစောင့်ရှင်း တို့ဟူးသုပ် ရောင်းရသည်။ ဈွေးကလည်း 'ဒါဆို ဈွေးကိုစောင့်ရင်း ကိုကို ပိုက်ဆံတွေ ရနေမှာပေါ့နော်' ဟု ပြောကာ ပျော်ရွှင်နေသည်။ 'ပိုက်ဆံတွေအများကြီးရရင် ဈွေးတို့ အသက်အကြာကြီး ရှင်မှာနော်၊ အမေ့လို စောစောမသေဘူးနော်' ဟု ပြောလာလျှင်တော့ ရွှေသွေးက ညီမလေးကိုကြည့်ရင်း မျက်ရည်ဝဲရသည်။

"ကိုကို ဘယ်တော့မှ မသေဘူးလို့ ဈွေးကိုပြောထားတာပဲနော်"

ဟု ဈွေးက ခဏခဏပြောသည်။

တစ်နေ့တော့ ကျောင်းဆင်းချိန်မှာ ဈွေး မျက်နှာကလေး စူပုပ်လာပါသည်။

"ဈွေး ... ညီမလေး ဘာဖြစ်လို့လဲဟင်"

"အတန်းထဲက ကောင်လေးတွေပေါ့၊ ဈွေးကို ဈေးသည်ကြီး ညီမတဲ့၊ တို့ဟူးသုပ် တစ်ပွဲလောက်တဲ့၊ လိုက်လိုက်စနေတာ၊ အဲ့ဒါနဲ့ ဈွေးလည်း ပြန်ပြောပစ်လိုက်တယ် ငါ့ကိုကိုက အသက်ရှည်အောင် အလုပ်လုပ်နေတာလို့ အဲ့ဒါ သူတို့က ဟီးဟီးဟားဟားနဲ့ ပိုင်းရယ်ကြရော ...

ရွှေသွေးက စိတ်မကောင်းဖြစ်သွားမိကာ ...

"ကိုကို့ကြောင့် ညီမလေး အစခံနေရတာ၊ နောက်နေ့ ကိုကို ဈေးမရောင်းတော့ဘူးကွာ"

"မရောင်းရင် ပိုက်ဆံ မရဘူးပေါ့ ကိုကိုရဲ့၊ ကိုယ့်ဘာသာ ဈေးရောင်းတာ ဘာဖြစ်လဲ၊ ဒီတစ်ခါ လာပြောရဲ





ကြည့် ... လွယ်အိတ်နဲ့ ရိုက်ပစ်လိုက်မယ်၊ အဲ ... လွယ်အိတ်နဲ့ရိုက်ရင် သူတို့ကိုယ်က ချေးတွေ ချွေးတွေ လွယ်အိတ်ကို ပေမှာစိုးရတယ်၊ ပေတံနဲ့ပဲ ခေါက်ပစ်မယ်"

"အဲဒီလိုလုပ်ရင် ရန်ဖြစ်ကုန်မှာပေါ့ဟ၊ မလုပ်ရပါဘူး"

"ဒါဆိုလည်း မလုပ်တော့ပါဘူး၊ ကိုကို ဈေးရောင်းကောင်းအောင် ဈွေးတို့အတန်းထဲက သူငယ်ချင်းတွေကို ခေါ်လာမယ်၊ ပိုပိုသာသာလေးတော့ ထည့်ပေးနော်၊ ဆရာမကိုတော့ အလကား ကျွေးရမယ်နော်"

"အေးပါ ... အေးပါ"

ဈွေးက အရွယ်နဲ့မလိုက်အောင် စကားတတ်လွန်းသည်။ ဈွေးနဲ့ စ,တွေ့တဲ့နေ့ကလည်း သူ့အသက်ကို ငါးနှစ် တိတိကျကျ ပြောပြနိုင်သည်။ သူ့ကိုမွေးတဲ့လဟာ မိုးတွေ တဲ့ လပဲလို့လည်းပြောသည်။ ထို့ကြောင့် သူ့မွေးနေ့သက္ကရာဇ် ကို မှန်းဆတွက်ချက်သောအခါ ခုအခါမှာ ဈွေးအသက်ဟာ ခြောက်နှစ်ကျော်ခဲ့ပြီဖြစ်သည်။

အရွယ်နှင့်မမျှအောင် အသိဉာဏ်ရှိလှတဲ့ ဈွေးဟာ ရွှေသွေး သူ့ကျောင်းရှေ့မှာ ဈေးလာရောင်းသည့်အတွက် ရှက်ရွံ့ သိမ်ငယ်ဟန်လည်း မရှိခဲ့ပါ။ 'တို့ဟူးသုပ်' ဟု အစခံရတိုင်း လည်း ကက်ကက်လန်အောင် ပြန်ပြောတတ်ခဲ့ပါသည်။ ရွှေသွေး သာ ဈွေးကို သနားလာကာ ကျောင်းနားမှာ ဈေးမရောင်း ဘို့ ဆုံးဖြတ်ခဲ့တာ ဖြစ်ပါသည်။

သူက ဈွေးကို ချော့မော့ပြောရသည်။



www.burmeseclassic.com

www.burmeseclassic.com



"နောက်နေ့တွေကျ ညီမလေးကို ကိုကို စောင့်မပေးတော့ဘူးနော်၊ ညနေကျမှ ကိုကို လာကြိုမယ်နော် ညီမလေး"

"ဟင် ... ဘာဖြစ်လို့လဲ"

"ကျောင်းရှေ့မှာ ဈေးရောင်းရတာ သိပ်မရောင်းရ… ညီမလေးရဲ့၊ တခြားမှာ သွားရောင်းမှ ပိုက်ဆံတွေ အများ… ကြီးရမှာ"

"ဟုတ်လို့လား"

"ဟုတ်ပါတယ်ဟ ..."

"ပိုက်ဆံတွေရရင် ကိုကို ဘယ်တော့မှ မသေဘူးမဟုတ်… လား"

"အေး ... အေး ... မသေဘူး"

"ဒါဆိုလည်း သွား၊ ဈွေး မငိုဘဲကျန်ခဲ့မယ်"

ဈွေးက ခွင့်ပြုတာမို့ သူ ဈွေးကိုထားပြီး ပြန်… ခြေလှမ်းပြင်ရသည်။ သို့သော် သူ့ခြေလှမ်းတွေက လေးတွဲ… သည်။ ဈွေးက ကျောင်းအဝင်ဝခြံစည်းရိုးကလေးနားမှာ ရပ်… ငိုမဲ့မဲ့ မျက်နှာလေးဖြင့် သူ့ကို ရပ်ကြည့်ကျန်ခဲ့သည်။

ရွှေသွေးသည် စိတ်မခိုင့်တခိုင်ဖြင့် သုံးလေးလှ… လှမ်းပြီး ဈွေးကိုလှည့်ကြည့်မိတော့ ဈွေးက တာ့တာလှမ်းပြ… သွားတော့ဟု လက်ပြနေသည်။ သူ ရှေ့ဆက်လှမ်းလာသေ… သည်း ညီမလေးရဲ့ ငိုမဲ့မဲ့မျက်နှာလေးက မျက်လုံးထဲက… မထွက်တော့။ သူ ခြေလှမ်းတွေကိုရပ်လိုက်ပြီး လှည့်ကြည့်မိ… သည်။ ရပ်လိုက်၊ ကြည့်လိုက်၊ ပြန်လှည့်လိုက် နှစ်ကြိမ်သုံးကြ…





လုပ်ရင်း သူ့ရင်မှာ ဆို့နင့်လာရတာမို့ တစ်ကြိမ်မှာတော့ ဈွေးဆီ ချာခနဲလှည့်ပြေးကာ ဈွေးကိုပွေ့ဖက်ရင်း ...

"ညီမလေး ... ငါ ငါ မသွားတော့ဘူးဟာ၊ ညနေကျမှပဲ အတူတူပြန်တော့မယ်ဟာ ..."

ဟု တတွတ်တွတ်ပြောရင်း မျက်ရည်တွေ ကျလာကာ တစ်ချက် ရှိုက်ငင်လိုက်မိသောအခါ ...

ဈွေးက ရွှေသွေးပါးပေါ်က မျက်ရည်စတွေကို သူ့လက်ကလေးနှင့် ပွတ်သုတ်ပေးရင်း ...

"မငိုနဲ့ မငိုနဲ့၊ တိတ် ... တိတ်၊ ညီမလေး ဘာမှမဖြစ်ဘူး၊ ငိုလည်း မငိုဘူး၊ ခုပဲ အတန်းသွားတက်မှာ၊ ကိုကို ပြန်တော့နော် ပြန်တော့ ..."

ဟု လူကြီးလေးလို ချော့မော့ပြီး ကျောင်းဘက်သို့ ချာခနဲလှည့်ပြေးသွားတော့သည်။

ရွှေသွေးသည် ညီမလေးကို မျက်စိတဆုံး လှမ်းကြည့်ရင်း ထိုနေရာမှာ အတန်ကြာသည်အထိ ရပ်နေမိပြီးမှ ခေါင်းငိုက်စိုက်ဖြင့် ချာခနဲ လှည့်ကာ ထွက်လာခဲ့ပါသည်။

ညီမလေးတော့ မသိ ...

သူကတော့ ငိုချင်နေတုန်းပါပင်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

ရာသီတွေ အလီလီပြောင်းလာသောအခါ ညီ
လေး ဓွေးသည် ကျောင်းနေပျော်၍ စာတော်သော ကျောင်းသူ
လေး တစ်ယောက်ဖြစ်လာခဲ့ကာ တစ်နှစ်တစ်တန်း မှန်မှန်အောင်
လျက် သုံးတန်းသို့ပင် ရောက်ရှိလာခဲ့သည်။

ဓွေးက သူ့လို ထုံအအမဟုတ်။ ဉာဏ်ကောင်း
သွက်လက်ထက်မြက်သည်။ သူ့ကိုပင် ဆရာလုပ်လေ့ရှိသည်

ကျောင်းဖွင့်ရက်များမှာ ဓွေးက ကျောင်းတက်
သူက ဈေးရောင်း၊ ကျောင်းပိတ်ရက်များမှာတော့ ရွှေသွေး
ဓွေးသွားချင်သည့် နေရာတွေကို လိုက်ပို့ရသည်။ ဓွေးက စတီ
ရိုး ကြည့်ချင်တယ်ပြောလည်း ဓွေးကို ပခုံးပေါ်ထမ်းတင်ကာ
လူကြားထဲ တိုးဝှေ့ကြည့်လိုက်တာပင်။ ဟိုနားက ပွဲဈေး၊ ဒီနား
က ပွဲဈေးလည်း သူတို့ မရောက်တဲ့နေရာရယ်လို့ မရှိ...။
ဓွေးက ချားရဟတ်စီးချင်တယ်ဆိုလည်း အလိုလိုက် ခွင့်ပြုလိုက်
တာပင်။ လူကြီးပါ စီးလို့ရသည့် ချားရဟတ်ဆို သူပါတက်
လိုက်ပြီး ကလေးစီးရဟတ်ဆိုလျှင်တော့ လည်တက်သွားသည်





ရဟတ်ကို အောက်ကမော့ကြည့်ကာ ဘုရားတကျိန်ခဲ့ရသည်။
ဓွေးကတော့ ဘာမှမဖြစ်သလိုပင်။

ဓွေးကို ပခုံးပေါ်ထမ်းပြီး ပွဲကြည့်လျှင် ဓွေးက ...

"ကိုကို ဓွေး မမြင်ရဘူး၊ ကိုကို့အရပ်ကို နည်းနည်းထပ်
ရှည်ပေးပါဦး"

ဟု ပြောတတ်တာမို့ ရွှေသွေးမှာ ခြေဖျားထောက်
ထောက်ပေးရင်း ရယ်ချင်နေရသည်။ ဓွေးကတော့ ရွှေသွေးအရပ်
ကို ရှည်ချင်တိုင်း ရှည်လို့ရမယ်များ ထင်နေသလား မသိပါ။
'အရပ်ရှည်ပေးပါ၊ ထပ်ရှည်ပေးပါ' ဟု ပခုံးပေါ်ကနေ အော်
အော်ပြောနေတတ်ပါသည်။

တစ်နေ့ ... ဓွေးကို စက်ဘီးပေါ်တင်ကာ ကျောင်း
လိုက်ပို့ပေးနေဆဲမှာ ဆလွန်းကား ဖြူဖြူလေးက စက်ဘီးဘေးမှ
ဖြတ်၍ ကျော်တက်သွားခဲ့သည်။ ကားခေါင်းခန်းမှာတော့ အမွေး
ဖွားဖွား ခွေးလေးတစ်ကောင်က ခေါင်းကိုအပြင်ထုတ်၍ထိုင်
ရင်း လိုက်ပါသွားသည်။ ဓွေးသည် ခွေးလေးကိုမြင်မြင်ချင်း
ထွန့်ထွန့်လူး သဘောကျသွားကာ ...

"ဟယ် ... ခွေးလေး လှလိုက်တာ၊ ကိုကိုရေ ... ခွေးလေး
အရမ်းလှတယ်နော်၊ ကားစီးသွားတာ အမွေးလေးတွေကို
လွင့်နေတာပဲနော်"

ဟု တစာစာ ပြောလာသည်။

ကျောင်းရှေ့ရောက်လို့ စက်ဘီးပေါ်က ချီချပေး



www.burmeseclassic.com

www.burmeseclassic.com



လိုက်တော့ ဈွေးက ချက်ချင်းထွက်မသွားသေးဘဲ ရွှေသွေးကို ကြည့်ကာ ...

"ကိုကို ..."

"ဟေ ... ဘာတုန်း ညီမလေး"

"ဈွေးလည်း ကားစီးချင်တယ်၊ ပြတင်းပေါက်ကနေ ဈွေး ဆံပင်လေးတွေ လွင့်နေအောင် ကားစီးချင်တယ်၊ ဈွေးကို ကိုကို ကားလေးမောင်းပြီး ကျောင်းလိုက်ပို့ရင် ကောင်း မှာပဲနော်"

"ကားက သူဌေးတွေပဲ စီးနိုင်တာ ဈွေးရဲ့"

"ကိုကို သူဌေးဖြစ်ရင် ကောင်းမှာပဲနော်"

ဈွေးက ညည်းညူသလိုလေး ပြောပြီး ကျောင်းထဲ ဝင်သွားတော့ သူ စိတ်မကောင်းဖြစ်ကျန်ခဲ့သည်။

ထိုနေ့က အပြန်လမ်းမှာ ညီမလေး ကားစီး အောင် ဘယ်လိုများလုပ်ရပါ့မလဲဟု ခေါင်းခြောက်အောင် တွေး လာသည်။ အိမ်နားရောက်တော့မှ ခေါင်းထဲမှာ အကြံတစ် ချက် လက်ခနဲ ပေါ်လာသည်။

တစ်ချိန်မှာ သူများအိမ်က ဒရိုင်ဘာပဲဖြစ်ဖြစ် တက္ကစီပဲ မောင်းရ မောင်းရ လိုရမည်ရ ကားမောင်းလေးတော့ ပြေးသင်ထားလိုက်မည်ဟုပင် ...။



"ဟဲ့ ... ရွှေသွေး၊ ဘာလုပ်နေတာလဲ"

ဒေါ်ကြီးစိုးအသံကြောင့် ရိုန်းဘားကွင်းကို ခိုစီးရင်း လေထဲမှာ တန်းလန်းဖြစ်နေသော ရွှေသွေးက အောက်ဘက်သို့ ငုံ့ကြည့်ပြီး မြေပြင်ပေါ် ခုန်ဆင်းလာပါသည်။

"ရိုန်းဘားကွင်းဆွဲနေတာလေ ဒေါ်ကြီးစိုးရဲ့"

"လေထဲမှာ တွဲလောင်းခိုစီးနေတာများ မင်းမို့လို့ မပင်ပန်းတယ်၊ ဘာအကျိုးရှိလို့ လုပ်နေတာလဲ"

"အဲဒီလို နေ့တိုင်းလုပ်ရင် အရပ်ပိုရှည်လာတတ်တယ်လေ"

"နင့်အရပ်က ပုနေလို့လား ရွှေသွေးရဲ့၊ အသက်ကဖြင့် နှစ်ဆယ်ကျော်ရုံပဲ ရှိသေးတာ၊ အရပ်ကြီးကဖြင့် မိုးထိုးတော့မယ်၊ ဒီအသက်နဲ့ ဒီအရပ်တောင် ရှည်လှပါပြီဟယ်၊ ဒါ့ထက်ရှည်ရရင် လန်ဘားဖြစ်တော့မယ်"

"ဒီလောက် အရပ်ရှည်တာတောင် ညီမလေးကို ပခုံးပေါ်



www.burmeseclassic.com

www.burmeseclassic.com



တင်ပြီး ဖွဲ့ကြည့်ရင်း ညီမလေး ကောင်းကောင်းမမြင်ရ
ဒေါ်ကြီးစိုးရဲ့"

"ဩော် ... လက်စသတ်တော့ နှင် ဒါတွေ အပင်ပန်းခံ
လုပ်နေတာ မိခွေးအတွက်ပဲကိုး"

"အဟဲ ကျွန်တော့်မှာ မိခွေးအတွက်ကလွဲရင် တခြား
အတွက် လုပ်စရာအလုပ်မှ မရှိတာ"

"အေးပါ ... ကြပ်ကြပ်အပင်ပန်းခံလုပ်၊ မိခွေးကြီးလာလို့
ယောကျ်ားယူသွားတော့မှ ရင်ကွဲပက်လက် ကျန်နေခဲ့ဦး
မယ်"

"ဟာ ... ဒေါ်ကြီးကလည်းဗျာ၊ မိခွေးက ကလေးပဲရှိသေး
တာကို ဘာမဟုတ်တာတွေ လာပြောနေတာလဲဗျ၊ က
ပြော ... ကျွန်တော့်ဆီလာတာ ဘာကိစ္စရှိလို့လဲ ..."

ဒေါ်ကြီးစိုးက ရွှေသွေးကို မျက်စောင်းထိုးလိုက်
ရင်း ...

"သူ့ညီမ ထိတော့ ငါ့တောင် သရဲဟောက်သနဲ့၊ ငါက
အကောင်း စေတနာနဲ့ ပြောစရာရှိလို့ လာတာဟဲ့၊ မပြော
ဘဲ ပြန်သွားရရင် မကောင်းရှိတော့မယ်"

"အဟဲ ... ပြောပါ ဒေါ်ကြီးရဲ့"

ရွှေသွေးက မျက်နှာချိုသွေးတော့မှ ဒေါ်ကြီးစိုးက
စိတ်ပြေလာကာ ...

"နှင် ကားမောင်းသင်ထားတယ် မဟုတ်လား"

"သင်ထားတယ်လေ၊ ဟိုတစ်ခါ ဒေါ်ကြီးစိုးဆီက ကျွ





တော် ပိုက်ဆံချေးသေးတာ မှတ်မိတယ်မဟုတ်လား၊
အဲဒါ သင်တန်းကြေးအတွက် ပိုက်ဆံလိုလို့ ချေးတာ"

"ဒါဆိုရင် နှင် ကားမောင်းတတ်တာ ကြာပြီပေါ့၊ လိုင်စင်
ရပြီလား"

"ရပြီလေ ..."

"နှင် လမ်းတွေကော ကျွမ်းကျွမ်းကျင်ကျင် သိရဲ့လား"

"သိသင့်သလောက်တော့ သိပါတယ်"

"အေး ... အဲဒါဆို အတော်ပဲ၊ ငါ့မိတ်ဆွေတစ်ယောက်က
တက္ကဆီဝယ်လိုက်တာ မကြာသေးဘူး၊ သူတို့က သူတို့
ကားကို စိတ်ချရတဲ့ လူလောက်ကိုပဲ ပေးမောင်းချင်တာ၊
နှင်မောင်းချင်ရင် ငါ နှင့်ကို အာမခံပေးမယ်"

ဒေါ်ကြီးစိုး စကားကြောင့် ရွှေသွေးက ပျော်သွား
သည်။ တက္ကဆီမောင်းရင် အနည်းဆုံး ညီမလေးကိုတော့
ကားနဲ့ ကျောင်းပို့ကျောင်းကြိုလုပ်ပေးနိုင်မှာပဲ။ သို့သော် စဘော်
တင်စရာ ပိုက်ဆံမရှိတာမို့ ငိုင်တွေသွားကာ ...

"ကျွန်တော့်မှာ စဘော်တင်စရာ ပိုက်ဆံမှမရှိတာ၊ ရှိသာ
ရှိရင် အစောကြီးကတည်းက ကားမောင်းနေပြီပေါ့
ဒေါ်ကြီးစိုးရာ"

"အဲဒါလည်း မပူနဲ့၊ စဘော်မတင်ရအောင် ငါပြောပေး
မယ်၊ သူတို့က ရိုးသားတဲ့သူပဲလိုချင်တာ၊ နှင့်ကိုမြင်ရင်
သဘောကျမှာပါ၊ လာ ... လိုက်ခဲ့ ငါ သေချာပြောပေး
မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ခဏလေး ... ခဏလေး ... ကျွန်တော် အင်္ကျီထပ်ဝတ်လိုက်ဦးမယ်"

ရွှေသွေးက ရှပ်အင်္ကျီလက်တိုလေးကို အမြန်ပြေးဆွဲ ထပ်ဝတ်ပြီး ဒေါ်ကြီးစိုးနောက်မှ လိုက်လာခဲ့သည်။

တက္ကဆီပိုင်ရှင်တွေအိမ် ရောက်တော့ ဒေါ်ကြီးစိုးတစ် ဦးဆောင်ပြောပေးသည်။ သဘောကောင်းပုံရသော ကားပိုင်ရှင် ဦးလေးကြီးက ရွှေသွေးကို ခြေဆုံးခေါင်းဆုံး ကြည့်ကာ ...

"လူကတော့ လူချောပဲ၊ နာမည် ဘယ်လိုခေါ်တုန်းကွ"

"ရွှေသွေးပါ ဦးလေး"

"အသက် ဘယ်လောက်ရှိပြီလဲ"

"၂၀ ကျော်ပါပြီ ခင်ဗျ"

"ငယ်ငယ်ရွယ်ရွယ်နဲ့ မင်းက ဘာလို့ တက္ကဆီ မောင်းချင်ရတာတုန်း"

"ပိုက်ဆံလိုချင်လို့ပါ၊ ပြီးတော့ ကျွန်တော့် ညီမလေးကိုလည်း ကားနဲ့ ကျောင်းလိုက်ပို့ပေးချင်လို့ပါ"

ဦးလေးက ခေါင်းတညိတ်ညိတ်နှင့် ပြုံးလိုက်ရင်း "ညီမကို တော်တော်ချစ်ရှာတာကိုး၊ မင်းကို ဦးလေး သဘောကျပါတယ်ကွယ်၊ မင်း မောင်းရင်တော့ ဦးလေး စဘော်မယူတော့ပါဘူး၊ ကားကိုသာ ရိုရိုသေသေမောင်းပါ၊ ပိုက်ဆံကို တစ်နေ့စာ တစ်နေ့ မှန်မှန်သွင်းပေါ့"





"ကျေးဇူးတင်လိုက်တာ ဦးလေးရာ ... ဦးလေးကားကို စိတ်ချနော်၊ ကျွန်တော် ကားချင်းလည်း ပြိုင်မမောင်းဘူး၊ ဦးလေးကားကို သန့်နေအောင် သ,ပြီး မောင်းမှာပါ"

"အေးပါကွာ ... အေးပါ"

ရွှေသွေးက ဝမ်းသာရွှင်မြူးစွာဖြင့် ဒေါ်ကြီးစိုးနှင့်အတူ အိမ်ပြန်လာခဲ့သည်။ ဒေါ်ကြီးစိုးကိုလည်း ကျေးဇူးတင်စကားတွေ အထပ်ထပ်ပြောမိသည်။ ဒေါ်ကြီးစိုးက သူ့အိမ်ထဲခင်ခါနီးမှာ ရွှေသွေးကို ပြုံးစေ့စေ့ လှမ်းကြည့်ရင်း ...

"ဟဲ့ ... ရွှေသွေး"

"ခင်ဗျာ ... ဒေါ်ကြီးစိုး"

"နှင်း ငါ့ကို ကျေးဇူးသိပ်တင်နေလား"

"တင်တာပေါ့ ဒေါ်ကြီးရ"

"အဲ့ဒါဆို ငါ့တူမ ရွှေစင်ကို ယူပါ့လား"

"ဟာ ... ဒေါ်ကြီးစိုးကလည်းဗျာ"

ရွှေသွေးက မျက်နှာတစ်ခုလုံး ဖြန်းခနဲ ထူပူဖိန်းသွားပါသည်။ ဒေါ်ကြီးစိုးက ရယ်မောရင်း ...

"လူကြီးက နောက်တာကို ဒီလောက်တောင် ရှက်ရသလားဟဲ့"

ဟု ပြောကာ အိမ်ထဲလှည့်ဝင်သွားသည်။

ရွှေသွေးကတော့ ခေါင်းတစ်ချက်ကုတ်ရင်း အိမ်ဘက်သို့ ခပ်သုတ်သုတ် လျှောက်လာခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အဲ့ဒီ ခေါကြီးစိုးဟာ ရွှေသွေးကိုဆို ရပ်ကွက်ထဲက မိန်းကလေးတွေနှင့် စ,ချင် နောက်ချင်တတ်သည်။ ရွှေသွေးက တော့ ဘယ်မိန်းကလေးကိုမှ စိတ်မဝင်စား၊ ဘယ်မိန်းကလေး အတွက်မှ အချိန်မပေးနိုင်ပါ။ သူ့အချိန် မှန်သမျှဟာ မိချွေး အတွက်သာ ...။

◆ ◆ ◆

◆ ◆ ◆

"ဟ ... ဟ ... မိချွေးရေ၊ နင့်ခေါင်းကို အဲ့ဒီလောက် ထုတ်မနေနဲ့လေဟာ၊ တော်ကြာ နောက်ကားတွေက ပွတ်ပြီးကျော်တက်သွားရင် ဒုက္ခရောက်နေဦးမယ်"

"ချွေး သိပါတယ် ကိုကိုရဲ့၊ ကိုကို ... ဒီမှာကြည့်စမ်း ချွေးဆံပင်လေးတွေ လေတိုးနေတာ ဟိုခွေးကလေးလိုပဲနော်"

"ဟိုက ခွေး၊ ညည်းက လူ၊ နှိုင်းနှိုင်းပြီး ပြောမနေနဲ့"

"ဟီးဟိ ... ကားလေးစီးပြီး ကျောင်းသွားတက်ရတာ ပျော်စရာကြီးနော် ကိုကို၊ ကိုကို အမြဲတမ်း တက္ကဆီပဲ မောင်းနော်"

"ချွေး ဘွဲ့ရရင်တော့ ကိုကိုက တက္ကဆီ ဘယ်မောင်းတော့မလဲ၊ ချွေး ပညာတတ်ကြီး ဖြစ်ပြီး အလုပ်တွေ လုပ်ပြီး ကားဝယ်ရင် ကိုကိုက ချွေးရဲ့ ဒရိုင်ဘာလုပ်ပေးမှာပေါ့"

ရွှေသွေးက ကားပြတင်းမှ ခေါင်း ခဏခဏထုတ်ကြည့်ရင်း အူမြူးနေသော ချွေးကို ပြုံးကြည့်ရင်း ပြောမိသည်။





www.burmeseclassic.com

www.burmeseclassic.com



ချွေး အဲ့ဒီလောက် ပျော်နေတာမို့ သူ တက္ကသိမောင်းရကျိုးနပ်ခဲ့
သည်။

မနက်ဆို ချွေးကိုကျောင်းပို့ပြီး ညနေ သွားပြန်ကြို
ညနေပိုင်းမှာ ချွေးကို ကားရှေ့ခန်းမှာ တင်ပြီး တက္ကသိဆွဲ
ဝါးစင်ကျွာစောင့်ရင်း ကားပေါ်မှာပဲ အတူတူ ထမင်းဝယ်စား
ကျောင်းပိတ်ရက်ဆိုရင်တော့ ကစားကွင်းတစ်ခုခုနားမှာ ပါကင်
သွားထိုးပြီး ခရီးသည်စောင့်ရင်း ချွေးကို ကစားကွင်းထဲမှာ
ကစားစေရသည်။ တစ်ခါတစ်ခါ ပန်းခြံတွေရှေ့မှာ ခရီးသည်
စောင့်ရင်း ချွေးက အောက်သို့လှမ်းဆင်းလျှောက်ကာ ခုန်ပေါက်
ပျော်ရွှင်မြူးတူးနေသည်။

"မိချွေး ... ကားလိုက်စီးနေရတာကို အရသာတွေ့မနေနဲ့
စာလည်းကျက်ဦး"

ဟု ရွှေသွေးက သတိပေးလျှင်တော့ လွယ်အိတ်ထဲ
က စာအုပ်တွေထုတ်ပြီး စာကျက်လာတတ်သည်။

တစ်နေ့တော့ ရွှေသွေးက ကန်တော်ကြီးရှေ့မှာ
ကားပါကင်ထိုးထားတုန်း ပန်းခြံထဲက ကောင်လေးနှင့် ကော
မလေး တစ်ယောက် ထွက်လာကာ ရွှေသွေးကားကိုငှားသဖြင့်
ကားမောင်းထွက်လာသည်။

ကန်တော်ကြီးကနေ ရွှေပြည်သာထိ မောင်းရ
မို့ ပိုက်ဆံကတော့ ခပ်များများရပါရဲ့။ လမ်းကျတော့
နှစ်ယောက်က မူပျက်လာသည်။ ကားနောက်ခန်းထဲမှာ
လိုက် နမ်းလိုက် ပွဲကြမ်းနေတာမို့ ချွေးက နောက်ကြည့်မှန်ထဲ





ထိုနှစ်ယောက်ကို လှမ်းကြည့်ရင်း မျက်လုံးလေးတွေ ဝိုင်း
သွားသည်။

"မိချွေး မကြည့်နဲ့ ... မကြည့်နဲ့၊ ကိုယ့်စာကိုယ်ကျက်စမ်း"

ရွှေသွေးက ခပ်တိုးတိုးလှမ်းပြောသဖြင့် ချွေးက
စာအုပ်ကို ပြန်ငုံ့ဖတ်နေသော်လည်း နောက်ဘက်က အခြေအနေ
က ကျော့ချမ်းဖွယ်ဖြစ်လာတာမို့ ရွှေသွေးက လုံးဝ သည်းမခံနိုင်
တော့ဘဲ ကားကို ဒေါသတကြီး ဆောင့်ရပ်ပစ်လိုက်သည်။
ပြီးနောက် ကားပေါ်မှဆင်းကာ ကားနောက်ခန်းတံခါးကို ဆွဲဖွင့်
လိုက်ရင်း ...

"ကဲ ... မင်းတို့ ဆင်းကြတော့"

"ဟ ... ဘာလိုင်းကြီးပါလား၊ ရောက်မှမရောက်သေးတာ၊
ဘာလို့ဆင်းရမှာလဲ"

"ဆင်းဆို ... ဆင်းစမ်းကွာ"

ရွှေသွေးက ကောင်လေးရဲ့ အင်္ကျီကော်လံစကို
ကိုင်ဆုပ်ဆွဲကာ ကားပေါ်မှဆွဲချလိုက်ရင်း ...

"မင်းတို့တွေ ကလေးရှေ့မှာ အနေအထိုင်မတတ်လို့
ဆင်းခိုင်းတာကွ၊ ရှင်းလား"

"မင်းရော ဘာလို့ ကလေးကို ခေါ်လာသေးလဲ"

"ဆင်းကြစမ်းကွာ၊ မင်းတို့ ပိုက်ဆံလည်း ငါမလိုချင်
တော့ဘူး၊ ဒီနားထိ အလကားပို့လိုက်တယ်လို့ပဲ မှတ်
လိုက်တော့ ..."

ရွှေသွေးက ကောင်လေးနှင့် ကောင်မလေး ဆင်း



www.burmeseclassic.com

www.burmeseclassic.com



သွားတာနှင့် တားပေါ်တက်ကာ တရကြမ်း မောင်းထွက်လာ သည်။

ခွေးက ရွှေသွေးကို လှည့်ကြည့်ရင်း ...

"ကိုကို ... ဘာလို့ ဒေါသထွက်တာလဲဟင်"

"အလကားပါကွာ၊ ဟိုနှစ်ယောက်ကို ကြည့်မရလို့ပါ"

"သူတို့က သမီးရည်းစားတွေလားဟင်"

"ဟင် ... ကြည့်စမ်း မိခွေး ဒါ နင်မေးစရာလား၊ အဲ စကားလုံးကို နင့်ပါးစပ်က ထွက်စရာလား၊ တော်ပြီ ... တော်ပြီ ... နောက်နေ့တွေကျ နင့်ကိုခေါ်မလာတော့ဘူ အိမ်မှာပဲ စာကျက်ကျန်ခဲ့၊ ဒေါ်ကြီးစိုး လာစောင့်နေ လိမ့်မယ်"

ထိုနေ့မှစကာ ရွှေသွေးက ခွေးကို ကျောင်းကြ ပြီးတာနှင့် အိမ်ပြန်ပို့ပြီးမှ အပြင်ပြန်ထွက်ရသည်။ ခွေး သွာ ချင်သည်ဟု ပူဆာသောနေရာတွေကိုတော့ ကျောင်းပိတ်ရ ကျမှ လိုက်ပို့ရပါသည်။

အဲ့ဒီလိုနဲ့ ညီမလေးအတွက် ငွေရှာရင်း၊ ညီမလေ အတွက် စိုးရိမ်ရင်း၊ ညီမလေး အလိုကိုလိုက်လျောရင်း နေ့တွေ လတွေကို ဖြတ်သန်းလွန်မြောက်လာခဲ့ရပါသည်။

● ● ●



# အပိုင်း (၂)

www.burmeseclassic.com

www.burmeseclassic.com

♥ ♥ ♥

"ဆွေး … နှင် ဘယ်လိုဖြစ်နေတာလဲ"

"ဘာဖြစ်လို့လဲ ကိုကိုရဲ့ … "

"ကားပြူတင်းဘက်ကို ခေါင်းလှည့်ပြီး နှင် ခဏခဏ ပဲပေးနေတော့ ဟိုကားထဲက ဟာတွေက နှင့်ကိုငမ်းသွားတာပေါ့၊ ဟော … ဟော … ကြည့်စမ်း ပြောရင်းဆိုရင်း ဟိုကားထဲက ကောင်က နှင့်ကို မျက်စိမှိတ်ပြသွားပြီ၊ တောက် … ငါ လိုက်တိုက်ပစ်လိုက်ရ … "

"စိတ်လျှော့ ကိုကို၊ စိတ်လျှော့ … "

ဆွေးက ဒေါသထွက်နေသော ကိုကို့ကို လှည့်ကြည့်ရင်း ရယ်မောလိုက်မိပါသည်။ ကိုကိုက ဆွေးအတွက် စိုးရိမ်ွန်းသည်။ ဆွေးက အလုကြိုက်သူမို့ လှလှပပလေး ပြင်ထားျင်လည်း ဆွေးကို ကြည့်မရဘဲ ငေါက်ငမ်းနေတတ်သည်။ ွေးဘာသာ လေညှင်းခံချင်လို့ ကားထဲကနေ ခေါင်းလေးနည်းည်း ယိမ်းထွက်လျှင်လည်း 'ပဲများနေတာ … ပဲများနေတာ' ရေရွတ်ကာ မဲ့ရွဲ့ရှုံ့ချုမဆုံးတော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



ကိုကိုက ကားမောင်းနေရင်းက ဆွေးကိုငဲ့ကြည့်ရင်း

"မိဆွေး ... နှင်းမျက်နှာထားက ဘာဖြစ်နေတာလဲ၊ မ

မချည်နဲ့"

"ဆွေးက ငယ်ငယ်လေးကတည်းက ဒီလိုပဲ ပြုံးပြုံးလေး

နေတတ်တာပဲဟာ၊ ဆွေး အဲ့ဒီလိုနေတာ ချစ်ဖို့ကောင်း

တယ်လို့ ကိုကိုပဲ ပြောပြီးတော့ ..."

"အဲ့ဒါ ငယ်ငယ်တုန်းက၊ အခု နင် ကလေးမဟုတ်တော့

ဘူး၊ မျက်နှာကို တည်တည်တံ့တံ့နေ ..."

"ဟုတ်ကဲ့ပါ"

ဆွေးက နှုတ်ခမ်းကို တင်းတင်းစေ့ကာ ငြိမ်နေ

လိုက်တော့ ကိုကိုက ဆွေးကိုလှည့်ကြည့်ပြန်ကာ ...

"နှင် ငါ့ကို မငေါ့နဲ့၊ အဲဒီလောက် မလိုဘူး၊ အိုဟာ

လုပ်မနေနဲ့"

"ဟုတ်ကဲ့ပါ"

ဆွေးက မျက်နှာတည်ကလေးဖြင့် ငြိမ်နေပြန်သော်

လည်း ကိုကိုက ဆွေးကို အပြစ်ရှာသောအကြည့်ဖြင့် ကြည့်

ကာ ...

"အံမယ် ... ကြည့်စမ်း ... ပန်းပန်လာတာ ငါ ခုမှ

တယ်၊ ဖြုတ်စမ်း ... ဖြုတ်စမ်း၊ အဲ့ဒီပန်းကို"

"အာ ... ကိုကိုကလည်း မဖြုတ်ပါဘူး၊ ဆွေး ငယ်ငယ်

ကိုကိုကိုယ်တိုင် ပန်းပန်ပေးလာတာ၊ ခုမှ မပန်

မပြောပါနဲ့"





"အဲဒီတုန်းက ကလေးဆိုတော့ ပန်းပန်ရင် ချစ်စရာ

ကောင်းတယ်"

"အခုတော့ရော ..."

"အခုက ပန်းပန်ရင် အန္တရာယ်များတယ်၊ ဖြုတ်ပစ်လိုက်

စမ်းပါဟာ"

ဆွေးခေါင်းမှာ ကလစ်ကလေးဖြင့် ညှပ်ကာ ပန်

ထားသော နှင်းဆီပန်းကလေးကို ကိုကိုက ဖြုတ်ယူလိုက်တာ

မို့ ဆွေးက ထိုင်နေရင်းက ခြေတစ်ဖက်ဆောင့်ကာ ...

"ကိုကိုကလည်း ဘာမှန်းလည်းမသိဘူး၊ အစစအရာရာ

လိုက်ချုပ်ချယ်နေတာပဲ"

"မိန်းကလေးဆိုတာ ငယ်တုန်းကတော့ စံပယ်ဝန်းလေး

လို မွှေးပြီး ဖြူစင်နေတာပဲ၊ အရွယ်ရောက်လာတော့

နှင်းဆီလို အနံ့ပြင်းပြင်းနဲ့ ဆွဲဆောင်မှုရှိလာတတ်တယ်၊

နှင်းဆီလို ဆူးတွေနဲ့ ရံထားနိုင်မှ တော်ရုံကျတယ် မိဆွေး"

ကိုကိုက ခပ်အေးအေးပြောပြီး ကားကို ကျောင်း

ဘက်သို့ ချိုးကွေ့လာကာ ကျောင်းရှေ့မှာ ရပ်လိုက်ပါသည်။

"ဆွေး သွားတော့မယ် ကိုကို"

"နေဦး ..."

ကိုကိုက ဆွေးလွယ်အိတ်ကို လှမ်းဆွဲထားလိုက်

တာမို့ ကားတံခါး တွန်းဖွင့်ပြီး ဆင်းတော့မည့်ဆဲဆဲ ဆွေးက

ကိုကို့ကို ငဲ့ကြည့်ရင်း ...

"ကိုကို ဘာရစ်ဦးမလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



ထိုကိုက ချွေးမျက်နှာကို စေ့စေ့ကြည့်ရင်း ...

"နှင် ငါမသိအောင် မိတ်ကပ်တွေ ခိုးလိမ်းလာလား"

"အာ ... မလိမ်းပါဘူး ကိုကိုရာ၊ ကိုကိုက သနပ်ခါးပဲ လိမ်းဆိုလို့ သနပ်ခါးပဲ လိမ်းလာတာပါ"

"ဟုတ်ရဲ့လား၊ နှင့်မျက်နှာကြည့်ရတာ သိပ်ဖြူလွန်းနေသလိုပဲ"

"ချွေးအသားက နဂိုဖြူပဲဥစ္စာ"

"နှင် မိတ်ကပ်မလိမ်းတာ သေချာတယ်နော်"

"သေချာပါတယ်ဆို"

"အေး ... အေး ... ကောင်းတယ်၊ ကိုယ်က ဆယ်တန်းကျောင်းသူပဲ ရှိသေးတာ၊ တက္ကသိုလ်ကျောင်းသူလည်း မဟုတ်သေးဘူးလေ၊ အလှအပကိစ္စတွေ စိတ်မဝင်စားနဲ့၊ စာကိုပဲ ကြိုးစား၊ ဂုဏ်ထူးတွေရအောင် လုပ်နော် ကြားလား ..."

"ဟုတ်ကဲ့ပါ ... ချွေး သွားတော့မယ်နော် ကိုကို"

ချွေးက ကားတံခါးကို ဆက်၍ တွန်းဖွင့်သော်လည်း ...

"ခဏနေဦး ..."

"အာ ... ကိုကိုကလည်း မပြီးနိုင်တော့ဘူးလား"

ချွေးက စိတ်ညစ်လာကာ ကားတံခါးကို ပြန်ဆွဲပိတ်လိုက်ရသည်။

"နှင့်လွယ်အိတ် ခဏပေး"





"ဘာလုပ်မလို့လဲ"

"လုပ်စရာရှိလို့ပေါ့ဟာ၊ ပေးဆို ပေးစမ်းပါ"

"ကဲ ... ရော ... ရော၊ ကိုကို ရစ်ပုံနဲ့ ချွေးတော့ ကျောင်းနောက်ကျတော့မှာပဲ"

ကိုကိုက ချွေး လွယ်အိတ်ကိုဆွဲယူပြီး လွယ်အိတ်ထဲက စာအုပ်တွေကို ထုတ်ယူကာ လှန်လှောစစ်ဆေးလိုက်သည်။ စာအုပ်တွေကို လှန်ကြည့်၊ ခါချ၊ ပြီးတော့ လွယ်အိတ်အခွံထဲ လက်နှိုက်ပြီး လွယ်အိတ်ကို ပြောင်းပြန်လှန်ကာ ခါချသေးသည်။ ကွန်ပါဘူးကိုလည်း တစ်ခုမကျန် သွန်မှောက်လှန်လှောကြည့်သည်။ ထိုသို့ စေ့စေ့စပ်စပ် စစ်ဆေးနေဆဲမှာပဲ အဆိုးစွာပင် ပန်းရောင်စာအိတ်လေးတစ်လုံးက စာအုပ်ကြားမှ ထွက်ကျလာပါသည်။

"ဒါ ... ဒါ ... ဘာစာလဲ၊ ပြောစမ်း ... မိချွေး"

"ရည်းစားစာ ဖြစ်မှာပေါ့ ကိုကိုရယ်"

"ဘာ ... ဘာ ... ရည်းစားစာ ဟုတ်လား၊ ဒီလိုစာမျိုးက နှင့်အိတ်ထဲမှာ ရှိစရာလား၊ နှင် လက်ခံယူလာပြီး သိမ်းထားတာလား"

"ဒေါသတွေ မကြီးပါနဲ့ဦး၊ ချွေး ပြောတာလည်း နားထောင်ပေးပါဦး၊ ကျောင်းမှာ တချို့ ကောင်လေးတွေက ချွေးကို ခဏခဏ ရည်းစားစာ လိုက်ပေးပေမယ့် ချွေးမယူပါဘူး၊ ဒါပေမယ့် တစ်ခါတလေကျတော့ ချွေးတောင် မသိလိုက်ဘူး၊ သူတို့က ချွေး လွယ်အိတ်ထဲ တိတ်တိတ်



www.burmeseclassic.com

www.burmeseclassic.com



လေး လာထည့်သွားကြတာ၊ တချို့က စာအုပ်ကိုလာငှားပြီး စာအုပ်ကြားထဲကို စာညှပ်ထည့်သွားတာ၊ အဲဒီစာအုပ်ထဲမှာ စာညှပ်ပါလာတာ မွေး မသိလိုက်ပါဘူး၊ ညတုန်းက စာကျက်တော့လည်း အဲဒီစာအုပ်မှာ ကျက်စရာ သိပ်မရှိတာနဲ့ ဖွင့်မကြည့်ခဲ့မိလို့ အခုမနက်ထိ ပါလာတာပေါ့၊ မွေးသာ ကြည်ကြည်ဖြူဖြူ ယူချင်တဲ့ စာမျိုးဆိုရင် ကိုကို မွေးရှေ့မှာရော မွေးကွယ်ရာမှာပါ မပြတ်တမ်း လှန်လျှောစစ်ဆေးနေတဲ့ လွယ်အိတ်ထဲမှာ ထည့်ထားပေါ့မလား"

ကိုကိုက ခဏငြိမ်တွေသွားပြီးမှ မွေးကိုမယုံသင်္ကာ မျက်ဝန်းတွေဖြင့် ကြည့်ရင်း ...

"နှင် ဖွက်ဖို့ မေ့နေတာလည်း ဖြစ်နိုင်တာပဲ"

"တကယ်ဖွက်ချင်စိတ်ရှိရင် ဖွက်ဖို့မမေ့ပါဘူး ကိုကိုရယ်"

"နှင် ဖွက်ဖူးတယ်ပေါ့"

"ကိုကို ... မွေးကို လာအစ်မနေနဲ့၊ မွေး တစ်ခါမှ ဘယ်တုန်းကမှ မဖွက်ထားဖူးဘူး၊ လွယ်အိတ်ထဲမှာပါမှန်း သိတာနဲ့ ဖတ်တောင်မဖတ်ဘဲ ဆုပ်ဖြဲပစ်လိုက်တာချည်းပဲ"

"ဒီစာကိုရော ဖတ်သေးလား"

"ကိုကို စာအိတ်ကို သေချာကြည့်လေ ... ၊ စာအိတ်ဟိုက ပိတ်ပေးလိုက်တဲ့အတိုင်း ခြေရာလက်ရာမပျက် မနေတာ"





ကိုကိုက စာအိတ်ကို ဖင်ပြန်ခေါင်းပြန် လှန်လျှော ကြည့်နေလိုက်ရင်း ...

"နှင် ခြေရာလက်ရာမပျက်အောင် ဖောက်ဖတ်ပြီး သေချာပြန်ပိတ်ထားတာ မဟုတ်ဘူးလား"

"မဟုတ်ပါဘူး ကိုကိုရယ်"

"ကေ့ရော ... ဒီစာက နှင်က ပြန်ပေးမယ့် ပြန်စာပဲ ဖြစ်မယ်၊ ဒါကြောင့် ဒီလောက် သေသေသပ်သပ် ပိတ်ထားတာ မဟုတ်လား"

"ကိုကို တစ်ယောက်နဲ့တော့ ခက်တော့တာပဲ၊ ကိုကို ထင်တာတွေ လုံးဝမဟုတ်ဘူး၊ မွေး အဲဒီကိစ္စကို စိတ်မဝင်စားဘူး၊ မွေး ကျောင်းနောက်ကျတော့မယ် ကိုကိုရဲ့၊ သွားပါရစေတော့ ..."

"ညီမလေး ..."

မွေး ကားပေါ်ကဆင်းလှဆဲဆဲမှာ ကိုကိုက စိုးရိမ်သော လေသံလေးဖြင့် လှမ်းခေါ်လိုက်ရင်း ...

"နှင့်ကို စာပေးတဲ့ကောင်တွေ ငါ့ပြထားစမ်း"

"ဘာလုပ်မလို့လဲ ..."

"ငါ ဆွဲထိုးမှာပေါ့"

"ဖြစ်မလား ... ၊ ပြဿနာတက်ရင် မွေးပဲ အရှက်ကွဲမှာ"

"ဒါဆိုလည်း ဆရာမကို တိုင်လိုက်လေ၊ စာအပေးခံရတိုင်း ဆရာမကို သွားတိုင် ... ကြားလား"

"ဟုတ်ကဲ့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီစာတွေကို ယောင်လို့တောင် ဖောက်မဖတ်မိစေနဲ့"

"ဟုတ်ကဲ့ပါ ... ဟုတ်ကဲ့ပါ"

"ရည်းစား လုံးဝမထားပါဘူးလို့ ငါ့ကို ကတိပေးစမ်းပါ"

"ပေးပါတယ် ... ပေးပါတယ်၊ လုံးဝ ရည်းစားမထားပါဘူး အစ်ကိုတော်ရယ်၊ စိတ်ချတော်မူပါကွယ်"

"နှင့်ကိုက ရည်းစားစာ အပေးခံရအောင် နေနေသလားလည်း မသိပါဘူး"

"အံမယ် ... ကိုကိုနော်၊ ဆွေးက ဘာလုပ်နေလို့လဲ၊ ဆွေးဘာသာ နေရိုးနေစဉ် နေနေတာပဲ"

"သူတို့ မျက်စိထဲမှာ ချစ်စရာကောင်းသွားအောင် မနေနဲ့လေ"

"ဒါဆို ဆွေးက ဘယ်လိုနေရမလဲ ...၊ မျက်နှာကြီးကို အမြဲပုပ်သိုးပြီး သူတို့မျက်စိထဲမှာ အမြင်ကတ်သွားအောင် ကိုးရိုးကားယား ညစ်တီးညစ်ပတ် စုတ်စုတ်ပြတ်ပြတ် နေပြရမှာလား"

"အဲဒီလိုတော့လည်း မဟုတ်ဘူးပေါ့ဟာ၊ ငါပြောတဲ့သဘောက ...၊ အာ ... ငါမပြောတတ်တော့ဘူး မိဆွေးရာ၊ နှင် သိပ်ပဲမများနဲ့၊ အဲ့ဒါပဲမှတ်ထားလိုက်"

"ဆွေးဘာသာ နေတတ်တဲ့အတိုင်း နေတဲ့ပုံက ချစ်စရာကောင်းနေတော့ ဆွေးလည်းမတတ်နိုင်တော့ဘူး ကိုကိုရေ"

ဆွေးက ပြုံးစိစိနှင့် မျက်နှာကိုမော့ကာ ပြောလိုက်တာမို့ ကိုကိုက မဲ့ရွဲ့ပြလိုက်ရင်း ...





"နှင့်ပုံက ချစ်စရာကောင်းတယ်လို့ ဘယ်သူပြောသလဲ"

"လူတိုင်းပါပဲ"

"ဒီလောက် ရုပ်ဆိုးတဲ့ပုံကိုများကွာ ..."

"ကိုကို ဘာပဲပြောပြော မှန်ကတော့ အမှန်ပဲလေ၊ မှန်ကြည့်လိုက်ရင် ဆွေးလှတာ ဆွေးမသိဘဲနေမလား၊ ဆွေးကို နှိပ်ကွပ်ချင်တာနဲ့ပဲ မိဆွေးက ရုပ်ဆိုးလိုက်တာလို့ သူများရှေ့မှာ သွားမပြောမိစေနဲ့၊ ဒီစကား ဒီမှာပဲထားခဲ့၊ တော်ကြာ ကြားရတဲ့လူတွေက ကိုကို့ကို မျက်စိမမြင်ဘူး ထင်နေဦးမယ်"

"မိဆွေး ... လူလည်မ ငါ့ကို နှိပ်ကွပ်သွားတယ်"

"အဟဲ ... ဆွေး သွားပြီနော် ကိုကို ..."

ဆွေးက ကိုကို့ကို လက်ပြပြီး ကျောင်းဝန်းထဲ လျှောက်ဝင်လာခဲ့သည်။ ဆွေးက ဆွေးအခန်းဘက်သို့ လျှောက်နေဆဲမှာ ဆွေးရှေ့မှ ပိတ်၍ လျှောက်နေသော စန္ဒီနှင့် မာလာရဲ့ သီချင်းဆိုသံကို ကြားလိုက်ရသည်။

"ကိုကြီး ... ကိုကြီး ချွဲချွဲနွဲ့နွဲ့ ခေါ်ချင်တယ် ကိုကြီး ... ကိုကြီး ..."

"တစ် နှစ် သိပ် သိပ်ချစ်တယ်၊ သုံး လေး အမြဲချစ်ပါ့မယ်"

နှစ်ယောက်လုံးက ကျောင်းဝရန်တာမှာ မေးထောက်ရပ်လိုက်ပြီး ဆွေး ကျောင်းထဲဝင်လာတာကို လှမ်းကြော



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ရှုနေခဲ့သည့် ကိုကိုကို မျှော်ငေးရင်း သီချင်းဆိုနေကြတာ ရှိ ဈေးသာ သူတို့ကို မျက်စောင်းထိုးလိုက်ရင်း ...

"တဲ့ ..."

"ဟာ ... လန့်လိုက်တာ ဈေးရာ"

"နင်တို့တွေ ဒါ ဘာလုပ်နေကြတာလဲ"

"ဟဲဟဲ ... ကိုကြီးကို မျှော်ငေးနေရတာပေါ့ဟာ၊ ငါတို့မှာ နင် ကျောင်းလာတဲ့အချိန်ကိုပဲ မျှော်မျှော်နေရတာ၊ ဒါမှ သာ ကိုကြီးရဲ့ မျက်နှာတော်ကို မြင်ခွင့်ရမှာလေ"

"နင်တို့တော့ ရောဂါပဲ"

"အချစ်ရောဂါလေ၊ ကိုကြီး ကုပေးရင် ပျောက်မှာပါ"

"လုံးဝ မမျှော်လင့်နဲ့ ..."

"ဘာဖြစ်လို့လဲ ..."

"ကိုကိုက နင်တို့ကို လုံးဝ စိတ်မဝင်စားဘူး၊ ဟိုတစ်နေ့က နင်တို့နှစ်ယောက် ငါတို့ကားရပ်တဲ့နားမှာ လာရပ်ပြီး စောင့်နေတာ ငါမြင်သားပဲ"

"ကိုကြီးကရော မမြင်ဘူးလား၊ မနေ့က ငါတို့နှစ်ယောက်လုံး အရမ်းလှနေတာဟ ..."

"ဟုတ်လား၊ ပတ်ဝန်းကျင်မှာ အရမ်းထင်ရှားနေအောင် လှနေတာလား"

"ဒါပေါ့ ..."

"အဲ့ဒါကြောင့် ကိုကို မမြင်မိတာဖြစ်မယ်"

"မိဈေးနော် ..."





စန္ဒီကမျက်စောင်းထိုးသည်။ မာလာက လွယ်အိတ်ထဲက ဘောလ်ပဲန်လှလှလေး တစ်ချောင်းကို နှိုက်ယူကာ ဈေးကို လှမ်းပေးရင်း ...

"ရော့ ... ဈေး နင့်ဖို့ ငါဝယ်လာတာ"

"မယူပါဘူး၊ ငါ့မှာရှိသားပဲ"

"နင်မှာရှိတာက ဟောင်းနေပြီ၊ လှလည်းမလှဘူး၊ ဒါက အသစ် ...၊ ရေးလို့လည်းအရမ်းကောင်းတယ်၊ ယူလိုက်"

"မယူပါဘူးဆိုဟာ၊ ဘောလ်ပဲန်ပဲ သစ်စရာ လှစရာမလိုပါဘူး၊ ရေးလို့ရနေသေးရင် ပြီးတာပဲ၊ ဟောင်းသွားရင်လည်း ကိုကို ဝယ်ပေးမှာပေါ့၊ နင့်ဆီက ယူစရာမလိုပါဘူး"

"ဘောလ်ပဲန် မယူချင်ရင်လည်း ဒါလေးတော့ ယူ ..."

စန္ဒီက သူ့လွယ်အိတ်ထဲက အထုပ်ကလေးတစ်ထုပ် နှိုက်ယူပြီး ဈေးကိုပေးပြန်သည်။

"ဒါက ဘာလဲ"

"လက်ကိုင်ပဝါ လှလှလေးတွေလေ ..."

"မယူပါဘူး၊ ငါမှာရှိသားပဲ"

"ဒါက အသစ် ..."

"အသစ်လည်း မယူဘူး၊ ဘာဆိုဘာမှမယူပါဘူး၊ နင်တို့တွေ ငါ့ကို လာဖားမနေနဲ့ ..."

"ဈေး ... ဒီတစ်ပတ် ကျောင်းပိတ်ရင် ငါတို့ နင့်အိမ်ကို လာလည်မယ်ဟာ"



www.burmeseclassic.com

www.burmeseclassic.com



"မသာနဲ့၊ ငါမရှိဘူး"

"နှင်တ ဘယ်သွားမှာမို့လို့လဲ"

"ဘယ်မှမသွားပါဘူး၊ နှင်တို့လာမှာစိုးလို့ ပိတ်ပြောတာ"

"ဟွန်း … သူ့အစ်ကိုတော့ သူသိပ်တိုတာပဲ၊ အထိက် မခံဘူး"

ချွေးက မာလာတို့ရှေ့မှ ခပ်မြန်မြန် ထွက်လာ ပါသည်။

ကိုကိုကသာ ချွေးရဲ့ မျက်နှာပွင့်မှုတွေအတွက် စိတ်ပူရတာ မဟုတ်၊ ချွေးကလည်း ကိုကို့ မျက်နှာပွင့်မှုအတွက် စိုးရိမ်ရတာပင် …။

ကိုကိုက ချွေးထက် ၁၁ နှစ်ကြီးတာမို့ ခုချိန်မှာ ချွေးက ၁၆ နှစ်၊ ကိုကိုက ၂၇ နှစ်။ သို့သော် ချွေးရဲ့ ကိုကို အသက်ထက် ပို၍နုနယ်သည်ဟု ထင်ရပါသည်။ မျက်နှာ ကြည်လင်သန့်စင်နေကာ အသားဖြူဖြူ အရပ်ရှည်ရှည်နှင့် ကျ လစ်ကြည့်ကောင်းသော ကိုကို့ကို ရပ်ကွက်ထဲက မိန်းကလေး တွေရော ချွေးရဲ့ သူငယ်ချင်းတွေကပါ စိတ်ဝင်စားကြပါသည်။ ကိုကို့ကို သဘောကျသူတိုင်းက ချွေးကို မျက်နှာလုပ်ကာ ဟိုဟာ ဝယ်ပေး ဒီဟာဝယ်ပေး လုပ်ကြသော်လည်း ချွေးက မယူ ချွေးရဲ့ ကိုကို့ကို ဘယ်သူနဲ့မှ မတူမတန်ဟုလည်း ထင်မိပါသည် တက္ကသိုလ် ကောင်းနေပေမယ့် အဝတ်အစား နွမ်းနွမ်းလေး ဝတ်ရရှာပေမယ့် ကိုကို့ရုပ်က ကားပိုင်ရှင် သူဌေးရုပ်ပါပဲ ချွေးက ကိုယ့်ငါးချဉ် ကိုယ်ချဉ်၍တွေးရသည်။





ထိုနေ့ ညနေမှာ ကိုကို ကျောင်းလာကြိုတော့ က ကားထဲသို့ ဆောင့်အောင့်ဝင်ထိုင်ကာ မျက်နှာကို မဲ့ရွဲ့ မိရင်း …

"ကိုကိုတို့များ ချွေးကို လာလာကြိုတိုင်း အမြဲ ပဲများနေတာပဲ"

"ဟ … ဘာလိုင်းကြီးပါလား၊ ဘာလဲဟ …"

"ကိုကို ပဲများလို့သာ ချွေးသူငယ်ချင်းတွေက ကိုကို့ကို သဘောကျတာပေါ့၊ ကိုကို့ကိုယ်က သူတို့သဘောကျအောင် နေနေတာကိုး …"

ကိုကိုက သူ့စကားနှင့်သူ အနက်ခံနေရပြီမို့ ပြုံး ဖြစ်သွားရင်း …

"ငါ့ဘာသာ နေရိုးနေစဉ်နေနေတာကို သူတို့ လာသဘောကျတာတော့ ငါလည်း မတတ်နိုင်ဘူးပေါ့ဟာ၊ ငါ့ရုပ်ကိုက သူတို့သဘောကျလောက်အောင် ချောနေပေတာကိုး"

"ဒီလောက်ဆိုးတဲ့ ရုပ်ကိုများ ဟွန်း …"

ချွေးက ကိုကို့ကို သူ့စကားနှင့်သူ ပြန်ထိအောင် ရင်း မျက်စောင်းတစ်ချက် ထိုးလိုက်တာမို့ ကိုကိုက တဟားဟား အော်ရယ်ရင်း ချွေးခေါင်းလေးကို ပုတ်လိုက်ပြီး ကားမောင်း လာလေသည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

♥ ♥ ♥

"ကိုကိုရေ... စာကြည့်စားပွဲကို မြန်မြန်ကြွချီတော်မူ စာသင်ဖို့ အချိန်ကျပါပြီ"

ဗွေး လှမ်းခေါ်လိုက်ချိန်မှာ ကိုကိုက သူ့ထုံး အတိုင်း ခေါင်းကုတ် ရှုံ့မဲ့လျက် တွန့်ဆုတ် တွန့်ဆုတ် လျှောက် လာနေသည်။

"မြန်မြန်လာတော်မူပါ ကိုကိုရယ်"

"လာနေပါတယ်ဟာ..."

"လာပုံက တွန့်ဆုတ် တွန့်ဆုတ်နဲ့ စာမသင်ချင် သိပ်သိသာတာပဲ"

"တကယ်လည်း သင်မှမသင်ချင်တာ၊ နင် ဖွတ်သင် သာ နင့်အားနာပြီး သင်နေရတာ"

"အဲ့ဒီလိုပြောရင်းနဲ့ပဲ ရှစ်တန်းလည်း အောင်လာပြီ တန်းလည်း အောင်လာပြီလေ၊ ဒီနှစ် ဆယ်တန်း ပိုအရေးကြီးတယ်"

"အောင်မှာလည်း မဟုတ်ပါဘူးဟာ"





"မလုပ်ရသေးခင် အဲ့ဒီလို အားလျော့စကားမျိုး မပြော ရဘူးလေ ကိုကိုရဲ့၊ ဗွေး ကျောင်းမှာ သင်လာသမျှတွေ ကို တစ်နေ့စာ တစ်နေ့ ပြန်သင်ပေးနေတာပဲဟာ၊ ကိုကို မှန်မှန်လေး ကြိုးစားရင် အောင်သွားမှာပါ"

ဗွေးက ကိုကို့ကို အမြဲနှားချဖျောင်းဖျခဲ့ရတာပင်။ တန်းနဲ့ ကျောင်းထွက်ထားရသော ကိုကို့ကို ဗွေး အလွန် ားမိပါသည်။ ကိုကိုက ဗွေး အဖြူအစိမ်းဝတ်စုံလေးနှင့် ကျောင်းထဲဝင်သွားသော မြင်ကွင်းကို ဘယ်တော့မှ မရိုးနိုင်ဘဲ ဖြာဝေစွာ ငေးကြည့်နေတတ်ခဲ့သည်။ ဗွေးငယ်ငယ်ကလည်း ဖြူအစိမ်း ဝတ်စုံလေးတွေ ဝတ်သွားသော ကျောင်းသူကျောင်း တွေကို မြင်တိုင်း သဘောတကျ လိုက်လိုက်ကြည့်တတ် ည်။ ဗွေး လွယ်အိတ်ကလေးကို ဗွေးမသိအောင် ခိုးခိုးလွယ် ည့်ရင်း မှန်ရှေ့မှာ ရပ်လျက် သူ့ရုပ်သူ သဘောတကျ ည့်မဆုံးဖြစ်နေတတ်သော ကိုကို့ကို ချောင်းကြည့်ရင်း တစ်နေ့ ခင် ကိုကို့ကို ဗွေး စာပြန်သင်ပေးမည်ဟု အားခဲကာ စာ ားလာခဲ့တာပင်...။

ဗွေး ရှစ်တန်းနှစ်မှာ ဗွေးကျောင်းမှာ သင်လာခဲ့ ျှ ကိုကို့ကို ပြန်သင်ပေးခဲ့ပြီး ကိုကို စာမေးပွဲပြန်ဖြေခွင့်ရ အောင် ဗွေး ကြိုးစားပေးခဲ့ရသည်။ ကိုကိုက အရွယ်ကြီးပြီမို့ ကျောင်းပြန်တက်လို့တော့ မရ၊ သို့သော် ကျောင်းထွက်လက် ရှိသေးတာမို့ ဗွေးရဲ့ ဆရာမနှင့်တိုင်ပင်ကာ ကိုကို စာမေး ပြန်ဖြေဖို့ စီစဉ်ခဲ့တာပင်။ ကိုးတန်းကိုလည်း ဒီလိုနည်းနဲ့ပဲ



www.burmeseclassic.com

www.burmeseclassic.com



အောင်သာခဲ့သည်။ ဒီနှစ် ဆယ်တန်းကိုလည်း မွေးနှင့်အ
အောင်သွားစေချင်တာမို့ မွေးက ကိုကို့ကို သေချာကြပ်မ
စာသင်ပေးနေရတာပင်။

"ညီမလေးရာ ... ငါက ဉာဏ်မကောင်းပါဘူးဟာ၊ ဆ
တန်းကတော့ သိကြားမင်း မိုးပေါ်က ခုန်ဆင်းပြီး လာ
ဖြေပေးရင်တောင် အောင်မယ်မထင်ပါဘူး"

"အောင်တာ မအောင်တာက နောက်၊ ဖြေဖြစ်ဖို့က ကို
တာဝန်ပဲလေ ကိုကိုရဲ့၊ မကြိုးစားလို့ မရတာထက်စာ
ကြိုးစားရက်သားနဲ့ မရတာကပိုကောင်းပါတယ်၊ ကျေ
သားတိုင်း ဉာဏ်မကောင်းပါဘူး၊ ဒါပေမယ့် ကြိုး
ရင်တော့ အောင်နိုင်တာပါပဲ၊ ရှစ်တန်းနဲ့ ကိုးတန်းတု
ကလည်း ကိုကို အောင်ခဲ့သားပဲ ..."

"အဲဒါက နှင် စပေါ့ရိုက်ပြီး ကျက်ခိုင်းတဲ့စာ
တိုးသွားလို့ပါဟာ၊ စပေါ့ရိုက်ကျက်တာတောင် ငါ
အာပြဲအောင် ကျက်ယူရတယ်ဟ၊ ပြီးတော့ ငါ့အရွယ်
နဲ့ စာမေးပွဲ သွားဖြေရမှာလည်း ရှက်စရာကြီးပါဟ

"ဘာဖြစ်လဲ ... ပညာလို အိုသည်မရှိတဲ့"

"ဒါတော့ ဒါပေါ့ဟာ၊ ဒါပေမယ့် ကိုယ့်ထက် အများ
ငယ်တဲ့ ကိုယ့်ညီမနဲ့ အတန်းတူတူ စာမေးပွဲဖြေရမယ
တော့ စိတ်ထဲမှာ တစ်မျိုးတော့ တစ်မျိုးကြီးပဲ၊ နည်း
တော့ ရှက်တာပေါ့ဟ"

"ရှက်စရာမဟုတ်ပါဘူး၊ ဂုဏ်ယူစရာပါ၊ ဒီအရွယ်





ဖွဲ့မလျှော့တာကိုက လေးစားစရာ ကောင်းနေပြီ"

"နှင်ပဲ လေးစားနေ၊ သူများတွေကဖြင့် ငါ စာမေးပွဲ
ပြန်ဖြေမယ်ပြောတိုင်း ရယ်ချည်းနေတာ"

"အဲဒါတွေ ဂရုစိုက်မနေနဲ့၊ ညီမလေးစကားကိုပဲ မြေဝယ်
မကျနားထောင်၊ ညီမလေးကိုပဲဂရုစိုက်၊ တခြား ဘယ်သူ့
ကိုမှ ဂရုစိုက်မနေနဲ့"

"အေးပါ ... အေးပါ၊ ငါ့မှာလည်း ဂရုစိုက်စရာလူဆိုလို့
နှင်တစ်ယောက်ပဲ ရှိပါတယ်"

"ဟုတ်လို့လား ... ဒေါ်ကြီးစိုးတူမ ရွှေစင်ကိုလည်း နည်း
နည်းတော့ ဂရုစိုက်တယ် မဟုတ်ဘူးလား"

"မဟုတ်ရပါဘူးဟာ၊ ရိုးရိုးသားသား ခင်ရုံလောက်ပါ"

"ကိုကိုကသာ ခင်ရုံပါ၊ ဟိုကဖြင့် ခင်ရုံကမယ် မထင်ပါ
ဘူး"

"နှင် ငါ့ကို စာသင်မှာလား၊ အတင်းပြောမှာလား"

"စာသင်မှာပါ ... သင်မှာပါ၊ ကြုံလို့ပြောမိသွားတာပါ၊
ထိုင်တော်မူပါ တပည့်ကြီး"

မွေးက ထိုင်ခုံကို ကိုကို့ဘက် တွန်းပို့ပြီး ထိုင်ခိုင်း
လိုက်တာမို့ ကိုကိုက ထိုင်ခုံကို လှမ်းဆွဲယူကာ ထိုင်လိုက်ရင်း ...

"နှင်ကများ ငါ့ကို တပည့်တွေ ဘာတွေပြောလို့၊ ဟင်း
ငါမွေးလို့ ဒီအရွယ်ရောက်လာတဲ့ သူကများ"

"ဘာပဲပြောပြော ခုချိန်မှာတော့ မွေးက ကိုကို့ဆရာမပဲလေ၊
ဆရာကို အာခံရင် အာခေါင်လှံစူးတတ်တယ် သိလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ပါ... ဆရာမကြီးရယ်၊ ကျွန်တော့်ကို ခွင့်လွှတ်ပေးပါ ခင်ဗျာ"

ကိုကိုက ခွေးစကားကို နားထောင်ကာ သူမသင်ချင်သော စာကို သင်ယူရလေသည်။ ညဘက် ခွေးက စာသင်ပေးပြီးသာနှင့် ကိုကိုနှင့် ခွေးတို့ စာအတူကျက်ကြသည်။

ခွေးက ခပ်တိုးတိုးဖြင့် ကျက်တတ်ပေမယ့် ကိုကိုကတော့ အာပြဲနှင့် အော်ကျက်လေ့ရှိပါသည်။ ခွေးနဲ့ ကိုကိုဟာ အိမ်ရဲ့ တစ်ဖက်ထောင့်စီမှာ ခပ်ခွာခွာ နေရာယူကာ တစ်ယောက်ကိုတစ်ယောက် ကျောခိုင်းပြီး စာကျက်ရသည်။ ကိုကိုက ကြမ်းပြင်ပေါ်မှာ တင်ပျဉ်ခွေထိုင်ကာ ဘုန်းကြီးကျောင်းသား စာအံသလို ရှေ့နောက် ယိမ်းထိုးပြီး စာတွေကို ပလုံးပထွေး ဝရောဝရော တရဟော အော်ဟစ်ရွတ်ဖတ်နေတာမို့ ခွေးက ကိုကို့ကို မကြာခဏ လှည့်ကြည့်ရင်း ကျိတ်ရယ်ရသည်။

"ခွေး... နင် ခုန ရယ်လိုက်သလား"

ကိုကိုက စာကျက်တာကို ရပ်ပြီး နောက်လှည့်ကြည့်ကာ လှမ်းမေးတာမို့ ခွေးက ရယ်ချင်စိတ်ကို ထိန်းကာ လက်ခါပြရင်း...

"မရယ်ဘူး... မရယ်ဘူး၊ ခွေးဘာသာ စာကျက်နေတာ၊ ကိုကို နားကြားမှားတာနေမယ်"

ကိုကိုက တစ်ဖက်သို့ ပြန်လှည့်သွားကာ စာဆက်ကျက်နေသည်။ ထို့နောက် တင်ပျဉ်ခွေထိုင်ကာ ခြေဖျားနှစ်ဖက်ကို လက်နှင့်ပြန်ဆုပ်ကိုင်ရင်း ရှေ့နောက် ယိမ်းယိုင်နေပြန်သည်။





ခွေးသည် စာတိုးတိုးကျက်ရင်း ကျယ်သထက်ကျယ်လာသော ကိုကို့အသံကြောင့် ကြာတော့ အနှောင့်အယှက်ဖြစ်ကာ စာကျက်မရဖြစ်လာသည်။

"ကိုကို... တိုးတိုးကျက်လို့ မရဘူးလား"

ကိုကိုက ခွေးပြောတာ မကြားဘဲ ပလုံးပထွေး အော်နေဆဲ။ ခွေးက ကိုကို့နား ထသွားကာ ကိုကို့နားကပ်၍ အော်လိုက်ရပါသည်။

"ကိုကို..."

"ဟာ... လန့်လိုက်တာ မိခွေးရာ၊ ဒီမှာ စာကျက်နေတဲ့ဟာကို ဘာလို့ အနားကပ် လာပြီးအော်ရတာလဲ"

"အနားကပ် မအော်တော့ ကိုကိုမှ မကြားတာ"

"အေးဟာ... ငါ့အသံနဲ့ငါ လုံးထွေးပြီး ဘာမှမကြားဘူး ဖြစ်နေတာ..."

"တိုးတိုးကျက်ပါ ကိုကိုရဲ့၊ ကိုကိုက အသံကြီးနဲ့ စွပ်စွပ်အော်နေတော့ ခွေး စာကျက်လို့မရတော့ဘူး"

"ခက်တာပဲဟာ၊ ငါကလည်း အော်ကျက်မှရတာဟ"

ကိုကိုက ခေါင်းကုတ်ရင်း ကြံရာမရသလို ပြောတာမို့ ခွေးက ကိုကို့ကို မျက်စောင်းထိုးသလို စွေဆောသောကြည့်ရင်း...

"ပြောတော့ဖြင့် ဒီအရွယ်ကြီးကျမှ စာမေးပွဲ ပြန်ဖြေရတာ ရှက်တယ်တဲ့၊ အာပြဲနဲ့စာအော်ကျက်တာကျတော့ မရှက်



www.burmeseclassic.com

www.burmeseclassic.com



ဘူး၊ အသံက ခုနစ်အိမ် ရှစ်အိမ်ကြားတောင် မကဘူး၊ ဆယ့်ခုနစ်အိမ်ကြား ဆယ့်ရှစ်အိမ်ကြား ဖြစ်နေပြီ”

“အေးဟာ … ဟုတ်ပါတယ်၊ ငါ့စာကျက်သံက နှင့်အတွက်လည်း အနှောင့်အယှက်ဖြစ်တယ်၊ ငါမကျက်တော့ဘူးနော် ညီမလေး၊ နှင်ပဲကျက်တော့၊ ငါ နှင်စာကျက်ရင်း စားဖို့ လက်ဖက်သွားသုပ်လိုက်ဦးမယ်”

ကိုကိုက ထိုင်ရာမှ ထမည့်ဟန်ပြင်တာမို့ ကိုကို့အားမှာရပ်နေသော ဇွေးက ကိုကို့ပခုံးကို ပြန်ဖိချထားလိုက်ရင်း …

“စာမကျက်လို့တော့ဘယ်ဖြစ်မလဲ တပည့်ကြီးရဲ့၊ မကျက်ချင်တာနဲ့ အတော်ပဲဖြစ်သွားလို့တော့ မရဘူးလေ၊ ဒီမှာပဲ ဖင်မြဲမြဲထိုင်ပြီး စာကျက်၊ ဇွေး အိမ်နောက်ဘက်မှာ သွားကျက်လိုက်မယ်”

“ငါနောက်ဘက်သွားမယ်၊ နှင် အိမ်ရှေ့မှာ ကျက်၊ တော်ကြာ ဒေါ်ကြီးစိုးလာရင် နှင်ပဲ အိမ်တံခါးဖွင့်ပေးလိုက်တော့”

ဒေါ်ကြီးစိုးက ညဆို ဇွေးနဲ့အတူ လာအိပ်ပေးလေ့ရှိပါသည်။

ကိုကိုက သူ့စာအုပ်ကလေးတွေကို ယူပြီး နောက်ဘက်သို့ ထွက်သွားသည်။ ခဏနေတော့ လက်ဖက်သုပ်ပန်းကန်လေး ယူလာကာ ဇွေးရှေ့မှာ ချပေးလိုက်ရင်း …

“အိပ်ချင်ပြေအောင် စားလိုက်ဦး”





“ကိုကိုလည်း စားလေ”

“စားပါတယ်၊ ငါစားဖို့ သပ်သပ်ခွဲယူထားပြီးပြီ”

“ကိုကို အိပ်ချင်ပြီလား”

“မအိပ်ချင်သေးပါဘူး”

“အိပ်ချင်လည်း မအိပ်ရသေးဘူးနော်၊ စာက ဘယ်နှစ်ပုဒ်မှဖြင့် မကျက်ရသေးဘူး”

“အေးပါ …”

“စာဘယ်နှစ်ပုဒ် ရပြီလဲ”

“တစ်ပုဒ်ရဲ့ တစ်ဝက်”

“ဟင် … ဒါလေးပဲလား၊ ဇွေးဖြင့် လေးငါးပုဒ် ရနေပြီ”

“နှင်က ဉာဏ်ကောင်းတာကိုး၊ ငါက ထုံပါတယ်ဆိုမှ”

“ထုံလည်း ထပ်ခါ ထပ်ခါ ကျက်ရင် မှတ်မိမှာပေါ့”

“အေးပါ … ငါ စာသွားကျက်လိုက်ဦးမယ်၊ နှင့်လိုမျိုး အသံတိုးတိုးလေးကျက်နိုင်အောင် ကျင့်ကြည့်ဦးမယ်၊ ငါ့အသံ လူကြားတာ ငါတောင်ရှက်လာပြီ၊ နောက်ဘက်က ခြင်ကိုက်လို့ ငါ့အခန်းထဲမှာပဲ သွားကျက်မယ်နော် မိဇွေး”

“အင်း … အင်း … စာရရင် ဇွေးကို လာပြော၊ ဇွေး ကြည့်ပေးမယ်”

ကိုကိုက သူ့အခန်းဘက်သို့ လျှောက်ဝင်သွားသည်။ မကြာခင် ကိုကို့စာကျက်သံက ပြတ်တောင်းပြတ်တောင်းဖြစ်သွားကာ နောက်တော့ လုံးဝ အသံတိတ်သွားသည်။ ကိုကို တိုးတိုးလေး စာကျက်တတ်သွားပြီ ထင်ပါရဲ့ဟု ဇွေးကာ



www.burmeseclassic.com

www.burmeseclassic.com



နွေ စိတ်အေးသွားသည်။ သို့သော် တိတ်ချက်သားကောင်းလွန်းတာကာ ဆောက်စရာမို့ ဆွေးက ခြေဖွနင်းကာ ကိုကို့အခန်းဘက်သို့ လျှောက်လာခဲ့သည်။

ဟော ... တွေ့ရပါပြီ။ ဂုဏ်ထူးဆောင် ကျောင်းသားကြီးကို။ ကိုကိုက စာအုပ်လေးဘေးချကာ ကွေးကွေးလေး အိပ်ပျော်နေခဲ့တာပင်။

ဆွေးသည် ခါးထောက်ရပ်လျက် ကိုကို့ကို ငုံ့ကြည့်ရင်း ...

"သြော် ... လက်စသတ်တော့ တပည့်ကြီးက စာတိုးတိုးကျက်မယ်ပြောပြီး ခိုးအိပ်နေတာကိုး၊ တွေ့မယ် ..."

ဟု ရေရွတ်ကာ ကိုကို့နားမှာ ဒူးထောက်ထိုင်လိုက်ရင်း အသံကုန် အော်ပစ်လိုက်သည်။

"ကိုကို: ..."

"အောင်မလေးဗျ"

ကိုကိုက ရုတ်တရက် ဝုန်းခနဲထထိုင်လိုက်ရင်း ပါးစပ်ထဲတွေ့ရာ ကပေါက်တိ ကပေါက်ချာ အဆက်အစပ်မရှိသော စာတွေကို မျက်လုံးမဖွင့်ဘဲ ပလုံးပထွေး အော်ဟစ်ရေရွတ်လိုက်တာမို့ ဆွေးက ကိုကို့ကိုကြည့်ရင်း ဗိုက်နှိပ်ရယ်ခဲ့ရသည်။

ရယ်ရလွန်းလို့ ဆွေးတောင်မှ အိပ်ချင်ပြေကာ လန်းဆန်းလာရပါတော့သည်။



"ညီမလေးရေ ... ငါသွားပြီနော်၊ ကျောင်းပိတ်ရက်ဆိုပြီး ငါမရှိတုန်း ဝတ္ထုတွေ ခိုးဖတ်မနေနဲ့ဦး ကြားလား"

"ဟုတ်ကဲ့ပါ ... ဖြောင့်ဖြောင့်သာသွားပါ"

"ဒေါ်ကြီးစိုး ဆွေးကို သေချာကြည့်ထားပေးဦးနော်"

"အေးပါဟဲ့ ... မိဆွေးက ကလေးမဟုတ်တော့ပါဘူး၊ ဒီလောက် မစိုးရိမ်စမ်းပါနဲ့"

"ဆွေး ... နေ့ခင်းကျ ကိုကို ထမင်းပြန်စားရင် ဆွေးကြိုက်တဲ့ ကြက်ဆီထမင်း ဝယ်လာမယ်၊ ထမင်းမချက်နဲ့တော့ သိလား"

"ဟုတ် ... ကိုကို၊ ဝါးတီးဆို လာထားပဲ"

"အမယ်လေးဟယ် ... မနက်တစ်ပိုင်းလေး အပြင်ထွက်တာများ မှာနေလိုက်တာ၊ တစ်လ ကိုးသီတင်း ခရီးထွက်မယ့်လူ ကျနေတာပဲ၊ နောက်ဆန်ငင်ပုံများတော့ ..."

ဒေါ်ကြီးစိုးက ထုံးစံအတိုင်း ခပ်ငေါ့ငေါ့ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုထိုက ဆွေးကို လက်ပြပြီး တက္ကဆီမောင်းဖို့ ထွက်သွားပါသည်။

ဒေါ်ကြီးစိုးက ကိုကိုကို လှမ်းမျှော်ကြည့်ကျန်ခဲ့ရင်း ...

"ရွှေသွေးခမျာလည်း ဆွေးကို ချစ်ရှာတယ်နော်၊ သူ့ဘဝကြီး တစ်ခုလုံး ဆွေးဆီမှာ မြှုပ်နှံထားသလိုပဲ၊ စားလည်း ဒီစိတ်၊ သွားလည်း ဒီစိတ်လို့တောင် ပြောလို့ရတယ်၊ သူ့အသက်ကဖြင့် မငယ်တော့ဘူး၊ ခုထိ ရည်းစားသနားလည်း မထားရှာဘူး၊ သူသာ ရည်းစားထားချင်ရင် သူ့ကို ကြိုက်ချင်တဲ့သူတွေများ ရပ်ကွက်ထဲမှာ ပုံလို့ပါပဲ"

"ဒေါ်ကြီးစိုး တူမလည်း ပါတယ်နော်"

"မိဆွေးနော် ... ရွှေစင်ကြားရင် နင့်ကို ထိပ်လာခေါက်လိမ့်မယ်"

ဒေါ်ကြီးစိုးက သဘောကောင်းသူမို့ ဆွေး နောက်တီးနောက်တောက် ပြောလည်း ဖွမယူပါ။ ဆွေးက ဒေါ်ကြီးစိုးကို အကူအညီတောင်းဖို့ သတိရကာ ...

"ဒေါ်ကြီးစိုး ... ဆွေး အလုပ်လုပ်ချင်တယ်"

"ကျောင်းတစ်ဖက်နဲ့ကို ညည်းက ဘာလုပ်မှာလဲ"

"ကျောင်းတစ်ဖက်နဲ့ လုပ်လို့ရတဲ့ အချိန်ပိုင်းအလုပ်မျိုး လုပ်ချင်တာပေါ့၊ ကိုကို တစ်ယောက်တည်း အလုပ်လုပ်နေရတာ ဆွေးကျောင်းစရိတ်နဲ့ ဒီခေတ် စားစရိတ်နဲ့ မလွယ်ဘူး ဒေါ်ကြီးစိုးရဲ့"





"အေး ... ဒါတော့ ဟုတ်ပါတယ်"

"ကိုကိုက သူ့အတွက်ဆို အရမ်း ချွေတာခြစ်ကုပ်ပြီး ဆွေးအတွက်ပဲ လိုလေသေးမရှိ ဖြည့်ပေးချင်နေတာ"

"ဟုတ်ပါ ... သူက ဆွေးအတွက်ကလွဲရင် သူ့ဝမ်းတောင် သူ သတိချင်တာမဟုတ်ဘူး၊ ပြီးတော့ သူက ညည်း ဆယ်တန်းအောင်ရင်လည်း တက္ကသိုလ်ထားဖြစ်အောင် ထားဦးမှာတဲ့"

"ဟုတ်တယ် ဒေါ်ကြီးစိုးရယ်၊ ကိုကိုက ဆွေးနဲ့ ပတ်သက်လာရင် လောဘကြီးလွန်းတယ်"

"ဒေါ်ကြီးစိုး သတိရပြီ ဆွေး၊ တို့ လမ်းထိပ် စာအုပ်အငှားဆိုင်မှာ လူလိုတယ်လို့ ပြောသံကြားထားတယ်၊ ညနေ ၆ နာရီကနေ ည ၉ နာရီအထိ ထိုင်ရုံပဲတဲ့"

"ဟာ ... အဲ့ဒါဆို ကောင်းသားပဲ၊ ဆွေးလုပ်နိုင်တယ်လေ၊ ဒေါ်ကြီးစိုးပဲ ပြောပေးပါနော်"

"ဒေါ်ကြီးစိုး ပြောပေးတာက အပမ်းမကြီးပါဘူး၊ ညည်း အစ်ကိုက ခွင့်ပြုပါ့မလား၊ ညည်းသာ ညည်း အစ်ကိုကို ရအောင်ပြောဦးလေ"

"ဆွေး တဂျီဂျီပြောရင် ကိုကို လက်မခံဘဲမနေနိုင်ပါဘူး"

ဆွေးက အလုပ်လုပ်ရတော့မှာမို့ တက်ကြွနေသည်။ နေ့လည်ခင်းကျတော့ ကိုကိုက ခဏပဲ အိမ်ပြန်လာ ထမင်းစားတာမို့ ဘာမှမပြောဖြစ်လိုက်။ ညနေ ကိုကို အလုပ်သိမ်းလာပြီး ညမိုးချုပ် ထမင်းစားသောက်ပြီးတော့မှ စကားစရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုကို ..."

"ဟာ ..."

"ဓွေး အလုပ်လုပ်ချင်လို့ ..."

ကိုကိုက လက်ဖက်တစ်ဇွန်း ခပ်စားရင်းက ရှေ့
လှည့်ကြည့်ရင်း ...

"ဘာအလုပ်ကိုပြောတာလဲ၊ ရှင်းအောင်ပြောလေဟာ"

"လမ်းထိပ်က စာအုပ်ငှားဆိုင်မှာ လူလိုလို့တဲ့ ကိုကို
ညနေပိုင်းလေးပဲ ထိုင်ပေးရုံနဲ့ လခရမှာ"

"ကြက်ကြီးစည်ရာ မိစ္ဆေးရာ၊ အဲဒီလိုအလုပ်မျိုးကို နင်သွား
လုပ်စရာလား၊ ငါတစ်ယောက်လုံး အလုပ်လုပ်နေတာ
ပြီးတော့ နင်က ကျောင်းသူ၊ ကျောင်းသူဆိုတာ စာ
စားဖို့ပဲ လိုတယ်"

ကိုကိုက ခပ်ဆတ်ဆတ်ပြောလိုက်တာမို့ ဓွေး
ရှုံ့မဲ့သွားရင်း ...

"ကိုကိုကလည်း ..."

"ဘာ ကိုကိုကလည်းလဲ ...၊ နင့်ကို စာအုပ်ဆိုင်
ခိုင်းလိုက်ရင် အဲ့ဒီစာအုပ်ဆိုင်နားမှာ ယင်ကောင်
အုံလာမယ်"

"ဓွေးက အညီမှမဟုတ်တာ"

"ငါက ဥပမာပြောတာ၊ ဒီခေတ် ယောကျ်ားလေး
အကြောင်း ငါအသိဆုံးပဲ၊ ဒီရပ်ကွက်က ကောင်မှာ
လည်း တစ်ကောင်မှ နင်နဲ့မတန်ဘူး၊ ငါတစ်ယော





ရှေ့က မားမားရပ်နေလို့သာ နင့်ကို လာအရောမဝင်ရဲ
တာ၊ ဒါတောင်မှ ဝေးဝေးကနေ မျက်စိမှိတ်ပြချင်တဲ့
သူနဲ့ ...၊ အိမ်ရှေ့ကနေ လျှောက်ပြန်သံပေး လုပ်ချင်တဲ့
သူနဲ့ ...၊ ဒီလိုလူတွေရှိတဲ့ ရပ်ကွက်က စာအုပ်အငှားဆိုင်
မှာ နင် ထိုင်လို့ကတော့ စာအုပ်ဆိုင်ဝိုင်းရှုပ်ပြီး စီးပွားတက်
သွားမှာ သေချာတယ်"

"ဘာလို့လဲ ..."

"စာအုပ်အပ်ရင်း စာအုပ်ကြားထဲ ရည်းစားစာ ညှပ်ပေး
ချင်တာနဲ့ပဲ စာအုပ်လာငှားမယ့်သူက နည်းမှမနည်းတာ"

"ကိုကို သက်သက် အစိုးရိမ်ပိုနေတာပါ၊ ဒီလောက်တော့
လည်း ဆိုးမယ်မထင်ပါဘူး၊ ဓွေးအလုပ်လုပ်ချင်လို့ပါဆို
ကိုကိုကလည်း ..."

"အလုပ်လုပ်တော့ စာကျက်ချိန် လျော့သွားမှာပေါ့"

"မလျော့ပါဘူး၊ ဆိုင်ထိုင်ရင်း စာကြည့်နေလည်း ဖြစ်
တာပဲ၊ ပြီးတော့ ခဏလေးပဲ ထိုင်ရတာ ..."

"ဘာပဲဖြစ်ဖြစ် မလုပ်ရပါဘူး"

"လုပ်မှာပဲ ..."

"မလုပ်နဲ့လို့ ငါပြောတယ်နော်"

"ဓွေး လုပ်မှာပဲ၊ လုပ်မှာပဲ"

"ဟာ ... မနိုင်စိန် ဖြစ်လာပြန်ပြီလား"

"ဟုတ်တယ်၊ ဓွေးက ငယ်ငယ်လေးကတည်းက ကိုကို
မနိုင်တဲ့ မနိုင်စိန်၊ ခုလည်း မနိုင်စိန်ပဲ၊ ဓွေးလုပ်ချင်တာဆို



www.burmeseclassic.com

www.burmeseclassic.com



ကိုကို တားလို့ရဖူးလို့လား၊ ဓွေး ခွင့်တောင်းတာကို ကိုကို ကောင်းကောင်းမွန်မွန် ခွင့်မပြုရင် ဓွေး ရည်းစားတွေ လျှောက်ထားပစ်မယ်”

“ဘာ … ဘာ … ဘာ … မိဓွေး နင် ဘာစကားပြောတာလဲ၊ ဒါ နင်ပြောရမယ့် စကားလား”

“အလုပ်လုပ်ခွင့် ပြုရင်တော့ ရည်းစားမထားဘဲ နေ ပေါ့”

“မိဓွေး … နင် …”

ဓွေးက ကိုကို့ကို အမျိုးမျိုး ခြိမ်းခြောက်နေတာ နောက်ဆုံးမှာ ကိုကိုက မကြည်သောစိတ်၊ မရွှင်သော မျက် ဖြင့် ခေါင်းညိတ်ခွင့်ပြုလိုက်ရပါသည်။

ဓွေး စာအုပ်ဆိုင်မှာ အလုပ်ဝင်ပြီး မကြာခင်မှာပင် ကို ပြောခဲ့သလို စာအုပ်ဆိုင်ပိုင်ရှင်က စီးပွားဖြစ်၍လာလေ သည်။

ညနေဆို စာအုပ်ဆိုင်ကလေးမှာ လူအုံနေပြီ။ ထပ် လာသော ဖောက်သည်များဟာ ယောကျ်ားလေးများသာ သည်။ သူတို့တွေရဲ့ စာအုပ်ရွေးချိန်ဟာ ပုံမှန်ထက်ပိုကြာ၏။ က်လုံးက ဓွေးဆီမှာချည်းဖြစ်၏။ ဓွေးက ခပ်တည်တည် မှန်မှန် ဆက်ဆံတတ်တာမို့ ဓွေးကို ဘာမှတော့ မပြောရဲ။ သော် လာလာအပ်သည့် စာအုပ်များကြားမှာတော့ ပန်းရောင် အိတ်ကလေးတွေ မကြာခဏ ပါလာတတ်လေသည်။

စာတွေပါတိုင်း ဓွေးက ဆွဲဆုပ်ကာ အမှိုက်ပုံးထဲ သွားသွားပစ်ရပါသည်။ စာအုပ်ဆိုင်ပိုင်ရှင် အန်တီချိုကတော့ ကို သဘောကျမဆုံး ဖြစ်နေကာ …

“ဓွေးရေ … အန်တီချိုတော့ ဒီတစ်ခါ စာအုပ်တွေ သွား ဝယ်ရင် ဈေးကြီးလို့ အရင်ကမဝယ်နိုင်တဲ့ စာအုပ်တွေ





www.burmeseclassic.com

www.burmeseclassic.com



ဝါ ဝယ်လာတော့မယ်၊ မွေးရောက်လာမှ ဆိုင်လေး
ပိုအဆင်ပြေလာတယ်ကွယ်၊ မွေးနဲ့ အန်တီနဲ့က ကံ
တယ်ထင်တယ်"

ဟု တဖွဖွပြောကာ လကုန်၍ လခပေးသော
ဘောက်ဆူးငွေ ပိုပိုသာသာလေး ထည့်ပေးတာမို့ မွေး ဝမ်း
ရသည်။ မွေး ရတဲ့ လခဟာ သိပ်မများပေမယ့် မွေးအတွက်
ကျောင်းစရိတ်တော့ ခုမိကာမိသည်။ ဘောက်ဆူးပိုက်ဆံ
မွေးက ကိုကို့အတွက် ပုဆိုးလေးတစ်ထည် ဝယ်လာပေး
သည်။

မွေးက ကိုကို့အတွက် ပုဆိုးထုပ်လေး လှမ်း
ကာ ...

"ရော့ ... ကိုကို့ဖို့ မွေး ကန်တော့တာ ..."

ဟု ပြောတော့ ကိုကိုက ပြုံးစိစိဖြစ်သွားကာ ...

"ရော့ ... နှင့်ဖို့ ငါ ဆုချတာ ..."

ဟုပြောပြီး နောက်ကွယ်မှာ ဖွက်ထားသော
ကို ရှေ့ထုတ်ကာ အထုပ်တစ်ထုပ် လှမ်းပေးလိုက်သည်။

"ဘာထုပ်လဲဟင် ... ကိုကို"

"သိချင်ရင် ဖွင့်ကြည့်ပေါ့ဟာ ..."

မွေးက အထုပ်ကလေးကို ဖွင့်ကြည့်မိတော့ အ
ချုပ်ပြီးသား ကျောင်းစိမ်းလုံချည်လေး တစ်ထည်ကို တွေ့
မွေးက မျက်ရည်လေးလည်ကာ ...





"ဒါ ကိုကို ကိုယ်တိုင်ဝယ်ပြီး ကိုယ့်ဘာသာ စက်ဆိုင်
မှာ အပ်ခဲ့တာလား"

"အေးပေါ့ ... အသင့်ချုပ်ပြီးသားဆိုတော့ ခပ်မြန်မြန်လေး
ဝတ်လို့ရတာပေါ့၊ နှင့်မှာက ကျောင်းစိမ်းလုံချည် အနွမ်း
ကလေးတွေပဲ ရှိတာလေ"

မွေးက ကိုကို့ကို ပြုံးစိုက်ကြည့်လိုက်ရင်း ...

"ကိုကိုက တအားချစ်ဖို့ကောင်းတာပဲ"

မွေးအပြောကြောင့် ကိုကိုက ရှက်သလိုလို အမူ
အရာနှင့် သူ့ခေါင်းသူ ပြန်ပွတ်လိုက်ရင်း ...

"အဲ့ဒါ နှင့်ကို ငါဆုချတာနော် မိမွေး"

"ဘာအတွက် ဆုချတာလဲ ..."

"နှင့်အလုပ်လုပ်တာ ဂုဏ်ရှိရလို့ပေါ့၊ စာအုပ်ဆိုင်ကို
လာတဲ့ ကောင်လေးတွေရှေ့မှာ နှင်က တည်တည်တံ့တံ့
လေးနေတယ်၊ ရှည်းစားသန်းကီစွလည်း ဓာတ်ရှပ်မလာ
ဘူးဆိုတော့ ငါနည်းနည်း စိတ်အေးရတာပေါ့ ..."

"မဟုတ်မှလွဲရော ကိုကို မွေးထိုင်တဲ့ဆိုင်ရှေ့မှာ လာလာ
ချောင်းကြည့်ခဲ့ပုံ ရတယ်"

"အဟဲ ..."

"ကိုကို တစ်ယောက်ကတော့လေ အပင်ပန်းလည်း ခံနိုင်
ပါ့"

မွေးသည် ကိုကို့ အပင်ပန်းခံနိုင်ပုံကို တကယ်



www.burmeseclassic.com

www.burmeseclassic.com



ညချရလေသည်။ ကိုကိုက ဖွေး ဆိုင်သွားတိုင်း လိုက်ပို့ အပြန်မှာ လာကြိုရုံနဲ့ အားမရဘဲ ဆိုင်ရှေ့မှာ ရစ်သီရစ်သီ လာလုပ်နေတတ်နေတာမို့ အန်တီချိုကပင် သတိထားမိလာကာ

"ဖွေးရေ… ဖွေးအစ်ကိုကို ဖွေးနဲ့ တစ်တွဲတည်း အလု ဝင်ခိုင်းလိုက်ရင် ကောင်းမယ်ထင်တယ်၊ နို့မို့ မထူးတော့ ဘူးလေ၊ သူလည်း ဒီဆိုင်နားမှာပဲ အချိန်ကုန်နေတာ ဥစ္စာ၊ စာအုပ်ဆိုင်နဲ့ တွဲရက် ဗီဒီယိုခွေဆိုင်လေး ဖွင့်ပြီ သူ့ကိုပါ ထိုင်ခိုင်းလိုက်ရင် ဘယ့်နှယ်လဲ"

"မလုပ်ပါနဲ့ အန်တီချိုရယ်၊ အဲဒါဆို သူက သူ့အလု တင် မကဘူး၊ ဖွေးအလုပ်ကိုပါ လာလုပ်မှာ၊ တော်ကြ ဖွေးမှာ လုပ်စရာအလုပ်မရှိဘဲ နေပါဦးမယ်"

ဖွေးသည် ကိုကို့ကို မလာပါနဲ့ပြောလည်း ပြော မရချေ။

တစ်နေ့မှာတော့ ပြဿနာတက်ဖို့ အကြောင်း လာလေသည်။

ထိုနေ့က ဖွေး စာအုပ်ဆိုင် ထိုင်နေတုန်းမှာ ကွက်ထဲမှာ အချမ်းသာဆုံးဟု ပြောလို့ရသော ကုန်စုံဆိုင် ပိုင် ရဲ့ သားက ဆိုင်ထဲဝင်လာကာ စာအုပ်ရွေးသလိုနှင့် ဖွေး ရှိသဲ့သဲ့စကားတွေ မကြားတကြား ပြောနေလေသည်။ ထိုအ မှာ ကိုကိုကလည်း ဆိုင်နားမှာ ရစ်သီ ရစ်သီရှိနေတာမို့ ဖွေး ရင်တထိတ်ထိတ် ခုန်လာရပါသည်။ ရည်းစားစာအပေးခံရ ရည်းစားစကား အပြောခံရတာတွေဟာ ဖွေးအတွက် ရိုးနေ





ဥပေက္ခာပြုထားလိုက်လို့ရပေမယ့် ကိုကို ရိပ်မိသွားရင် ပြဿနာ ကြီးထွားလာနိုင်ပါသည်။

ဖွေးက စိုးထိတ်သည့်စိတ်ဖြင့် ထိုတစ်ယောက်ကို ခပ်တည်တည်ကြည့်ရင်း …

"ရှင် ပြန်ရင်ကောင်းမယ်၊ အပြင်မှာ ကျွန်မ အစ်ကိုရှိ တယ်၊ ရှင် ပြဿနာတက်သွားလိမ့်မယ်"

ဟု ပြောတော့ ထိုသူက မခိုးခန့်ရယ်ရင်း …

"သူက မင်းအစ်ကိုရင်းမို့လို့လား"

"ဘာ …၊ နင် မမိုက်ရိုင်းနဲ့ …"

"မှန်တာပြောတာပဲဟာ၊ မင်းနဲ့ သူနဲ့ ဘာမှမတော်မှန်း ကိုယ်သိတယ်လေ"

"ဟဲ့… နင့်ပါးစပ်ကို ပိတ်ထား၊ တစ်ဗိုက်ထဲက မွေးလာမှ မောင်နှမ မဟုတ်ဘူးဟဲ့၊ တစ်ဗိုက်စီမွေးပြီး မောင်နှမ လို မေတ္တာနဲ့ ချစ်နေကြတဲ့ သူတွေမှ အများကြီး …"

"မောင်နှမလို မေတ္တာတဲ့လား … အဟား … ဘယ်လိုမျိုး ပါလိမ့်၊ နှမ ရည်းစားမထားရေး … တို့အရေးဆိုတဲ့ တစ်ကိုယ်တော် မေတ္တာမျိုးကြီးလား၊ ပိုလွန်းတယ်"

"နင် ထွက်သွားစမ်း …"

"ဆိုင်ကို လာအားပေးတဲ့သူကို ဒီလိုနှင်ထုတ်ရင် မင်းပဲ အလုပ်ပြုတ်မှာနော်"

"တောက် …"

ဖွေးသည် အပြင်ဘက်ကိုလည်း လှမ်းလှမ်းကြည့်



www.burmeseclassic.com

www.burmeseclassic.com



ရဟာ ဒေါသကို မျိုချနေရသည်။ ထိုအခိုက်မှာပဲ ကိုကိုက ဆိုင်ထဲသို့ဝင်လာခဲ့ကာ …

"ဟေ့ကောင် … မင်း ထွက်သွားစမ်း"

"ဟ … ဘာလို့ထွက်ရမှာလဲ၊ ကျုပ်ဘာသာ စာအုပ်ရွေးနေတာ"

"မင်း ဘာအချိုးချိုးနေတယ်ဆိုတာ ငါသိတယ် ဟေ့ကောင်"

"လူပျိုပဲဗျာ၊ လူပျိုအချိုး ချိုးတာပေါ့၊ လူပျိုက အပျိုကို ပိုးတာ အဆန်းလား၊ ခင်ဗျားလို မွေးစားနှမကို အကဲပိုနေတာကမှ အဆန်း"

"ဟေ့ကောင် … မင်း"

"ခွပ် …"

ကိုကိုက ထိုတစ်ယောက်ရဲ့ မျက်နှာကို လက်သီးဖြင့် ဆွဲထိုးလိုက်တာမို့ ဆိုင်ထဲမှာ ရုန်းရုန်းဆန်ခတ် ဖြစ်သွားလေသည်။

"ဟဲ့ … ဟဲ့ … ဘာဖြစ်ကြတာလဲ၊ တော်ကြစမ်းပါဟဲ့ …"

အပြန်အလှန် လုံးထွေးထိုးကျိတ်နေကြတာမို့ ဆိုင်ရှင် အန်တီချိုက ပြေးထွက်လာကာ မနိုင်မနင်းဆွဲလွဲဖက်ချုပ်ထားဆီးနေရလေသည်။ ခဏကြာမှာ လူချင်းကွဲသွားကာ စာအုပ်ငှားသူက ထွက်သွားပြီး ကိုကိုကတော့ မွေးလက်ကိုလှမ်းဆွဲကာ

"လာ … ညီမလေး ပြန်ကြမယ်"

"အာ … ပြန်လို့မဖြစ်သေးဘူးလေ၊ ဒီမှာအလုပ်မပြီးသေး





ဘူး ကိုကိုရဲ့၊ အလုပ်ပြုတ်သွားလိမ့်မယ်"

"ပြုတ် … ပြုတ်ကွာ"

"ကိုကို ပြုတ်စေချင်ပေမယ့် မွေးက အလုပ်ပြုတ်မခံနိုင်သေးဘူး"

"ကဲ … ကဲ … ပြန်လိုက်သွားပါတော့ မွေးရယ်၊ အန်တီချိုပဲ ဆက်ထိုင်လိုက်ပါတော့မယ်"

"မွေး … မနက်ဖြန် အလုပ်လာဆင်းမှာနော် အန်တီချို"

"အေးပါ … အေးပါ"

မွေးသည် ကိုကို့ကိုလည်း သနား၊ စိတ်လည်းရှုပ်၊ ကိုလူ့ကိုလည်း ဒေါသတွေထွက်၊ အန်တီချို့ကိုလည်း အားနာ၊ အလုပ်ပြုတ်မှာလည်း စိုးရိမ် … စသော စသော ခံစားချက်များဖြင့် ကိုကိုနှင့်အတူ ပြန်လိုက်လာခဲ့ရပါသည်။

ထိုညက ကိုကို့မျက်နှာဟာ ကြေကွဲညှိုးရော်နေခဲ့သည်။ တစ်ချက်တစ်ချက်မှာ မွေးကိုကြည့်သော အကြည့်တွေမှာ သနားကြင်နာမှုတွေကို မွေး ခံစားရသည်။

ကိုကို သိပ်ချစ်တဲ့ မွေးဟာ ကိုကို့ ညီမလေးအရင်းအချာ မဟုတ်တဲ့အတွက် ကိုကို့စိတ်မှာ စိတ်မကောင်းဖြစ်ရတာတွေလည်း ရှိနိုင်သည်။ မွေးဘဝအပေါ် ကိုကို ကရုဏာသက်သလို မွေးကလည်း ကိုကို့ဘဝအတွက် ကရုဏာသက်ရမြဲပါပင်။ မွေးတို့တစ်တွေသည် အပြန်အလှန် သနားကြင်နာခြင်းများဖြင့် ခိုင်ခိုင်မြဲမြဲ ချစ်ခင်တွယ်တာမိကြတာ ဖြစ်သည်။

နောက်တစ်နေ့မှာ ကိုကိုက မွေးကို အလုပ်မသွား



www.burmeseclassic.com

www.burmeseclassic.com



ဖို့ ပြောသော်လည်း ရွှေးက ကျောင်းကပြန်ရောက်တာနဲ့ လွယ်အိတ်ကလေးချပြီး အန်တီချို့ဆိုင်သို့ သွားမိသည်။

ရွှေး ရောက်သွားတော့ အန်တီချိုက မျက်နှာမကောင်းလှဘဲ ...

"ရွှေးရယ် ... ပြောရမှာတော့ အားနာပါတယ်ဟယ်၊ ရွှေ နေရာမှာ တခြားတစ်ယောက်ကို ခန့်လိုက်ပြီ"

ရွှေးသည် စိတ်မာတ်ကျသွားကာ ...

"ရွှေးမှာ ဘာအပြစ်ရှိလို့လဲ အန်တီချိုရယ်"

"ရွှေးမှာတော့ အပြစ်မရှိပါဘူးကွယ်၊ ဒါပေမယ့် ရွှေ အစ်ကိုအကြောင်းလည်း ရွှေးသိသားပဲ၊ သူက ရွှေးကို စိတ်ချတာမဟုတ်ဘူးလေ၊ စိတ်မချတော့ စောင့်ကြည့်မယ်၊ စောင့်ကြည့်တော့ မနေ့က ကိစ္စလို အမြင်မတော်တဲ့ ကိစ္စတွေ တွေ့လာမယ်၊ အဲဒီတော့ မနေ့ကလိုပဲ ပြဿနာ တွေ ထတက်တော့ အန်တီချို့ဆိုင်လည်း မကောင်းဘူး ပေါ့ကွယ်"

ရွှေးသည် ဘာမှမတတ်နိုင်တော့တာမို့ အန်တီချို ပေးလိုက်သော နောက်ဆုံးလစာ ပိုက်ဆံလေးကို ဆုပ်ကာ ခေါင်းငိုက်စိုက်ဖြင့် အိမ်ပြန်လာသည်။

အိမ်ရှေ့မှာ ကားဘောနက်ကိုဖွင့်၍ ကလိနေသော ကိုကိုက ရွှေးကို လှမ်းကြည့်ကာ ...

"မိရွှေး ... ဘာဖြစ်လာတာလဲ၊ မျက်နှာမကောင်းပါလား"

ရွှေးက မျက်နှာကို ရှုပ်ပစ်လိုက်ရင်း ...





"မျက်နှာက ကောင်းနိုင်စရာမရှိဘူးလေ၊ အလုပ်ပြုတ်လာတာကိုး"

"ဟာ ... ကောင်းတာပေါ့"

"ဘာကောင်းတာလဲ၊ ဘာကောင်းတာလဲ၊ ရွှေး အလုပ်ပြုတ်တာ ကိုကို့ကြောင့်"

ရွှေးက ကိုကို့ ကျောကုန်းကို ပြေးထုရင်း ပြောလိုက်တာမို့ ကိုကိုက ကျောကော့ ရယ်မောရင်း ...

"အေးပါကွာ၊ ကိုကို့ကြောင့် အလုပ်ပြုတ်ရတဲ့အတွက် ကိုကို အလျော်ပြန်ပေးပါ့မယ်၊ စိတ်ညစ်မနေနဲ့၊ လာ ... ကားပေါ်တက်၊ ညီမလေး ကြည့်ချင်တဲ့ တိုက်လှလှလေးတွေ ရှိတဲ့နေရာကို ကိုကို လိုက်ပို့ပေးမယ်"

"တကယ်လား"

"တကယ်ပေါ့ဟ ..."

"ဒါဆို အိုကေ၊ သွားမယ်"

ရွှေးက ချက်ချင်း ရွှင်မြူးလာကာ ကားပေါ်တက်ထိုင်လိုက်တာမို့ ကိုကိုက ကားဘောနက်ကို ပြန်ပိတ်ပြီး ကားမောင်းထွက်လာခဲ့သည်။

ရွှေးက အိမ်လှလှကြီးတွေရှိသည့် အင်းယားလမ်း၊ တက္ကသိုလ်ရိပ်သာလမ်းနှင့် ရွှေတောင်ကြားဘက်ကို အရမ်းသဘောကျသည်။ ထိုလမ်းတွေက ဖြတ်တိုင်း အိမ်တွေကို လှမ်းကြည့်ရင်း စိတ်ကူးယဉ်တတ်ပြီး ကိုကိုနှင့်အတူ အပြင်သွားတိုင်း ထိုလမ်းတွေဘက်ကနေ ဖြတ်မောင်းခိုင်းမိမြဲပင်။



www.burmeseclassic.com

www.burmeseclassic.com



ချွေးသည် တိုက်အိမ်လှလှလေးကို တွေ့တာနှင့် ရှင်မြူးသွားကာ ...

"ကိုကို ... ဟိုမှာကြည့်စမ်း၊ ဟိုအိမ်လေး အရမ်းလှတာပဲ နော်၊ ကိုကိုနဲ့ ချွေးနဲ့ အဲ့ဒီအိမ်လေးမှာ အတူနေရရင် ကောင်းမှာပဲနော်"

ဟု လက်ညှိုးထိုးပြရင်း အသံကျယ်ကျယ်နှင့် အော်ပြောလိုက်သည်။ အိမ်ရှေ့က လူတချို့က လှမ်းကြည့်တော့မှ ချွေးက ခေါင်းကလေးပုဝပ်လိုက်မိသည်။

ရွှေသွေးကတော့ ချွေးပြသည့် အိမ်ကလေးကို လှမ်းကြည့်ကာ ပခုံးတွန့်လိုက်ရင်း ...

"အိမ်က လှပေမယ့် သေးသေးကွေးကွေး တစ်ထပ်တိုက်လေးပဲ၊ နင်မို့လို့ ဒီလောက်အိမ်လေးမှာ နေချင်တယ်၊ ကြိုက်ပါလား ... ကြီးကြီးမားမားကို"

"အိမ်အကြီးကြီးထဲမှာ ချွေးနဲ့ ကိုကိုနေရင် တစ်နေ့တစ်နေ့ ကိုကိုက ဘယ်ရောက်လို့ ရောက်မှန်းမသိ၊ အပေါ်ထပ်မှာလား၊ အောက်ထပ်မှာလား၊ ဘယ်အခန်းထဲမှာလဲ အော်ခေါ်လို့လည်း မကြား၊ လိုက်ရှာလို့လည်း မတွေ့၊ အဲဒီလိုမျိုးကြီး မနေချင်ပါဘူး၊ တစ်ထပ်အိမ် ခပ်သေးသေးမှာနေမှ တစ်နေ့တစ်နေ့ ချွေးနဲ့ ကိုကို မတွေ့ချင်လည်း တွေ့၊ တွေ့ချင်လည်းတွေ့၊ စိတ်ကောက်ရင်တောင် မျက်နှာချင်းမဆိုင်ဘဲနေလို့မရ၊ ဘယ်လောက်ကောင်းလဲ ..."

ရွှေသွေးသည် ချွေးရဲ့ ပြောပုံကလေးကို သတိ





လက်လွှတ် လှည့်ကြည့်နေမိတာမို့ ချွေးက ရှေ့ဘက်သို့ လက်ညှိုးထိုးပြလျက် အလန့်တကြား ထအော်လိုက်သည်။

"ကိုကို ... ရှေ့မှာ ရှေ့မှာ၊ ရှောင် ... ရှောင် ... ရှောင်"

ရွှေသွေးက ကားကို အလန့်တကြား လမ်းဘေးဆွဲချရပ်လိုက်မိတော့ ချွေးက တဟားဟားရယ်သည်။

"အလကား စ,တာ ..."

"ဒီကောင်မလေးတော့ လူကြီးကို လန့်အောင် ..."

ရွှေသွေးက ချွေး ပျော်နေတဲ့ပုံလေးကို ကြည့်ရင်း ပျော်ရွှင်လာသည်။

ချွေးဟာ အကောင်းကြိုက်မကလေး ...။

အိမ်ကောင်းကောင်း တွေ့လျှင် နေလို့မဆုံးတော့။ ကားကောင်းကောင်း မြင်လျှင်လည်း 'စီးလိုက်ရရင် ခိမ်ပဲ' ဟူသော စကားကို အထပ်ထပ်ပြောနေကျ။

ဖြစ်များဖြစ်နိုင်ရင် ချွေးကို ချမ်းသာပြည့်စုံသော ဘဝမျိုးမှာ ထားချင်သည်။ သို့သော် ... အဲ့ဒီလောက် ချမ်းသာအောင် စွမ်းဆောင်ဖို့တော့ ရွှေသွေးမှာ အစွမ်းအစမရှိပါချေ။ ကိုယ်တိုင်က နုံနုံထုံထုံမို့ တက္ကသိုလ်ကားတော်င်မှ စသော်မပေးဘဲ မောင်းခွင့်ရနေလို့သာ အဆင်ပြေနေရတာပင်။

"ကိုကို ... ကိုကို ..."

"ဟေ ... ပြော ... ပြော ..."

"ကိုကို ... ချွေးကို အဲ့ဒီအိမ်လေး ဝယ်ပေးမလား"

"အေး ... ဝယ်ပေးမယ်၊ နင်ကြိုက်တဲ့ လင်ခရူဆာကြီး



www.burmeseclassic.com

www.burmeseclassic.com



လည်း ဝယ်ပေးမယ်၊ ငါ့မှာ ပိုက်ဆံရှိတဲ့တစ်နေ့ကျ နင်လိုချင်တာ အားလုံး ဝယ်ပေးမယ်"

"ကိုကိုက ဘယ်တော့ ပိုက်ဆံရှိမှာလဲ"

"အခုကို ရှိနေတာ၊ ကားက တစ်ထောင်၊ တိုက်တ တစ်သောင်းဆို ရတယ်မဟုတ်လား၊ ရော့ ... ဒီမှာ သောင်းတစ်ထောင် ယူသွား၊ ချက်ချင်း သွားဝယ်"

"ဟွန့် ... ကိုကို့ ပိုက်ဆံက ဝက်သားတုတ်ထိုးတောင် ဝဝလင်လင် မစားလောက်ပါဘူး"

ဓွေးက မျက်နှာလေး ရှုံ့မဲ့ ပခုံးတွန့်ကာ တစ်ဖက် သို့ လှည့်သွားသည်။

"ဝက်သားတုတ်ထိုး စားမယ်ဆိုရင်တော့ ငါ ဝလင် အောင် ကျွေးနိုင်ပါတယ်ဟာ၊ နင်ကြိုက်တဲ့ ကားတွေ တိုက်တွေသာ ဝယ်မပေးနိုင်တာပါ"

"ဓွေးကလည်း ဓွေးမှာ ပူဆာစရာဆိုလို့ ဒီအစ်ကိုလေး တစ်ယောက်ပဲရှိလို့ တမင်သက်သက် လျှောက်လျှောက် ပြောနေတာပါ ကိုကိုရဲ့ ...၊ ဝယ်မပေးနိုင်လို့ဆိုပြီး စိတ် မကောင်း ဖြစ်မနေစမ်းပါနဲ့"

"စိတ်မကောင်းတော့ ဖြစ်တာပေါ့ဟ၊ ငါ့မှာလည်း ဝယ် ပေးရမယ့်သူဆိုလို့ နင်တစ်ယောက်ပဲရှိတော့ ဝယ်ပေး ချင်တာပေါ့"

"ကိုကို ..."

"ဟော ..."





"ဓွေး တစ်ခုတော့ ကြိုပြောထားမယ်နော်"

"ဘာတုန်းဟ ..."

"ဓွေး ဆယ်တန်းစာမေးပွဲ ဖြေပြီးရင်တော့ အလုပ်လုပ် မှာပဲ၊ အဲ့ဒါကိုတော့ ကိုကို ခွင့်ပြုပေးရမယ်"

"ဟာ ... ခွင့်မပြုနိုင်ပါဘူး၊ နင် စာမေးပွဲအောင်ရင် တက္ကသိုလ်ဆက်တက်ရမယ်"

"ဓွေး အဆေးသင်ပဲယူပြီး အလုပ်လုပ်မှာ"

"မလုပ်ရဘူး၊ အဆေးသင် တက်စရာမလိုဘူး၊ ဆေးပဲတက် ရမယ်၊ ဆေးတက္ကသိုလ်ဆိုတာ အဆေးသင်တက်လို့ ရတယ်လို့ ငါမကြားဖူးပါဘူး"

"အံမယ် ... အပိုင်ကြီးပါလား၊ ဓွေး ဆေးတက္ကသိုလ် ဝင်မယ်လို့ ကိုကို့ကို ဘယ်ဗေဒင်ဟောထားလဲ"

"နင်က တော်တာပဲဟာ၊ မဝင်ဘဲနေမလား"

"ဓွေး တော်တယ်ဆိုတာ သာမန်လောက်ပါ ကိုကိုရာ၊ တအားကြီး မတော်ပါဘူး၊အထင်တွေသိပ်မကြီးစမ်းပါနဲ့"

"တော်ပါတယ်၊ နင် ငယ်ငယ်တုန်းက အတန်းတိုင်းမှာ ဆုတွေရတယ်၊ တစ်နှစ်တစ်တန်းလည်း မှန်မှန်အောင် တယ်၊ ငါ့ကိုတောင် စာပြန်သင်ပေးနိုင်လို့ ငါတောင် နင်နဲ့အတန်းတူလာပြီ၊ ကဲ ... နင်မှမတော်ရင် ဘယ်သူက တော်ဦးမှာလဲ ... ပြော ..."

ကိုကို ဓွေးကို အထင်ကြီးလွန်းတာမို့ ဓွေးကရယ် လိုသာ နေမိလေသည်။ဓွေးသည် မည်သို့သော်လည်း ဆယ်တန်း



www.burmeseclassic.com

www.burmeseclassic.com



တို ရှုထောင့်များစွာဖြင့် အောင်လိမ့်မည်ဟု ချွေးကိုယ်ချွေး မထင်မိချေ။

ကိုကိုကတော့ နီချွေးချွေးဆိုတာ အမြဲတမ်း သူ့ဆက်တော်၊ သူ့ထက် ထက်မြက်ဝံ့ကြွားကာ အမြင့်တစ်နေရာမှာ ရှိနေရမည်ဟု အမြဲထာဝရ မျှော်လင့်နေခဲ့သူပင်တည်း။



♥ ♥ ♥

နွေဦးသို့ရောက်သောအခါ ချွေးတို့ စာမေးပွဲကြီး ...ဖို့ နီးကပ်လာလေသည်။ ကိုကိုရဲ့ အပြုံကြီးဖြင့် စာကျက် ...သည် ညသထက်ညလာ၏။ ကိုကိုက ရှေ့နောက် ယိမ်းထိုး ...က် အသံပြဲဖြင့် အော်နေချိန်တွင် ချွေးကလည်း နားနှစ်ဖက် ... လက်ညှိုးထိုးထည့်ကာ စာကျက်ရသည်။ အစတုန်းက ...းက အသံကျယ်ဖြင့် စာမကျက်တတ်သော်လည်း ကြာလာ ...တော့ ကိုကို့နှင့် အပြိုင်အသံကျယ်လာရသည်။

စာမေးပွဲသွားဖြေသည့် ရက်တွေမှာ ချွေးနှင့်အတူ ...ယ်အိတ်လွယ်၍ အိမ်ထဲမှ ထွက်လာသော ကိုကိုက သူ့ကိုယ် ... ငုံ့ကြည့်ရင်း ရှက်ကိုးရှက်ကန်း ဖြစ်နေသည်။

"အံမယ် ... ဟဲ့ ... ကျောင်းသားကြီးပါလား၊ ညီမနဲ့အတူ စာမေးပွဲ သွားဖြေဦးမယ်ပေါ့လေ ..."

ဒေါ်ကြီးစိုးက စ,တော့ ကိုကိုက ပို၍ရှက်သွားကာ ...ကနေ ခပ်သုတ်သုတ်ထွက်သွားနှင့်သည်။ ချွေးက မီအောင် ...က်လာကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ကိုကို အတူတူသွားမယ်လေ၊ မွှေးကို ဘာလို့မခေါ် တာလဲ ..."

"နှင်နဲ့အတူ စာမေးပွဲဖြေရမှာရှက်လို့ပေါ့၊ ဒီအရွယ်ကြီး ကျမှ နှင်အတင်းဖြေခိုင်းလို့သာ ဖြေရမှာ၊ အောင်မှာလည်း မဟုတ်ပါဘူး"

"ဖွ ... မဒိုးမချတ် မပြောစမ်းပါနဲ့၊ ဖြေတောင် မဖြေ သေးဘဲနဲ့"

ကိုကိုက ရှက်နေလျှင် မွှေးက ပြုံးစိစိနှင့် ကိုကို စချင်နေမိတတ်သည်။

ကိုကိုနှင့်အတူ ကျောင်းသွားရတာကို မွှေး ပျော် မိနေသည်။

မွှေးတို့ လမ်းထိပ် စိန်ပန်းပင်ကြီးအောက်က ဖြ သွားတိုင်း စိန်ပင်းပွင့်ကြွေတွေကို နင်းသွားရတာ၊ ခေါင်းပေါ် လွင့်ဝဲကျလာသည့် ပွင့်ဖတ်ကလေးတွေကို ခုန်ပေါက်လိုက်ဖ ရတာကို မွှေး ပျော်သည်။

မွှေးသည် လမ်းအတူလျှောက်လာရင်း ကိုကို့က ငဲ့ကြည့်မိသည်။ မွှေး အတင်းဝတ်ခိုင်းသဖြင့် ဝတ်လာရ ကိုကို့ ကျောင်းစိမ်းပုဆိုးလေးက ခပ်တိုတို၊ ရှပ်အကျီအ လက်တိုလေးက ခပ်ကြပ်ကြပ်၊ မွှေး ဖွတ်အတင်း ဆောင်း ထားသော လျှာထိုးဦးထုပ် ခပ်ကြပ်ကြပ်လေးကို ဆောင်း လွယ်အိတ်သေးသေး ကြိုးတိုတိုကလေးကို လွယ်ထားသေ





ကိုကို့ပုံကလေးက ရှိရင်းစွဲ အသက်ထက် ငယ်နေကာ ချစ်စရာ ရယ်စရာလေး ဖြစ်နေသည်။

"နှင့်ရုပ်က ပြုံးစိပြုံးစိနဲ့ ငါ့ကြည့်ပြီး ဘာဖြစ်နေတာလဲ မိမွှေး ..."

ကိုကိုက မွှေးအကြည့်ကို သတိထားမိပြီး လှမ်းမေး တာမို့ မွှေးက ခိခနဲရယ်ရင်း ...

"ဘာမှဖြစ်ပါဘူး ... ၊ ချောလို့ကြည့်တာ၊ မွှေး ကိုကိုက အချောအလှလေးမို့လို့ ..."

"နှင် ငါ့ကိုမလောင်နဲ့နော်၊ နှင်လုပ်တာနဲ့ ငါရွတ်လာတဲ့ စာတွေတောင် မေ့ကုန်တော့မယ်"

ကိုကိုက မွှေးကို မျက်စောင်းထိုးသလိုကြည့်ပြီး ပြန်လှည့်သွားကာ နှုတ်က ပတွတ်ပတွတ် ဆက်ရွတ်နေသည်။

ခဏနေတော့ ရွှေသွေးက စာရွတ်ရင်း မွှေးဘက် ပြန်လှည့်ကြည့်လာပါသည်။

မွှေးက လေမှာလွင့်ဝဲလာသော စိန်ပန်းပွင့်ဖတ်တို့ ခုန်ဖမ်းလိုက်တာမို့ မွှေးရဲ့ ဆံပင်လေးတွေက လေထဲမှာ လွင့်ဝဲသွားသည်။

ပခုံးကျော်ရဲ့ ဆံပင်ဖြောင့်ဖြောင့်လေးတွေကို ဝဲဝဲ သား ချထားသော မြည့်ဖြိုးသော မွှေးပုံစံက ကလေးမဟုတ် တော့တာကို သိသာနေစေသည်။ မွှေးအရုပ်ဟာ ဒီအရွယ်ကလေး ထဲ ငါးပေငါးလက်မလောက် ရှိနေပြီ။ ကျောင်းထားနောက်ကျ



www.burmeseclassic.com

www.burmeseclassic.com



တာမို့ ခုချိန်မှာ ချွေးအသက်က ၁၇ နှစ်နီးပါး ရှိနေခဲ့ပြီ။ ချွေးဟာ ဘယ်လောက်ပဲ ကလေးဆန်သေးတယ်ဆိုဆို ချွေးရဲ့ လှုပ်ရှားပြုမူပုံတိုင်းဟာ တင့်တယ်လှပနေခဲ့ပြီမို့ ချွေးအနားမှာ ရှားပိတုန်းတွေ ဝဲပျံနေခဲ့တာဖြစ်သည်။

"ကိုကိုရေ ... စာမေးပွဲဖြေချိန် နီးလာလေ ချွေးတော့ ကြောက်ဒူးတုန်လာလေပဲ သိလား ..."

"နင့်လို စာရတဲ့လူက တုန်နေရင် ငါဆို ဘယ်လိုလုပ် ရမလဲ၊ လူတစ်ကိုယ်လုံး ဓာတ်လိုက်သလို တွန့်တွန့်ရှ နေပြီ"

ရွှေသွေးက သူ့ခန္ဓာကိုယ်ကို တွန့်လိန်တွန့်လိမ် လုပ်ပြရင်း ပြန်ပြောတာမို့ ချွေးက ရယ်သည်။

အဲဒီနောက် ...

ချွေးက 'ကိုကို ဖြေနိုင်ပါစေ' ဟု ဆုတောင်းပြီ ကိုကိုက 'ချွေး ဖြေနိုင်ပါစေ' ဟု ဆုတောင်းကာ ကိုယ်စီဖြေ မည့် အခန်းတွေဆီ ထွက်ခွာသွားခဲ့ကြပါသည်။



BURMESE CLASSIC .com

♥ ♥ ♥

နွေရာသီ ကျောင်းပိတ်ရက်များကိုတော့ ချွေးသည် ပေါ့ပေါ့ပါးပါးလေးပဲ ဖြတ်သန်းလာရလေသည်။ ချွေးအလုပ် လုပ်မည်ဟု ပြောတိုင်း ကိုကိုက ...

"နင် ... အခု အလုပ်ဝင်လုပ်လည်း အောင်စာရင်းတွေ ထွက်ပြီးရင် ကျောင်းဆက်တက်ဖို့ အလုပ်ထွက်ရမှာပဲ ဟာ၊ မထူးဘူး၊ လုပ်မနေနဲ့ ..."

ဟု ပြောဆိုတားမြစ်ခဲ့တာမို့ ချွေးမှာ အင်္ဂလိပ် စကားပြော သင်တန်းတွေ တက်ရင်း အောင်စာရင်းထွက်မည့် အချိန်ကို ပျင်းပျင်းရိရိ စောင့်နေခဲ့ရသည်။

ဒီလိုနှင့် ...

အောင်စာရင်းထွက်သည့် နေ့သို့ ဆိုက်ရောက်လာ လေသည်။



www.burmeseclassic.com

www.burmeseclassic.com

"ကိုကို ... သွားကြည့် ..."

"နင် သွားကြည့် ..."

"ကိုကိုက လူကြီးပဲ၊ ကိုကို သွားကြည့်ပေါ့ ..."

"ငါ ... ငါ ကြောက်လို့ဟ ..."

"ကိုကို မအောင်မှာ ကြောက်နေတာလား"

"နင် ဂုဏ်ထူးမပါမှာကို ကြောက်တာဟ"

"ဖြစ်ရလေ ..."

ကိုကိုက တကယ်ပဲ ဆောက်တည်ရာမရ ကြောက်ရွံ့ကာ ချွေးသီးချွေးပေါက်တွေ ကျနေတာမို့ အောင်စာရင်းကို ချွေးပဲ ပြေးကြည့်ရသည်။

ကိုကို ရှုံးသည်။

ချွေးကတော့ ဂုဏ်ထူးမပါဘဲ အောင်သည်။

ကိုကို ရှုံးသည့်အတွက် ချွေး ဝမ်းနည်းမိသည်။ ချွေးအတွက်တော့ သိပ်ပြီး ဝမ်းမသာလှပါ။ ဖြေပြီးကတည်းက





ဂုဏ်ထူးမပါတောင် သေချာပေါက် အောင်လိမ့်မည်ဟု မျှော်လင့်ထားခဲ့လို့ပင်။

ချွေးက မျက်နှာမကောင်းဘဲ အိမ်ထဲဝင်လာတော့ ကိုကိုက အိမ်ထဲကနေ ပြေးခုန်ထလာကာ ချွေးရဲ့ ပခုံးနှစ်ဖက်ကို ဆုပ်ကိုင်လိုက်ရင်း ...

"မိချွေး ... ဘယ့်နှယ်လဲဟင် ... ဘယ့်နှယ်လဲ"

"ချွေးကတော့ အောင်ပါတယ်၊ ကိုကိုကတော့ ..."

"ဟာ ... နင် အောင်တယ်၊ ကောင်းလိုက်တာ။ ဒါမှ ငါ့ညီမ၊ ဂုဏ်ထူးရော ... ဂုဏ်ထူး ပါသေးလား"

"ဂုဏ်ထူးတော့ မပါဘူး ..."

"ဟင် ..."

ကိုကိုသည် ရုတ်တရက် အငြိမ်ကြီး ငြိမ်သက်သွားပြီးမှ ဟီးခနဲ ငိုချလိုက်လေသည်။

"ဒါ ... ဒါဆို ဆေးတက္ကသိုလ်တက်လို့ မရတော့ဘူးပေါ့၊ ဆရာဝန် မဖြစ်တော့ဘူးပေါ့၊ ဒေါက်တာ နီချွေးချွေး မဖြစ်ရတော့ဘူးပေါ့၊ အဲဒါ ငါ့ကြောင့် ... ငါ့ကြောင့် နင့်ကို ကျူရှင်ကောင်းကောင်းမှာ မထားနိုင်လို့၊ ဗိုက် ကောင်းကောင်း ဝအောင် မကျွေးနိုင်လို့ ... အီးဟီး ..."

"မဆိုင်ပါဘူး ကိုကိုရယ်၊ ကိုကို့ အပြစ်မဟုတ်ပါဘူး၊ ချွေး ဂုဏ်ထူးမပါတာ ချွေး ညံ့လို့ပေါ့"

"ဘာညံ့လို့လဲ၊ မညံ့ဘူး၊ နင်က အမြဲတော်တာ၊ ဘယ်

www.burmeseclassic.com



တုန်းတာမှလည်း မညှဲ့ခဲ့ဘူး၊ ငါတောင် ဆရာတင်ရအောင်
နင်က တော်တာ ...”

“သြော် ... ကိုယ့်ငါးချဉ် ကိုယ်ချဉ်နေတာ မဟောဘူးလား
ကိုကိုရယ်”

စွေးက ချောင်းဖျသော်လည်း ကိုကိုက တစ်ပတ်လောက်အထိ ထမင်းတောင် သိပ်မဝင်ဘဲ တမှိုင်မှိုင်တတွေတွေ ဖြစ်နေတာမို့ ဒေါ်ကြီးစိုးကပင် ကိုကို့ကို အမြင်ကတ်လာပုံရတာ

“ဒီမှာ လာကြည့်ကြပါဦးဟော့ ...၊ ရွှေသွေးရယ် သူ့ညီး ဝုဏ်ထူးနဲ့မအောင်လို့ ကြေကွဲပြီး မစားနိုင် မသောက်နိုင် ဖြစ်နေတဲ့ပုံကို ...”

ဟု အော်ကျယ် အော်ကျယ် ပြောရင်း ရယ်ပွဲဖွဲ့လို့ မဆုံးနိုင်တော့ချေ။

ကိုကိုသည် စွေးနဲ့ပတ်သက်လာလျှင် အဲဒီလောက်တောင် အဖြစ်သည်းသူတည်း။



# အပိုင်း (၃)

www.burmeseclassic.com

www.burmeseclassic.com

“ချွေး … ဟိုတစ်ယောက်ကိုကြည့်လိုက်စမ်း၊ ဟိုတစ်ယောက်က ဝင်လာကတည်းက နင့်ကိုရှာနေပြီ၊ ကြည့်စမ်း … မျက်လုံးတွေက ကျီးကန်းတောင်းမှောက်ပဲ၊ အံမယ် … လက်ထဲမှာလည်း ပန်းတစ်ပွင့်နဲ့ဟဲ့”

ဥမ္မာက ချွေးနား တိုးတိုးကပ်ပြောလိုက်တာမို့ ချွေးက အပြင်ဘက်သို့ ချောင်းကြည့်လိုက်ပြီး ပခုံးလေးတစ်ချက်ဘွန့်ကာ ပြုံးစိစိလေး လုပ်နေလိုက်သည်။

မိန်းကလေး သဘာဝမို့ပဲလားတော့ မသိ … ခုလိုကိုယ့်အပေါ် စွဲစွဲလမ်းလမ်းနှင့် လာလာနေသောအဖြစ်ကို သာသာကျေနပ်ချင်သည်။

ထိုသူ ချွေးကိုသဘောကျလို့ လာနေမှန်းကို ချွေးတို့ဆိုင်က ဝန်ထမ်းတွေအားလုံးလည်း သိထားကြပါသည်။

ချွေး ဒီကော်ဖီဆိုင်လေးမှာ အလုပ်ဝင်ခဲ့တာ ခုဆိုတစ်နှစ်ကျော်ခဲ့ပြီ …။ ဒီဆိုင်မှာ အလုပ်လုပ်ခွင့်ရဖို့အတွက်ကိုကို့ကို ချွေး ရှိခိုးဦးချမတတ် ခွင့်တောင်းခဲ့ရတာပင်။



www.burmeseclassic.com

www.burmeseclassic.com



ကိုကိုက ဆွေးကို day တက်စေချင်ပေမယ့် ဆွေးက နှုတ်ခြင်းကာ အဝေးသင်ယူပြီး ဒီဆိုင်လေးမှာ အလုပ်ဝင်လုပ်ခဲ့တာပင်။ ကိုကိုက အင်မတန်ရိုးသားပြီး အကြားအမြင် ဗဟုသုတလည်း နည်းလှသူမို့ ကော်ဖီဆိုင်ဆိုတာ လမ်းဘေး လက်ဖက်ရည်ဆိုင်တွေလိုပဲ ရှုပ်ထွေးဆူညံပြီး ဘောလုံးပွဲတွေ ပြနေလိမ့်မည်ဟုထင်ကာ အပြင်းအထန် ကန့်ကွက်ခဲ့တာပင်။ ဆွေးမှာ ကိုကိုနားလည်အောင် အာပေါက်မတတ် ရှင်းပြခဲ့ရပါသေးသည်။

"ကော်ဖီဆိုင်ဆိုတာက ကိုကိုထင်သလို မဟုတ်ပါဘူး ကိုကိုရယ်၊ ဆွေး အခု အလုပ်လုပ်မယ့် ကော်ဖီဆိုင်တအမြဲ အေးချမ်းတိတ်ဆိတ်နေတာ၊ သီချင်းတောင်မှ ဆူဆူညံညံ သီချင်းမျိုး လုံးဝမဖွင့်ဘူး၊ ဂီတသံလေးပဲ တိုးတိုးလေးဖွင့်ထားတာ၊ ဆိုင်ထဲမှာ အဲကွန်း အမြဲဖွင့်ထားတော့ အမြဲအေးပြီး ဆောင်းရာသီလေးလို ကြည်နူးဆွတ်ပျံ့စရာလေး ဖြစ်နေတာ၊ ဈေးအရမ်းကြီးတဲ့ဆိုင်ဆိုတော့ ရောက်ချင်တဲ့လူလည်း မလာနိုင်တော့ လူကလည်း အမြဲခပ်ရှင်းရှင်းပဲ၊ လာတဲ့လူတွေကလည်း တစ်ယောက်နဲ့တစ်ယောက် ခပ်တိုးတိုးလေးပဲ စကားပြောကြတာ ..."

"ဟုတ်လို့လား ... ဖြီးနေတာလား"

"မဖြီးပါဘူး ကိုကိုရဲ့၊ ဆွေးတို့ဆိုင်က-နိုင်ငံခြားသားတွေလည်း အလာများတယ်လေ၊ ဆွေး ကျောင်းပိတ်ရက်တုန်းက အင်္ဂလိပ်စကားပြောသင်တန်း တက်ထားမိတော့ အဆောင်ပဲဖြစ်သွားတယ်၊ ဆွေးတို့ ဝန်ထမ်းတွေက အားလုံး





ဆယ်တန်းအောင်ပြီးသား၊ လုံလုံခြုံခြုံ ယူနီဖောင်းလေးဝတ်ပြီး အေးအေးချမ်းချမ်းပဲ စားစရာတွေ လိုက်ချပေးရတာ၊ ကိုယ့်အိမ်ကို ဧည့်ကောင်းဆောင်ကောင်း လာလို့ ဧည့်ခံရသလောက်ကလေးပါပဲ"

ဆွေးက သေချာရှင်းပြတော့မှ ကိုကိုက လက်ခံခွင့်ပြုခဲ့တာပင်။ ခုတော့ ဒီဆိုင်လေးမှာ ဆွေး အလုပ်လုပ်ရတာ ပျော်နေပြီ။ သူငယ်ချင်းတွေလည်း ရနေပြီ။

ဆွေးက ဒီဆိုင်မှာ အလှဆုံးမို့ တချို့သော customer တွေက နှစ်သက်သဘောကျတတ်ကြပေမယ့် ဣန္ဒြေထိခိုက်အောင် ဘာမှမလုပ်ကြပါ။ ဒီတစ်ယောက်သာ လွန်ခဲ့သော နှစ်လလောက်ကတည်းက ဆွေးတို့ဆိုင်ကို တစ်ရက်ခြားတစ်ခါ လာပြီး ဆွေးကို လာလာကြည့်နေခဲ့တာပင်။ ခုတလောမှာတော့ ဆိုင်ကိုလာတိုင်း နှင်းဆီတစ်ပွင့် ယူယူလာကာ သူပြန်သွားတိုင်း ထိုပန်းပွင့်လေးကို ချန်ထားခဲ့တတ်သည်။ ပန်းပွင့်ကလေးရဲ့ ရိုးတံမှာ 'နီဆွေးဆွေးအတွက်' ဟု ရေးထားသော တိပ်လေးကို ပတ်ထားပေးတတ်တာမို့ ထိုပန်းဟာ ဆွေးအတွက်ပဲဟု ဆိုင်ဝန်ထမ်းအားလုံးက ယူဆကာ ဆွေးကိုပဲ ပန်းလာပေးကြပါသည်။

ဆွေးသည် ပထမတော့ အမှုမဲ့ အမှတ်မဲ့ပင်။ သူချန်ခဲ့သော ပန်းကိုလည်း ဆိုင်စားပွဲပေါ်က ပန်းအိုးထဲမှာ ထိုးထားလိုက်တာပင်။ နောက်တော့ ထိုအဖြစ်ကို နှစ်သက်သာယာလာကာ သူလာမည့်ရက်ဆို မျှော်တတ်လာသည်။ သူချန်ခဲ့သော



www.burmeseclassic.com

www.burmeseclassic.com



ပန်းကို ဘယ်သူမှ ကောက်မယူခင် ကိုယ်ကအရင်ဦးအောင် သွားယူပြီး မျက်လုံးလေးမှိတ်ကာ ရှိုက်၍ မွှေးမိသည်။ ညအိပ်ရာ ခင်းချိန်များမှာ သူ့ရဲ့တောက်ပရှူးရှသော အကြည့်တွေကို ပြန် တွေ့မြင်ယောင်ကာ ရင်ခုန်ချင်သည်။ သို့သော် ချစ်သူထားဖို့ အထိတော့ မစဉ်းစားရဲပါပေ ...။ ကိုကိုက အမြဲပြောသည်။ မွှေး ငယ်သေးသည်တဲ့ ...။

"ဟဲ့ ... မွှေး ငြိမ်နေလိုက်တာ၊ အံမယ် ... ရုပ်ကိုက မချိုမချဉ်နဲ့၊ ဘာလဲ ... နင်လည်း သူ့ကို သဘောကျနေပြီ မဟုတ်လား"

"မဟုတ်ပါဘူးဟာ ..."

ဉမ္မာက တံတောင်နှင့်တွက်ပြီး မေးတာမို့ မွှေးက ရှက်ကိုးရှက်ကန်း ငြင်းရသည်။

"မဟုတ်ဘူးသာ ဆိုတယ်၊ နင့်ရုပ်က ရင်ခုန်နေတဲ့ရုပ်ပါ"

"ရင်ခုန်တဲ့ရုပ်ဆိုတာ ဘယ်လိုမျိုးလဲ၊ ဗဟုသုတအဖြစ် မှတ်ထားရအောင် ပြောပြစမ်းပါဦး"

"ငါ့လာမမေးနဲ့လေ မိမွှေးရဲ့၊ နင့်ရုပ်နင် မှန်ထဲပြန်ကြည့် ရင် တွေ့မှာပေါ့"

"ငါ ရင်မခုန်ရဲပါဘူးဟာ ..."

"ဟုတ်လို့လား ... တစ်နေ့တုန်းကတောင် နင် သူချူး သွားတဲ့ ပန်းကို ခိုးနမ်းနေတာ ငါမြင်လိုက်ပါတယ်နော်"

"ပန်းပဲဟာ မွှေးလို့နမ်းတာ ဘာဖြစ်လဲ၊ ဘယ်သူယူလာ တဲ့ ပန်းပဲဖြစ်ဖြစ် မွှေးရင်တော့ နမ်းမှာပဲ"





"နင် ဘယ်လောက်ဖုံးဖုံး ငါကတော့ နင့်စိတ်တွေ သူ့ဆီ ညွှတ်နေပြီဆိုတာသိတယ်နော်၊ ငါက နင်နဲ့အတူ အနီး ကပ် တတွဲတွဲ အလုပ်လုပ်နေတဲ့သူ၊ နင့်စိတ်ထဲ ဘယ်လို ရှိတယ်ဆိုတာ ငါနည်းနည်းပါးပါးတော့ ရိပ်မိပါတယ်"

"နည်းနည်းပါးပါးဆိုတာ များများစားစားမှ မဟုတ်တာ၊ ငါ့စိတ်ကို နင်သိတယ်ဆိုတာ အပေါ်ယံမြင်သာရုံ ပါးပါး လေးပါဟာ၊ အလုံးစုံတော့ နင်မသိနိုင်ပါဘူး"

"အေးလေ ... အဲ့ဒါဆိုလည်း ငါမသိတာလေးတွေ နင် ပြောပြပေါ့"

မွှေးက ပြုံးလိုက်ရင်း ...

"စပ်စုစိန်တို့ကတော့ အရာရာ သိချင်နေတာပဲ ...၊ ငါ သူ့ကို စိတ်ဝင်စားတာတော့ မှန်ပါတယ်ဟယ်၊ ဒါပေမယ့် သူနဲ့ ရည်းစားဖြစ်ဖို့လောက်အထိတော့ ငါ စိတ်မကူး ရဲပါဘူး၊ သူနဲ့ငါနဲ့က အခြေအနေမတူဘူး၊ သူက ဒီလို ဆိုင်မျိုးမှာ တစ်ရက်ခြားတစ်ခါ လာစားနိုင်တဲ့ အခြေ အနေမျိုးဆိုတော့ ချမ်းချမ်းသာသာထဲကပဲ ဖြစ်မှာပါ၊ တစ်ခါတစ်ခါများဆို ငါတို့အနေနဲ့ ဈေးကြီးလို့ တစ်လ တစ်ခါတောင် မသောက်နိုင်တဲ့ ကော်ဖီမျိုးကို မှာပြီး မသောက်ဘဲ ဒီအတိုင်းထားသွားတာ နှမြောစရာကြီး"

"ဟုတ်တယ်နော် ...၊ ပြီးတော့ သူလာပြီဆို အကောင်း ဆုံး ဈေးအကြီးဆုံးတွေချည်း မှာတယ်၊ စားတော့ မစိုမပို လေးရယ်၊ ဟိုဟာနည်းနည်း ဒီဟာနည်းနည်း မြည်းရုံပဲ



www.burmeseclassic.com

www.burmeseclassic.com



အမျှားကြီးပဲ ကျန်ကျန်နေခဲ့တာ ..."

"အဲဒီလို ချမ်းသာတဲ့ လူမျိုးနဲ့ ငါ ဘယ်လိုရည်းစားဖြစ်ခဲ့မှာလဲ ..."

"နင် ... ခဏ ခဏ ပြောပြောနေတာတော့ ချမ်းသာရင် ကောင်းမှာပဲဆို"

"ယောကျ်ားယူပြီးမှ ချမ်းသာတာမျိုးတော့ မလိုချင်ပါဘူး ဥမ္မာရယ်၊ ငါက ဒီအရွယ်အထိ ငါ့ကို ပင်ပင်ပန်းပန်း ကျွေးမွေးပြုစုလာခဲ့တဲ့ ငါ့အစ်ကိုကို ချမ်းချမ်းသာသာ နေစေချင်လို့ပါ"

"နင်က နင့်အစ်ကိုကို သိပ်ချစ်တာပဲနော်"

"ငါချစ်တယ်ဆိုပေမယ့် ငါ့အစ်ကို ချစ်တာကပိုပါတယ်၊ ငါ ကိုကို့ကို ချစ်ပေမယ့် ခုထိ ကိုကို့အတွက် ဘာမှ လုပ်မပေးနိုင်သေးဘူး၊ ကိုကိုကကျတော့ သူ့ဘဝတစ်ခု လျှောက်လုံး ငါ့အတွက်ပဲ ရှင်သန်ရုန်းကန်ခဲ့ရတာ၊ ခုချိန် မှာ ငါ ကိုကို့အတွက် ဘာမှလုပ်မပေးနိုင်သေးပေမယ့် ကိုကို့ စကားကို နားထောင်ပြီး လိမ်လိမ်မာမာလေး နေပြီး ကိုကို့ကို စိတ်ချမ်းသာအောင်တော့ ထားချင်တယ် ဟာ၊ သူ ကောင်းကောင်းမွန်မွန် အိမ်ထောင်ကျပြီး ငါ့ အတွက် နောက်ဆန်မငင်ဘဲ သူ့သား သူ့သမီးနဲ့ ပျော် နေရင် ငါကျေနပ်ပါတယ်"

"နင့်အစ်ကိုကလည်း ခုထိ မိန်းမ မယူသေးဘူးနော် သူယူဖို့ အစီအစဉ်ရှိရင် ငါ့ပြောဦး၊ နင်နဲ့ ငါနဲ့ သ





ယောက်မတော်ရင် ပျော်ဖို့ကောင်းမှာ သိလား ဟဲဟဲ ..."

"အင်း ... ဒါပဲ၊ နင်ကတော့ ဒီကိစ္စပဲ"

ဓွေးက ဥမ္မာကို မျက်စောင်းထိုးရင်း လုပ်စရာရှိတာ ဆက်လုပ်နေလိုက်သည်။ သူ့စားပွဲဆီကို တခြားတစ်ယောက် သွားနေပြီမို့ ဓွေးက သူရောက်နေတာကို မသိချင်ယောင်ဆောင် ကာ တခြားဝိုင်းတွေဘက်ကို လျှောက်သွားလိုက်ပါသည်။

သူက ထုံးစံအတိုင်း ကော်ဖီ တစိမ့်စိမ့်သောက် ရင်း ဓွေးရှိ တစိမ့်စိမ့် ငေးကြည့်နေသည်။ ခဏနေတော့မှ စားပွဲပေါ်မှာ နှင်းဆီပန်းကို ချန်ထားခဲ့ပြီး ပြန်ထွက်သွားသည်။

ဓွေးက ပန်းကို သွားမယူဘဲ နောက်ဘက်လှည့် ဝင်လာတော့ ဥမ္မာက ဓွေးနောက်လိုက်လာကာ ...

"ဓွေး ... ဒီမှာကြည့်စမ်း ...၊ ဒီတစ်ခါ ပန်းချည်းမဟုတ် တော့ဘူးဟဲ့၊ စာအိတ်လေး တစ်အိတ်ပါ ထားခဲ့တယ်၊ နီဓွေးဓွေး ဖတ်ဖို့တဲ့၊ ငါယူလာတယ်၊ ရော့ ... ဖတ်ကြည့်"

"အာ ... မဖတ်ချင်ပါဘူးဟာ"

"ဖတ်ကြည့်ရုံလေးနဲ့ ဘာဖြစ်မှာမို့လို့လဲ၊ ရော့ပါဟဲ့ ... ဖတ်ကြည့်လိုက်ပါ"

"မဖတ်ချင်ပါဘူး"

"နင်မဖတ်ရင် ငါဖတ်လိုက်မှာနော်"

"ဖတ်လေ"

"ငါ ဖတ်ပြီး ငါကြိုက်သွားရင် ဘယ်လိုလုပ်မလဲ"

"ကြိုက်လေ ..."



www.burmeseclassic.com

www.burmeseclassic.com



"ဆွေးတလည်းဟာ၊ မေတ္တာဆိုတာ ဥပေက္ခာပြုကောင်းတဲ့ အရာ မဟုတ်ဘူးဟ ..."

"မေတ္တာဆိုရင်တော့ ဥပေက္ခာမပြုပါဘူး၊ ချစ်တာမို့လို့ ဥပေက္ခာပြုတာ၊ ငါ ဝတ္ထုတွေထဲမှာ ဖတ်ဖူးတယ်ဟ အချစ်ဆိုတာ ပူလောင်တယ်တဲ့ ..."

"ငါဖတ်ဖူးတာတော့ ပူတာလည်း ရှိသလို အေးတာလည်း ရှိပါတယ်တဲ့၊ သူ့ဟာနဲ့သူ မျှနေတာပါဟာ ... ကဲ ... ဒီမှာ နင့်ဘာသာ ဖတ်ချင်ဖတ် မဖတ်ချင်နေ ငါ ဒီမှာချထားခဲ့ပြီ၊ နင်မဖတ်ရင်တော့ သူများကောက်ဖတ်သွားမှာပဲ၊ အဲ့ဒီတော့မှ ရှက်တယ်တွေဘာတွေ လုပ်မနေနဲ့"

ဥမ္မာက စာကို ဆွေးနားက စားပွဲပေါ် တင်ပေး တာမို့ ဆွေးက စာလေးကို ငုံ့ငဲ့ကြည့်ကာ တွေဝေနေမိရင် ရင်ထဲမှာ တထိတ်ထိတ် တုန်ခုန်လာရပါသည်။

ဆွေး ဖတ်ကြည့်ချင်သည်။ သို့သော် ... မရဲ။

ဆွေးက သက်ပြင်းချကာ စာအိတ်ထဲမှ မျက်နှာလွှဲ သည်။ သို့သော် စိတ်မပြတ်ဘဲ နောက်တစ်ခါ ပြန်လှည့်ကြည့် သည်။ ဒီလိုသာ စိတ်မပြတ်လျှင် ခက်တော့မှာမို့ စာအိတ် ဆတ်ခနဲဆွဲယူပြီး ဆွဲဆုတ်ဖို့ လက်ရွယ်လိုက်သော်လည်း မဆုတ် ရက်ဘဲ ဟိုဟိုဒီဒီကြည့်ကာ စာအိတ်လေးကို ဆွေးရဲ့ အင်္ကျီအိတ် ကြားသို့ ထိုးထည့်လိုက်မိပါသည်။



♥ ♥ ♥

"ဆွေး ..."

" ... ... "

"ဆွေး ..."

"အင်ဟင် ..."

ဆွေးသည် ငေးမောတွေဝေနေမိရာမှ ဆွေးရှေ့တည့်တည့်မှာ ထိုင်နေသော မောင့်ကို မရဲတရဲ မျက်လွှာပင့်ကြည့်တော့ သူက ဆွေးကို နှစ်နှစ်ကာကာ ပြုံးကြည့်ရင်းက ...

"ဆွေး ... ဘာတွေ ဒီလောက်တွေးနေတာလဲ၊ ငြိမ်နေတာ အကြာကြီးပဲ၊ မောင်ခေါ်တာလည်း မကြားဘူး"

"ဟို ... ကိုကိုက ..."

"ဆွေး အစ်ကိုအကြောင်း တွေးနေတာလား"

"ဟုတ်တယ် ... မောင်၊ ခုနေ မောင်နဲ့ ဆွေး အတူရှိနေတာကိုသာ ကိုကိုသိရင် မလွယ်ဘူး"

"ဒီအချိန်လေးမှာ ဆွေးအစ်ကိုအကြောင်း ခေါင်းထဲက ခဏထုတ်ထားလို့ မရဘူးလား ဆွေးရယ်"



www.burmeseclassic.com

www.burmeseclassic.com



'ထုတ်ထားလို့ မရလို့ပေါ့ မောင်ရယ်' ဟု ဇွေး
စိတ်ထဲကနေသာ ပြန်ပြောမိပါသည်။

ဇွေးသည် မောင့်ရဲ့မေတ္တာကို လက်ခံခဲ့မိသည်
အတွက် ကိုယ့်ကိုယ်ကို အပြစ်ရှိသည်ဟု ခံစားရပါသည်။ ခု
တစ်ပတ် တစ်ရက် နားရက်ရသည့် နေ့တွေမှာ off ရသည်
မပြောဘဲ အလုပ်သွားသလို ဟန်ပန်တွေဆောင်ကာ ကိုကို
ညာပြီးပြီး မောင်နှင့် ချိန်းတွေ့ရသည့်အခါတိုင်း ကိုကို့ကို အား
နေမိတတ်ပါသည်။

ဇွေးသည် ကိုကို့စကားကို နားထောင်လိုသူ
ရည်းစားမစားဘူးဟု ဘယ်လိုပင် အားတင်းသော်လည်း၊ မော
နှင့်ဇွေးဟာ အခြေအနေချင်းမတူပါဘူးဟု ကိုယ့်ကိုယ်ကို အထ
ထပ် သတိပေးပါသော်လည်း မောင်ရဲ့ မျက်ဝန်းအကြည့်တေ
မောင် ရေးသိတဲ့ စာလုံးလေးတွေရဲ့အောက်မှာ ကျရှုံး လက်မြေ
ခဲ့ရပါသည်။

ပထမဦးစွာ မောင့်ရဲ့ စာလေးက ဇွေးကို ဖမ်း
ခဲ့သည်မှာ ...

*ဇွေး*

*ဇွေးကို တွေ့ချင်လွန်းလို့ ဈေးကြီးတဲ့ ဇွေးတို့
မှာ ခဏခဏ လာလာစားနေရတာ ကြာရင် ကိုယ်မွဲ
မယ်ကွာ ... ။*

*ဒါပေမယ့် မွဲပေစေ ကိုယ်ဂရုမစိုက်ပါဘူး၊*





*ကိုယ့်ကို အသိအမှတ်မပြုမချင်း ဇွေးတို့ဆိုင်ကို လာအားပေး
နေရဦးမှာပါပဲ ... ။*

*ဇွေးတို့ဆိုင် ရောင်းအားတက်အောင် ဇွေး ကိုယ့်ကို
မသိချင်ယောင်ဆောင်နေဦးမယ်ဆိုလည်း ကိုယ့်မှာ မွဲဖို့ကံ
ပါလာလို့ပဲလို့မှတ်ယူရင်း ကိုယ့်အိတ်ထဲမှာ တစ်ပြားမကျန်
တော့တဲ့အထိ ဆက်လက်အားပေးသွားဦးမှာပါ။*

*ဇွေးကိုချစ်မိလို့ မွဲရတော့မယ် ...*

*မိုးမြင့်ကျော်*

ဇွေးသည် ထိုစာကလေးကြောင့် ရယ်မောပျော်ရွှင်
ရကာ သူ့ကိုမြင်တိုင်း ပြုံးချင်လာသည်။ ထို့နောက် သူ့ကို
မြင်တိုင်း ပြုံးမိသွားသည်။ ထို့နောက် သူ့မျက်ဝန်းတွေနှင့်
ဆိုင်ကာ ပြုံးပြတတ်လာသည်။ နောက်ဆုံးတော့ မျက်နှာချင်း
ဆိုင် ထိုင်၍ အပြုံးချင်းဖလှယ်ကြသော ချစ်သူဘဝကို ရောက်
ရပါသည်။

သို့သော် ... ဇွေးသည် ကိုကိုမသိအောင် ရည်းစား
ထားနေမိသည့်အတွက် ဘယ်တော့မှ စိတ်မဖြောင့်ဘဲ နောက်
ချန် တငင်ငင် ဖြစ်နေရတတ်ပါသည်။

"ဇွေး ..."

"ရှင် ..."

"ဇွေး မောင့်ကို ချစ်ရဲ့လား"

"ချစ်ပါတယ် မောင်ရယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမယ့် ဆွေးကိုကြည့်ရတာ ကိုယ်နဲ့တွေ့ရင် မပျော်နိုင်သလိုပဲ၊ တစ်ချက်တစ်ချက် ငိုင်ငိုင်သွားတတ်တယ်၊ ဆွေးအစ်ကိုကို သတိရနေတာ မဟုတ်လား"

"ဟုတ်တယ်... မောင်၊ ဆွေး ကိုကို့ကိုညာခဲ့ရတာ လိပ်ပြာမလုံဘူး"

"ဘယ်သူမဆို ရည်းစားထားရင်တော့ အိမ်ကို ညာရတာတွေ ရှိတတ်တာပဲ ဆွေးရယ်၊ ဒီလောက်ထိ စိုးရိမ်စိတ်မများစမ်းပါနဲ့...၊ ခုချိန်မှာ တခြားဘာမှမတွေးနဲ့၊ မောင်တို့နှစ်ယောက်အကြောင်းပဲ တွေး၊ ဟုတ်ပြီလား"

"ဟုတ်ကဲ့..."

ခေါင်းညိတ်ပြလိုက်ရပေမယ့် ဆွေးအတွေးတို့က လွင့်နေတုန်းပါပင်။

"ဆွေး..."

"အင်ဟင်..."

"သန်ဘက်ခါကျရင် အလုပ်မသွားနဲ့ကွာ၊ ခွင့်တစ်ရက်ယူလိုက်"

"မသွားလို့မဖြစ်ဘူးလေ မောင်ရယ်"

"မသွားပါနဲ့ကွာ၊ မောင်တို့လျှောက်လည်ကြရအောင်လေ"

"အမလေး မလုပ်ပါနဲ့ မောင်ရယ်၊ ဆွေးတို့ လျှောက်လည်ရင် ကိုကိုနဲ့ တွေ့သွားမှာပေါ့၊ ကိုကိုကလည်း နေရာအနှံ့ကို တက္ကစီနဲ့ လျှောက်သွားနေရတာ၊ တကွေ့ကွေ့တော့ တွေ့မှာပဲ"





"ရန်ကုန်ကအကျယ်ကြီးပါ၊ မတွေ့နိုင်ပါဘူး၊ တွေ့လည်း ဘာဖြစ်လဲ၊ ဒါ ဆွေးချစ်သူပါလို့ မိတ်ဆက်ပေးလိုက်ပေါ့"

"အဲဒါဆို မိုးမီးလောင်သွားမှာပေါ့၊ ဆွေး ဒီအရွယ်လေးနဲ့ ရည်းစားထားနေတာကို သိရင် သတ်မှာ"

"ဆွေးအသက်က မငယ်တော့ပါဘူးကွာ..."

"ကိုကိုကတော့ ဆွေးကို အမြဲအရွယ်မရောက်သေးတဲ့ သူလို့ပဲ သဘောထားနေတာ..."

"ဆွေးက အစ်ကို့ကိုကြောက်လို့ ချစ်သူမထားဘဲနေလည်း တစ်နေ့ကျ ဆွေးအစ်ကို မိန်းမယူသွားရင် ဆွေးတစ်ယောက်တည်းပဲ ကျန်ခဲ့မှာနော်"

"ကိုကိုက ဆွေးကို စိတ်မချတာနဲ့ဘဲ အိမ်ထောင်ပြုဖြစ်မှာ မဟုတ်တော့ပါဘူး"

"ဒါဆို ဆွေး ကိုကို စိတ်ချရအောင် ဆွေးက အရင်အိမ်ထောင်ပြုလိုက်ပေါ့ကွာ..."

ဆွေးက မောင့်ကိုမျက်စောင်းလေးထိုးမိရင်း...

"ဒီအကြံက ဘယ်သူ့ကို အကျိုးရှိစေတဲ့ အကြံလဲ"

"နှစ်ဦးနှစ်ဖက် အကျိုးရှိစေမယ့် အကြံပါ..."

မောင်က ဆွေးကိုစိုက်ကြည့်ရင်း ပြောတာမို့ ဆွေးက က်လွှာချပစ်လိုက်ရသည်။ ဆွေး သိပ်အများကြီးတော့ ရင်မခုန်ပါ။ အသိစိတ်လေးဖြင့် ရင်ခုန်သံကို ထိန်းချုပ်ထားချင်သည်။ ယ်အရာကိုမှ အရှုံးအမှုံး မဖြစ်လိုပေ...။



www.burmeseclassic.com

www.burmeseclassic.com



ဆွေးသည် သက်ပြင်းကလေးချမိရင်း ...

"ဆွေးကလည်း ကိုကိုကို စိတ်မချပါဘူး မောင်ရယ်၊ ကိုကိုက အရမ်းရိုးတယ်၊ ရိုးရုံမကပါဘူး၊ နုံတဲ့ ထုံတဲ့အထဲ တောင် ပါမလားဘဲ၊ သူတစ်ယောက်တည်း မရပ်တည် နိုင်ပါဘူး၊ ဆွေး ငယ်ငယ်လေးကတည်းက ကိုကိုကို ဖြန့် ဖေးမခဲ့ရတာ ...၊ ကိုကိုက လူကြီးသာဖြစ်လာပေမယ့် ခုချိန်ထိ ကလေးတစ်ယောက်လို ဖြူစင်နေတုန်းပဲ"

ဆွေး ပြောသမျှကို နားထောင်နေသော မောင်က ခေါင်းတစ်ချက်ဆတ်လိုက်ရင်း ...

"အိုကေ ... မောင် နားလည်ပြီ ဆွေး၊ ဆွေးတို့ မောင်နှမ နှစ်ယောက် တစ်ယောက်နဲ့တစ်ယောက် သံယောဇဉ်ကြီး ကြတာကို မောင် နားလည်တယ်၊ သဘောပေါက်တယ် ဒါပေမယ့် ခုတော့ ဆွေးအစ်ကိုအကြောင်းကို ခဏမေ့ထား ပြီး မောင်တို့ နှစ်ယောက်အကြောင်းပဲ ပြောကြရအောင် နော် ... ဟုတ်ပြီလား"

ဆွေးက နှာခံပုကလေးဖြင့် ခေါင်းညိတ်ပြတော့ မောင်က ပြုံးလိုက်ရင်း ...

"ဆွေး ... ကိုယ့်မွေးနေ့ကျ ဘာလက်ဆောင်ပေးမလဲ"

"မောင့် မွေးနေ့က ဘယ်တော့လဲဟင် ..."

"သန်ဘက်ခါလေ ..."

"ဟင် ... တကယ်"

"တကယ်ပေါ့၊ အဲ့ဒါကြောင့် ဆွေးကို သန်ဘက်ခါ အလု





မသွားဖို့ ပြောတာ၊ ကိုယ့်မွေးနေ့မှာ အတူလျှောက်လည် ကြရအောင်လေ ..."

ဆွေးသည် ဝေခွဲရခက်စွာ ငြိမ်သက်သွားရပါသည်။ ဆွေး ခေါင်းထဲမှာ အချက်အလက်တွေ ရှုပ်ယှက်ခတ်ကုန်သည်။ ပထမဦးဆုံး စဉ်းစားမိတာက မောင့်အတွက် မွေးနေ့လက်ဆောင် ဝယ်ပေးဖို့ ဆွေးလက်ထဲမှာ ပိုက်ဆံဘယ်လောက်ရှိသလဲဟုပင်။ လကုန်ရက်မို့ ဆွေးလက်ထဲမှာ ပိုက်ဆံက သုံးထောင်တောင် မပြည့်ချင်တော့။ ဒီပိုက်ဆံလောက်နှင့် မောင့်ဖို့ လက်ဆောင် ဝယ်ပေးလျှင် မောင့်အတွက် ရယ်စရာဖြစ်မှာလည်း စိုးရသေး သည်။ ပိုက်ဆံသုံးထောင်လောက်နှင့်တော့ ဘာပစ္စည်းမှ ကောင်း ကောင်းကန်းကန်း ဝယ်မရနိုင်တာလည်း သေချာသည်။ မောင် ဝတ်စား သုံးစွဲနေတာတွေဟာ ဆွေး မသိမမီနိုင်သည့် တန်ဖိုးကြီး ပစ္စည်းတွေချည်းမို့ လက်ဆောင်ပေးရမှာကိုပင် သိမ်ငယ်သလို ခံစားလာရပါသည်။

"မောင်က ဘာလက်ဆောင်မျိုးဆို ကြိုက်တတ်လဲဟင်"

"ဘာပဲဖြစ်ဖြစ်ပေါ့ ...၊ ဆွေး ပေးတာကို မောင် တမြတ် တနိုး သိမ်းမှာပေါ့"

ဆွေး သက်ပြင်းချမိသည်။ မောင် တမြတ်တနိုး သိမ်းမည့် ပစ္စည်းဟာ အပေါ်စားတော့လည်း မဖြစ်စေချင် ...။ သိမ်းထားလို့လည်း ကြာရှည်ခံမည့် ဘယ်လိုပစ္စည်းမျိုး ပေးရပါ မလဲ ...။ ဆွေးမှာ သုံးလက်စ လခအပြင် စုငွေဘယ်လောက် ရှိပါလိမ့်ဟု စဉ်းစားကြည့်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ ဓွေး စုထားတဲ့ ပိုက်ဆံဟာ ကိုကို့အတွက် နာရီလေးတစ်လုံး ဝယ်ပေးဖို့ပင်။ ထိုပိုက်ဆံဖြင့် မောင့်အတွက် လက်ဆောင်ဝယ်ပေးပြီး ကိုကို့အတွက်တော့ နောက်မှ တဖြည်းဖြည်း ပြန်စုပါတော့မယ်လေဟု ဆုံးဖြတ်လိုက်သည့်ခဏမှာ မျက်ရည်တောင်လည်ချင်သွားသည်။ ဓွေး ကိုကို့အတွက် ရည်စူးပြီး စုနေတာကို ကိုကို သိမထားပေမယ့် ခုလို ဆုံးဖြတ်မိသည့်အတွက် ကိုကို့ကို အားနာသည်။ ပြီးတော့ မနက်ဖြန် မောင်နဲ့အတူလျှောက်လည်ဖို့ ကိုကို့ကို လိမ်ညာပြောရမည့်အရေးကိုလည်း တွေးတွေးပြီး ရင်လေးနေရပါသည်။

"မနက်ဖြန် ခွင့်ယူလိုက်နော် ဓွေး"

မောင်က ဓွေးကို မျှော်လင့်တကြီးကြည့်ရင်း ... တောင်းဆိုတာမို့ ဓွေးမှာ သက်ပြင်းခိုးချ ပြုံးမြမြနှင့် မောင့်ကို ခေါင်းညိတ်ပြလိုက်ရပါသည်။

♠ ♠ ♠



♥ ♥ ♥

ဓွေးသည် ဗလာစာအုပ်ကြားထဲမှာ တရိုတသေ ညှပ်သိမ်းထားသည့် တစ်ထောင်တန် အသစ်ကျပ်ချွတ်ကလေးတွေကို တစ်ရွက်ချင်း ထုတ်ကြည့်ရေတွက်လိုက်သည်။ ၂၂ရွက်ရှိပြီ ...။ ဒီပိုက်ဆံနဲ့ မောင့်အတွက် မွေးနေ့လက်ဆောင် ဝယ်ပေးရင်တော့ သိပ်အညံ့စားကြီး မဖြစ်နိုင်တော့ပါဘူးဟု တွေးသည်။ သို့သော် ... ကိုကို ဓွေးကျောင်းစရိတ်အတွက် သူ့နာရီလေး ချွတ်ရောင်းခဲ့ဖူးတာကို မြင်ယောင်မိတော့ ဓွေး ဝမ်းနည်းသွားပါသည်။

ဓွေးသည် ပိုက်ဆံထပ်ကလေးကို ကိုင်ကာ အချိန်အတော်ကြာသည့်အထိ ငိုင်နေခဲ့မိပါသည်။

ခဏကြာတော့မှ သက်ပြင်းတစ်ချက်ကို နင့်ခနဲချကာ ပိုက်ဆံထပ်ကို ပိုက်ဆံအိတ်လေးထဲထည့်ပြီး ထိုင်ရာမှ ထလိုက်သည်။ ဓွေးတို့ရဲ့ ဟိုးဘက်လမ်းထိပ်မှာ စတိုးဆိုင်ကြီးတစ်ဆိုင် ရှိတာမို့ အဲဒီမှာ မောင့်အတွက် လက်ဆောင်ဝယ်ရမည်လေပင် ...။



www.burmeseclassic.com

www.burmeseclassic.com



"ဆွေးရေ ... ဆွေး"

"ရှင် ... ဒေါ်ကြီးစိုး"

အိမ်ရှေ့မှ ဒေါ်ကြီးစိုးအသံကြောင့် ဆွေးက ပိုက်ဆံအိတ်ကလေးကို ကိုင်ကာ အိမ်ရှေ့သို့ ထွက်လာခဲ့သည်။

"ရွှေသွေး ပြန်မရောက်သေးဘူးလား ဆွေး"

"မရောက်သေးဘူး ဒေါ်ကြီးစိုး၊ ကိုကို ဒီည ပဲခူးဘက် အထိ အသွားအပြန် ပါစင်ဂျာရလို့ လိုက်သွားမယ်ပြောတယ်"

"ညည်းက ဘာနဲ့ပြန်လာတုန်း"

"ဆွေး ဘတ်စ်နဲ့ပဲ ပြန်လာတာပေါ့၊ ဆွေးကို လာမကြိုဖို့ ကိုကို့ကို တောင်းတောင်းပန်ပန် ပြောထားရတာ၊ ညနေပိုင်း ရုံးဆင်းချိန်လေးက ပါစင်ဂျာများများရတတ်တယ်လေ၊ အဲ့ဒီအချိန်လေးမှာ ဆွေးကို လာကြိုနေရင် ကိုကို စီးပွားပျက်မယ်လို့ ပြောထားရတယ်၊ ဒါတောင်မှ နှစ်ရက်ခြား တစ်ခါလောက်တော့ ကြိုဖြစ်အောင် ကြိုသေးတာ"

"ညည်းအစ်ကို သည်းတာလည်း ညည်း အသိပဲလေ"

"ဒါနဲ့ ဒေါ်ကြီးစိုးက ဝတ်ကောင်းစားလှတွေနဲ့ ဘယ်က ပြန်လာတာလဲ ..."

"ဟိုဘက်တစ်လမ်းကျော်က အလှူအိမ်ကို သွားကူနေတာလေ၊ သူတို့သား နှစ်ယောက်ကို မနက်ဖြန် ရှင်ပြုကြမှာ၊ သားအငယ်ကောင်ကတော့ ၁၀ နှစ်ပဲ ရှိပါသေးတယ်၊





အကြီးက အသက် ၂၀ တောင် ရှိနေပြီ၊ သူငယ်ငယ်က မိဘတွေ စီးပွားရေးအဆင်မပြေကြလို့ ခုမှရှင်ပြုပေးနိုင်တာ၊ ရှင်ပြုပြီး ပဉ္စင်းပါဆက်တက်ပေးမှာပေါ့၊ အင်း ... ရှင်ပြုအကြောင်းပြောရင် ညည်းအစ်ကိုအကြောင်း တွေးမိတယ်အေ ..."

ဆွေးက ဒေါ်ကြီးစိုး စကားကို စိတ်ဝင်စားသွားကာ

"ဘာအကြောင်းလဲ ဒေါ်ကြီးစိုး ..."

"ရွှေသွေးကို သူ့ဘွားမေကရှင်ပြုပေးချင်လွန်းလို့ ရွှေသွေး ရှင်ပြုဖို့အတွက် ရည်ရွယ်ပြီး ဝါးဆစ်ဘူး စုဘူးကြီးနဲ့ ပိုက်ဆံတွေ စုပေးထားခဲ့တာ၊ ဘွားမေဆုံးတော့ အဲ့ဒီ ဝါးဆစ်ဘူးကြီး ကျန်ရစ်ခဲ့တာပေါ့၊ ရွှေသွေး အရွယ်ရောက်လာတော့ အဲ့ဒီပိုက်ဆံထဲကို ပိုက်ဆံထပ်ထည့်ရှာပါတယ်၊ ဒါပေမယ့် သူ့ခမျာမှာ ညည်းအတွက် ကျောင်းစရိတ်လိုလို့ စုဘူးကိုခွဲပြီး သုံးလိုက်ရတော့ ဒီအရွယ်ကြီးထိ ရှင်မပြုနိုင်ရှာသေးဘူးလေ၊ ဒီအရွယ်ဆိုတာ ရှင်ပြုပြီးလို့ ပဉ္စင်းတောင် တက်ပြီးသင့်ပြီ"

ဆွေးသည် လက်ထဲက ပိုက်ဆံအိတ်ကလေးကို လိမ်ကျစ်နေမိသည်။

"မိဆွေး ... ညည်းလေးကို ကြည့်ရတာလည်း ခုတလော အလုပ်တွေ သိပ်ပြင်လာသလိုပဲ၊ ဘာဘာညာညာ စိတ်မကစားဘဲ လိမ်လိမ်မာမာနေ၊ ဘွဲ့ရအောင်လုပ်၊ သင့်တန်းတွေ တက်ပြီး ကိုယ့်တက်လမ်း ကိုယ်ရှာ၊ ညည်း

www.burmeseclassic.com



ကောင်းစားတော့ ညည်းအစ်ကိုကို တစ်ပြန်တစ်လှည့် လုပ်ကျွေးလို့ရတာပေါ့ မဟုတ်ဘူးလား”

ဒေါ်ကြီးစိုး စကားတွေက တကယ့်ကိုပဲ ဈွေးရဲ့ နှလုံးသားကို ထိမှန်လာသည်။ ဟုတ်တိတယ်ဆိုတာ ဒါမျိုးပဲလား ...။

ဒေါ်ကြီးစိုး ထွက်သွားတော့ ဈွေးက အိမ်ခန်းပြန်လှည့်ဝင်လာကာ ပိုက်ဆံအိတ်ကလေးကို ခေါင်းအုံးကြားသို့ ပြန်ထိုးထည့်ထားလိုက်ပါသည်။

❧ ❧ ❧



❤ ❤ ❤

“တက္ကဆီ အားလား”

“မအားသေးဘူးဗျ”

“ခရီးသည်မှ မပါတာဗျာ၊ ဒီမှာ အရေးကြီးနေလို့ပါ”

“အရေးကြီးလည်း မတတ်နိုင်ဘူးဗျ၊ ကျုပ်ညီမကို သွားကြိုဖို့က ဒီကမ္ဘာပေါ်က ရှိရှိသမျှ ကိစ္စတွေထက် ပိုအရေးကြီးတယ်”

ရွှေသွေးသည် ဒီနေ့အဖို့တော့ ဈွေးကို သွားကြိုဖို့ ဆုံးဖြတ်ပြီးပြီမို့ ဘယ်ခရီးသည်ကိုမှ မတင်တော့ဘဲ ဈွေးတို့ ကော်ဖီဆိုင်လေးရှိရာ လမ်းသွယ်ကလေးထဲသို့ ချိုးကွေ့ဝင်လာခဲ့ပါသည်။

ဆိုင်ရှေ့ရောက်တော့ ကားပေါ်မှ ဆင်းလာကာ ကားကိုမှီရပ်ရင်း ဆိုင်ဘက်သို့ မျှော်ကြည့်စောင့်ဆိုင်းနေဆဲ ဆိုင်နောက်မှ ဝန်ထမ်းကောင်မလေးတချို့ ထွက်လာတာကို မြင်ရသည်။

“ဟယ် ... ကိုရွှေသွေးပါလား”



www.burmeseclassic.com

www.burmeseclassic.com



"သြော် ... မဥမ္မာ"

ဈေး သူငယ်ချင်း ဥမ္မာက လာနှုတ်ဆက်တာမို့ ရွှေသွေးက ပြုံးပြရင်း ဥမ္မာနောက်ဘက်သို့ လှမ်းကြည့်လိုက်သည်။ အရင်ကဆို နှစ်ယောက်တွဲ ပြန်နေကျမို့ပင် ...။

"ကိုရွှေသွေး ... ဘာလာလုပ်တာလဲ၊ ဈေးက ဥမ္မာကို တစ်ခုခုများ ပြောခိုင်းလိုက်လို့လား"

"ခင်ဗျာ ..."

"ဈေးက ဒီနေ့ ခွင့်ယူထားတာဆိုတော့ နောက်တစ်ရက် ထပ်ယူချင်လို့များ ပြောခိုင်းလိုက်တာလားလို့ပါ"

"ဈေး ... ဈေးက ဒီနေ့အလုပ်မလာဘူးလား"

"မလာဘူးလေ"

"ဘာ ... ဘာလို့ မလာတာလဲ"

"ဟောတော် ... အဲဒါ ဥမ္မာက ကိုရွှေသွေးကို မေးရမှာလေ"

"ဟာ ... ကျွန်တော့်ကို မမေးနဲ့၊ ကျွန်တော် မသိဘူးလေ မသိလို့ လာကြိုတာပေါ့ ..."

"ဟင် ... ကိုရွှေသွေး မသိဘူးလား၊ ဟင် ... ဒါဆို ဈေးက ကိုရွှေသွေးကို ညာထားတာပေါ့၊ ဟယ် ... ဒီလိုမှန်းသိရင် ဒီလိုမပြောပါဘူး၊ ဒုက္ခပဲ ... ဥမ္မာ တရားခံဖြစ်တော့မှာပဲ သွား ... သွားတော့မယ်နော် ကိုရွှေသွေး ..."

"ဟာ ... မသွားနဲ့ဦးလေ"

သုတ်သီးသုတ်ပျာ လှည့်ထွက်သွားသော ဥမ္မာ၏ စလင်းဘတ်အိတ်ကြိုးကို ရွှေသွေးက ကမန်းကတန်း လှမ်းဆွဲထားလိုက်သည်။

"လွှတ် ... လွှတ်ပါ ကိုရွှေသွေးရဲ့"

"မလွှတ်ဘူး၊ ကျွန်တော် မဥမ္မာကို မေးစရာရှိတယ်၊ ဖြေသွားဦး ..."

"ဟုတ်ကဲ့ပါ ... ဖြေပါ့မယ်၊ အိတ်ကိုတော့ လွှတ်နော်၊ ဥမ္မာ့အိတ်က မနေ့ကမှ ဝယ်ထားတာ၊ အသစ်ကလေး၊ ပြုတ်ပြုတ်ထွက်ကုန်မှာ စိုးလို့ပါ"

"သြော် ... ဟုတ်ကဲ့၊ မသိလို့နော်၊ တောင်းပန်ပါတယ်"

ရွှေသွေးက အိတ်ကိုလွှတ်ပေးလိုက်ပြီး ...

"မဥမ္မာက ဈေးရဲ့ တိုင်ပင်ဖော်တိုင်ပင်ဖက် သူငယ်ချင်းလို့ ကျွန်တော်သိထားပါတယ်၊ ဈေး ဘာဖြစ်လို့ ခွင့်ယူသလဲ ဆိုတာ မဥမ္မာသိမှာပါ၊ ကျွန်တော့်ကို ပြောပြပါ မဥမ္မာ"

"သူက ဥမ္မာ့ကို တိုင်ပင်တယ်ဆိုပေမယ့် တချို့ကိစ္စလေး တွေကျတော့ မတိုင်ပင်ဘဲ လျှို့ဝှက်ထားတတ်တာတွေ လည်း ရှိတော့ ဥမ္မာ သူ့အကြောင်း အကုန်မသိပါဘူး ကိုရွှေသွေးရယ်"

"အကုန်မသိတောင် သိသလောက်တော့ ပြောပြပါ မဥမ္မာရယ်၊ ကျွန်တော် တောင်းပန်ပါတယ်"

"ဒုက္ခပါပဲ ကိုရွှေသွေးရယ်၊ ဥမ္မာ ဘယ်လိုပြောရမှန်း တောင် မသိတော့ပါဘူး"

ဥမ္မာက ကိုရွှေသွေးကိုကြည့်ရင်း စိတ်လည်းညစ်၊






www.burmeseclassic.com

www.burmeseclassic.com



သနားလည်း သနားလာရပါသည်။ ဆွေးအတွက် စိတ်ပူ
ခုပဲ ဥမ္မာ့ကို ထိုင်ရှိခိုးတော့မတတ် ပျာပျာသလဲ တောင်း
အသနားခံနေပုံကို ကြည့်ရင်း ဥမ္မာတောင် ငိုချင်လာသည်။

"ပြောပါ မဥမ္မာရယ် ... နော်"

ဥမ္မာက သက်ပြင်းချလိုက်ရင်း ...

"ဟိုလေ ... ဒီ ... ဒီနေ့ သူ့မိတ်ဆွေတစ်ယောက် မွေး
လို့တော့ ပြောတယ်၊ အဲဒီကို သွားသလားမသိဘူး"

"ဩော် ... မွေးနေ့ပွဲ သွားတာလား"

"ဟုတ် ... ဟုတ်မယ်ထင်တယ်"

"မွေးနေ့ပွဲက ဘယ်မှာလုပ်တာလဲ"

"အဲ့ဒါတော့ ဥမ္မာလည်း မသိဘူး"

"သူ့မိတ်ဆွေဆိုတာ ယောက်ျားလား၊ မိန်းမလား"

"ယောက်ျား ... အဲ ... မိန်းမ ... "

"မဥမ္မာ၊ နှစ်မျိုးမပြောပါနဲ့ဗျာ၊ တစ်မျိုးပဲဖြေပါ၊ အ
အတိုင်း ဖြေပေးပါ"

ဥမ္မာက စိတ်ညစ်လာမိကာ ...

"ယောက်ျားရှင် ... ယောက်ျား ... "

"ဘယ်အရွယ် ယောက်ျားလဲ ... "

"သူ့အရွယ် ယောက်ျားပဲ"

"ဟင် ... ဒါဆို သူ့ရည်းစားလား"

"ဟုတ်တယ်"

"ဗျာ ... "





ဥမ္မာကခတ်ပြတ်ပြတ်ဖြေတာမို့ ရွှေသွေးက ပါးစပ်
အဟောင်းသား ပွင့်သွားပြီးမှ ...

"သူ ... သူ ဘယ်တုန်းက ရည်းစားရသွားတာလဲ၊ ကျွန်
တော်လည်း မသိလိုက်ရပါလား"

"နှမ ရည်းစားထားတာ အစ်ကို သိစရာလား"

"ဒုက္ခပါပဲဗျာ၊ ကျွန်တော့် ညီမလေး လူမသမာတွေနဲ့
တွေ့မှဖြင့် ... "

"သိပ်လည်း စိတ်မပူပါနဲ့ ကိုရွှေသွေးရယ်၊ ဆွေး ရည်းစား
ထားပေမယ့် အသွားအလာ အနေအထိုင် ဆင်ခြင်ပါ
တယ်၊ ဒီလိုထွက်တာလည်း ဒီနေ့တစ်ရက်တည်းပါ၊ ဆွေး
က ကိုရွှေသွေးကို ငဲ့ပါတယ်၊ ကိုရွှေသွေး စိတ်ဆင်းရဲမှာ
စိုးလို့ သူ့စိတ်ကို သူထိန်းပြီး နေပါသေးတယ်၊ နောက်
တော့ ဟိုလူကလည်း သူ့အပေါ် စွဲမြဲလွန်းတာနဲ့ ယိမ်း
ယိုင်သွားတာပါ"

ရွှေသွေးက ခဏငိုင်နေပြီးမှ သူ့ဆံပင်တွေကို
သက်ဖြင့် ရှုပ်ဖွလိုက်ရင်း ...

"ကျွန်တော့် ... ကျွန်တော့်ခေါင်းတွေ ထူပူလာပြီဗျာ၊
သူတို့ အခု ဘယ်သွားပြီး ဘာလုပ်ကြမှာလဲ၊ ကျွန်တော်
ဘယ်လို လိုက်ရှာရမလဲ၊ ကျွန်တော့်ညီမလေး ဒုက္ခရောက်
နေပြီလား၊ ဖြားယောင်းခံရရင် ဘယ်လိုလုပ်မလဲ၊ မဖြစ်
ဘူး ... မဖြစ်ဘူး ကျွန်တော် လိုက်ရှာမှဖြစ်မယ်၊ အခု
လိုက်ရှာမှဖြစ်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကိုရွှေသွေး ... ကိုရွှေသွေး ခဏနေပါဦး၊ စိတ်ကိုထိန်း ပါဦး"

ရွှေသွေးက ကားတံခါးကို ဆွဲဖွင့်ပြီး ကားပေါ် တက်ဖို့ ဟန်ပြင်တာမို့ ဥမ္မာက ရွှေသွေးလက်ကို လှမ်းဆွဲထား လိုက်ရင်း ...

"ဒီလောက်လည်း အစိုးရိမ်မကြီးစမ်းပါနဲ့ ကိုရွှေသွေးရယ် ဘယ်သွားမှန်းမသိဘဲ မြို့လုံးပတ်လည် လိုက်ရှာနေလည်း အလကားပဲ၊ တွေ့မှာမှ မဟုတ်တာ"

"ဒါ ... ဒါဆို ကျွန်တော် ဘယ်လိုလုပ်ရမလဲ"

ရွှေသွေးပုံစံက သွေးရူးသွေးတမ်းလို ဖြစ်နေတာ ဥမ္မာက ရွှေသွေးကို သနား ကြင်နာစွာ ကြည့်မိရင်း ...

"ဆိုင်က ပြန်ချိန်ထက် နောက်မကျဘဲ ဓွေးပြန်လာမှာ အိမ်ကပဲ ပြန်စောင့်နေပါ"

"ကျွန်တော် အရမ်းစိတ်ပူလွန်းလို့ရူးချင်လာပြီ မဥမ္မာ၊ ကငယ်ငယ်လေးရှိသေးတာ၊ ဘာမှမသိနားမလည်သေးဘူ"

"ထင်လို့ပါ"

"ဗျာ ..."

"မသိနားမလည်ဘူးဆိုတာ ကိုရွှေသွေး အထင်ပါ၊ ဓွေး တတ်သိနားလည်ပြီး သူ့အန္တရာယ် သူကြည့်ရှောင်တ တဲ့ အရွယ်ပါ၊ ရည်းစားထားတိုင်းလည်း ဒုက္ခဖြစ်မယ် တရားသေ မယူဆပါနဲ့ ကိုရွှေသွေးရယ်၊ လူကော သူကောင်းနဲ့ အတည်တကျ ချစ်သူဖြစ်ပြီး အိမ်ထောင်





သွားတော့ရော စိတ်မအေးရဘူးလား၊ ဓွေး ချစ်သူကို ကြည့်ရတာတော့ ပြည့်ပြည့်စုံစုံထဲကပါပဲ၊ ဓွေးကိုလည်း တကယ်ချစ်ပုံ ရပါတယ်၊ သူနဲ့ တကယ် လက်ထပ်ဖြစ်လို့ ဓွေး ချမ်းချမ်းသာသာနေရရင်ရော ကိုရွှေသွေး မကျေနပ်နိုင်ဘူးလား"

ရွှေသွေးက ခဏငိုင်တွေသွားသည်။ ပြီးမှ အရောင်တောက်သော မျက်ဝန်းလေးတွေဖြင့် ဥမ္မာကို ထက်ထက်သန်သန် ကြည့်ကာ ...

"ဓွေး ချစ်သူကို မဥမ္မာ သိတယ်ပေါ့"

"သိပါတယ် ..."

"သူက အရမ်းချမ်းသာလား"

"ချမ်းသာမယ့် ပုံပါပဲ၊ စီးလာတဲ့ ကားက လင်ခရူဆာ"

"လင်ခရူဆာ ဟုတ်လား၊ အဲဒီကားဆို ညီမလေး သိပ်ကြိုက်တာဗျ၊ ဒါနဲ့ အဲဒီလူက ညီမလေးကို အတည်ယူပါ့မလား"

"ယူမယ့်ပုံပါပဲ"

"အဲဒီလူပုံစံက ဘယ်လိုမျိုးလဲ"

"သန့်သန့်ပြန့်ပြန့်နဲ့ သူဌေးသားပုံ လူရည်သန့်ထဲကပဲ"

"အင်း ... ဒါဆိုလည်း မဆိုးပါဘူး၊ ကျွန်တော့်ညီမလေးကလည်း လူရည်သန့်ပြီး သူဌေးသမီးပုံ ပေါက်နေတာဆိုတော့ ဒီလိုလူမျိုးနဲ့ပဲ တွေ့မှာပေါ့၊ သူကောင်းစားရင်တော့ ကျွန်တော် ကျေနပ်ပါတယ်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုလည်း စိတ်အေးအေးထားပြီး အိမ်ပြန်စောင့်နေလေ"

"ဟုတ်ကဲ့ ... သွားဦးမယ်နော်"

ရွှေသွေးက ဥမ္မာ့ကို နှုတ်ဆက်ပြီး ပြန်ထွက်လာသည်။ သူ့စိတ်ထဲမှာ ဝမ်းနည်းသလို ဆို့ဆို့နင့်နင့် ခံစားရင်ကားမောင်းလာခဲ့သည်။

အိမ်ပြန်ရောက်တော့ ညီမလေးအခန်းထဲ တန်းဝင်သွားကာ အိပ်ရာအောက်၊ ခေါင်းအုံးအောက် မွှေနှောက်လှန်လှောရှာဖွေမိတော့ ခေါင်းအုံးအောက်က စာလေးတစ်စောင်ကို တွေ့ရပါသည်။

ဒီစာကတော့ အရင်တစ်ခါ တွေ့ဖူးတဲ့စာလို လုံးဖောက်မဖတ်ရသေးတဲ့ စာမျိုးမဟုတ်။ သေသေချာချာ ကပ်ကြေးနဲ့ ညှပ်ဖောက်ထားတဲ့ စာအိတ်လေးထဲမှာ အကြိမ်ကြိမ် အထပ်ထပ် ဖတ်ထားသဖြင့် နွမ်းပျော့နေသော စာရွက်ကလေး။

ရွှေသွေးက စာရွက်ခေါက်ကလေးကို ဖြန့်ဖတ်လိုက်သည်။

"ဘာတဲ့ ... မွေးကို တွေ့ချင်လွန်းလို့ ဈေးကြီးတဲ့ မွေးတို့ဆိုင်မှာ ခဏခဏ လာစားနေရတာ ကြာရင် ကိုယ့် ... တော့မယ်ကွာတဲ့ ...၊ အပိုတွေ"

ရွှေသွေးက စာဖတ်ရင်း မဲ့ရွဲ့ပစ်လိုက်မိသည်။

"ဒါပေမယ့် မွေ့ပေစေ ... ကိုယ်ဂရုမစိုက်ပါဘူး၊ မွေး ကို ...





ကို အသိအမှတ်မပြုမချင်း မွေးတို့ဆိုင်ကို လာအားပေးနေဦးမှာပါပဲ ... တဲ့၊ ဟင်း ... တတ်တယ်"

ရွှေသွေးက မဲ့လိုက်ရွဲ့လိုက် ရှုံ့ချလိုက်ဖြင့် စာကို ...ုံးအောင် ဆက်ဖတ်နေသည်။

"ကိုယ့်အိတ်ထဲမှာ ပိုက်ဆံ တစ်ပြားမှ မကျန်တော့တဲ့အထိ ဆက်လက်အားပေးသွားဦးမှာပါ၊ မွေးကိုချစ်မိလို့ မွဲရတော့မယ့် မိုးမြင့်ကျော် ... တဲ့၊ ဟား ... မင်းဘာသာဖွန်ကြောင်လို့ ပိုက်ဆံသုံးဖြုန်းနေတာကိုများ ငါ့ညီမကို တရားခံ လာရှာစရာလား၊ နာမည်ကတော့ ကြီးကြီးကျယ်ကျယ်ထဲကပဲ၊ မိုးမြင့်ကိုတောင် ကျော်သတဲ့ကွာ၊ နေစမ်းပါဦး ... ဒင်းက ပိုက်ဆံချမ်းသာတယ်လည်း ဆိုသေး ... ကော်ဖီဆိုင် ခဏခဏထိုင်ရုံလေးနဲ့ မွဲမယ်ဆိုတော့ ဒင်း ချမ်းသာတယ်ဆိုတာ ဟုတ်ရောဟုတ်ရဲ့လား၊ ငါ့ညီမကို ဆင်းရဲတွင်းထဲ ဆွဲချမယ်ဆိုရင်တော့ ဆောရီးပဲဆရာ၊ ငါ့ညီမ ချမ်းသာမှဖြစ်မှာ၊ သူချမ်းသာမှ ငါလည်း စိတ်ချမ်းသာရမှာ"

ရွှေသွေးက တစ်ယောက်တည်း ရေရွတ်နေလိုက် ... ငြိမ်သက်ငိုင်တွေသွားပြန်ပါသည်။

မွေးကို နမြောသည့်စိတ်ဖြင့် ရင်ဝမှာ နင့်အောင့် ...ရသော်လည်း မွေး ပြန်လာလျှင် ဟန်မပျက်နေမည် စိတ်ကူး ...သည်။ မွေးချစ်သူဆိုတာ မွေးကို တကယ် ကြင်နာပါ့မလား။



www.burmeseclassic.com

www.burmeseclassic.com



လှချင်သာသယမယ့် စိတ်မချမ်းသာတာမျိုးလည်း မဖြစ်စေချင်။ စိတ်ထဲမှာ အမျိုးမျိုးတွေးကာ ရှုပ်ယှက်ခတ်နေဆဲ ...

"ကိုကို ... ကိုကို"

အိမ်ရှေ့မှ ခွေးခေါ်သံကြောင့် သူက စာကိုအိတ်ထဲ အမြန်ပြန်ထည့်ပြီး ခေါင်းအုံးအောက်မှာ ပြန်ထားကာ ရှုပ်ပွနေတာတွေကို ကမန်းကတန်း ပြန်ပြင်စီထပ်ပြီး အိမ်ရှေ့သို့ အမြန်ထွက်လာပါသည်။

"မိခွေး ... ပြန်လာပြီလား"

ရွှေသွေးက ရေကစ်ခွက်ပြေးခပ်ပြီး ခွေးကိုတိုက်သည်။ ပြီးတော့ ခွေးနားမှာထိုင်ရင်း ခွေး မျက်နှာကို အကဲခတ်နေမိပါသည်။

ခွေးက ကိုကိုကိုကြည့်ရင်း ...

"ကိုကို ... ခွေးကို တစ်ခုခု ပြောစရာရှိလို့လား ... ပြောလေ"

"ဟို ..."

ကိုကိုက ခေါင်းတစ်ချက်ကုတ်ကာ တုံ့ဆိုင်းနေသည်။

"ပြောလေ ကိုကို ..."

"ဘာမှမဟုတ်တော့ပါဘူးဟာ ..."

"ကိုကို ဒီနေ့ အိမ်ပြန်စောလှချည်လား"

"ကားက ပြင်စရာလေးရှိလို့ ဝပ်ရှော့မှာ ဝင်ထားခဲ့ပြီး





စောစောပြန်နားနေတာ၊ နှင် ထမင်းဆာပြီလား၊ နှင် ရေချိုးနေတုန်း ငါ ချူထားလိုက်မယ်လေ"

"ခွေး စားခဲ့ပြီးပြီ ကိုကိုရဲ့ ..."

"ဘယ် ... ဘယ်မှာစားခဲ့တာလဲ"

"ဦမှာ ... မုန့်လိုက်ကျွေးလို့လေ ..."

"သြော် ..."

ခွေး ညာနေမှန်း သိပေမယ့် ရွှေသွေးက မသိချင်ယောင် ဆောင်လိုက်မိပါသည်။ ခွေး မျက်နှာကလေးဟာ ပန်းသွေးရောင် ဖြန်းပက်ထားသလို စိုကြွလန်းဆန်းနေတာမို့ နှင်းညည်ဆွတ်ဖြန်းထားသည့် အစွမ်းကုန် လန်းဆန်းနေသော ပန်းကလေးနှင့် တူနေသည်။ ခုချိန်မှာ ခွေး မျက်နှာလေး ညှိုးသွားအောင် သူ ဘာမှမပြောလိုတော့ပါချေ။



www.burmeseclassic.com

www.burmeseclassic.com

♥ ♥ ♥

ချွေးသည် ကိုကို့ရှေ့မှာ ထိုင်နေရတာကို မျက်နှာပူလာပြီဖြစ်၍ အခန်းထဲသို့ ဝင်လာခဲ့သည်။ ချွေး ကိုကို့မျက်နှာကို သိပ်မကြည့်ရဲခဲ့၊ ညာခဲ့မိသည့်အတွက် လိပ်ပြာမလုံ။ မောင်နဲ့အတူ ကြည်ကြည်နူးနူး လျှောက်လည်ခဲ့ရသည့်အတွက် ပျော်ရသော်လည်း စိတ်ကတော့ နောက်ဆန်တငင်ငင် ရှိလှသည်။

ချွေးက ခေါင်းအုံးကိုဖယ်၍ ပြန်ထားခဲ့သော ပိုက်ဆံအိတ်ကလေးကို ကြည့်မိသည်။ ပြီးတော့ ချွေး ရယ်ချင်သွားမိပါသည်။

ဒီနေ့မနက်မှာ မောင်နဲ့တွေ့တော့ မောင်က ချွေးရှေ့မှာ လက်ဖြန့်ကာ ...

"မွေးနေ့လက်ဆောင် ပါရင် ပေး ..."

ဟု ပြောတော့ ချွေးက ကြိုတင်ကြံစည်ထားသည့်အတိုင်း ...

"ပေးမှာပေါ့ မောင်ရဲ့၊ မျက်စိမှိတ်ထား ..."

ဟု ပြောကာ အရဲကိုးလျက် မောင့်လက်ကို ငုံ့နမ်း





လိုက်ပါသည်။ မောင်က အံ့သြပျော်ရွှင်သွားပုံရကာ ...

"ကြည့်စမ်း ... အဖိုးတန်လိုက်တဲ့ လက်ဆောင်၊ မောင့်မွေးနေ့မှာ ချွေးဆီက ဒီလို လက်ဆောင်မျိုး ရလိမ့်မယ်လို့ လုံးဝမထင်ခဲ့တာ၊ ချွေးက ရှက်တတ်လွန်းလို့ မောင့်မှာ ချွေး လက်ကလေးကိုင်ဖို့တောင်မှ ချွေးစိတ်ဆိုးမှာ စိုးလို့ မထိရဲမတို့ရဲဖြစ်နေတာ၊ ဟား ... ဟား ... ခုတော့ ချွေးက ကိုယ့်ကို စနမ်းတယ်၊ ပျော်လိုက်တာကွာ ..."

မောင် ပျော်တာကို ကြည့်ပြီး ချွေးလည်း ကျေနပ်ရသည်။ ပိုက်ဆံလည်းမကုန်။ ဘယ်လောက် အဆင်ပြေလိုက်တဲ့နည်းလဲလို့ ...။ ချွေးသည် ကိုယ့်အကြံနဲ့ကိုယ်မို့ မောင်မမြင်အောင် ကျိတ်ပြုံးခဲ့ရသည်။

ချွေးသည် ကိုကို့အတွက် ရည်ရွယ်ထားသည့် ပိုက်ဆံကို ချစ်သူအတွက် သုံးမပစ်ရက်တာမို့ ခုလိုကြံခဲ့ရတာ ဖြစ်သည်။ ချွေး ပါးကလေးတွေကတော့ နီရွှေးနေခဲ့မည် ထင်ရဲ့။ ပထမဆုံး အတွေ့အကြုံမို့ ချွေး ရှက်ရသည်ကတော့ အမှန်ပင်။

ကိုကိုသာ ဒီအဖြစ်ကို သိလျှင်တော့ 'ပိုက်ဆံသုံးလိုက်တာက ပိုကောင်းပါတယ်ဟာ' ဟု ပြောမလားမသိပါ။

ထိုညက ချွေး အိပ်ခါနီးတော့ ကိုကို့အခန်းဘက်သို့ လှည့်၍ ဦးသုံးကြိမ်ချကာ ...

"ဒီနေ့ ကိုကို့ကို ညာခဲ့မိတဲ့အတွက် ခွင့်လွှတ်ပါ"

ဟု တိုးတိုးလေး တောင်းပန်လိုက်ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com

“ဟဲ့ ... ဇွေး အခြေအနေ ကောင်းရဲ့လား”

ဇွေးက ယှူနီဖောင်း လဲနေတုန်းမှာ ဥမ္မာတ အနား ရောက်လာပြီး မေးလိုက်တာမို့ ဇွေးက ဥမ္မာ့ကို လှည့်ကြည့်ရင်း

“ဘာကို မေးတာလဲ”

“မနေ့က ကိစ္စလေ၊ နှင် အဆူခံရသေးလားလို့ မေးတာ၊ မနေ့က နှင့် အစ်ကို နှင့်ကိုလာကြိုတယ်ဟဲ့”

“ဟင် ...”

ဇွေးသည် ရင်ထဲ ဒိန်းခနဲ တုန်သွားကာ ...

“နင် ... နင်နဲ့တွေ့တာလား၊ နင် ဘာပြောလိုက်လဲ”

“နင်က ငါ့ကိုပါ ညာသွားတာဆိုတော့ ငါလည်း နင့် အစ်ကိုကို မြင်တာနဲ့ နင့်ကိုမေးမိတယ်၊ နင် ကြိုပြော ထားရင်တော့ ငါညာပေးပါတယ်၊ ငါ ဖုံးဖုံးဖိဖိတော့ ပြောပါသေးတယ်၊ ဒါပေမယ့် နင့်အစ်ကိုပုံစံက အရမ်း သနားစရာ ကောင်းလာတာနဲ့ ငါသိသလောက်တော့ ပြောလိုက်မိတယ်”





ဇွေးသည် ရုတ်တရက် နှုံးဖျော့အားပြတ်သွားကာ နံရံကို မှီရပ်လိုက်ရသည်။

မနေ့ညက ဇွေးကို ကြိုစောင့်နေသော ကိုကို့မျက် နှာကို မြင်ယောင်သည်။ ဇွေးကို တစ်ခုခု ပြောချင်နေသော ကိုကို့အမူအရာကို သတိတရ ပြန်မြင်ယောင်လာသည်။ မသိ မသာ မျက်နှာလေး ငယ်နေခဲ့သော ကိုကို့ကို သနားစိတ်ဖြင့် ဇွေးရင်မှာ နာကျင်လာရပါသည်။

ဇွေး စိတ်ဆင်းရဲမှာစိုးလို့သာ ကိုကို ဘာမှမပြော ရက်ခဲ့ပေမယ့် ကိုကို့ရင်ထဲမှာ ဘယ်လောက်တောင် သောက အပူမီးတွေ ကြီးနေရှာမလဲ ...။ အဲဒီ အပူမီးကို မျိုချကာ ဟန်ဆောင်နေခဲ့ရတာ ဘယ်လောက် ဒုက္ခကြီးရှာမလဲ။ ဇွေး သနားလိုက်တာ ကိုကိုရယ် ...။

ဇွေးသည် ရည်းစားထားမိသော အဖြစ်ကို ဇွေးရဲ့ ကြီးမားလှစွာသော အပြစ်ဟုထင်လာသည်။ ကိုကို့ကို လိမ်ညာ ခဲ့မိသည့်အတွက် ကိုယ့်ကိုယ်ကို ခွင့်မလွှတ်နိုင်အောင် ဖြစ်လာ သည်။

ဇွေး ကိုကို့ကို ဆက်ပြီးမညာလိုတော့ပေ။

အဲ့ဒီနေ့မှာပဲ ဇွေးက ဆုံးဖြတ်ချက်တစ်ခုကို ချမိ သည်။ အဲ့ဒီနေ့မှာပဲ မောင်နှင့်တွေ့ဖို့ ချိန်းဆိုကာ ...

“ဇွေးတို့ လမ်းခွဲကြရအောင် ...”

ဟု ပြောမိတော့ မောင်က မယုံနိုင်ဘဲ ...



www.burmeseclassic.com

www.burmeseclassic.com



"မနေ့တုန်းက အကောင်းကြီးပါ၊ ရွှေး ပျော်နေတာ မောင် သိသားပဲ၊ ခုမှ ရုတ်တရက်ကြီး ဘာဖြစ်ရတာလဲ၊ ရွှေး အစ်ကို သိသွားလို့ မောင်နဲ့ လမ်းခွဲနိုင်းတာလား ..."

"ကိုကိုက ဘာမှမပြောပါဘူး မောင်၊ ရွှေးဘာသာ ဆုံးဖြတ်တာပါ"

"အကြောင်းပြချက်က ဘာလဲ ရွှေး ..."

"ရွှေး အလုပ်ကိုပဲ အာရုံစိုက်ပြီး လုပ်ချင်တယ်၊ ရွှေး ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်ပြီး ငွေရှာချင်သေးတယ်"

"အဲ့ဒါနဲ့ပဲ မောင်နဲ့ လမ်းခွဲရရောလား ...၊ ရွှေးကိုတော့ မောင် နားမလည်နိုင်တော့ဘူး၊ ဒါပေမယ့် မင်းသဘောပါ၊ မောင် ... မင်းကို အသနားမခံချင်ဘူး ..."

မောင်က ရွှေးက ခပ်နက်နက်စိုက်ကြည့်ပြီး လှည့်ထွက်သွားသည်။ မောင့်ကားထွက်သွားတော့ ရွှေး ငိုမိသည်။ အဲ့ဒီနေရာမှာပဲ ရပ်ကာ အားရအောင်ငိုသည်။ မျက်ရည်တွေကုန်သွားအောင် ငိုသည်။ ငိုလို့အားရတော့မှ မျက်ရည်တွေကို စင်စင်သုတ်ကာ ကိုကို စားဖို့ ဒန်ပေါက် တစ်ထုပ် ဝယ်ပြီး အိမ်ပြန်လာခဲ့ပါသည်။

အိမ်ရောက်တော့ ဒန်ပေါက်တစ်ထုပ်ကို နှစ်ယောက်စားလို့ရအောင် ထမင်းဖြူနှင့် ရောနယ်ပြီး တစ်ဝက်စီ ခွဲထည့်လိုက်သည်။ ကြက်သားတုံးကိုလည်း တစ်ဝက်စီ ခွဲထည့်သည်။

"ကိုကိုရေ ... ဒန်ပေါက် စားမယ်ဗျို့"





ရွှေး အော်ခေါ်တော့ ကိုကိုက အပြေးရောက်လာသည်။

"ဟား ... ငါ့အကြိုက်ပဲ၊ မိုက်တယ်"

ထမင်းဝိုင်းမှာ ဝင်ထိုင်ပြီး အားရပါးရ ငုံ့စားလိုက်သော ကိုကို့ကို ရွှေးက မျက်ရည်ဝဲသီသော မျက်ဝန်းကလေးတွေဖြင့် ငေးကြည့်နေလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

❤ ❤ ❤

ရွှေသွေးသည် ခုတလော မျက်နှာလေး ညှိုးနေ
သော ဈွေးကိုကြည့်ကာ စိတ်မသက်သာပေ...။

ထမင်းလည်း အစားနည်း၊ စကားလည်း သိ
သာသာနည်းနေသော ဈွေးကြောင့် ရွှေသွေးမှာ ဈွေးကိုပဲ အ
တခတ်ခတ်နှင့် စိတ်ပူနေရသဖြင့် ဒေါ်ကြီးစိုးကို ခေါ်ကာ တိုး
တိုးတိတ်တိတ် ကျိတ်မေးရသည်။

"ဒေါ်ကြီးစိုး ... ဒေါ်ကြီးစိုး တူမ ခုတလော ဘာဖြစ်နေ
လဲ"

"ငါလည်း ဘယ်သိပါ့မလဲ၊ ဒါပေမယ့် မျက်နှာ သိ
မလန်းတာတော့ သတိထားမိနေတယ်၊ အရင်လော
လည်း အလှသိပ်မပြင်တော့သလိုပဲ ...၊ ကြည့်လိုက်ရ
ရည်းစားပူမိနေတဲ့ အတိုင်းပဲ"

"ရည်းစားပူ မိနေတာ ..."

"ငါက သဘောပြောတာပါဟဲ့ ..."

ရွှေသွေးသည် ညီမလေး တကယ်များ ရည်းစား





ိနေတာလားဟု တွေးကာ စိတ်ပူလာသည်။ ဖွင့်လည်းမမေးရဲ
ာမို့ ဥမ္မာ့ကိုပဲ သွားမေးဖို့ စိတ်ကူးမိသည်။ ညီမလေးကို
ကြိုရင်း ဥမ္မာ့ကိုပါ လမ်းကြုံတင်ကာ အိမ်အထိလိုက်ပို့ဖူးတာ
ဥမ္မာ့အိမ်ကိုတော့ သူသိနေသည်။ ဆိုင်ကိုသွားလျှင် ညီမလေး
တိုးနေမှာမို့ ဥမ္မာ အိမ်ပြန်ရောက်မည့်အချိန်လောက်ကို မှန်း
ာ ဥမ္မာ့အိမ်သို့ လိုက်သွားမိသည်။

"ဒါ ... မဥမ္မာတို့အိမ်လား ခင်ဗျ ..."

"ဟယ် ... ကိုရွှေသွေးပါလား၊ ဘယ်ကနေ လှည့်လာလဲ"

"ဒီကို သက်သက်လာတာ၊ မဥမ္မာကို မေးစရာရှိလို့"

"ဈွေးအကြောင်းပဲ မေးမှာမဟုတ်လား"

"ဟုတ်တယ် မဥမ္မာ၊ မိဈွေးကိုကြည့်ရတာ ခုတလော
တမှိုင်မှိုင်နဲ့၊ သူ ဘာများဖြစ်သလဲ၊ ကျွန်တော်လည်း
ဟိုကိစ္စ သိပေမယ့် သူ့ကိုမဆူပါဘူး၊ မသိချင်ယောင်
ဆောင်နေတာပါ"

"သူက သူ့ချစ်သူကို ဖြတ်ပစ်လိုက်ပြီ ကိုရွှေသွေးရဲ့ ..."

"ဟင် ... ဘာလို့လဲ၊ ဟိုကောင်က သစ္စာဖောက်လို့လား"

"မဟုတ်ဘူး ...၊ ဥမ္မာ့အထင်တော့ သူ ကိုရွှေသွေးကို
ညာနေရတာ စိတ်မကောင်းဘူးထင်ပါတယ်၊ သူ
တကယ်လို့ အိမ်ထောင်ပြုမယ်ဆိုလည်း ကိုရွှေသွေးကို
ထားခဲ့ရမှာ စိတ်မဖြောင့်ဘူးလို့ ဥမ္မာ့ကို ခဏခဏ ပြော
တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါ … ဒါဆို ကျွန်တော်က အရင်အိမ်ထောင်ကျရင်တော့ သူစိတ်ဖြောင့်မှာပေါ့နော်"

"ဒါတော့ ဥမ္မာ မပြောတတ်ဘူး၊ ဒါပေမယ့် ကိုရွှေသွေး အိမ်ထောင်ကျပြီး သားနဲ့ သမီးနဲ့ ပျော်ပျော်ရွှင်ရွှင်နေတာ ကိုတော့ သူမြင်ချင်တယ်လို့ ပြောဖူးတယ်၊ ကိုရွှေသွေး အသက်လည်း မငယ်တော့ဘူး မဟုတ်လား"

ရွှေသွေးသည် ဘာမှဆက်မပြောတော့ဘဲ ငိုင်တွေ သွားပါသည်။ ညီမလေးမှာ အဲ့ဒီလို သဘောထားရှိမှန်း သူ မသိခဲ့လို့ပါ။

"သွားဦးမယ်နော် မဥမ္မာ …"

ရွှေသွေးက ဥမ္မာကို နှုတ်ဆက်ပြီး ထွက်လာသည်။ စိတ်ထဲမှာတော့ 'ငါ အိမ်ထောင်ပြုလိုက်ရင် ရွှေး စိတ်ဖြောင့် လေမလား' ဟူသော အတွေးကို ထပ်တလဲလဲ တွေးလာသည်။ ညီမလေးရဲ့ ဘဝခရီးလမ်းမှာ သူ့ကြောင့် အနှောင့်အယှက် မဖြစ်စေလိုပေ။

ဤသို့ဖြင့် နုံထုံလှပေသော ရွှေသွေးသည် လမ်း ထိပ် ကွမ်းယာဆိုင်ကလေးဆီသို့ ဦးတည်လာခဲ့သည်။ ထိုနောက် ဆွေ့ဆွေ့ဆီ တန်းတန်းမတ်မတ် လျှောက်သွားကာ …

"ဟဲ့ … ဆွေဆွေ"

"အော် … ကိုရွှေသွေး"

ရွှေသွေးက ပြောရကောင်းနိုး မကောင်းနိုး ချီတုံ ချတုံ ဖြစ်နေသည်။





"ကိုရွှေသွေး ဆွေဆွေ့ကို ပြောစရာရှိလို့လား ပြောလေ"

"ဟိုလေ … ဒီလိုဟာ၊ နှင် … ငါနဲ့ လက်ထပ်မလား"

"ဟယ် … ကိုရွှေသွေးကလည်း ဘာမှန်းလည်းမသိဘူး"

ရှက်ပြုံးပြုံးလိုက်သော ဆွေဆွေ့ကိုကြည့်ပြီး ရွှေသွေးက ပိုရှက်မိတာမို့ ဆိုင်ရှေ့မှ ခပ်မြန်မြန် လှည့်ထွက် လာခဲ့ပါသည်။



www.burmeseclassic.com

"လက်ထပ်ခွင့် တောင်းရအောင် သမီးရည်းစားတောင် မဟုတ်တဲ့ဟာကို ...၊ ပြီးတော့ ကိုကိုကသာ ခုထိ အိမ်ထောင်မပြုတာ၊ သူကဖြင့် ပြုပြီးလို့ ကွဲတောင်သွားပြီ၊ လူတကာနဲ့ ဟီးဟီးဟားဟားလုပ်နေတဲ့ ဆွေဆွေ့လို မိန်းမမျိုးကို ကိုကိုက ယူမလား၊-ကိုကိုက သူ့ဘာသာ ရိုးရိုးအေးအေးနေတာ၊ ဆွေဆွေက ရေလာမြောင်းပေး လုပ်နေတာကိုတောင် အရေးစိုက်တဲ့သူမှ မဟုတ်တာ"-

"ဒါတော့ မသိဘူးအေ၊ သေချာအောင် ညည်းအစ်ကိုကိုသာ မေးကြည့်ပေတော့ ..."

ဒီနေ့ အလုပ်နားသောရက်မို့ အိမ်မှာနေနေသော ခွေးက ကိုကို ကားပြန်သိမ်းလာမည့် အချိန်ကို စောင့်နေလိုက်ရသည်။ ဒီနေ့မှ စောင့်ရတာ စိတ်မရှည်သလိုပင် ...။

"တီ ... တီ ..."

"ဟော ... ကိုကို ပြန်လာပြီ"

ကားဟွန်းသံကြားသည်နှင့် ခွေးက ကိုကို့ကို ပြေးကြိုပြီး အိမ်ပေါ်သို့ဆွဲခေါ်လာသည်။

"ဟ ... မိခွေး ဘယ်လိုဖြစ်လို့ ငါ့ကို ဖွတ်ဆွဲခေါ်နေတာလဲ ..."

"မေးစရာရှိလို့၊ မေးစရာရှိလို့၊ ကိုကို ခွေးကို မှန်မှန်ပြော၊ ဆွေဆွေ့ကို လက်ထပ်ခွင့် သွားတောင်းတယ်ဆိုတာ မဟုတ်ဘူး မဟုတ်လား"



♥ ♥ ♥

"ခွေးရေ ... ခွေး ..."

"ခွေးရှိတယ် ခေါ်ကြီးစိုး"

ခေါ်ကြီးစိုးက အိမ်ပေါ်သို့ သုတ်သီးသုတ်ပျာ တက်လာပြီး ခြေပစ်လက်ပစ် ထိုင်ချကာ ...

"အမလေး ... မောလိုက်တာဟယ်၊ ငါ့မှာ သတင်းကြား ကြားချင်း မယုံနိုင်လွန်းလို့ ပြေးလာခဲ့ရတာ"

"ဘာသတင်း ကြားလို့လဲ ခေါ်ကြီးစိုးရဲ့"

"ညည်းအစ်ကိုနဲ့ ဆွေဆွေနဲ့ ယူကြတော့မလို့ဆို ..."

"ဟင် ... မဟုတ်တာတွေ၊ ခေါ်ကြီးစိုး ဘယ်ကကြား တာလဲ"

"အရပ်ထဲမှာ သတင်းက ပြန့်နေတာလေ၊ ဒါ တလော လူတိုင်းပါးစပ်ဖျားမှာ ရေပန်းစားနေတဲ့သတင်း ဆွေဆွေကိုယ်တိုင် ပြောတာတဲ့၊ ရွှေသွေးက သူ့ လက်ထပ်ခွင့် လာတောင်းသွားတာတဲ့ ..."



www.burmeseclassic.com

www.burmeseclassic.com



ကိုကိုက ချက်ချင်းမဖြေဘဲ ခေါင်းကုတ်နေသည်။ ကိုကို တွေဝေတုံ့ဆိုင်းနေပုံကြောင့် ဆွေးက ရင်ထိတ်သွားကာ ကိုကို့လက်မောင်းကို ဆွဲဆွဲလှုပ်ရင်း ...

"ကိုကို... ဆွေးမေးတာ ဖြေလေ၊ မဟုတ်ဘူးမဟုတ်လား"

"ဟုတ်တယ်"

"ဘာဟုတ်တာလဲ၊ မဟုတ်ဘူးဆိုတာ ဟုတ်တယ်လို့ ပြောတာလား"

"မဟုတ်ဘူးဆိုတာ မဟုတ်ဘူး၊ ဟုတ်တယ်ဆိုတာ ဟုတ်တယ်"

"ဟင် ... ကိုကို၊ ဘာပြောတာလဲ၊ ရှင်းရှင်းပြော ..."

"ငါ ဆွေဆွေ့ကို လက်ထပ်ခွင့် သွားတောင်းထားတာ အမှန်ပဲ ဆွေး ..."

"ဟင် ..."

ဆွေးသည် ခဏ မင်သက်သွားပြီး သတိဝင်လာတော့မှ ကိုကို့လက်မောင်းကို ထုရိုက်ပစ်လိုက်ရင်း ...

"ကိုကို ရူးသွားပြီလား၊ ကိုကို ရူးလို့ အဲ့ဒီလိုသွားပြောတာလား၊ ဆွေဆွေ့ကို ကိုကို ဘယ်တုန်းက ကြိုက်ခဲ့လို့လဲ"

"ငါ မကြိုက်ပေမယ့် သူကကြိုက်နေတာ"

"သူကကြိုက်တာနဲ့ပဲ အဲ့ဒီလို သွားပြောစရာလား၊ ကိုကို့မှာ ဦးနှောက်မရှိဘူးလား"

"ဦးနှောက်ရှိလို့သာ သွားပြောတာပေါ့"





"ဟင် ... ဘယ်လို ...၊ ကိုကို ပြောတာ ဆွေး နားမလည်ဘူး"

ကိုကိုက ဆွေးကို တစ်ချက်စိုက်ကြည့်လိုက်ပြီးမှ မျက်နှာလွှဲသွားကာ ...

"နင့်မှာ ရည်းစားရှိတာ ငါသိပါတယ်၊ နင့်ရည်းစားက သူဌေးဆိုတော့ နင်ကောင်းစားမှာပေါ့၊ နင် ငါ့ကို နောက်ဆန်ငင်ပြီး နင့်ရည်းစားကို ဖြတ်ပစ်လိုက်တာ မဟုတ်လား၊ အဲ့ဒါကြောင့် နင် ငါ့ကို နောက်ဆန်မငင်ရအောင် ငါ အရင်အိမ်ထောင်ပြုပေးမလို့ ..."

ဆွေးသည် ကိုကို့နှုတ်မှ ထင်မှတ်မထားသောစကားတွေကို ကြားလိုက်ရတာမို့ ရုတ်တရက် shock ရသလို ပြာမိုက်သွားသည်။ ပြီးတော့ ကိုကို့ကို အံ့သြကြင်နာစွာ၊ စိတ်ဆိုးစိတ်ပျက်စွာကြည့်ရင်း ခေါသတကြီး ဆတ်ဆတ်ခါလာကာ ...

"ဆွေးအတွက် ... ဆွေးအတွက် ကိုကို့ ဘဝကြီးကို စတေးပစ်ဦးမယ်ပေါ့၊ ကိုကို အဲ့ဒီလိုတွေးစရာလား၊ အဲ့ဒီလိုလုပ်စရာလား ဟင် ...၊ ကိုကို ရူးနေပြီလား"

ဆွေးသည် ပြောရင်း မျက်ရည်တွေလည်း ကျလာပါသည်။ ဆွေး မျက်ရည်ကျတာမို့ ကိုကိုက ပျာယာခတ်သွားကာ ...

"မငိုပါနဲ့ ညီမလေးရာ၊ နင်ငိုရင် ငါမနေတတ်ဘူးဟ၊ ငါမှာ နင့်တစ်မျက်နှာပဲ အရိပ်ကြည့်စရာရှိတာ၊ ငါ ခုလိုဆုံးဖြတ်တာ ဘာမကောင်းလို့လဲ၊ နင်ပဲ အရင်က ပြော



www.burmeseclassic.com

www.burmeseclassic.com



ဖူးတယ်လေ၊ ငါ့ကို အိမ်ထောင်ရက်သားကျပြီး သားတွေ သမီးတွေနဲ့ ပျော်နေတာမြင်ချင်တယ်ဆို"

"ဆွေး ပြောတာက ကိုကို တကယ်ချစ်တဲ့သူနဲ့ တွေ့ရင် တစ်ဖက် မိန်းကလေးကလည်း စာရိတ္တ ကောင်းရင် အိမ်ထောင်ပြုဖို့ပြောတာလေ၊ ခုလို စိတ်ရှုပ်ပေါက်သလို ထလုပ်ဖို့ပြောတာ မဟုတ်ဘူးလေ"

"ဆွေဆွေက ဘာမကောင်းလို့လဲဟာ၊ သူ့ခမျာ နှင် ခင် ငယ်ငယ်ကတည်းက ငါ့ကြိုက်လို့ နှင့်ကို မုန့်ခေါ်ခေါ် ကျွေးနေတာ၊ နှင့်ကိုလည်း ချစ်ရှာသားပဲ၊ နှင့်အနွံတာကို ခံမယ့်ပုံပါ"

"ကိုကိုရယ် ... အဲဒါနဲ့ပဲ အဲဒီလို ဆုံးဖြတ်ရရောလား၊ သူက တစ်ခုလပ်လေ၊ ရည်းစားတွေ အများကြီးထားတယ်လေ၊ အနေအထိုင် ကြန့်မရှုဘူးလေ၊ ပြီးတော့ ... ကိုကိုလည်း သူ့ကိုမချစ်ဘူးလေ"

"ဒါတော့ ဒါပေါ့ဟာ၊ ဒါပေမယ့် ငါက သွားပြောပြီးပြီဟ၊ ယောကျ်ားဆိုတာ ပြောပြီးသား စကား တည်ရတယ်"

"အဲဒါဆိုလည်း ကိုကို့ဘာသာ တညီကျန်ခဲ့၊ ဆွေးကတော့ ပြောစရာရှိတာ သွားပြောရမှာပဲ"

"ဟ ... ဟ ... ဒါ ဘယ်လဲ၊ ဘယ်သွားမလို့လဲ"

"ဆွေဆွေ့ဆီ ..."





ဆွေးသည် ကိုကို့ကို ဘာမှဆက်မပြောလိုတော့ဘဲ လမ်းထိပ်က ဆွေဆွေတို့ ဆိုင်လေးဆီသို့ သုတ်ခြေတင်လာသည်။ ကိုကိုကလည်း ဆွေးကို တတွတ်တွတ်တားမြစ်ရင်း နောက်မှ ထပ်ချပ်လိုက်လာသည်။

"နှင် ဘာသွားပြောမှာလဲ၊ သွားရန်တွေ့မလို့လား၊ မသွားပါနဲ့၊ အားနာဖို့ကောင်းပါတယ်ဟာ၊ နှင် ဆွေဆွေ့ကို သဘောမကျဘူးဆိုရင်လည်း နောက်မှ ငါ အေးအေးဆေးဆေး သွားပြန်ပြောလိုက်မယ်လေ၊ ဟို ... နှင် ဒေါ်ကြီးစိုး တူမ ရွှေစင်ကိုရော သဘောမကျဘူးလား၊ ငါ ဆွေဆွေ့ကို မယူဘဲ သူ့ကိုပဲ ယူလိုက်ရင်ရော ..."

"ကိုကို ..."

ဆွေးသည် ခပ်မြန်မြန်လျှောက်နေရင်းက ဖြုန်းခနဲ ခြေလှမ်းတွေကို ရပ်ပစ်လိုက်ပြီး မျက်စိစုံမှိတ်လျက် ခေါ်သံကြီးကြီးအော်လိုက်မိသည်။ ထိုအခါကျမှ ကိုကိုက ငြိမ်သွားကာ ရိုးသားနုံအသော လန့်ထိတ်စိုးရိမ်သော မျက်ဝန်းများဖြင့် ဆွေးကို စိုက်ကြည့်နေသည်။ ဆွေးသည် ကိုကို့ကို သနားလည်း သနား၊ ငိုလည်းငိုချင်၊ စိတ်လည်း တိုမိနေကာ ...

"ကိုကို ပြန်တော့ ... ၊ ဆွေဆွေ့ရှေ့မှာ မျက်နှာမပူချင်ရင် အခုပြန်ပြီး အိမ်ကနေ စောင့်နေလိုက်တော့၊ ဆွေး ဘာသာ ပြောသင့်ပြောထိုက်တာ ပြောပြီး ပြန်လာခဲ့မယ်၊ ဆွေးကို မတားနဲ့၊ ဘာမှလည်း ထပ်မပြောနဲ့တော့နော် ဟုတ်ပြီလား ..."



www.burmeseclassic.com

www.burmeseclassic.com



ကိုကိုက ဆွေးကို တွေကြည့်နေပြီးမှ ခေါင်းတစ်ချက် ညိတ်ပြပြီး လှည့်ပြန်သွားသည်။

ဆွေးကတော့ ဆွေဆွေတို့ဆိုင်ဘက်သို့ ဆက်လျှောက်လာကာ ...

"မဆွေ ... မဆွေ ရှိလား"

"ဟယ် ... ယောက်မလေးပါလား၊ မလာစဖူးပါလား ...၊ ဘာလဲ ... ညည်းအစ်ကို လွှတ်လိုက်လို့လား၊ ရွှေလမ်းငွေလမ်း ဖောက်တော့မလို့လား"

"မဟုတ်ဘူး မဆွေ၊ မဆွေကို ကိုကိုပြောထားတဲ့ စကားကို ဆွေးက ကိုကို့ကိုယ်စား လာရုတ်သိမ်းပေးတာ၊ အဲဒီကိစ္စ မဖြစ်ဘူးလို့ပဲ မှတ်လိုက်တော့ ..."

"နှင်းနဲ့ ဘာဆိုင်လို့ ဝင်ပါရတာလဲ"

ဆွေးသည် မဆွေစကားကြောင့် အံ့သြဒေါသထွက်လာမိကာ ...

"ဘာလို့မဆိုင်ရမလဲ၊ ဆွေး အစ်ကိုကိစ္စ ဆွေးနဲ့လည်းဆိုင်တယ်"

"နှင်းအစ်ကိုမှ မဟုတ်တာ၊ ကိုရွှေသွေးက နှင်းကို သနားလို့ ကောက်မွေးစားလာတာ၊ နှင်းတို့ ဘာမှမတော်မှန်း တစ်ရပ်ကွက်လုံး သိတယ်"

"သိတော့ရော ဘာဖြစ်လဲ၊ သွေးတော်တော် မတော်တော် ဆွေး နှပ်ချေးတွဲလောင်းကတည်းက နှပ်ချေးတမျိုးမျိုး ညှစ်ပေးရင်း ဆွေးကို မွေးလာရင် ဆွေးအစ်ကိုပဲ ..."





"နှင်း သိပ်တိုတွာမနေနဲ့၊ ငါပြောလိုက်ရရင် မကောင်းရှိတော့မယ်"

"ပြောပေါ့ ...၊ အစ်မဘာပြောပြော ဆွေးကလည်း ဂရုမစိုက်ပါဘူး၊ အစ်မနဲ့ ဆွေးအစ်ကိုနဲ့ မတန်လို့ မတန်တဲ့အကြောင်း လာပြောပြတာ ..."

"ဟဲ့ ... နှင် ..."

ဆွေးက ပြောပြီးတာနှင့် ချာခနဲ လှည့်ထွက်လာသည်။ ဆွေဆွေက ဆွေ့ဆွေ့ခုန် ကျန်ခဲ့သည်။

ဆွေး အိမ်ပြန်ရောက်တော့ ကိုကိုက ရှင်ရှင်လန်းလန်းပင် ဆီးကြိုနေတာမို့ ဆွေး စိတ်သက်သာရာရမယ်မှမကြံသေး ကိုကို ပြောလိုက်သော စကားကြောင့် ဆွေး အော်ဟစ်ငိုချင်သွားရပါသည်။

"မိဆွေး ... ငါတစ်ခု စဉ်းစားမိတယ်ဟ၊ နှင့် သူငယ်ချင်း မဥမ္မာက နှင့်ကို အရမ်းခင်တယ်မဟုတ်လား၊ သူက ငါ့ကိုဆိုလည်း ခင်ခင်မင်မင် ဆက်ဆံတယ်၊ သူနဲ့ဆို မကောင်းဘူးလား၊ နှင့်အတွက် အရမ်းအဆင်ပြေတယ်လေ၊ ငါ ကြိုးစားကြည့်လိုက်ရင် မကောင်းဘူးလား"

"တော်ပါတော့ ..."

ဆွေးက ငိုသံပါကလေးဖြင့် စိတ်ပျက်လက်ပျက် အော်ပစ်လိုက်မိလေသည်။



www.burmeseclassic.com

www.burmeseclassic.com

♥ ♥ ♥

ရွှေသွေးသည် ကန်တော်ကြီးထဲက UTOPIA ရှေ့ လှေကားထစ်တွေမှာ ထိုင်ကာ ကားဝင်လာမည့် လမ်းဆီ လည် တဆန့်ဆန့် မျှော်ငေးရင်း ရင်တထိတ်ထိတ် ခုန်လျက်ရှိလေ သည်။

သူ့အကြံအစည်ကိုသာ မွေးသိလျှင် သူ့ကို ဘယ် လောက်တောင် ဆူမည်မသိ။ သူကတော့ မွေးမသိအောင် မိုးမြင့် ကျော်နှင့် ချိန်းဆိုထားခဲ့ပြီ ...။ မိုးမြင့်ကျော်ရဲ့ ဖုန်းနံပါတ်ကို ညီမလေးရဲ့ မှတ်စုစာအုပ်ကလေးထဲမှာ ရှာဖွေတွေ့ရှိထားခဲ့တာ မို့ သူက မိုးမြင့်ကျော်ထံဖုန်းဆက်လျက် မွေးအစ်ကို တစ်ယောက် အနေနဲ့ မိုးမြင့်ကျော်ကို တွေ့ချင်ပါကြောင်း တောင်းဆိုခဲ့တာ ဖြစ်သည်။

သူဒီလိုလုပ်တာ မှန်သလား မှားသလားတော့ မသိ ...။ သူ့စိတ်ထဲမှာတော့ ဒီလိုလုပ်ခြင်းအားဖြင့် ညီမလေး စိတ်ချမ်းသာသွားလိမ့်မည်ဟု ထင်သည်။

ရွှေသွေးက ဆင်ခြင်တွေးတော ကြံဆတတ်သော





အသိဉာဏ်ပညာ မမြင့်မားမှန်းတော့ ကိုယ့်ကိုယ်ကို သိနားလည် ပါသည်။ သို့သော် ... ဘယ်လောက်ပဲ တုံးတုံး ထုံထုံ အအ ညီမလေးဘ၀ ကောင်းစားဖို့ဆိုတာလောက်တော့ သူ တွေးဆ ကြံစည်တတ်ပါသေးသည်။

ညီမလေးရဲ့ မှတ်စုစာအုပ်ကြားမှာ ညှပ်ထားတဲ့ မိုးမြင့်ကျော်ရဲ့ ဓာတ်ပုံကိုလည်း သူတွေ့ပြီးပြီ။ ဥပဓိက သန့်ပြန့် ရည်မွန်တာမို့ ညီမလေးနဲ့ လိုက်ဖက်သားပဲဟု တွေးကာ သဘော ကျမိရသည်။

ရွှေသွေးသည် ကားလာရာ လမ်းဆီ မျှော်ငေးနေ ဆဲ အနက်ရောင်ကားတစ်စီး ခြံထဲသို့ဝင်လာတာကို လှမ်းမြင် လိုက်ရသည်။ သူသေချာစိုက်ကြည့်နေဆဲမှာ ကားတံခါးပွင့်သွား ပြီး ဓာတ်ပုံထဲက လူ ဆင်းလာတာမို့ သူက လှေကားထစ်တွေ ပေါ်မှ ပြေးဆင်းလာခဲ့သည်။

“ဒီ ... ဒီမှာ ညီလေး၊ မင်းက မိုးမြင့်ကျော်လား”

“ဟုတ်တယ် ... ခင်ဗျားက ...”

“ငါက မွေးရဲ့ အစ်ကို ရွှေသွေးပါကွ”

“ကျွန်တော့်ကို ဘာကိစ္စရှိလို့ ချိန်းတာလဲ ...”

“ကိစ္စကကွာ ... အကျိုးအကြောင်းလေး ပြောပြစရာရှိလို့ ပါ၊ မွေးစိတ်ကို မင်းအနေနဲ့ အမှန်အတိုင်း သိသင့်တယ် ထင်လို့ပါ၊ တကယ်တော့ ငါ့ညီမက မင်းကို တကယ်”

ရွှေသွေးသည် လွှတ်ခနဲပြောမည်ပြင်ပြီးမှ ခေါင်း တွဲ့ဆိုင်းသွားကာ ...



www.burmeseclassic.com

www.burmeseclassic.com



"နေဦး ... ဒါမပြောခင် မင်းကို အရင်မေးမှဖြစ်မယ်၊ မင်း ငါ့ညီမကိုတကယ်ချစ်တာလား၊ တကယ် လက်ထပ်ဖို့ ရည်ရွယ်သလား ..."

"ကျွန်တော့်ဘက်ကတော့ တကယ်ချစ်ပြီး တကယ် လက်ထပ်ဖို့ ရည်ရွယ်တာပါ၊ ဒါပေမယ့် ဇွေးက ကျွန်တော့်ကို ဖြတ်သွားတယ်"

"အေး ... အဲဒါ၊ အဲဒီကိစ္စကို ငါရှင်းချင်တာ၊ တကယ်တော့ ... အဟမ်း ... မျက်နှာပူပူနဲ့ ပြောရရင် ဇွေးက မင်းကို သိပ်ချစ်ရှာတာ၊ မင်းနဲ့ လမ်းခွဲပြီးကတည်းက တမှိုင်မှိုင်ဖြစ်နေရှာတာ၊ သူ့ခမျာ ငါ့ကို ထားပစ်ခဲ့ရမှာ စိတ်မချလို့သာ မင်းနဲ့ လမ်းခွဲစကားပြောခဲ့တာပါ၊ မင်းဘက်ကသာ သဘောထားကြီးကြီးနဲ့ သူ့ကိုပြန်ချော့မော့လိုက်ရင် သူ စိတ်ပြန်လည်လာမှာပါ၊ မင်း တကယ်ချစ်ရင် ပြန်ကြိုးစားကြည့်ပေါ့ကွာ၊ ငါလည်း ကူညီမှာပါ"

မိုးမြင့်ကျော်က သက်ပြင်းချလိုက်ရင်း ...

"ကျွန်တော်ကလည်း သူ့ကိုမပြတ်နိုင်ပါဘူး၊ ဒါပေမယ့် သူက အလကားသက်သက် ဘလိုင်းကြီး လာဖြတ်တော့ ကျွန်တော်လည်း နည်းနည်းတော့ မခံချင်စိတ် ဖြစ်မိတာပေါ့"

"ချစ်သူတွေကြားမှာ မခံချင်စိတ်တို့ မာနတို့ မရှိရဘူးလေကွာ၊ မင်းဘာမှမပူနဲ့၊ မင်းဘက်ကဆန္ဒရှိရင် ငါလည်း





ကူညီပေးမှာပါ၊ အေး ... တစ်ခုတော့ရှိတယ်ကွာ၊ အဲ့ဒီတစ်ခုကိုတော့ သဘောတူရမယ်"

ရွှေသွေးက ခဏတုံ့ဆိုင်းသွားပြီးမှ ...

"မင်းတို့ လက်ထပ်ဖြစ်ရင် မင်း ငါ့ကို ဒရိုင်ဘာတော့ခန့် ..."

"ဗျာ ..."

"မင်းတို့အိမ်က ကားကို ငါ မောင်းပေးမယ်လေကွာ၊ ငါ့ကို မင်းတို့ခြံထဲမှာ နေခွင့်ပေးပေါ့၊ ငါ ငါ့ညီမကိုလည်း ဟိုအရင်းကတည်းက နှင် ကားပိုင်ရင် ငါ နှင့်ဒရိုင်ဘာလုပ်ပေးမယ်လို့ ပြောထားပြီးသားပါ၊ သူလည်း သဘောတူမှာပါ၊ အဲ့ဒါဆို ညီမလေးလည်း ချစ်တဲ့သူနဲ့ ပေါင်းရတယ်၊ ငါနဲ့လည်း မခွဲရတော့ဘူးပေါ့၊ ဘယ့်နှယ်လဲ ..."

"သဘောပဲဗျာ၊ သဘောပဲ ..."

"ကျေးဇူးကွာ၊ ကျေးဇူး ...၊ ဟော ... ဟိုမှာ မိဇွေးလာနေပြီ၊ မင်းတို့ချင်း ဆုံဖြစ်အောင် ငါ သူ့ကို ညာပြောပြီး ချိန်းထားတာကွ"

ရွှေသွေးက အဝင်လမ်းမှ လျှောက်ဝင်လာနေသော ဇွေးကိုလှမ်းကြည့်ရင်း ဝမ်းသာအားရပြောလိုက်မိပါသည်။



www.burmeseclassic.com

www.burmeseclassic.com

"ဟင် ..."

ဈေးသည် မမျှော်လင့်ဘဲ ကိုကိုနှင့် မောင့်ကို အတူတွေ့လိုက်ရတာမို့ အံ့သြလန့်ထိတ်သွားသည်။ ပြီးတော့ ကိုကို ဘာတွေလျှောက်လုပ်နေပြီလဲမသိပါဘူးဟု တွေးကာ စိတ်ရှုပ်ထွေးသွားရပါသည်။

ဈေးသည် သူတို့နှစ်ယောက်နဲ့ ခပ်လှမ်းလှမ်းမှာ ရပ်နေလိုက်ပြီး မောင့်ကိုလည်း မကြည့်ရဲဘဲ ကိုကို့ကိုသာ လှမ်းမေးမိသည်။

"ကိုကို ... ဈေးကို ဘာလို့ ဒီကိုလာခဲ့ဖို့ ခေါ်တာလဲ"

"နင့်ကို ဒီထဲက ဆိုင်တစ်ဆိုင်ဆိုင်မှာ မုန့်ကျွေးမလို့ပါဟ၊ တိုက်တိုက်ဆိုင်ဆိုင် နင့်သူငယ်ချင်းနဲ့ လာတွေ့နေတာ"

"ကိုကို အပိုတွေပြောမနေနဲ့၊ ဈေး သူငယ်ချင်းမှန်း ကိုကို ဘယ်လိုသိလဲ ..."

"ဒီလိုပဲ စကားစပ်ရင်း သိတာပေါ့ဟ"

"စကားစပ်မိစရာ ဘာအကြောင်းရှိလို့လဲ၊ ယုတ္တိရှိအောင်





လည်း လိမ်ဦး၊ ဘာတွေလျှောက်လုပ်နေမှန်းကို မသိတော့ဘူး၊ ဒါ ဈေးကို တမင်သက်သက် အရှက်ခွဲနေတာလား"

"အာ ... ငါ ခုမှသတိရတယ်၊ ပါစင်ဂျာ သွားခေါ်ရဦးမယ်"

"ကိုကို မညစ်နဲ့ ..."

ရွှေသွေးက ရပ်ထားသော သူ့တက္ကဆီကားဆီ ပြေးထွက်သွားတာမို့ ဈေးကလိုက်ဖို့ပြင်ဆဲ ဈေးလက်တစ်ဖက်ကို လှမ်းဆွဲခြင်းခံလိုက်ရသည်။

"ဈေး ..."

ဈေးသည် သူ့ကိုမကြည့်ရဲဘဲ ခေါင်းငုံ့ငြိမ်သက်နေမိသည်။ မောင်က ဈေး ပခုံးနှစ်ဖက်ကို ဖွဖွဆုပ်ကိုင်လိုက်ရင်း ...

"ဈေး ... မညာပါနဲ့တော့ကွာ"

ဟု တိုးတိုးပြောလိုက်ချိန်မှာ ဈေးက မျက်လွှာကို သင်သာစွာ ပင့်လျှက် သူ့ရဲ့ တောက်ပ၍ နူးညံ့သော မျက်ဝန်းတို့ကို ရင်ဆိုင်ကြည့်လိုက်မိလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၆)

www.burmeseclassic.com

www.burmeseclassic.com

♥ ♥ ♥

မနက်ခင်း နေခြည်သည် ကားဂိုထောင်အပေါ်ထပ် ရှိ ရွှေသွေးရဲ့ အိပ်ရာခုတင်လေးထက်သို့ ဖြာကျလာသည်။ ရွှေသွေးသည် အေးချမ်းသော စိတ်နှလုံးဖြင့် ကြည်လင်သာယာစွာ နိုးထလာပါသည်။ ခဏနေလျှင် ကားရေဆေးပြီး ညီမလေးကို အိမ်သားတွေ သွားလိုရာသို့ လိုက်ပို့ရမည်။ နောက်ဖေးချောင်ဘက်မှာ ထမင်းကြမ်းသွားတောင်းစားလျှင် မနက်ဦးမှာပင် ညီမလေးမျက်နှာကို မြင်ရလိမ့်မည်။

ရွှေသွေးက လေကလေးချွန်ရင်း အိပ်ရာသိမ်းလိုက်သည်။ ပြီးတော့ ပြတင်းပေါက်နားမှာ သွားရပ်ရင်း နောက်ဘက်သို့ လှမ်းမျှော်ကြည့်နေစဉ် ...

"ဟင် ... မိစွေးပါလား ..."

ရွှေသွေးက လှမ်းမြင်နေရသောမြင်ကွင်းကို အသေအချာ လိုက်ကြည့်နေမိသည်။

စွေးက ပလတ်စတစ်ပုံးကြီးကို မနိုင်မနင်းသယ်မ ကာ ခြံထောင့်က အဝတ်လှန်းသည့် ကြိုးတန်းတွေဘက်သို့



www.burmeseclassic.com

www.burmeseclassic.com



လျှောက်သွားနေသည်။ ဈွေးပုံစံက ခပ်နွမ်းနွမ်းကလေးဖြစ်နေသည်။ ကျောလယ်လောက် ဆံပင်ကို ကလစ်ကြီးဖြင့် ညှပ်ဝင်တင်ထားပြီး အိမ်နေရင်းဝတ်သည့် ဘောင်းဘီပွပွနှင့် တီရှပ်ပွပွကို ကပိုကယို ဝတ်ထားသည်။

ရွှေသွေးသည် စွပ်ကျယ်အင်္ကျီပေါ်က ရှပ်အင်္ကျီတစ်ထည် ထပ်ဝတ်ကာ ကပျာကယာပင် အပေါ်ထပ် ထပ်ခိုးမှ ဆင်းလာပြီး ဈွေးဆီလျှောက်သွားလိုက်သည်။

"ဈွေး … ပေး … ပေး … ငါ့ကို …"

ရွှေသွေးက ပလတ်စတစ်ပုံးကြီးကို လှမ်းယူမကာ ပခုံးပေါ် တင်ထမ်းလိုက်ရင်း …

"ဘာဖြစ်လို့ ဒီလောက်အလေးကြီးကို သယ်လာရတာလဲ ဟာ …"

"လျှော်ပြီးသား အဝတ်တွေလေ၊ နေသာတုန်း ခြံထဲမှာ ထုတ်လှန်းဖို့ သယ်လာတာ၊ ကိုကို လေးနေတော့မှာပဲ လာ … လာ … မြန်မြန်လေး၊ ဒီနားမှာ ချ …"

ရွှေသွေးက ဈွေး ညွှန်ပြသည့် နေရာမှာ အဝတ်ပုံးကို ချလိုက်ရင်း …

"ဒါတွေက နင်လုပ်ဖို့လိုလို့လား၊ ဒီအိမ်က ပိုက်ဆံချမ်းသာတဲ့ အိမ်ပဲ၊ အဝတ်လျှော်စက်တော့ ရှိမှာပဲ၊ ပြီးတော့ အိမ်ဖော်တွေလည်း ရှိသားပဲ"

"အဝတ်လျှော်စက် ရှိပေမယ့် မောင်နဲ့ မာမိက သူတို့





အဝတ်အစားတွေကို အဝတ်လျှော်စက်နဲ့ လျှော်တာ မကြိုက်ဘူး ကိုကိုရဲ့ …၊ အိမ်ဖော်ကောင်မလေးတွေ လက်နဲ့ လျှော်တော့လည်း လက်ကြောမတင်းကြတော့ ရှပ်အင်္ကျီကုပ်ပိုးတို့ လက်ဖျားတို့မှာ ချေးမစင်ဘူးလေ၊ အဲ့ဒါကြောင့် ဈွေးပဲ လျှော်ပေးနေတာ …"

ဈွေးက အင်္ကျီတွေကို တစ်ထည်ချင်း ထုတ်ယူခါဖြန့် လှန်းနေတာမို့ ရွှေသွေးကပါ အဝတ်ကူလှန်းပေးနေရင်း …

"ဒါဆို … နင် ဒီအိမ်ကိုမရောက်ခင်က သူတို့အဝတ်ကို ဘယ်သူလျှော်လဲ …"

"အဲ့ဒီတုန်းက အဝတ်လာလာလျှော်ပေးနေတဲ့ အဒေါ်ကြီးတစ်ယောက်က ရွာပြန်သွားတာ မကြာသေးဘူးလေ …"

"သူက ပြန်လာမှာလား"

"ပြန်လာမယ်မထင်ဘူး၊ သူ့သမီး ကလေးမွေးလို့ မြေးထိန်းဖို့ ပြန်သွားတာ"

"အဲ့ဒါဆိုလည်း အသစ်ရှာပေါ့"

"အသစ်ရှာလို့ကလည်း စိတ်တိုင်းကျတွေ့ဖို့ မလွယ်လို့ပေါ့ ကိုကိုရယ်၊ ကိုယ့်အိမ်က အလုပ်ကို ကိုယ်တိုင်လုပ်တာ အကောင်းဆုံးပေါ့"

"အဝတ်လှန်းတာလောက်ကတော့ တခြားသူလည်း လုပ်လို့ရပါတယ်၊ ကောင်မလေးတွေ လှန်းခိုင်းပါလား"

"အိမ်မှာက ကောင်မလေးတစ်ယောက်ပဲ ရှိတော့တာလေ၊ သူလည်း အိမ်သန့်ရှင်းရေးလုပ်ရတာနဲ့၊ ဈေးသွားရတာနဲ့



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်တည်း လက်မလည်ဘူး၊ သူ့အဝတ်လှန်းရင်လည်း မသယ်ရပ်ဘူး၊ ဖြစ်သလိုလှန်းတော့ လွင့်ကျတာကကျ၊ မခါဘဲ လှန်းလိုလှန်း၊ ဖြစ်သလိုပဲ ကိုကိုရဲ့ ..."

"အိမ်က အဝတ်လျှော်စက်မှာ အခြောက်ခံစက်ပါတယ် မဟုတ်လား၊ စက်ထဲထည့်အခြောက်ခံလို့ မရဘူးလား"

"မာမီက အဝတ်ဆိုတာ နေပြပေးမှ ရောဂါပိုးသေတာတဲ့ ကိုကိုရဲ့ ..."

ခွေးက ရွှေသွေးမေးသမျှကို စိတ်ရှည်လက်ရှည် ပြန်ဖြေနေသည်။ ခွေးစိတ်ထဲမှာ တစ်စုံတစ်ရာ မကျေနပ်ချက်လည်း ရှိပုံမရ။ သူကသာ ခွေးအတွက် စိတ်ထဲမှာ မခံချိမခံသာ ဖြစ်နေရတာပင် ...။

"မိခွေး ... ပြစမ်း"

ရွှေသွေးက အဝတ်လှန်းနေရာက ခွေးလက်နှစ်ဖက်ကို ဆွဲယူဖြန့်ကြည့်လိုက်တော့ ခွေးလက်ဖဝါးလေးတွေ နီရဲနေတာကို တွေ့ရသည်။ သူက ချက်ချင်း မျက်ရည်လည်လာကာ ...

"ကြည့်စမ်း ... လက်ကလေးတွေကို နီဥနေတာပဲ"

"ထင်လို့ပါ ကိုကိုရဲ့၊ ခွေးလက်က အစကတည်းက နီနေတာပါ"

"ငါ နှင့်ကို မြင်ချင်တဲ့ ပုံစံက ခုလို မနက်စောစောမှာ လန်းလန်းဆန်းဆန်း ပျော်ပျော်ရွှင်ရွှင်နဲ့ ခြံထဲဆင်းလာပြီး ခြံထောင့်က ဒန်းကလေးမှာ အေးအေးလူလူ ထိုင်နေတာ





ကို မြင်ချင်တာ၊ နှင် အဲ့ဒီလိုနေလို့ မရဘူးလား မိခွေးရယ် ... ဟင် ..."

"နေလို့ ရပါတယ် ကိုကိုရဲ့၊ ဒါပေမယ့် ခွေးက အခု အိမ်ရှင်မဖြစ်နေပြီလေ၊ အိမ်အလုပ်လုပ်ရမှာပေါ့"

"ဒါတွေ ငါဆက်လှန်းလိုက်မယ်၊ သွား ... သွား ... နှင် ရေမိုးချိုးပြီး လှလှလေးဝတ်ပြီး ခြံရှေ့မှာ သွားထိုင်နေ"

"ပြီးတော့မှာပဲဟာ၊ လုပ်လက်စနဲ့ ဆက်လုပ်လိုက်မယ်လေ၊ ကိုကို မနက်စာ မစားရသေးဘူး မဟုတ်လား၊ ပြီးရင် ခွေးနဲ့အတူ သွားစားရအောင်"

"မောင်မိုးရော နိုးပြီလား"

"ဒီအချိန် ဘယ်နိုးဦးမလဲ ကိုကိုရဲ့ ..."

ခွေးက ကိုကို မေးသမျှကို ကြည်ကြည်လင်လင် ပြန်ဖြေရင်း ကိုကိုမသိအောင် သက်ပြင်းချမိရပါသည်။

တကယ်တော့ ခွေးဘဝဟာ ကိုကို ကြိုတင်စိတ်ကူးယဉ်သလို ဖြစ်လာခဲ့တာမဟုတ်ပါ။ ကိုကိုကတော့ ခွေးကို ပိုက်ဆံချမ်းသာသူနှင့် ရလျှင် စိမ်ကျကျ ပျော်ပျော်ရွှင်ရွှင် နေရလိမ့်မည်ဟု ထင်ခဲ့သည်။ ခွေးကတော့ စည်းစိမ်ဥစ္စာဆိုတာထက် မောင့်ကို ချစ်ခင်မက်မောလို့ မောင်နဲ့ လက်ထပ်ခဲ့တာပင် ...။

သို့သော် ... မောင်နဲ့ ခွေးရဲ့ဘဝက ကွာခြားလွန်းတာမို့ ခွေးက မောင်တို့ပတ်ဝန်းကျင်မှာ မဝင်ဆန့်သလို ဖြစ်ရသည်။ ခွေးရဲ့ ယောက္ခမ ဒေါ်မြင့်မြင့်ကျော်က အင်မတန် ဂုဏ်မောက်သူ၊ မာနကြီးလှသူမို့ ခွေးကို မတူမတန်သလိုသ



www.burmeseclassic.com

www.burmeseclassic.com



အေးစက်စိမ်းကားစွာ ဆက်ဆံသည်။ ကိုကို့ကိုဆို ဒရိုင်ဘာတစ်ယောက်လိုသာ သဘောထားသည်။ ချွေးက ကျေးဇူးရှင်ကိုကို့ကို အိမ်မှာ အတူခေါ်ထားလိုပေမယ့် ကိုကိုက အလိုက်တသိပင် ကားဂိုဒေါင်အပေါ်ထပ်မှာသာ နေခဲ့ပါသည်။

မောင်ကတော့ ချွေးကို ချစ်သည်ဆိုပေမယ့် သူ့စီးပွားရေး၊ လူမှုရေးတွေနှင့် မအားလပ်နိုင်တာမို့ ချွေးကို အချိန်သိပ်မပေးနိုင်ခဲ့ပါ။

မောင်က သူ့ကားကို သူကိုယ်တိုင်သာ မောင်းချင်သူမို့ ကိုကိုက မောင့်မာမီကားနှင့် ချွေးကိုသာ ကားမောင်းပို့ရသည်။

မောင့် မာမီဟာ အောင်မြင်သော ကုမ္ပဏီတစ်ခုကို ဦးဆောင်နေသူမို့ မောင်က အမေ့ကုမ္ပဏီမှာပဲ ရာထူးနေရာတစ်ခုယူ၍ အလုပ်လုပ်သည်။ မောင့်မှာ အဖေ မရှိတော့ပါ။

ညဆို မောင်က များစွာသော ဒင်နာပါတီဆိုတာတွေကို လှည့်လည်သွားလာရင်း ည သန်းခေါင်ကျော်မှ အမြဲအိမ်ပြန်ရောက်သည်။ ပြန်ရောက်တော့လည်း တစ်ခါတစ်ခါ အင်တာနက်ကို သုံးနာရီလောက်ထိ ထိုင်ကြည့်သေးသည်။ ထို့ကြောင့် မောင့် အိပ်ရာထချိန်ဟာ ဆယ်နာရီထက် မစောပါ။

ချွေးသည် နေ့စဉ်နေ့တိုင်း အိမ်မှာပဲ တောက်တိုမည်ရကလေးတွေလုပ်ရင်း ပျင်းပျင်းရိရိ နေရသည်။ အခမ်းအနားပွဲလမ်းတွေကို မောင်က သိပ်မခေါ် ...။ ချွေးကလည်း မလိုက်ချင်ခဲ့ပါ။





ချွေးက ကလေးလိုချင်လှပြီ ဖြစ်သေမယ့်လည်း မောင်က လွတ်လွတ်လပ်လပ် နေချင်သေးသည်ဆိုသဖြင့် ကလေးလည်း မယူရဲသေးပါ။ ချွေးက အိမ်မှာပဲအချိန်မကုန်ချင်တာမို့ အပြင်အလုပ်ထွက်လုပ်ချင်သော်လည်း မောင်က ခွင့်မပြုခဲ့ပါ။

ချွေးသည် နောက်ဆုံးအကြိုတစ်ထည်ကို ခါဖြန့်၍ လှန်းလိုက်ရင်း ...

"ကဲ ... ပြီးပြီ တွေ့လား ကိုကို၊ လုပ်လိုက်တော့လည်း ခဏလေးပဲ၊ ဘာမှ မပင်ပန်းဘူး၊ အညောင်းတောင်ပြေသေးတယ်၊ လာ ... မနက်စာ သွားစားရအောင် ..."

ချွေးက ဦးဆောင်ကာ ထမင်းစားခန်းဘက်သို့ ဦးဆောင်၍ ဝင်လာခဲ့ပြီး ထမင်းစားပွဲပေါ် ပန်းကန်တွေချကာ မနက်စာစားဖို့ ပြင်ဆင်လိုက်ပါသည်။

"ကိုကို ... လာထိုင်၊ ဘာစားချင်လဲ ပြော၊ ကော်ဖီနဲ့ ကိတ်ရယ် သစ်သီးရယ် ရမယ်၊ ထမင်းကြော်စားချင်ရင်လည်း ရမယ်၊ မုန့်ဟင်းခါး ဝယ်ထားတာလည်း ရှိတယ်"

"ဟာ ... အထွေအထူး လုပ်မနေပါနဲ့ဟာ၊ ငါ့ဘာသာ မီးဖိုချောင်ထဲက စားပွဲခုံပုလေးမှာပဲ စားနေကျအတိုင်း စားပါရစေ ...၊ ထမင်းကြော်နဲ့ ဟင်းအကျန် အဝကျိတ်ရရင် ပြီးတာပဲ ..."

ထမင်းစားခန်းထဲထိ ဝင်မလာရဲဘဲ မီးဖိုချောင်ထဲက အိမ်ဖော်တွေစားသော စားပွဲခုံပုလေးရှေ့မှာ ထိုင်ချလိုက်



www.burmeseclassic.com

www.burmeseclassic.com



သော ကိုကို့ကို လှမ်းကြည့်ရင်း ဆွေး စိတ်မကောင်းဖြစ်သွားမိတာ ...

"ကိုကို့ကိုလည်း ဆွေး ပြောထားရဦးမယ်၊ ကိုကို အဲဒီလိုကြီး ဖြစ်သလိုနေ ဖြစ်သလိုစား မလုပ်ပါနဲ့၊ ကိုကိုက ဆွေးရဲ့ အစ်ကိုပါ၊ ကျေးဇူးရှင်ပါ၊ အိမ်ဦးခန်းမှာတောင် ထားသင့်တဲ့သူပါ၊ ဒီစားပွဲမှာ ကိုကို လာစားခွင့်ရှိပါတယ်၊ လာပါ ... ဆွေးနဲ့အတူ ထိုင်စားပါ၊ ဆွေးစိတ်မဆိုးခင် ထ,လာခဲ့ပါ"

ကိုကိုက ခေါင်းတစ်ချက်ကုတ်ရင်း ထမင်းစားခန်းထဲသို့ တွန့်ဆုတ်တွန့်ဆုတ် ဝင်လာသည်။

"ထိုင်လေ ... ကိုကို ..."

ဆွေး ပြောတော့မှ ကိုကိုက မရဲတရဲ ဝင်ထိုင်သည်။

"ကိုကို မုန့်ဟင်းခါးကို ပဲကြော်ရော ဘူးသီးကြော်ရော ဘာဉပါ ထည့်စားရတာ ကြိုက်တယ်မဟုတ်လား၊ ဟင်းရည်ပူအောင် ဆွေး နွေးပေးမယ်၊ ခဏစောင့်နော်"

"နင်က ဘာစားမှာလဲ"

"ဆွေးက ကော်ဖီသောက်မယ်လေ"

ဆွေးက ဟင်းရည်နွေးပေးဖို့ ပြင်ဆင်နေဆဲ ထမင်းစားခန်းဝမှ ချောင်းဟန့်သံ ကြားရကာ ...

"ဆွေး ... ဘာလုပ်နေတာလဲ"

"သြော် ... မာမီ ... ဆွေး ကိုကို့ကို မနက်စာ ကျွေးဖို့ ပြင်ဆင်နေတာပါ"





"သြော် ... ခုမှ စားရမှာလား၊ မာမီ သွားစရာရှိတယ်လေ"

"ခဏ ... ခဏလေး စောင့်ပါလား မာမီ၊ ကိုကို ဒီမုန့်လေး မြန်မြန်စားလိုက်လို့ ရမလားလို့ပါ"

"ကိစ္စက အရေးကြီးနေတယ်ကွယ့်၊ တကယ်ဆို စောစောစီးစီး စားထားလိုက်ဖို့ကောင်းတယ်၊ အရင်တုန်းကဆို မီးဖိုချောင်ထဲမှာပဲ မနက်စာ စားနေကျမဟုတ်လား၊ ဒီနေ့ကျမှ ကိန်းကြီးခန်းကြီး ပြင်ဆင်နေတော့ နောက်ကျနေတာပေါ့ ..."

"ကျွန်တော် တောင်းပန်ပါတယ် အန်တီ၊ ကျွန်တော် ဗိုက်လည်းမဆာပါဘူး၊ အခု သွားလို့ရပါပြီ"

"ကိုကို ..."

"နေ ... နေ ... ဆွေး၊ ငါ အန်တီ့ကို လိုက်ပို့ပေးလိုက်ဦးမယ်၊ ငါက လမ်းမှာစားလည်း ဖြစ်တယ်"

ဆွေး စိတ်တိုသွားတာကို သိတာမို့ ရွှေသွေးက ထမင်းစားခန်းထဲမှ ခပ်မြန်မြန် ထွက်လာခဲ့သည်။

ဆွေးကတော့ ကိုကို့နောက်ကျောကိုကြည့်ရင်း မျက်ရည်ဝဲလျက် ကျန်ရစ်ခဲ့ရပါသည်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

ရွှေသွေးသည် လှည်းတန်းမီးပွိုင့်မှာ မီးနီမိနေဆဲမှာ ကားနောက်ကြည့်မှန်မှတစ်ဆင့် နောက်ခန်းမှာ ထိုင်နေသည့် အန်တီဒေါ်မြင့်မြင့်ကျော်ရဲ့ မျက်နှာကို လှမ်းလှမ်းကြည့်ရင်း ပြောချင်သော စကားကို ပြောဖို့ အရှိန်ယူနေရပါသည်။

ဒေါ်မြင့်မြင့်ကျော်က ရွှေသွေးရဲ့ အကြည့်ကို ရိပ်မိသွားကာ . . .

"မင်း ဘာပြောချင်လို့လဲ ရွှေသွေး"

ဟု လှမ်းမေးတော့မှ ရွှေသွေးက မရဲတရဲ လေသံဖြင့် . . .

"ဟို . . . အန်တီ့ကို မေတ္တာရပ်ခံချင်တာလေးတစ်ခု ရှိလို့ပါ"

"ဘာများလဲ . . ."

"အန်တီတို့ အိမ်အလုပ်တွေကို ကျွန်တော့်ကို ဝိုင်းကူလုပ်ပေးခွင့် ပြုစေချင်ပါတယ်"

"ဘာအလုပ်ကို မင်းကလုပ်ချင်ရတာလဲ . . ."

"အဝတ်လျှော်တာတို့ ဘာတို့ပေါ့၊ အဝတ်လျှော်ရင် ဂျင်းဘောင်းဘီတို့ ဘာတို့လို ထူထူထဲထဲ အဝတ်တွေက ယောကျ်ားအားနဲ့ ညှစ်မှ ရေစင်တာခင်ဗျ . . .၊ ဈေးလို မိန်းမအားနဲ့ဆိုရင် ရေစင်စင်ညှစ်နိုင်မှာ မဟုတ်ဘူးလေ"





"မင်းက ဈေးကို အိမ်အလုပ်တွေ မခိုင်းဖို့ သွယ်ဝိုက်တဲ့နည်းနဲ့ ပြောချင်တာလား"

"ခင်ဗျာ . . . အဲဒီလိုတော့လည်း မဟုတ်ပါဘူး ခင်ဗျ၊ ကျွန်တော် ကားမမောင်းရဘဲ အားနေတဲ့အချိန်တွေမှာ ကူညီချင်ရုံသက်သက်ပါ"

"ကိုယ့်အလုပ် ကိုယ်လုပ်ကြတာပဲ ကောင်းပါတယ်ကွယ်၊ အိမ်ရှင်မကလည်း အိမ်ရှင်မ အလုပ်လုပ်ပေါ့၊ ကားမောင်းတဲ့သူကလည်း ကားမောင်းတဲ့အလုပ်ပဲ လုပ်ပေါ့၊ ကိုယ့်တာဝန် ကိုယ်ကျေအောင်ပဲ ကြိုးစားကြပါ"

ဒေါ်မြင့်မြင့်ကျော်က အေးစက်စက်လေသံဖြင့်ပြောလိုက်တာမို့ ရွှေသွေးမှာ ဆက်မပြောရဲတော့ဘဲ နှုတ်ဆိတ်နေလိုက်ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com

♥ ♥ ♥

အခန်းသည် မှုန်ပျပျဖြစ်နေသော်လည်း ဖွင့်ထားသော ပြတင်းတံခါးဆီမှ ဝင်လာသော လရောင်နှင့် လေမှာလွင့်မျောနေသော ခန်းဆီးစဖြူဖြူကြောင့် တစ်ချက်တစ်ချက်မှာ လင်းလာသည်ဟု ထင်ရသည်။ ထိုအလင်းသည် မောင့်မျက်နှာပေါ်သို့ ဝေ့ဝေ့လာတတ်၏။ ဆွေးသည် မောင့်နံဘေးမှာ ငုတ်တုတ်ကလေးထိုင်ရင်း မမြင်ရတစ်ချက် မြင်ရတစ်ချက်ဖြစ်နေသော မောင့်မျက်နှာကို ငေးကြည့်နေလိုက်မိလေသည်။ ထိုအချိန်မှာပဲ ဆွေးရင်သည် နာလျက်ရှိတာကို သိလိုက်ရလေသည်။

ဆွေးသည် မောင့်နှလုံးသားရှိရာသို့ အကြည့်ရွေ့မိပြန်၏။ ဆွေးရဲ့အချစ်ကို မွေးမြူသော နှင်းဆီပွင့်ကလေးတွေဖြင့် ချူယူတတ်ခဲ့သော မောင့်ရဲ့နှလုံးသား တစ်စုံသည် တစ်ချိန်က ပူနွေးနေခဲ့သော်လည်း ခုတော့ အေးစက်ကာငြိမ်ချက်သားကောင်းလှချေ၏။

မောင်သည် ဆွေးကို တိုက်ကြီးပေါ် ထင်ထားကာကားအကောင်းစားကို စီးစေခဲ့သော်လည်း သူ့စိတ်နှင့် သူ့ကိုယ်





သူ ထင်သလိုသာနေတတ်လေသည်။ အချိန်တိုင်းလို အပြင်ထွက်နေတတ်သော၊ အမြဲတမ်းလို အလုပ်များနေတတ်သော၊ ညတိုင်းလို အိမ်ပြန်နောက်ကျတတ်သော မောင့်ကြောင့် ဆွေး အထီးကျန်လာသလို ခံစားမိရလေသည်။ ချစ်သူနှင့် တစ်မိုးအောက်မှာ အတူနေရသဖြင့်သာ ပျော်ရွှင်ခဲ့ရသော်လည်း ထိုချစ်ရသူက ကိုယ့်စိတ်ခံစားချက်တွေကို ဥပေက္ခာပြုသောအခါ ဆွေး မပျော်ရွှင်တော့ချေ။

ပြီးတော့ ... ဒီရက်ပိုင်းတွေမှာ မောင့်အင်္ကျီတွေဆီကနေ ရနေသည့် မွှေးရနံ့တစ်မျိုးကလည်း ဆွေးကိုခြိမ်းခြောက်လျက်ရှိတာမို့ ညညဆို ဆွေး အိပ်မပျော်နိုင်တော့ချေ။

ဆွေး ကြည့်နေဆဲမှာပင် မောင်သည် လူးလွန့်၍လာ၏။ ခဏကြာတော့ မီးခလုတ်ကို လှမ်းစမ်းဖွင့်ကာ အိပ်ရာခေါင်းရင်း ခုံပေါ်က ရေဘူးကို လှမ်းယူရင်း ဆွေးထိုင်နေတာကို မြင်သွားလေသည်။

"ဟင် ... ဆွေး ဘာထိုင်လုပ်နေတာလဲ၊ မအိပ်သေးဘူးလား"

"ဆွေး အိပ်မပျော်လို့ ..."

"ဘယ်အချိန်ရှိပြီလဲ၊ အာ ... လေးနာရီတောင် ထိုးတော့မှာ၊ ခုထိ အိပ်မပျော်သေးတာလား၊ ကြည့်စမ်း ... ဆွေးကလွှာ ပြတင်းပေါက်ကြီးကို ဘာလို့ဖွင့်ထားတာလဲ၊ အဲဒါကြောင့် အဲကွန်းက မအေးတော့လို့ မောင် အိုက်ပြီးနိုးလာတာ ..."



www.burmeseclassic.com

www.burmeseclassic.com



"အပြင်က လေကလည်း အေးတာပဲ မောင်ရယ်၊ အဲကွန်း လေက မွန်းပါတယ်၊ ဖွေး အသက်ရှူကြပ်လာလို့ ပြတင်းပေါက် ခဏလေး ဖွင့်ထားမိတာပါ"

"ဖွေးက အဲကွန်းနဲ့နေတာ အလေ့အကျင့်မရှိလို့ပါ၊ မောင်က အမြဲ အဲကွန်းနဲ့ အိပ်တာ အကျင့်ဖြစ်နေပြီ၊ အဲကွန်း တစ်ညလုံးဖွင့်မထားရင် အိပ်လို့မပျော်တော့ဘူး၊ ဖွေး ပြတင်းပေါက် ထထဖွင့်ရင် မောင်တကယ်စိတ်ညစ်တယ် ရောမရောက်ရင် ရောမလို ကျင့်ပေါ့ ဖွေးရယ်"

"ဖွေးက အဲကွန်း အရမ်းအေးရင် အိပ်မပျော်လို့ပါ မောင် ရယ်၊ ဒါပေမယ့် ဖွေးက အရေးမကြီးပါဘူး၊ မောင်ပြော သလိုပဲ ရောမရောက်ရင် ရောမလို ကျင့်ရမှာပေါ့ ..."

မောင်က ရေတစ်ခွက်ငှဲ့ပြီး မော့သောက်နေလိုက် သည်။ ဖွေးက ပြတင်းတံခါးကိုပိတ်ပြီး အဲကွန်းကို ပြန်ဖွင့်ပေး လိုက်ပြီးမှ ...

"မောင် ..."

"အင်ဟင် ... ပြောလေ ဖွေး"

"မောင် ညဘက်တွေ အမြဲ အိမ်ပြန်နောက်ကျတယ်နော် မောင် ဘယ်တွေသွားနေရတာလဲ"

"အစုံပဲလေ၊ မောင်တို့အသိုင်းအဝိုင်းမှာက တစ်ယောက် နဲ့ တစ်ယောက် တွေ့ကြဆုံကြပျော်ကြဖို့အတွက် အကြောင်း အရာမျိုးစုံနဲ့ ခေါင်းစဉ်အမျိုးမျိုးတပ်ပြီး ညစာစားပွဲတွေ





လုပ်နေတတ်ကြတာပဲ၊ ဒီလို အသိုင်းအဝိုင်းထဲမှာနေရရင် ဒီလိုပွဲတွေနဲ့ ရှောင်လွှဲလို့မရတာ ထုံးစံပဲလေ"

"ပွဲက နေ့တိုင်းရှိတာလားဟင်"

"နေ့တိုင်းလိုလိုပဲ ပြောပါတော့ကွာ၊ ပွဲမရှိတဲ့နေ့တွေကျ တော့လည်း အလုပ်နဲ့ပတ်သက်ပြီး မကောင်းရာမကောင်း ကြောင်း မိတ်ဆွေတွေနဲ့ ဒင်နာစားရတာမျိုး၊ နိုက်ကလပ် သွားဖြစ်တာမျိုးတွေ ရှိတာပေါ့၊ ဘာလဲ ... မောင် အိမ် မကပ်လို့ ဖွေး တစ်ယောက်တည်းပျင်းနေလို့လား၊ ဖွေးကို အရင်က မောင်ခေါ်သွားဖူးပါတယ်၊ ဒါပေမယ့် ဖွေးက မောင့်မိတ်ဆွေတွေကြားမှာ လိုက်လျောညီထွေမနေတတ် တော့ သူတို့လည်း အနေခက်၊ မောင်လည်း အနေခက်၊ ဖွေးလည်း အနေခက်တာပေါ့"

ဖွေးသည် မောင့်ကို တွေတွေလေးကြည့်ရင်း ရင်ဝ က အောင့်လာသလို ခံစားလာရသည်။

"မောင် ... လူပျိုတုန်းကတော့ ခုလောက် အလုပ်မရှုပ် သလိုပဲနော်၊ ဖွေးအတွက်လည်း အချိန်ပေးနိုင်တယ်"

"အဲဒီတုန်းကတော့ မောင်က နိုင်ငံခြားက ပြန်လာခါစ လေ၊ မာမီ့အလုပ်တွေကို မကူရသေးဘူး၊ အခု အလုပ်ထဲ ဝင်လိုက်ပြီဆိုတော့ အရင်တုန်းကလိုတော့ ဘယ်ဟုတ် တော့မလဲ"

"ဖွေးလည်း အရင်လို အလုပ်ထွက်မလုပ်ရတော့ ပျင်း



www.burmeseclassic.com

www.burmeseclassic.com



တယ် မောင်၊ မောင်တို့ကုမ္ပဏီမှာ ဇွေး အလုပ်ဝင်လုပ် လို့ မရဘူးလားဟင်”

“ဇွေးက ဘာလုပ်တတ်မှာမို့လို့လဲ၊ မောင်တို့ကုမ္ပဏီမှာ က အနည်းဆုံး ဘွဲ့တော့ရရမယ်လေ၊ ပြီးတော့ ကွန်ပျူ တာ တတ်ရမယ်၊ အင်္ဂလိပ်ဘာသာ ကျွမ်းကျင်ရမယ် စာရင်းဇယားနဲ့ ပတ်သက်ပြီး နားလည်ရမယ်၊ ဇွေးက အဲဒါတွေလည်း ဘာမှမတတ်ဘူး၊ ကျောင်းလည်းမပြီး သေးဘူးလေ၊ ဇွေးက အိမ်ရှင်မပဲကွာ၊ အိမ်အလုပ်တွေလုပ် နေရင် ပျင်းစရာအကြောင်းမရှိပါဘူး၊ မာမီကလည်း မိန်း ကလေးဆိုရင် အိမ်မှုကိစ္စတွေ လုပ်နေတာပဲ သဘောကျ တယ်၊ အိမ်မှာ ဇွေးရှိတော့ မောင်တို့သားအမိလည်း အိမ်အတွက် စိတ်မပူရတော့ဘူးပေါ့၊ ပြီးတော့ ဇွေး သိပ် ချစ်တဲ့ ဇွေးအစ်ကိုလည်း ရှိသားပဲလေ၊ မောင် မအား လည်း ဇွေး သွားချင်တဲ့နေရာကို သူနဲ့ အတူတူသွားလာ နေလို့ ရတာပဲ၊ သူက မောင့်ထက်တောင် ဇွေးကို ဂရု စိုက်သေးတယ်လေ”

မောင့်စကားက ရိုးရိုးသားသား ပြောတာလား ထေ့ငေါ့ပြောတာလားတော့ ဇွေး မခန့်မှန်းနိုင်ချေ။ ကိုကို့ကို မောင် သဘောမကျလှတာကိုတော့ ဇွေး ရိပ်မိ၏။ ကိုကို ဇွေးကို ဂရုတစိုက်ရှိတာ၊ ဇွေးအတွက်ဆို ဆတ်ဆတ်ထိမခံ ဖြစ်တာတွေကို မောင်က သိပ်ကြည့်မရချေ။

ဇွေးသည် ကိုကိုနဲ့ မောင့်ကို ပြေလည်စေချင်လှ





သော်လည်း ဇွေးဆန္ဒအတိုင်း ဖြစ်မလာချေ ...။ ဇွေးမှာ ကိုကို့ ကိုသာ သနားမိတော့၏။ ကိုကို့ခမျာမှာ မောင့်ကို မျက်နှာလုပ် ကာ ပျာပျာသလဲ အောက်ကျို့ဆက်ဆံတတ်သော်လည်း မောင် က ခပ်တည်တည်သာ ဆက်ဆံ၏။

တကယ်တော့ ကိုကို အကျိုးဆောင်ပေးခဲ့လို့သာ ဇွေးနဲ့ မောင်တို့ ခပ်မြန်မြန် လက်ထပ်ဖြစ်ခဲ့ကြတာပင်။ သို့သော် မောင်က အစပထမမှာသာ အလျှော့ပေးသလိုလို နွေးထွေးသလို လို ဆက်ဆံပြီး နောက်တော့ တဖြည်းဖြည်း အေးစက်လာကာ ကိုကို့ကို ဒရိုင်ဘာတစ်ယောက်လိုသာ နှိမ့်နှိမ့်ချချ ဆက်ဆံတော့ သည်။

ဇွေးသည် ခုမှပဲ အချစ်နဲ့ အိမ်ထောင်ရေးကို ခွဲခြား သဘောပေါက်ခဲ့ရတာ ဖြစ်သည်။ ချစ်သူဘဝတုန်းက အနုအလှ စကားလေးတွေ ယုယုယယ အပြုအမူလေးသည် အိမ်ထောင် သည်ဘဝရဲ့ လက်တွေ့ကျမှုအောက်မှာ တဖြည်းဖြည်း မှုန်ဝါး လာခဲ့တာ ဖြစ်သည်။ ဇွေးရဲ့ ချစ်သူ မောင်က အလွန်နူးညံ့စွာ ဖေးမတတ်ပြီး ဇွေးရဲ့ ခင်ပွန်း မောင်ကတော့ သူ့ရဲ့အတ္တတွေ ကိုသာ အမြဲ ရှေ့တန်းတင်ကာ ဇွေးရဲ့ဆန္ဒဟူသမျှကို ဥပေက္ခာ ပြုပစ်လိုက်လေသည်။

“အစ်ကိုက အစ်ကို၊ ယောကျ်ားက ယောကျ်ားပါပဲ မောင် ရယ်၊ တစ်ကဏ္ဍစီပါ၊ ဇွေးကို ကိုကို ဘယ်လောက်ပဲ ဂရုစိုက် ဂရုစိုက် မောင့် ဂရုစိုက်မှုကိုတော့ ဇွေး လိုချင် သေးတာပဲ”



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လို့လား ... ဈွေးက အရင်ကတည်းက မောင့်ကို လိုအပ်ခဲ့တာမှ မဟုတ်တာ၊ ဈွေး အစ်ကိုကို ငဲ့ပြီး မောင့်ကို တောင် ဖြတ်ခဲ့သေးတာပဲ"

"အဲ့ဒီတုန်းက ဈွေးက အရမ်းငယ်ပါသေးတယ် မောင်၊ ဈွေးစိတ်ထဲမှာ မောင့်ကိုချစ်ပေမယ့် ကျေးဇူးရှင်ကို ကျေးဇူးသိချင်တဲ့စိတ်၊ လိမ္မာတဲ့ ညီမတစ်ယောက် ဖြစ်ချင်တဲ့ စိတ်နဲ့ အဲ့ဒီလို ဆုံးဖြတ်ခဲ့မိတာပါ၊ ဈွေးကိုယ်ဈွေး အပြစ် မကင်းသလို ခံစားခဲ့ရလို့ပါ၊ ဒါပေမယ့် မောင့်ကို ဈွေး မမေ့နိုင်ပါဘူး၊ ဈွေး စိတ်ထဲမှာ မောင်ပဲရှိခဲ့တာပါ"

"ဒါပေမယ့် မင်းတို့မောင်နှမ သံယောဇဉ်က သူများ တကာ မောင်နှမတွေထက် ပိုပြီးများလွန်းမနေဘူးလား၊ မောင်နှမအရင်းအချာတွေတောင်မှ မင်းတို့လောက် မသည်းဘူး၊ မင်းကိုက သည်းသည်းကိုလှုပ်နေတာပဲ"

ဈွေးသည် မောင့်စကားကြောင့် မောင့်ကို တအံ့ တသြ ကြည့်မိသည်။ မောင့်မှာ ဒီလိုစိတ်ဓာတ်မျိုး ရှိလိမ့်မယ်လို့ ဈွေး တကယ်မထင်ခဲ့မိတာမို့ ဈွေးတို့ ဘဝအမှန်အား အမှန် အတိုင်း ဖွင့်ပြောထားခဲ့မိသည်။ ဒါဟာ အားနည်းချက်တစ်ခု ဖြစ်လာလိမ့်မည်ဟု ဈွေး မထင်ခဲ့မိတာမို့ပင် ...။

"အဲဒီလိုတော့ မပြောပါနဲ့ မောင်၊ ကိုကိုက ဈွေးရဲ့ ကျေးဇူးရှင်ပါ၊ တကယ်ဆို မိဘလို သဘောထားပြီး အိမ်ဦးခန်းမှာတောင် ထားဖို့သင့်သေးတာပါ"

"ဩော် ... မင်းက အိမ်ဦးခန်းမှာတောင် တင်ကျွေးထား





ချင်သေးတာလား၊ မလုပ်ပါနဲ့ကွာ ... ဒီအိမ်က အိမ်ဦးခန်းက ငါ့အမေ တစ်ယောက်တည်းအတွက်မို့လို့ပါ၊ အိမ်ဦးခန်းမှာ တင်ထားဖို့ကလွဲရင် မိန်းမယူတာ အစ်ကိုတစ်ယောက်ပါ အဆစ်ပါလာပေမယ့်ငါဘာမှမပြောလိုပါဘူး"

"အဆစ်ပါလာတယ်လို့တော့ မပြောပါနဲ့ မောင်၊ ကိုကိုက ဒီအိမ်မှာ လာနေတယ်ဆိုပေမယ့် အလကားနေနေတာ မဟုတ်ပါဘူး၊ ဒီအိမ်ရဲ့ဒရိုင်ဘာတော့ လုပ်ပေးသေးတာပဲ၊ ကားဂိုထောင်အပေါ်ထပ်မှာပဲ ဒရိုင်ဘာနေ ဒရိုင်ဘာစား စားနေရတာတောင် မောင်က မကြည်ဖြူနိုင်ဘူးလား"

"တကယ့် ဒရိုင်ဘာက သူများအိမ်တွင်းရေးကို ဝင်မစွက် ဖက်ဘူးကွ၊ မင်းအစ်ကိုက အရာရာပါချင်တယ်၊ ဟို တစ်နေ့ကလည်း မာမီ့ကို သွားပြောတယ်တဲ့၊ မင်းလုပ် နေတဲ့ အိမ်မှုကိစ္စတွေကို သူပဲလုပ်ပါရစေတဲ့၊ သဘော ကတော့ မင်းကို အလုပ်တွေမခိုင်းပါနဲ့ဆိုတဲ့ သဘောပဲ"

"ကိုကိုက ငယ်ငယ်လေးကတည်းက ဈွေးကို အရိပ် တကြည့်ကြည့် နေလာခဲ့တော့ ဈွေးနဲ့ပတ်သက်ရင် အစွန်း ရောက် စေတနာမျိုးရှိတာ၊ ဆတ်ဆတ်ထိမခံတတ်တာ တွေ ရှိပါတယ် မောင်၊ အဲ့ဒါမျိုး မပြောဖို့ ဈွေး ကိုကို့ကို ပြောပါ့မယ်"

"ကောင်းပြီလေ ... နောက်ကို လုံးဝဝင်မစွက်ဖက်ဖို့ မင်း ပဲ တာဝန်ယူလိုက်ပါ၊ တော်ပြီ ... ဒီအကြောင်းတွေ မပြောချင်တော့ဘူး၊ ငါပြန်အိပ်တော့မယ်"



www.burmeseclassic.com

www.burmeseclassic.com



မောင်က မီးခလုတ်ကို လှမ်းပိတ်ပြီး အိပ်ရာပေါ်မှာ လှဲလျောင်းလိုက်သည်။ ဆွေးသည် အမှောင်ထဲမှာ ခဏငြိမ်နေပြီးမှ ...

"ဒါဆို ရေမွှေးနံ့ကိစ္စကိုရော ပြောလို့ရမလား မောင်"

"မင်း ဘာကိုပြောတာလဲ"

"ရှင့်အင်္ကျီကို လျှော်တိုင်း ရရနေတဲ့ အမျိုးသမီးသုံး ရေမွှေးနံ့ကို ပြောနေတာ"

"သြော် ... ဒါများ ညကြီးအချိန်မတော် အရေးတကြီး လုပ်ပြီး လာမေးရသလားကွာ၊ ငါက နိုက်ကလပ်သွားရင် အဆင်ပြေတဲ့သူနဲ့ တွဲတွဲကနေကျပဲ၊ ရေမွှေးနံ့တို့ နှုတ်ခမ်းနီနံ့တို့က မတော်တဆ ပါချင်ပါလာမှာပဲ၊ အဲ့ဒါ မင်းအတွက် သိပ်အရေးကြီးလို့လား၊ ကဲ ... အိပ်တော့ကွာ၊ ငါ့ကို လာမနှောင့်ယှက်ပါနဲ့တော့ ..."

ဆွေးက ဆို့နင့်တုန်ရီစွာ ငြိမ်သက်သွားသည်။ ခဏနေတော့ မောင့်ဆီက အသက်ရှူသံက မှန်မှန်ထွက်ပေါ်လာသည်။ သူ ပြန်လည်အိပ်မောကျသွားခဲ့ပြီပေါ့ ...။

မောင် ...။ ထူးဆန်းလိုက်တာ။ မောင့်ဆီမှာ ဒီလို စိတ်ထားရှိတာ အံ့သြလိုက်တာ။ မိန်းမတစ်ယောက်ဟာ ကိုယ့်ယောကျ်ားနဲ့ တခြားမိန်းမတွေ လက်ပွန်းတတီး ရင်းနှီးပတ်သက် ထိတွေ့နေတာကို သိရက်နဲ့ စိတ်ထဲမှာ ဘယ်လိုမှ သဘောမထားဘဲ အလိုက်တသိ ငြိမ်သက်ကြည်ဖြူနေရမှာလား ...။

ဆွေးသည် အသံမထွက်အောင် ကျိတ်ရှိုက်လိုက်





သည်။ ပြီးတော့ ရေချိုးခန်းထဲ ဝင်လာကာ အားရပါးရ အော်ငိုသည်။ ငိုလို့ဝတော့ ရေချိုးခန်းထဲမှာ တစ်နာရီလောက် ရေစွေစိမ်ပြီးချိုးသည်။ ခေါင်းလျှော်သည်။ ထို့နောက် ဖြူလွလွ ဂါဝန်ရှည်လေးကို ဝတ်လျက် ခေါင်းလျှော်ပြီးစ ဆံပင်တွေကိုဖြန့်ချကာ မှုန်ဝါးဝါး မနက်ခင်းလေးမှာပဲ ခြံထဲသို့ ဆင်းလာခဲ့သည်။

ဆွေးသည် ခြံထောင့်က ဒန်းလေးမှာ ဝင်ထိုင်လိုက်ပြီး ဒန်းကလေးကို လွှဲလှုပ်ရင်း တဖြည်းဖြည်း လင်းလာနေသည့်ကောင်းကင်ဆီ ငေးမျှော်ကြည့်နေဆဲ ...

"ညီမလေး ..."

ကိုကို့ ခေါ်သံကြားရပြီး ကိုကိုက ဆွေးရှေ့မှာရပ်လာကာ ဆွေးပုံစံလေးကို စေ့စေ့ကြည့်လိုက်ရင်း ...

"ကြည့်စမ်း ... ခုလိုကျတော့လည်း ငါ့ညီမလေးက စနိုးဝှိုက် မင်းသမီးလေး ကျနေတာပဲ၊ ကိုကို မြင်ချင်တာ ဒါမျိုးကွ၊ အဲဒီလိုလေး အမြဲနေစမ်းပါ"

ဆွေးက ကိုကို့ကို အားယူပြုံးပြလိုက်သည်။ တဖြည်းဖြည်း လင်းပွင့်လာသော နေရောင်က ခြံရှေ့မြက်ခင်းတစ်ဝိုက်ကို ဖြာကျလာသည်။ ကိုကိုက ခုမှ ဆွေးမျက်နှာကို သဲသဲကွဲကွဲ မြင်ရပုံနှင့် ...

"မျက်လုံးတွေ နီနေပြီး အစ်နေပါလား၊ ဘာဖြစ်လို့လဲ ဆွေး၊ နေမကောင်းလို့လား၊ ငိုထားတာလား"

"မဟုတ်ပါဘူး ကိုကိုရဲ့၊ ဆွေးက ညတုန်းက ကိုးနာရီလောက်ကတည်းက အိပ်သွားတာ၊ အခုမနက် ခြောက်



www.burmeseclassic.com

www.burmeseclassic.com



နာရီထိုးခါနီးမှ နိုးတော့ ဈွေးအိပ်တာ ကိုးနာရီလောက် ရှိသွားတာကိုး၊ အိပ်ချိန်တွေများပြီး မျက်နှာအစ်နေတာ လေ"

"အေးပါဟာ... ငါ့မှာဖြင့် နှင့်မျက်နှာအစ်နေတာကိုကြည့် ပြီး ငိုထားတာလားလို့ လန့်သွားတာပဲ"

"ဈွေးမှာ ငိုစရာ ဘာအကြောင်းမှမှ မရှိတာ၊ ဈွေးက ကိုကိုမြင်ချင်သလိုပဲ အရမ်းကောင်းစားနေတာလေ၊ ဈွေး အရင်က စိတ်ကူးယဉ်ထားတဲ့အတိုင်း တိုက်နဲ့ကားနဲ့ ချမ်းချမ်းသာသာ နေရတယ်လေ၊ မနက်ကဆို ရေ ရေချိုးကန်ကြီးထဲမှာ ရေမွှေးနဲ့ ရေစိမ်ချိုးလာတာ စိမ်ပြေ ဈွေးတို့အခန်းထဲမှာဆိုလည်း အဲကွန်းနဲ့ အမြဲအေးစိမ့်နေ တာ၊ အဲဗား ဝင်းတားပဲ၊ ဒီလောက် ဇိမ်ကျတဲ့ ဘဝကြီး မှာ ဈွေးက ငိုယိုစိတ်ညစ်နေပါ့မလား"

"အေးပါဟာ... ငါက စိုးရိမ်ကြီးပြီး အတွေးခေါင်သွား လို့ပါ"

"ပြီးတော့ ဈွေးကလေ အိမ်မှုကိစ္စတွေ လုပ်ရတာကို ပျော်နေတာ ကိုကိုရဲ့၊ ခုလို ကိုယ့်ယောကျ်ား အဝတ် အစားတွေကို ကိုယ်တိုင်ပဲ လျှော်ချင်တော့လို့ အိမ်ဖော် တောင် ထပ်မခေါ်ဖို့ မာမီ့ကို ပြောထားရတယ်၊ မာမီ့ အဝတ်အစားတွေ လျှော်ရတာလည်း ဈွေး ကူသိုယ်နေ တာပဲ"





"ဟုတ်လို့လား ဈွေးရယ်၊ နင် အရင်ကဆို အိမ်အလုပ် လုပ်ရမှာ အရမ်းကြောက်တဲ့သူပါ"

"အရင်တုန်းကတော့ အပျိုကိုး၊ အခု အိမ်ထောင်သည် ဖြစ်နေပြီလေ၊ ဈွေးက အိမ်ရှင်မကောင်း ပီသချင်လို့ အလုပ်တွေလုပ်ရင် ကိုကို စိတ်မကောင်းမဖြစ်ရှာနော်"

"အေးပါ... အေးပါ"

ရွှေသွေးက ခေါင်းညိတ်ပြလိုက်ပြီး ဈွေး ထိုင်နေ သော ခန်းကလေးကို လွှဲပေးလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com

❤ ❤ ❤

နောက်တစ်ပတ်ခန့်ကြာသောအခါ ရွှေသွေးက ထမင်းစားဖို့ မီးဖိုချောင်ဘက်သို့ ဝင်လာဆဲမှာ ထမင်းစားခန်းထဲက စကားပြောသံကို ကြားရလေသည်။

"မလှရှင်က သူ့အမေနေမကောင်းလို့ ရွာပြန်ဖို့ ခွင့်တောင်းလို့ ခွင့်ပြုလိုက်ရတယ် ရွှေး၊ သူက တစ်ပတ်ကြာရင် ပြန်လာမယ်ဆိုတော့ အသစ်ထပ်ရှာလို့တော့ မဖြစ်သေးဘူး၊ သူက ရိုးလည်းရိုးသားတယ်၊ ဒီအိမ်မှာလည်း အသားကျနေပြီဆိုတော့ လူသစ်မရှာဘဲ သူ့ကိုပဲ စောင့်ရတော့မှာပေါ့၊ ဒီအတောအတွင်းတော့ အိမ်မှုကိစ္စတွေကို ရွှေးပဲ လုပ်ရမယ်"

"ဟုတ်ကဲ့ပါ မာမီ၊ ရွှေး လုပ်နိုင်ပါတယ်"

"ဒါဆို ... မာမီ စိတ်ချမယ်နော်"

"စိတ်ချပါ မာမီ"

ရွှေသွေးက သက်ပြင်းချမိသည်။ ခဏနေတော့မှ ထမင်းစားခန်းထဲသို့ ဝင်လာခဲ့ပါသည်။





"ဪ ... ကိုကို ထမင်းစားတော့မလို့လား"

"မစားသေးပါဘူးဟာ၊ နှင်းကို ကူမလို့ပါ၊ မလှရှင် ပြန်သွားတယ်ဆိုတော့ နှင်းပဲ ပင်ပန်းတော့မှာပေါ့"

"ကိစ္စမရှိပါဘူး ကိုကိုရဲ့၊ ရွှေး ဒီအလုပ်တွေလုပ်ရတာ ပျော်တယ်လေ"

"ညာပြောနေတာလားလည်း မသိပါဘူးဟာ"

"မညာပါဘူး၊ ရွှေး အမှန်အတိုင်းပဲ ပြောတာပါ"

"ရွှေးရေ ..."

"ရှင် ... မာမီ"

အိမ်ရှေ့ဆီက ခေါ်သံကြောင့် ရွှေးက ပျာပျာသလဲ ထူးရသည်။

"မီးဖိုချောင်ကိစ္စ ခဏထားခဲ့ဦး၊ မာမီ့အခန်းအရင်ရှင်းပေး၊ မလှရှင် ရှင်းမသွားတော့ မာမီ့အခန်းထဲလည်း ရှုပ်ပွနေတာပဲ၊ မာမီ ရေချိုးခန်းနဲ့ အိမ်သာလည်း သေချာထပ်မတိုက်ရင် မာမီ ချော်လဲမှာသေချာတယ်၊ ဪ ... ပြီးရင် သားဖိနပ်ကိုလည်း သေချာပြောင်အောင်တိုက်ထားလိုက်ဦး၊ မနေ့က ရုံးရောက်မှ သူ့ဖိနပ်သူကြည့်ပြီး ဖုန်တက်ပြီး အရောင်မတောက်လို့တဲ့၊ စိတ်တိုနေတယ်"

"ဟုတ်ကဲ့ ... မာမီ၊ ကိုကို ရွှေးသွားလုပ်လိုက်ဦးမယ်၊ ကိုကို ဗိုက်ဆာရင် ရှိတာခူးခပ်စားထားလိုက်နော်"

"အေးပါ ... အေးပါ၊ ဖြောင့်ဖြောင့်သွားပါ"



www.burmeseclassic.com

www.burmeseclassic.com



ဇွေးက အပေါ်ထပ်သို့ ခပ်မြန်မြန်တက်သွားသည်။ ရွှေသွေးကတော့ မီးဖိုချောင်ထဲကို လှည့်ပတ်ကြည့်လိုက်ပါသည်။

မလှရင်က အလုပ်တွေ လက်စမသတ်ဘဲ ရုတ်တရက် ထပြန်သွားပုံရသည်။ မီးဖိုချောင်ထဲမှာ ရှုပ်ပွနေပါသည်။ အိမ်မှာက အိမ်သားနည်းပေမယ့် မိုးမြင့်ကျော်တို့ သားအမိ ထမင်းစားပြီဆို ပွဲတော်တည်သလို ပန်းကန်ကြီး ပန်းကန်သေး ဖြင့် ဟင်းမျိုးအစုံစုံ စားတတ်တာမို့ ထမင်းတစ်ခါစားပြီးတိုင်း ပန်းကန်တွေ ပုံထပ်နေတတ်သည်ပင်။ မီးဖိုချောင်ထောင့်က အမှိုက်အိတ်ကလည်း မောက်လျှံနေကာ အနံ့တွေတောင် ထွက်နေသည်။

ရွှေသွေးသည် ထမင်းစားဖို့ကိစ္စကို ခဏဘေးချိတ်ကာ အင်္ကျီလက်ရှည်ရဲ့ လက်မောင်းစကို ဘယ်ပြန်ညာပြန် ပင့်တင် ပုဆိုးတိုတိုဝတ်၊ ဇွေး မီးဖိုချောင်ဝင်လျှင် ဝတ်နေကျ အေပရွန်ကို ဝတ်လိုက်ပြီး ပန်းကန်တွေ ပုံထပ်နေသည့် ဇေစင်ဆီသို့ လျှောက်လာခဲ့သည်။

ပန်းကန်ဆေးပြီးတော့ ထမင်းစားခန်းကြမ်းပြင်ကို တိုက်၊ အမှိုက်တွေ လိုက်စုကာ အမှိုက်ကားအမီ ပြေးပစ် ... စသဖြင့် ဖယ်ဆက်သလို လျှင်မြန်စွာလုပ်သွားသည်။ ထို့နောက် အိမ်ရှေ့ ဖိနပ်ချွတ်သို့ ပြေးကာ မိုးမြင့်ကျော်ရဲ့ ဖိနပ်တွေကိုပါ သေချာတိုက်ချွတ်ထားလိုက်သည်။

သူ့အလုပ်ပြီးတော့မှ ခေါင်းဖျား ခြေဖျား ကျော့နေ





အောင် ပြင်ထားသော ဒေါ်မြင့်မြင့်ကျော်က အိမ်ပေါ်မှ ဆင်းလာကာ ...

"ရွှေသွေးရေ သွားမယ်ဟော့"

"ဟုတ်ကဲ့ အန်တီ"

ရွှေသွေးက လိပ်တင်ထားသည့်ရှပ်အင်္ကျီကို အမြန်ဖြည်ချ၊ ပုဆိုးကို ခပ်မြန်မြန် ရှည်အောင် ပြင်ဝတ်လိုက်ပြီး အသင့်ရပ်ထားသည့် ကားဆီ အမြန်ပြေးသွားကာ တံခါးဖွင့်ကြိုလိုက်သည်။

သူ ကားမောင်းထွက်လာသည်အထိ ဇွေးက အပေါ်ထပ်က ဆင်းမလာရသေးပါ။

ဒေါ်မြင့်မြင့်ကျော် အခန်းနဲ့ တွဲရက် ရေချိုးခန်း အိမ်သာကို ဇွေး တိုက်ချွတ်နေရမှာပဲဟု တွေးမိတော့ ရွှေသွေး ဝမ်းနည်းသလို ဖြစ်လာသည်။

ဖြစ်နိုင်ရင် ဇွေးလုပ်ရမယ့် အလုပ်ဟူသမျှကို သူသာ ပခုံးပြောင်း၍ ယူလိုက်ချင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

♥ ♥ ♥

"တီ … တီ …"

ဧွးသည် ငိုက်မြည်းနေရာမှ ကားဟွန်းသံကြောင့် ခေါင်းထောင်ထလာသည်။

နာရီကြည့်တော့ ည ၁၂ နာရီခွဲနေပြီ။ ဒီအချိန်က မောင့်ရဲ့ အစောဆုံးအိမ်ပြန်ချိန်ပင်။

ဧွးက အိမ်ရှေ့သို့ အမြန်ပြေးထွက်လာကာ တံခါးဖွင့်ပေးရသည်။ ဧွးတံခါးဖွင့် နောက်ကျနေလျှင် မောင်က စိတ်မရှည်တတ်လို့ပင် …။

တံခါးပွင့်သွားသည်နှင့် မောင်က ဒယိမ်းဒယိုင် ခြေလှမ်းများဖြင့် အိမ်ထဲသို့ဝင်လာသည်။ အရက်နံ့က ဟိန်းခနဲ ထလာသည်။ ဧွးသည် အရက်နံ့ကို မုန်းလှသော်လည်း မောင့်ကို လဲပြိုမသွားအောင် ဆီးကြိုတွဲခေါ်လိုက်ရင်း …

"ဒီအချိန်ကြီး ဒီလောက်သောက်ပြီး ကားမောင်းပြန်လာတာ အန္တရာယ်ကြီးလိုက်တာ မောင်ရယ် …"





"ငါ ဒီလောက်မိုက်ပါ့မလားကွာ၊ သူငယ်ချင်းတစ်ယောက် လိုက်မောင်းပို့တာပေါ့၊ ငါ့ကိုပို့ခဲ့ပြီး နောက်က လိုက်လာတဲ့ သူငယ်ချင်းတွေရဲ့ ကားနဲ့ ပြန်သွားပြီလေ၊ မင်း မမြင်လိုက်ဘူးလား၊ ဘယ်မြင်မလဲ၊ မင်းက ငါ့ကို ဂရုစိုက်တာမှမဟုတ်တာ … ဝေါ့ …"

"ဟင် … ဒုက္ခပါပဲ၊ ပေပွကုန်ပြီ"

မောင်က မူးမူးနှင့် စကားတွေများနေရာက ဧွးရင်ဘတ်သို့ ယိမ်းယိုင်ကာ ဝေါ့ခနဲ အန်လိုက်တာမို့ ဧွးအင်္ကျီရင်ဘတ်မှာ ပေပွန်စော်သွားသည်။ ထိုအခိုက်မှာ ကိုကိုက လှစ်ခနဲရောက်လာကာ …

"လာလာ … မောင်မိုး အစ်ကိုကိုတွဲ"

ဟုပြောရင်း မောင့်ကို တွဲလိုက်သည်။ မောင်က ကိုကို့ကို တွန်းထုတ်ပစ်လိုက်ရင်း …

"နေစမ်းပါဦး၊ ခင်ဗျားက ဘယ်ကဘယ်လို ရောက်လာတာလဲ၊ ခင်ဗျား ကျုပ်မရှိတုန်း ဒီအိမ်မှာ လာနေနေတာလား"

"မဟုတ်ပါဘူးကွာ၊ ကားဟွန်းသံကြားလို့ မင်းပြန်လာမှန်း သိပြီး ကားကို ဂိုဒေါင်ထဲ မောင်းထည့်သိမ်းဖို့ ဂိုထောင်အပေါ်ထပ်က ဆင်းလာတာပါ"

"သြော် … သြော် … အဲဒီလိုလား"

"ကိုကို … မောင့်ကို ခဏတွဲပြီး ဧည့်ခန်းမှာ ထိုင်ခိုင်းလိုက်ဦး၊ ဧွး ဒီအန်ဖတ်တွေ ဆေးပစ်လိုက်ဦးမယ်



www.burmeseclassic.com

www.burmeseclassic.com



မာမီ နိုးလာပြီး အောက်ဆင်းလာရင် ဒါတွေမြင်ကုန်မ
စိုးလို့ ...”

“နေ ... နေ ... ညီမလေး ထားခဲ့၊ နင့်ယောကျ်ားကိုသ
အပေါ်ခေါ်သွားတော့၊ ငါ ဒါတွေ သေချာဆေးထားလို
မယ”

“မလိုပါဘူး”

မိုးမြင့်ကျော်က လေသံမာမာဖြင့် တားလိုက်
မို့ ရွှေသွေးက ပြုံးပြလိုက်ရင်း ...

“ငါ့ကို အားမနာပါနဲ့ကွာ၊ ငါ ဒါတွေလုပ်ရတာ အ
မကြီးပါဘူး၊ ကိုယ့်ယောက်ဖ အန်ဖတ်ပဲ၊ ငါမရွံပါ
ကွ”

“ခင်ဗျားကို အားနာလို့ ပြောနေတာ မဟုတ်ဘူ
ခင်ဗျား အရာရာဝင်ပါတာကို ကြည့်မရလို့ ပြောတ
ကျုပ်အန်ဖတ်ကို ကျုပ်မိန်းမ ကြုံးတာပဲ ကြိုက်တ
ကျုပ် ဝေယျာဝစ္စကို ကျုပ်မိန်းမလုပ်တာပဲ ကြိုက်တ
ကျုပ်ဖိနပ်ကို ကျုပ်မိန်းမ တိုက်မှ သဘောကျတ
ခင်ဗျား ဟိုနေ့က ကျုပ်ဖိနပ်ကို ခိုးတိုက်နေတာ ကျ
တယ်၊ ဘာလဲ ... ခင်ဗျားက ကျုပ်ဖိနပ်ကို ကျုပ်မိ
တိုက်တာ မကြိုက်ဘူးလား”

“မောင် ... တော်ပါတော့၊ ကိုကို့ကို ဒီလိုမပြော
ကိုကို ပြန်တော့နော်၊ ဒါတွေ ရွှေးဘာသာပဲ သန့်ရှ
ရေး လုပ်လိုက်မယ်”





“နင်က ရှုတတ်တယ်လေဟာ၊ အန်ဖတ်ကြုံးရင်း နင်ပါ
အန်နေမှာစိုးလို့ ...”

“ရပါတယ်၊ ရွှေး ဘာမှမဖြစ်ပါဘူး၊ ကိုယ့်ယောကျ်ား
အန်ဖတ်ဆိုတော့ မွှေးတယ်လို့ပဲ မှတ်ရမှာပေါ့၊ မောင်က
မူးလို့သာ လျှောက်ရမ်းပြီး ပြောတာနေမှာ ကိုကို၊ မောင့်
ကို စွဲယူမနေပါနဲ့ဦး၊ မောင်က မမူးရင် ရွှေးကိုကြင်နာ
ပါတယ်”

ရွှေးသည် ရင်ထဲမှာ နာကျင်ဆို့နင်လှပါသော်
သည်း ကိုကို စိတ်မဆင်းရဲအောင် အပြုံးမပျက် ပြောနေရသည်။
ောင်ကတော့ ရွှေးကို ဂရုမစိုက်လှဘဲ ...

“ဒီမှာ ဟေ့လူ ... ခင်ဗျား နောက်ကို ကျုပ်တို့ကိစ္စတွေ
ထဲ ဝင်ဝင်မပါနဲ့၊ ကြားလား ...”

ဟု ပြောပြီး အပေါ်ထပ်သို့ ဒယိမ်းဒယိုင် တက်
သွားတာမို့ ရွှေးက အမီလိုက်လာကာ လှမ်းဆွဲတွဲလိုက်ရသည်။

ထိုအခိုက်မှာ မောင့်ကို ချစ်သော အချစ်တွေသည်
ငွေ့ပျံ၍သွားသည်ဟု ထင်လိုက်မိသည်။

ထိုညက ရွှေးသည် မငိုဘဲ နင့်နေကာ တစ်ညလုံး
ခိပ်မပျော်နိုင်ဘဲ မိုးလင်းသွားသည်။



www.burmeseclassic.com

www.burmeseclassic.com

အဲဒီနေ့က မလှရင် ရွာမှပြန်ရောက်သောနေ့ ...
သည်။

ရွှေသွေးသည် မလှရင်ကို လှမ်းမြင်သည်နှင့် ...
ရင်ထံသို့ ဒေါသတကြီး လျှောက်လာကာ ...

"ဟဲ့ ... မလှရင် ..."

"အမေ့၊ သြော် ... ကိုရွှေသွေးနယ် ဘယ်လိုဖြ...
ဒီလောက် အော်ရတာလဲ၊ လန့်လိုက်တာ တကတည်...

"နင် ... ရွာပြန်သွားတာ ဘာလို့ ဒီလောက်ကြာနေ...

"မကြာပါဘူး၊ တစ်ပတ်ခွင့်ယူသွားတာ၊ တစ်ပတ်...
တော့ ပြန်လာတာပဲဟာ"

"နင်မရှိတဲ့ အဲဒီတစ်ပတ်အတွင်းမှာ ငါ့ညီမ ဘ...
လောက် ပင်ပန်းတယ်မှတ်သလဲ"

"လှရင် ရှိလည်း ပင်ပန်းတာပါပဲ ကိုရွှေသွေးရယ်"

"ဘာ ..."

"သြော် ... ကိုရွှေသွေးကလည်း လှရင်ရှိလည်း အ...





တွေက လှရင် တစ်ယောက်တည်းမှ မနိုင်တာ၊ ပြီးတော့ မေမေကြီးနဲ့ အစ်ကိုလေးကလည်း တချို့ကိစ္စတွေကို လှရင်လုပ်တာ မကြိုက်တော့ သူ့ပဲခိုင်းနေတာ ..."

ရွှေသွေးသည် ခဏငိုင်တွေသွားကာ ...

"အခု ဇွေး ဘယ်မှာလဲ"

"ဈေးသွားတယ်"

"ဟင် ... ဘာနဲ့သွားလဲ၊ ငါ့လည်း မခေါ်ပါလား"

"ဒီနားကဈေးလေးကိုပဲ သွားတာဆိုတော့ အညောင်းပြေ လမ်းလျှောက်သွားချင်လို့တဲ့၊ ပြီးတော့ ကိုရွှေသွေး မနိုး သေးဘူးမှတ်လို့ မနှိုးချင်လို့ထင်ပါတယ်၊ အစောကြီး ထသွားတာလေ ..."

"သူပြန်လာရင် ဘာတွေလုပ်စရာရှိလဲ"

"အဝတ်လျှော်ရမှာ ..."

"နင်လျှော်ပါလား"

"ကျွန်မက မီးဖိုချောင်အလုပ်တွေ လုပ်ရဦးမယ်၊ ပြီးတော့ ကျွန်မလျှော်တာကို မေမေကြီးတို့က မကြိုက်ဘူး"

"နင်လျှော်တယ်လို့ မပြောနဲ့ပေါ့"

"မညာရဲပါဘူး ကိုရွှေသွေးရယ်၊ သိသွားမှ နင်ချခံနေရ ပါဦးမယ်"

"ကဲ ... အဲဒါဆိုလည်း ငါပဲလျှော်ထားလိုက်မယ်"

"ကိုရွှေသွေးက လျှော်တတ်လို့လား ..."

"လျှော်တတ်လွန်းလို့ ...၊ ဇွေး ငယ်ငယ်က သူ့အဝတ်



www.burmeseclassic.com

www.burmeseclassic.com



တောင် ငါလျှော်ပေးလာတာ၊ ငါလျှော်တာက ဈေးသော် တောင် ပြောင်သေး။ လျှော်မယ့်အဝတ်က ဘယ်မှာလဲ နင်သွားယူပေးပါလား"

"မယူရဲပါဘူး၊ လုပ်ချင်ရင် ကိုယ့်ဘာသာ အစအဆုံး လုပ်"

"ကဲ … ဒါဆိုလည်း လျှော်မယ့် အဝတ်ခြင်းက ဘယ်နား မှာလဲ ပြော …၊ ငါဘာသာ သွားယူလိုက်မယ်"

"အပေါ်ထပ်က ဈေးတို့ အိပ်ခန်းထဲမှာပဲ ရှိမှာပေါ့ …"

"အခန်းထဲမှာ မောင်မိုး ရှိလား …"

"ရှိတယ် … အိပ်နေမှာပေါ့၊ ဒီအချိန် ဘယ်နိုးဦးမလဲ ဈေးက အရင်ထလာတော့ တံခါးကို လော့ခ်ချခဲ့မှာမဟုတ် ဘူး၊ ခုနေ သွားဖွင့်ယူရင် ရလောက်တယ်"

"ယူပြီးရင် ဘယ်မှာ လျှော်ရမလဲ"

"သူတို့ အိပ်ခန်းနဲ့တွဲရက် ရေချိုးခန်းမှာပဲ လျှော်ပေါ့ အစ်ကိုလေး မနိုးအောင် တံခါးပိတ်ပြီး တိုးတိုးတိတ်တိတ် လျှော်ချင်လျှော် …"

"အေး … အေး … ငါသွားလိုက်ဦးမယ်၊ ဟဲ့ … ဈေးမေး ရင် နင် သူတို့အခန်း ရေချိုးခန်းဝင်တိုက်ရင်း နင်း လျှော်လိုက်တယ်လို့ပဲ ပြောနော် ကြားလား …"

"ဟုတ်ကဲ့ပါ … တကတည်း အကဲပိုလိုက်ပုံက …၊ ကြည့် ကျက် လှုပ်ရှားဦးနော်၊ ကိုရွှေသွေး … ပြဿနာတွေ တက် နေဦးမယ်"





"အေးပါဟာ … ဒါနဲ့ သူတို့အခန်းက ဘယ်နားမှာလဲ"

"လှေကားဘက်အစွန်ဆုံး အခန်းပဲ"

ရွှေသွေးသည် မလှရင်ကို သေချာမေးပြီးသည်နှင့် အိမ်ပေါ်ထပ်သို့ တိတ်တိတ်လေး ခြေဖွနင်း၍တက်လာသည်။ ဈေးတို့အခန်းရှေ့ရောက်တော့ တံခါးကို ဖြည်းဖြည်းလေး လှည့် ဘွန်းဖွင့်လိုက်ပြီး အခန်းထဲသို့ ချောင်းကြည့်လိုက်သည်။

အိပ်ရာထက်မှာ မိုးမြင့်ကျော်က အိပ်ပျော်နေသည်။ ခုတင်ခြေရင်း ထောင့်နားမှာတော့ လျှော်မည့်အဝတ်တွေ ထည့် ထားသော ခြင်းတောင်းကို တွေ့ရသည်။

ရွှေသွေးသည် အခန်းထဲသို့ ချွတ်နင်းကလေးလှမ်း ဝင်လာကာ အဝတ်ခြင်းတောင်းကို မ,ယူပြီး အခန်းနှင့်တစ်ဆက် တည်း ရေချိုးခန်းထဲသို့ ဝင်လာသည်။ ထို့နောက် ရေချိုးခန်း တံခါးကို ပိတ်ကာ အဝတ်တွေကို ခပ်မြန်မြန်လျှော်လိုက်သည်။

"မောင်မိုး ဘောင်းဘီက လေးမှလေးပဲကွာ"

ရွှေသွေးသည် ခပ်တိုးတိုး ရေရွတ်ရင်း အဝတ်တွေ ကို ရေစင်စင်ညှစ်ကာ ပလတ်စတစ်ပုံးကြီးထဲသို့ ထည့်လိုက် သည်။ ဒါတွေကို အပြင်ထုတ်လှန်းနေလျှင် ဒေါ်မြင့်မြင့်ကျော် မြင်သွားနိုင်တာမို့ မလှရင်ကိုပဲ လာယူလှမ်းခိုင်းဖို့ စိတ်ကူးကာ ရေချိုးခန်းထဲမှ ထွက်လာသည်။

ရွှေသွေးသည် တံခါးမဆီသို့သွားရန် မိုးမြင့်ကျော် အိပ်နေသော ခုတင်ခြေရင်းမှ ခြေဖွ၍ ခပ်ဖြည်းဖြည်းလျှောက် လာနေဆဲ …



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ ..."

မိုးမြင့်ကျော်က ခုတင်ပေါ်မှ ခုန်ထလာတာမို့ ရွှေသွေးက လန့်ဖျပ်သွားသည်။

"ဟော့လူ ... ခင်ဗျား ဒီအခန်းထဲကို ဘာဝင်လုပ်တာလဲ။ ပစ္စည်းခိုးမလို့ ဝင်လာတာမဟုတ်လား"

ရွှေသွေးသည် မထင်မှတ်ဘဲ စွပ်စွဲခံလိုက်ရတာမို့ အံ့သြတုန်လှုပ်နေကာ ...

"မဟုတ် ... မဟုတ် ..."

"ဘာမဟုတ်ရမှာလဲ၊ လက်ပူးလက်ကြပ်မိတာတောင် ငြင်းချင်သေးလို့လား၊ ဈေး မျက်နှာတောင် မထောက် ခင်ဗျား ဒီလိုကြံစည်ရက်သလား၊ အသားထဲက လောက်ထွက်တယ်ဆိုတာ ဒါမျိုးပဲ"

မိုးမြင့်ကျော်ရဲ့ ဒေါသသံက ဟိန်းထွက်နေသည်။ ရွှေသွေးအသံကတော့ တုန်ရင်နေကာ ...

"မင်း ... မင်း ... ဘာတွေ လျှောက်ပြောနေတာလဲ၊ မောင်မိုး၊ ငါ ... ငါတစ်သက်လုံး ဒါမျိုးမလုပ်ဘူး၊ မင်း ငါ့ကို မစွပ်စွဲနဲ့ ..."

"စွပ်စွဲတာမဟုတ်ဘူး၊ မြင်တဲ့အတိုင်းပြောနေတာ၊ ခင်ဗျား ဒီအခန်းထဲကို ခိုးဝင်လာတာကို လက်ပူးလက်ကြပ် မိလို့ ပြောနေတာ"

"မောင်မိုးရာ ... မဟုတ်ရပါဘူးကွာ ..."

ရွှေသွေးက တုန်တုန်ရီရီတောင်းပန်နေဆဲ အခန်း





တံခါးပွင့်လာကာ ဈေး၊ ဒေါ်မြင့်မြင့်ကျော်နှင့် မလှရင်တို့က အခန်းဝမှာ ရပ်လာသည်။

ရွှေသွေးသည် ကလေးတစ်ယောက် ကူကယ်ရာမဲ့နေရာက အားကိုးတွေ့သွားသလို ပုံစံလေးနှင့် ဈေးနားသို့ လှစ်ခနဲ ရောက်လာကာ ...

"မိဈေး ... မောင်မိုးက ငါ့ကို သူခိုးစွပ်စွဲနေတယ်၊ ပြောပါဦး ... နင့်ယောကျ်ားကို ပြောပါဦး"

"ဈေး ... မင်းအစ်ကိုက ဒီအခန်းထဲ ခိုးဝင်လာတာ၊ ငါ နိုးလာလို့သာ သူ ဘာမှမခိုးဖြစ်တာ၊ မင်း အစ်ကိုက သူခိုးပဲ"

ဈေးသည် မောင့်စကားကြောင့် စိတ်ထဲဖျင်းခနဲ ဖြစ်သွားကာ ...

"ဈေး မေးပါရစေဦး မောင်၊ သူ ခိုးတယ် မခိုးဘူးဆိုတာ မသေချာသေးဘဲနဲ့ သူခိုးလို့ နာမည်မပေး စိတ်မစောပါနဲ့ဦး"

ဈေးသည် မောင့်ကို လှမ်းပြောလိုက်ပြီးတာနှင့် ကိုကို့ဘက်သို့ လှည့်ကာ ...

"ကိုကို ...၊ ကိုကို ဒီအခန်းထဲကို ဘာဝင်လုပ်တာလဲ"

"ဟို ... ဟို ... ငါ ... ငါ ... ဟိုဥစ္စာ ..."

ရွှေသွေးသည် သူခိုးမဟုတ်ကြောင်း ငြင်းချင်သော်လည်း ဈေးအဝတ်လျှော်ရမှာစိုးလို့ လာကူလျှော်တာကို သိမှာစိုးသဖြင့် အမှန်အတိုင်း ပြောပြဖို့ ခက်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



မိုးမြင့်ကျော်သည် ရွှေသွေး ပုံစံကိုကြည့်ကာ မဲ့ပြုံးပြုံးလိုက်ရင်း ...

"မူပျက်နေတဲ့ ပုံကတော့ မင်းမြင်တဲ့အတိုင်းပဲ ဆွေး၊ ကျွတ် ... ငါလည်း ဘယ်က ကလေကချေကို အတွင်းလူ လုပ်ထားမိမှန်း မသိပါဘူးကွာ"

"မောင် ..."

ဆွေးသည် မောင့်စကားကြောင့် ဆတ်ဆတ်ခါသွားမိကာ...

"မောင် ..., ကိုကို့ကို ကလေကချေလို့ပြောရင် သူ့နှမ ဆွေးကလည်း ကလေကချေပဲ မောင်၊ မောင် ယူထားပြီး မောင်နဲ့ တစ်အိပ်ရာထဲ အိပ်နေတဲ့ ဆွေးကလည်း ကလေကချေပဲ၊ မောင်က ကလေကချေကို ယူထားတာလေ၊ မိမရှိ ဘမရှိ ကလေကချေကို မောင်ယူထားခဲ့တာ ..."

"အေး ... ငါက မင်းဘဝ ဘယ်ကပဲလာလာ မင်းကို ချစ်မိလို့ ယူထားတာ၊ မင်းနဲ့ ဘာမှမတော်တဲ့ မင်းအစ်ကိုကို ငါ ဘာမှရှိသေနေစရာ အကြောင်းမရှိဘူး၊ စောင့်ရှောက်နေစရာ အကြောင်းမရှိဘူး၊ ဘယ့်နှယ်ကွာ မိန်းမ ယူတာများ ကုန်တိုက်တွေမှာ Discount ပေးနေတာကျနေတာပဲ၊ buy one, get one တဲ့၊ တစ်ခုဝယ်တာနဲ့ နောက်တစ်ခု ရရမယ်ပေါ့၊ အဲ့ဒီတစ်ခုက ကောင်းမှန်းမသိ မကောင်းမှန်းမသိဘဲ လက်ခံ ယူထားလိုက်ရမှာလား၊





အစ်ကိုကို ဒရိုင်ဘာခန့်မှ ညီမကို ရရမယ်ဆိုကတည်းက ပုံစံမကျတာ၊ ပြန်စဉ်းစားတိုင်း အာရုံနှောက်တယ်"

"ရှင့်စကားတွေ လွန်လာပြီ မောင်၊ ဆွေးကို စော်ကားချင် စော်ကားပါ၊ ဆွေးအစ်ကိုကို မစော်ကားပါနဲ့၊ ကိုကို လုံးဝ မခိုးတတ်ဘူးဆိုတာ ဆွေးအသိဆုံးပဲ၊ ကိုကို ဒီလိုလုပ်တာ အကြောင်းတစ်ခုခုတော့ ရှိမှာပဲ"

ဆွေးသည် ကိုကို့ဘက်သို့ ပြန်လှည့်လာကာ ...

"ဟုတ်တယ် မဟုတ်လား ကိုကို၊ ကိုကို့မှာ အကြောင်းတစ်ခုခုတော့ ရှိတယ်မဟုတ်လား"

"ဟို ..."

ရွှေသွေးသည် ပြောရင်ကောင်းမလားဟု စဉ်းစားရင်း ဒေါ်မြင့်မြင့်ကျော်နှင့် မိုးမြင့်ကျော်ရဲ့ မျက်နှာကို မရဲတရဲ ကြည့်သည်။

ဒေါ်မြင့်မြင့်ကျော်ကလည်း ကိုယ့်အလုပ်ကိုယ်လုပ်ဟု ပြောထားသည်။ မိုးမြင့်ကျော်ကလည်း သူ့ဝေယျာဝစ္စတွေကို ဆွေးလုပ်ပေးတာပဲ ကြိုက်သည်ဟု ပြောခဲ့တာမို့ အားလုံးရှေ့မှာ သူအဝတ်ခိုးလျှော်တဲ့အကြောင်း ဖွင့်ပြောဖို့ခက်နေသည်။ မိုးမြင့်ကျော်တို့ သားအမိရဲ့အကြည့်တွေက စူးရဲလှတာမို့ သူ ကြောက်ရွံ့နေမိသည်။

"ကိုကို ... ပြောလေ၊ ကိုကို့မှာ အကြောင်းတစ်ခုခုရှိလို့ အခန်းထဲ ဝင်လာတာမဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



“ဟို … မရှိ … မရှိပါဘူး၊ အကြောင်းမရှိပါဘူး”

ရွှေသွေးက ခေါင်းကိုသာ ခါယမ်းပြနေသည်။

လှရင်သည် ရွှေသွေး အခက်တွေ့နေပုံကို ကြည့်မနေနိုင်တော့ဘဲ ရှေ့တိုးလာကာ …

“အမှန်အတိုင်း ပြောပြလိုက်လေ ကိုရွှေသွေး”

“လှရင် နင်အသာနေပါဟာ၊ ငါ့မှာ ဘာမှပြောစရာမရှိဘူး”

“ဒုက္ခပါပဲ၊ ရှင်မပြောရင် ရှင့်ကို သူခိုးလို့ ထင်ကြလိမ့်မယ်”

“ထင်ထင်ဟာ”

“မလှရင် ရှင် ဒီကိစ္စ သိတယ်မဟုတ်လား၊ ဈေးကိုပြောပြပါ”

ဈေးက မလှရင်ကို လှည့်မေးလိုက်တော့ ရွှေသွေးက လှုပ်လှုပ်ရှားရှား ဖြစ်လာကာ …

“မလှရင် နင် ဘာမှလျှောက်မပြောနဲ့နော်၊ သွား … သွား နင်သွားတော့ ဒီနားမလာနဲ့”

“ပြောစရာရှိတာတော့ ပြောရမှာပဲ ကိုရွှေသွေးရေ၊ ရှင့်အဖြစ်ကို ဒီအတိုင်းတော့ ကြည့်မနေနိုင်ဘူး”

မလှရင်က ရွှေသွေးကို လှမ်းပြောပြီးတာနှင့် ဈေးတို့ဘက်ကို လှည့်လာကာ …

“ကိုရွှေသွေးက အဝတ်လာခိုးလျှော်တာပါ၊ ဈေး အလုပ်တွေ လုပ်ရတာ ပင်ပန်းမှာစိုးလို့ ဈေးမသိအောင် အဝတ်





ခိုးလျှော်ထားချင်တယ်လို့ ပြောပြီး ဒီအခန်းထဲက အဝတ်ခြင်းကို လာယူတာပါ၊ သူ ရေချိုးခန်းထဲမှာ အဝတ်တွေလျှော်ပြီး ထားခဲ့မယ်ထင်ပါတယ်၊ မယုံရင် ရေချိုးခန်းထဲကို ကြည့်ကြည့်ပါ”

ဈေးက ရေချိုးခန်းဘက်သို့လျှောက်သွားပြီး ရေချိုးခန်းတံခါးကို တွန်းဖွင့်လိုက်သည်။

ရေချိုးခန်းထဲက ပလတ်စတစ်ပုံးကြီးထဲမှာတော့ လျှော်ပြီးသား အဝတ်တွေကို အလိပ်လိုက်၊ အထပ်လိုက် တွေ့လိုက်ရလေသည်။

ဈေးသည် ရင်ထဲဆို့သွားကာ ဝဲလာသော မျက်ရည်တွေကို မျက်တောင်ခတ်၍ ထုတ်လိုက်ပြီး အိပ်ခန်းဘက်သို့ ပြန်လှည့်လာသည်။

ရွှေသွေးသည် အပြစ်ရှိသူတစ်ယောက်ရဲ့ မျက်နှာထားမျိုးဖြင့် မိုးမြင့်ကျော်တို့ သားအမိရှေ့မှာ ခေါင်းငုံ့လျှိုးရင်း …

“ကျွန်တော် တောင်းပန်ပါတယ်ဗျာ၊ အန်တီနဲ့ မောင်မိုးစကားကို မလေးစားလို့ ဒီလိုလုပ်တာ မဟုတ်ပါဘူး၊ ကျွန်တော် အလုပ်အားနေလို့ အိမ်အလုပ်တွေကို ကူညီတဲ့အနေနဲ့ လျှော်ပေးမိတာပါ”

“ကိုကို …”

ဈေးသည် ခပ်ဆတ်ဆတ်အော်ရင်း ကိုကိုရှေ့မှာ ရပ်လိုက်သည်။ ကိုကိုက မျက်စိသူငယ်ဖြင့် ဈေးကို မော့ကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



"တိုကို တောင်းပန်ဖို့ မလိုပါဘူး၊ မောင်ကသာ ကိုကို့ကို သူခိုးစွပ်မိတဲ့အတွက် တောင်းပန်ရမှာပါ ..."

"ဟာ ... မလိုဘူး မလိုဘူး၊ ငါ့လိုလူမျိုးကို သူက ဘာလို့ တောင်းပန်ရမှာလဲ၊ မိစွေးရာ နှင် မဟုတ်တာတွေ ဝင်မပြောစမ်းပါနဲ့"

ရွှေသွေးက ပျာပျာသလဲ တားသည်။ မိုးမြင့်ကျော်က ခပ်မဲ့မဲ့ပြုံးသည်။ စွေးက မျက်နှာတင်းလျက်ပင် ...

"ငါ့လို လူမျိုးဆိုတာ ဘာလဲ ကိုကို၊ ဆင်းရဲနွမ်းပါးခဲ့တဲ့ သူမို့လို့ အတောင်းပန်မခံသင့်ဘူးလို့ ပြောချင်တာလား၊ ကိုကို ဘယ်လိုလူမျိုးလဲဆိုတာ ကိုကိုမသိဘူးလား၊ ကိုကို က ရိုးသားတယ်၊ နုံအတယ်၊ သူတစ်ပါးကို အကြောင်းမဲ့ မစော်ကားဘူး၊ စာရိတ္တကောင်းတယ်၊ စွေးရဲ့ကျေးဇူးရှင် လည်း ဖြစ်တယ်၊ ဒီလိုလူမျိုးကို ပြစ်မှားရင် ပြစ်မှားတဲ့ သူက ကမ္ဘာကျော် သူဌေးကြီးဖြစ်နေလည်း တောင်းပန် ရမှာပဲ၊ စွေး ယောကျ်ားဖြစ်နေတဲ့အတွက် ပိုပြီး တောင်း ပန်သင့်တာပဲ"

စွေးစကားကြောင့် မိုးမြင့်ကျော်က ဟက်ခနဲ တစ်ချက်ရယ်လိုက်ရင်း ...

"သူက မင်းအစ်ကိုရင်းဆိုရင်တော့ ငါ တောင်းပန်မှာပေါ့၊ မင်းနဲ့ ဘာမှမတော်တဲ့ သူတစ်ယောက်ကိုတော့ ငါ တလေးတစား တောင်းပန်မနေနိုင်ဘူးလေ"





မိုးမြင့်ကျော်က ထိမထင်ပြောပြီး တစ်ဖက်သို့ လှည့်သွားသည်။

တစ်ချိန်လုံး ဘာစကားမှမပြောဘဲ စွေးနှင့် ရွှေသွေး ကို အထင်သေးသည့် မျက်ဝန်းတစ်စုံဖြင့် ရပ်ကြည့်နေခဲ့သော ဒေါ်မြင့်မြင့်ကျော်က ...

"စိတ်ပျက်ဖို့ ကောင်းလိုက်တာ ..."

ဟု အေးစက်စက် ရေရွတ်ပြီး ကျောခိုင်းလှည့် ထွက်သွားသည်။

မလှရင်က ရွှေသွေးလက်ကို ဆွဲကာ အပြင်သို့ ခေါ်ထုတ်သွားသည်။

စွေးကတော့ နေရာမှာပင် ခပ်မတ်မတ်ဆက်ရပ် နေရင်း ကျောခိုင်းထားသည့် မောင့်ကို နာကျင်အေးခဲသော စိတ်ဖြင့် အေးစက်စက် စိုက်ကြည့်နေခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com

♥ ♥ ♥

ရွှေသွေးသည် ခရီးဆောင်အိတ်အဟောင်းလေးကို ဆွဲလျက် မှောင်ရိပ်ခိုကာ ခြံတံခါးဝသို့ တရွေ့ရွေ့ လျှောက်သွားနေသည်။ သူ့ထံမှ အသံမထွက်သော်လည်း မျက်နှာတစ်ပြင်လုံး ရှုံ့ရှုံ့မဲ့လျက် အံကိုကြိတ်ကာ မျက်ရည်ယိုက်ယိုက်ကျနေသည်။

သူ မှောင်ရိပ်ထဲမှာ ခဏရပ်သည်။ ပြီးတော့ မီးရောင်ကလေး လင်းနေသည့် ဈွေးတို့အခန်းကလေးဆီ လှမ်းမျှော်ကြည့်ရင်း ပို၍ ပို၍ ဝမ်းနည်းလာသည်။

ညီမလေးကို ထားခဲ့ရတော့မှာ ...။

ညီမလေးကို ထားပြီး ထွက်သွားရတော့မှာ ...။

သွားချင်လို့တော့ မဟုတ်ပါဘူး ညီမလေးရယ်။ သွားသင့်လို့ပါ ...။ ငါရှိနေသရွေ့ နင့်ဘဝမှာ အနှောင့်အယှက် တစ်ခုလို ဖြစ်နေမှာစိုးလို့ပါ။ ငါဟာ နင့်ရဲ့ အားနည်းချက်တစ်ခု ဖြစ်သွားမှာ စိုးလို့ပါ။

ရွှေသွေးသည် ညီမလေးရှိရာ အိမ်ကြီးဆီ ရပ်ကြည့်





မျှော်ငေး၍ ကျိတ်ငိုရင်း အသံကို ထိန်းမထားနိုင်တော့တာမို့ တအိအိ အသံထွက်လာသည်။

သူ ပါးစပ်ကို လက်ဖြင့် တအားဖိပိတ်ကာ အသံမထွက်အောင်ထိန်းရင်း မှောင်ရိပ် ခြံထောင့်ကလေးမှာ ငုတ်တုတ် ထိုင်ချကာ တသိမ့်သိမ့် ရှိုက်ငင်နေဆဲ ...

"ဟင် ... ကိုရွှေသွေး မဟုတ်လား၊ ဒီမှာ ဘာလာလုပ်နေတာလဲ"

မြက်ခင်းတွေဆီ ရေလွှတ်သည့် ခြံထောင့် ရေဘုံဘိုင်ခေါင်းကို လာဖွင့်သော မလှရင်က ရွှေသွေးကို တွေ့သွားကာ တအံ့တဩ မေးလိုက်သည်။ ရွှေသွေးသည် မလှရင်မေးတာကို မဖြေနိုင်ဘဲ ပါးစပ်ကို လက်ဖြင့်ပိတ်ကာ တက်မတတ် ချက်မတတ် တုန်ရင်ရှိုက်ငင်နေသည်။

"ဟင် ... ကိုရွှေသွေး ရှင် ငိုနေတာလား၊ ဟယ် ... အထုပ်အပိုးတွေနဲ့ပါလား၊ ရှင် ဘယ်သွားမလို့လဲဟင်"

ရွှေသွေးက ဆတ်ခနဲလန့်တုန်သွားကာ မလှရင်ကို မော့ကြည့်ရင်း ...

"လှရင် ... နင် ... နင် ငါ့ကို ဒီလိုပုံနဲ့ တွေ့တယ်ဆိုတာ ဈွေးကို လုံးဝသွားမပြောနဲ့နော်"

"ကိုရွှေသွေးက ဘယ်သွားမှာလဲ"

"ဘယ်သွားသွားပေါ့ဟာ၊ ငါ့ဘာသာ အေးအေးဆေးဆေး ငိုပါရစေ၊ နင်သွားပါတော့၊ ငါ့ကိုဘာမှလာမမေးပါနဲ့တော့"

လှရင်က ရွှေသွေး ငိုနေပုံကိုကြည့်ရင်း မျက်ရည်



www.burmeseclassic.com

www.burmeseclassic.com



လာကာ အိမ်ဘက်သို့ ခပ်သုတ်သုတ် ထွက်သွားသည်။

ရွှေသွေးက မျက်ရည်တွေကို လက်ဖမိုးဖြင့် ဘယ်ပြန် ညာပြန် သုတ်လိုက်ပြီး အနားမှာချထားသည့် ခရီးဆောင်အိတ်ကြီးကို ကောက်လွယ်ကာ အိမ်ကြီးကိုကျောခိုင်းလိုက်သည်။

"ကိုကို ..."

ရွှေသွေးသည် နောက်နားဆီမှ ညီမလေးခေါ်သံကြောင့် နောက်ကြောင်းပြန်လှည့်မကြည့်တော့ဘဲ မကြားချင်ယောင်ဆောင်ကာ ခြေလှမ်းကို ပို၍ မြန်အောင်လှမ်းလိုက်သည်။

"ကိုကို ..."

ဆွေးရဲ့ ခေါ်သံက သူ့နောက်နားမှ ကပ်ထွက်လာပြီး တစ်ပြိုင်နက်တည်းမှာ သူ့ခရီးဆောင်အိတ် လွယ်ကြိုးကို ဆောင့်ဆွဲခြင်း ခံလိုက်ရသည်။

သူ ခြေလှမ်းတွေကို ရပ်ပစ်လိုက်ရ၏။

သို့သော် ... နောက်သို့ လှည့်မကြည့်ရဲဘဲ မလှုပ်မယှက် ရပ်လျက် ခေါင်းကိုတော့ ငိုက်စိုက်ချထားသည်။

"ကိုကို ... ဒါ ဘယ်သွားမလို့လဲ"

သူ မဖြေမိ။ မဖြေရဲ ...။ ညီမလေး ဝမ်းနည်းဒေါသထွက်နေတာကို သူ မမြင်ချင်။ မကြားချင်။

ညီမလေးက သူ့အိတ်ကြိုးကို တင်းတင်းဆွဲဆုတ်ထားရာက ဆက်ကာ ဆက်ကာ ဆွဲလှုပ်လိုက်ရင်း လှိုက်ဆော တုန်ခါသံဖြင့် ...

"ဖြေလေ ... ကိုကို၊ ဒါ ဘယ်သွားမလို့လဲ၊ ဖြေပါ ...





ကိုကိုတစ်ယောက်တည်း ဘယ်သွားမလို့လဲ၊ ဆွေးကို ထားခဲ့ပြီး ဘယ်သွားမလို့လဲ ဖြေပါ"

ညီမလေး အသံက ဒေါသသံ၊ ငိုသံ၊ ပေါက်ကွဲဝုန်းဒိုင်းကြဲချင်သော အသံ ...။

သူ စိတ်ကိုထိန်းသည်။ ငိုမဲ့မဲ့ မျက်နှာကို ပြင်ကာ နှုတ်ခမ်းတွေကို ပြုံးထားလိုက်ပြီးမှ ဆွေးဘက်သို့ ပြန်လှည့်ကြည့်လာကာ ...

"ညီမလေးကလည်း ဒေါသကြီးလိုက်တာဟာ၊ ငါက ငါတို့အိမ်ကလေးကို ခဏပြန်မယ်လို့ပါဟ၊ ဟိုတစ်နေ့က ငါ မြို့ထဲသွားရင်း ငါတို့ရပ်ကွက်ထဲက တင်ဖော်နဲ့ တွေ့တယ်ဟ၊ သူက ၃၁ လမ်းထဲမှာ သူ့မင်္ဂလာဆောင်ဖိတ်စာလာအပ်တာ၊ အဲဒါ သူက မင်္ဂလာဆောင် ဆက်ဆက်လာဖို့ ဖိတ်လိုက်လို့ သွားရမှာ၊ မင်္ဂလာဆောင်က မနက်ဖြန်လေ၊ ဒါပေမယ့် ဒီနေ့ညကတည်းက သတို့သားအိမ်မှာ ညအိပ်ပြီး လိုတာရှိရင်ကူညီရမှာ၊ တစ်လက်စတည်း ပိတ်ထားတဲ့ ငါတို့အိမ်လေးကိုပါ ဝင်ရှင်းလိုက်မယ်လေ၊ နှင့်ကိုမပြောဘဲ သွားတာက နှင်သိရင် ငါ့ကို ဆူမှာစိုးလို့ပါ၊ ငါတို့ကို သတို့သား ဧည့်ခံရင် အသောက်အစားလေး ဘာလေး ပါလာမှာဆိုတော့ နှင်မကြိုက်မှာစိုးလို့ပါ"

"ကိုကို ညာတာ"

ဆွေးသည် ရွှေသွေးကို စိုက်ကြည့်ရင်း အံကြိတ်၍



www.burmeseclassic.com

www.burmeseclassic.com



ပြောသည်။ ပြီးတော့ ... ရွှေသွေးကို စိတ်နာသလို စိုက်ကြည့်လျက် မျက်ရည်တွေ စီးကျလာကာ ...

"ချွေးကို ကိုကို ညာတာ၊ ချွေးကိုထားခဲ့ပြီး ... ချွေး တစ်ယောက်တည်း ထားခဲ့ပြီး ကိုကို ထွက်သွားတော့မှာ"

"ညီမလေး ... နှင်း ... နှင်း မငိုနဲ့ဟာ"

ရွှေသွေးသည် ချွေး မျက်ရည်ကြောင့် ပျာယာခတ်သွားကာ ချွေးရှေ့သို့ တိုးလာပြီး သူ့လည်ပင်းမှာ ပတ်ထားသည့် မာဖလာစကို ဆွဲဖြုတ်၍ ချွေး ပါးပေါ်က မျက်ရည်စတွေကို ကမန်းကတန်းသုတ်သည်။ သူ့လက်တွေက တုန်ရင်နေပါသည်။

ချွေးသည် အံကြိတ်၍ ခေါင်းမော့လိုက်ရင်း ...

"ချွေးကို ထားခဲ့ပြီး ကိုကို သွားရက်တယ်ဆို သွားတော့လေ၊ ချွေး မတားဘူး၊ သွား ... သွား ...၊ ကိုကို သွားတော့၊ ကိုကိုသွားရင် ချွေးလည်း တစ်နေရာရာကို ထွက်သွားတော့မယ်"

ချွေးက စိတ်လိုက်မာန်ပါဖြင့် ချာခနဲ လှည့်ထွက်လာသည်။ ရွှေသွေးက လန့်သွားမိကာ ...

"မနိုင်စိန်မ ..."

ဟု လှမ်းခေါ်တော့ ချွေး ခြေလှမ်းတုန့်သွားသည်။

"မနိုင်စိန်မ ... နှင်း ... နှင်း အဲ့လိုမလုပ်နဲ့လေ၊ ငါလည်း နှင်းကို ဘယ်ခွဲနိုင်ပါ့မလဲဟာ၊ ပြီးတော့ ..."

ရွှေသွေးသည် ပြောရင်း ဝမ်းနည်းလာကာ မျက်နှာကို မလှမပဖြစ်အောင် ရှုံ့လျက် ဟီးခနဲ ငိုချလိုက်ရင်း ...





"ပြီးတော့ ... နှင်းကို ဘယ်လို သတ္တိမျိုးနဲ့ ဆင်းရဲတွင်းထဲ ဆွဲချရပါ့မလဲ ...၊ နှင်းက အကောင်းကြိုက်မ၊ နှင်းရုပ်က သူဌေးကတော်ရုပ်၊ နှင်းနဲ့ ဒီအိမ်နဲ့ပဲထိုက်တန်တာ၊ ငါတို့ အိမ်စုတ်ကလေးမှာ နှင်းနေလို့မဖြစ်ဘူးလေ၊ နှင်းကို အဲဒီလို အိမ်မျိုးမှာ မထားနိုင်ဘူးလေ"

ရွှေသွေးက ငိုသံထွက်နေသော သူ့ပါးစပ်ကို သူပိတ်ကာ သိမ့်သိမ့်တုန်အောင် ရှိုက်ငင်နေရင်း ငုတ်တုတ်ထိုင်ချလိုက်သည်။

ချွေးသည် ကိုကို့ကို ငုံ့ကြည့်ရင်း ရင်ထဲမှာ ဆို့လာသည်။ နင့်လာသည်။ ကြေမွလာသည်။ ရင်ပွင့်ထွက်မတတ်ပါပင် ...။

ကိုကို့ရဲ့ 'မနိုင်စိန်မ' ဆိုသော ခေါ်သံက ချွေးတို့ရဲ့ ငယ်ဘဝလေးကို အမှတ်ရသွားစေသည်။

ချွေးကိုဆို ဘယ်တော့မှ မနိုင်ရှာသော ကိုကိုက ချွေးကို မနိုင်စိန်မလို့ ချစ်စနိုးခေါ်တတ်ခဲ့တာ ...။

ကိုကိုဟာ ချွေးနဲ့ပတ်သက်သမျှကို အကောင်းဆုံးချည်း ဖြစ်စေချင်တဲ့ စေတနာနဲ့ အမြဲတမ်း လောဘတွေ ကြီးခဲ့တာ။ ချွေးအတွက်ဆို သူ့ဘဝကို အမြဲပေးဆပ်စတေးဖို့ ဝန်မလေးခဲ့တာ ...။

ချွေးဘဝ ကောင်းစားဖို့ဆိုတဲ့စိတ်နဲ့ ချွေးကို မောင်နဲ့ သဘောတူပေးခဲ့တာ ...။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် ကောင်းစားတယ်ဆိုတာ ဘာလဲ ကိုကိုရယ် ...။

ပိုက်ဆံချမ်းသာတဲ့သူနဲ့ ရရင် ကောင်းစားသွားမယ်တဲ့လား။

ချမ်းသာပြီး စိတ်ဆင်းရဲရရင်ရော ကောင်းစားတယ်လို့ ဆိုနိုင်ပါ့မလား။

ဆွေးငယ်ငယ်တုန်းကတော့ ပိုက်ဆံမရှိရင် အသက်ဆက်မရှင်နိုင်တော့ဘူးလို့ ထင်ခဲ့တာ။

တကယ်တမ်းကျတော့ ပိုက်ဆံဘယ်လောက်ရှိရှိ အချစ်မရှိခဲ့ရင်၊ ရှိခဲ့တဲ့ အချစ်ဟာလည်း တဖြည်းဖြည်း ပေါ့ပျက်ပျက် ဖြစ်လာခဲ့ရင်သာ အသက်ဆက်ရှင်ဖို့ ခက်ခဲတာပါ။ ရှင်သန်ခြင်းတိုင်းမှာ အဓိပ္ပာယ်တစ်မျိုးမျိုးတော့ ရှိနေသင့်တာပေါ့ ကိုကိုရယ်။

ဆွေးသည် ကိုကို့ရှေ့သို့ ဒူးထောက်ထိုင်ချလိုက်ပြီး ကိုကို့ပခုံးတွေကို ဆုပ်ကိုင်လိုက်ရင်း စိတ်ကို တည်ငြိမ်အောင် ထိန်းလျက် ...

"ကိုကို ... ဆွေးမငိုတော့ဘူး၊ ကိုကိုလည်း မငိုနဲ့တော့၊ ဆွေးမေးတာကို ကိုကိုအမှန်အတိုင်းဖြေမယ် မဟုတ်လား"

"ဖြေ ... ဖြေပါ့မယ်"

ရွှေသွေးက ငိုနေရင်းက ကလေးလိုမျိုး ခေါင်းကို အားပါပါ ညိတ်လိုက်သည်။

"မဖြေခင် အငိုတိတ်ပြီး မျက်ရည်တွေကို အရင်သုတ်"





ရွှေသွေးက သူ့မျက်နှာကို လက်ဖဝါးနှစ်ဖက်ဖြင့် ကမန်းကတန်း ပွတ်သုတ်လိုက်ရင်း ဆွေးရှေ့မှာ ကျောင်းသားကလေးလို ငြိမ်လျက် မျက်လုံးလေး ပေကလပ်ပေကလပ်ဖြင့် ဆွေးကို ကြည့်နေသည်။

"ကိုကို ... အခု ဘယ်လိုခံစားနေရလဲ၊ ဘယ်လိုကြံစည်စိတ်ကူးပြီး အိမ်ကထွက်ဖို့ ကြံတာလဲဆိုတာ ဆွေးကို ပြောပြပါ"

"ငါ ... ငါ ... အခု အရမ်းဝမ်းနည်းတယ်၊ နှင်းကို သနားတယ်၊ နှင်းကို မိုးမြင့်ကျော်နဲ့ ယူဖို့ တိုက်တွန်းခဲ့မိတဲ့ ငါ့ကိုယ်ငါ ဒေါသဖြစ်တယ်၊ နှင်းကို နှိမ်ပြီး မတရားခိုင်းတဲ့ ယောက္ခမမျက်နှာကို မကြည့်ချင်ဘူး၊ ငါ ရှိနေလို့ နှင့်ယောကျ်ားက ငြိုငြင်မှာကို ကြောက်တယ်၊ ပြောရရင်တော့ အများကြီးပဲဟ၊ ရွာကို အကြာကြီးပြန်ပြန်နေတတ်တဲ့ အဝတ်ကောင်းကောင်း မလျှော်ချင်တဲ့ လုရင့်ကိုတောင် ငါ သိပ်ကြည်တာမဟုတ်ဘူး ...၊

"အထူးသဖြင့်ကတော့ဟာ ဟိုတစ်နေ့က ဖြစ်တဲ့ သူခိုးစွဲတဲ့ကိစ္စနဲ့ပတ်သက်ပြီး ငါ့ကြောင့် နှင်တို့ လင်မယား အဆင်မပြေဖြစ်ကြတော့ ငါ ဒီအိမ်မှာ ဆက်နေသရွေ့ နှင့်အတွက် အနှောင့်အယှက် ဖြစ်နေမှာကြောက်လို့ ဒီအိမ်က ထွက်သွားဖို့ ဆုံးဖြတ်လိုက်တာပါ ...၊

"ငါနဲ့လိုက်ခဲ့ဖို့ နှင့်ကိုခေါ်ရင် နှင်တို့လင်မယား ကွဲအောင် လုပ်သလိုဖြစ်မှာစိုးလို့ ငါမခေါ်တာပါ၊ နှင်းကို



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုလပ်မဖြစ်စေချင်ဘူး၊ မဆင်းရဲစေချင်ဘူး ...၊

"ငါ့အတွက်က မပူရပါဘူး၊ ငါတို့အိမ်ကလေးမှာ ပြန်နေပြီး အလုပ်တစ်ခုခုလုပ်မှာပေါ့၊ သတိရရင် နင့်ဆီ လာတွေ့မှာပေါ့၊ အဲ့ဒါဆို မကောင်းဘူးလား"

မွေးသည် ရွှေသွေးစကားတွေကို ငြိမ်သက်စွာ နားထောင်နေလိုက်ပြီးမှ မျက်လုံးခဏမှိတ်ကာ သက်ပြင်းချလိုက်သည်။ ထို့နောက် ဆုံးဖြတ်ချက် ချလိုက်ဟန်ဖြင့် ...

"ကောင်းပြီ ကိုကို၊ မွေး ကြိုးစားကြည့်လိုက်ပါဦးမယ်၊ မွေးလည်း တစ်ခုလပ်မဖြစ်ချင်ပါဘူး၊ မွေး သူ့ကို ချစ်လို့ယူခဲ့တာပါ၊ မွေးချစ်တဲ့သူနဲ့ ပျော်ရွှင်တဲ့ အိမ်ထောင်တစ်ခုကို ထူထောင်နိုင်ဖို့ မွေး ကြိုးစားမှာပါ ...၊

"ကိုကိုရှိနေလို့ သူ့စိတ်တွေ ခက်ထန်လာခဲ့တယ်ဆိုလည်း ကိုကို မရှိတော့တဲ့နောက်မှာ သူ့စိတ်တွေ ဟိုတုန်းကလို ပြန်ဖြစ်လာဖို့ မွေး မျှော်လင့်ပါတယ် ...၊

"ဒီအတောအတွင်း မွေး ကိုကိုနဲ့ မတွေ့ဘဲနေမယ်၊ မွေးရဲ့ အိမ်ထောင်ရေးထဲမှာပဲ မွေး စိတ်ကို နှစ်မြှုပ်ရင်း အကောင်းဆုံးဖြစ်အောင်နေမယ်၊ မွေးရဲ့ ကိုယ်ပိုင်အစွမ်းအစနဲ့ ဘဝရပ်တည်မှုအတွက် ပညာတစ်ခုခု ဆည်းပူးမယ် ...၊

"မွေးဘက်က အဲဒီလိုတွေ ကြိုးစားပေမယ့် သူ့ဘက်က ပြောင်းလဲမလာဘူးဆိုရင်တော့ မွေးလည်း မတတ်နိုင်တော့ဘူး ကိုကို ...၊





"မွေးဘဝ ဘာပဲဖြစ်လာဖြစ်လာ ကိုကို့ကြောင့်ဆိုတာမျိုးတော့ ဘယ်တော့မှ မစဉ်းစားပါနဲ့၊ ကိုကို ဘယ်လောက်ပဲ မွေးကို သူနဲ့ပေးစားချင်လည်း မွေးမချစ်ရင် မွေး သူ့ကိုမယူပါဘူး၊ မွေး ချမ်းသာချင်ပေမယ့် သူ့ကို မချစ်ခဲ့ရင် မွေး မယူပါဘူး၊ ချမ်းသာဖို့အတွက် သက်သက်တော့ သူ့ကို မယူပါဘူး၊ ခုလည်း မွေးမှာ ပိုင်ဆိုင်ခံစားခွင့်တွေ၊ အခွင့်အရေးတွေ ဘာမှမရှိပါဘူး၊ ဒါပေမယ့် သူ့ဆီက မေတ္တာစစ်ကိုရရင် မွေး ကျေနပ်နိုင်ပါတယ် ကိုကို ..."

ရွှေသွေးက မွေးကို မယုံရဲသလိုကြည့်ရင်း ...

"ငါ တကယ်သွားလို့ ဖြစ်ရဲ့လား"

"ဖြစ်ပါတယ် ကိုကို"

"ငါသွားရင် နင် ငိုမကျန်ခဲ့ရဘူးနော်"

မွေးက တည်ငြိမ်စွာ ပြုံးလိုက်ရင်း ...

"စိတ်ချပါ ကိုကို၊ မွေး ငယ်ငယ်က ကိုကို မွေးကို ကျောင်းမှာထားခဲ့ရသလိုမျိုး သဘောထားပြီး ကိုကိုသွားပေါ့၊ အဲ့ဒီတုန်းကလည်း မွေးမငိုခဲ့ဘူးလေ၊ မွေး ကျောင်းပျော်အောင်နေမှာပေါ့၊ မပျော်ရင်တော့ ကိုကို့ဆီ ပြန်ပြေးလာခဲ့မယ်လေ"

"အဲ ... အဲ့ဒီတုန်းက နင်က မငိုပေမယ့် ငါပဲငိုရတယ်၊ အခုလည်း ငါပဲငိုရမှာ၊ ငါ ... ငါမငိုမိခင် သွားတော့မယ်ဟာ၊ နင် လိမ်လိမ်မာမာ နေခဲ့ ..."



www.burmeseclassic.com

www.burmeseclassic.com



ရွှေသွေးသည် ပြောရင်း မျက်ရည်ကျလာကာ ဖွေးကို ကျောခိုင်းလိုက်ချိန်မှာ ရှိုက်ကြီးတငင် ငိုချင်လာရပြန်တာရှိ ပါးစပ်ကို ပိတ်လျက် ဖွေးရှေ့မှ ခပ်သုတ်သုတ် ထွက်လာသည်။ ခြံတံခါးဝဆီသို့ လျှောက်နေသော သူ့ခြေလှမ်းတွေက လေးတွဲ တွဲဆိုင်းနေကာ ခဏ ခဏ ရပ်လျက် ညီမလေးကို လှည့်လှည့် ကြည့်မိသည်။

ညီမလေးကို ကျောင်းမှာထားခဲ့ရတဲ့ နေ့တုန်းက လိုပဲ ခုလည်း ထားခဲ့ရမှာကို ဝမ်းနည်းရင်နင့်ရကာ ခုချက်ချင်း နောက်ပြန်လှည့်၍ ညီမလေးကို ဖက်ကာငိုချင်သည်။

ဟိုတုန်းကတော့ သူ့ကို မျက်ရည်သုတ်ပေးတတ် တဲ့ လက်ကလေးက သေးသေးကွေးကွေးလေးမို့ သူ့မျက်နှာက မျက်ရည်တွေကို ပြောင်စင်အောင် အခါခါသုတ်ပေးရသည်။ ခုတော့ ညီမလေးလက်ဖြင့် တစ်ခါသုတ်လျှင်တောင် သူ့မျက် ရည်တွေ ကုန်ခမ်းသွားနိုင်ပြီ။

ရွှေသွေးသည် ပါးစပ်ကို လက်ဝါးဖြင့်အုပ်၍ ရှိုက် နေရင်းက ခြံနယ်နိမိတ်ကို ကျော်သည်နှင့် လက်ဖဝါးကိုဖယ်ကာ ရှိုက်ကာ ရှိုက်ကာ ငိုရင်း အမှောင်ထဲသို့ တရွေ့ရွေ့ တိုးဝင်လာ ခဲ့လေသည်။

■ ■ ■



အပိုင်း (၅)

www.burmeseclassic.com

www.burmeseclassic.com

♥ ♥ ♥

"မောင် ... မနက်ဖြန် မွေးတို့ မင်္ဂလာနှစ်ပတ်လည်နေ့နော်၊ မောင် စောစောပြန်လာခဲ့ပါလားဟင်၊ မွေးတို့ အပြင်မှာ ဒင်နာအတူသွားစားမယ်လေ၊ ပြီးရင် ဘုရားသွားကြရအောင်၊ ညဘက်ဆို ရွှေတိဂုံဘုရားမှာ လူရှင်းပြီး နေလို့ကောင်းတယ် မောင်ရဲ့"

"မနက်ဖြန် မောင်မအားဘူး မွေး၊ ဒင်နာကျွေးဖို့ ဧည့်သည်တွေကို ချိန်းထားပြီးသား ဖြစ်နေတယ်၊ အိမ်ထောင်သက် နှစ်နှစ်ပြည့်တာ ဘာမှအဆန်းတကြယ်မဟုတ်ပါဘူးကွာ၊ ဒီလိုပဲ တစ်နှစ်ပြီးတစ်နှစ် မသိလိုက်မသိဘာသာ အချိန်တွေ ကုန်နေတာပဲဟာ ..."

မွေးသည် မောင့်အပြောကြောင့် ပါးစပ်အဟောင်းသား ဖြစ်မတတ်ပင် ...။ အလေးအနက် မထားရုံမက ပေါ့ပျက်ပျက်လုပ်ပစ်သော မောင့်ကို အံ့သြစိတ်တိုမိသော်လည်း မွေးက စိတ်ကို ချက်ချင်းပြန်ထိန်းပြီး မောင်နဲ့ အတိုက်အခံမလုပ်



www.burmeseclassic.com

www.burmeseclassic.com



...တဲ့ နေလိုက်သည်။ ဆွေးတို့အိမ်ထောင်ရေး သာယာဖို့အစွမ်းကုန် ကြိုးစားနေရသော ကာလမို့ပင်။

"ဒါဆို ညကျရင်တော့ စောစောပြန်လာခဲ့နော် မောင်၊ အရက်တွေလည်း သောက်မလာနဲ့ဦး နော်၊ သောက်ချင်ရင် အိမ်ကျမှ ဝိုင်သောက်၊ ဆွေးလည်း မောင်နဲ့အတူတူ သောက်မယ်လေ"

"ညကျရင် မောင် အိမ်ပြန်အိပ်ဖြစ်မှာ မဟုတ်ဘူး ဆွေးရဲ့"

"ရှင် ...၊ ဘာဖြစ်လို့လဲ"

"မောင့် သူငယ်ချင်းတစ်ယောက် မနက်ဖြန် နိုင်ငံခြားထွက်မှာ၊ သူ ဟိုမှာအပြီးနေဖို့ ထွက်မှာလေ၊ အဲ့ဒါကြောင့် မောင်တို့ သူငယ်ချင်းတွေ ဒီည နိုက်ကလပ်သွားပြီး ကဲကြမယ်၊ ပြီးရင် ဟိုတယ်မှာပဲ စုပြီး အိပ်ကြမယ်၊ ဆွေး ဒီညတော့ မောင့်ကို အိပ်ပျက်ခံစောင့်နေဖို့ မလိုတော့ဘူး၊ စောစောအိပ် ... ဟုတ်ပြီလား"

မောင်က ပြောရိုးပြောစဉ်အတိုင်း သာသာလေး ပြောပြီး ရုံးသို့ထွက်သွားသည်။ ဆွေးက ထုံးစံအတိုင်း အံ့သြ နာကျင်စွာ ကျန်ရစ်ခဲ့ရသည်။

ကိုကို မရှိတော့ပေမယ့်၊ ဆွေးဘက်က အစွမ်းကုန် လိုက်လျောဖြည့်ဆည်းပေးပေမယ့် မောင်နှင့် ဆွေးက တဖြည်းဖြည်း ဝေးကွာလာသလို ခံစားရသည်။ မောင် ဆွေးကို ဥပေက္ခာပြုမှုတွေက များလာသည်။





ဆွေးသည် နာကျင်ခံစားရတာတွေ များလွန်းတာမို့ တဖြည်းဖြည်း ရင့်ကျက်လာခဲ့ရသည်။ ဒီအတောအတွင်းမှာ ဘယ်သူ့ကိုမှ အားမကိုးဘဲ တစ်ယောက်တည်း ရပ်တည်နိုင်ဖို့ ဆွေး ကြိုးစားနေခဲ့သည်။ မနက်ပိုင်းအလုပ်တွေကို ပြီးအောင် လုပ်ပြီး နေ့ခင်းပိုင်းတွေမှာတော့ ကွန်ပျူတာ၊ အင်္ဂလိပ်စာ၊ စာရင်းကိုင် စသည့် သင်တန်းမျိုးစုံကို သွားတက်သည်။ ပညာရပ်တွေကို လေ့လာဆည်းပူးသည်။ ဆွေးက ပင်ကိုဉာဏ်ကောင်းသူမို့ တတ်သိလွယ်ကာ ဆွေးရဲ့ မြုပ်နေသော အရည်အသွေးတွေ ပြန်ပေါ်လာသည်ဟု ထင်ရသည်။

"ဆွေး ..."

"ဪ ... မလှရင်"

မလှရင်က အနားလာပြီး ခေါ်လိုက်တာမို့ ဆွေးက မလှရင်ကို လှည့်ကြည့်မိသည်။

"နေ့လယ်ကျ သင်တန်းသွားဖို့ ရှိသေးလား ဆွေး"

"ရှိတယ် မလှရင် ..."

"စောစောတော့ ပြန်လာခဲ့နော် ဆွေး၊ မမကြီးက ညနေ စောစောပြန်လာမယ် ပြောတယ်၊ သူပြန်လာလို့ ဆွေးမရှိရင် စိတ်တိုမှာ ..."

"ကောင်းပါပြီ မလှရင်ရယ်၊ ဆွေး စောစောပြန်ခဲ့ပါမယ်"

ဆွေးက အိမ်မှာ လုပ်စရာရှိတာတွေ လုပ်ပြီးမှ အခန်းထဲသို့ ဝင်လာကာ ဗီရိုထဲ ထည့်သိမ်းထားသည့် ဆွေးရဲ့



www.burmeseclassic.com

www.burmeseclassic.com



လွယ်အိတ်ကို ထုတ်ယူ၍ စာအုပ်တွေ စစ်ထည့်နေဆဲ စာအုပ်ကြားမှ ဓာတ်ပုံလေး ထွက်ကျလာသည်။

လွန်ခဲ့သော ၁၅ နှစ်ကျော် ကာလက ဆွေးတို့မောင်နှမရဲ့ ဓာတ်ပုံကလေး ...။

ကိုကိုက စက်ဘီးပေါ်မှာ ထိုင်လျက် ခြေတစ်ဖက်က လမ်းပေါ်ထောက်၍ ရပ်နေသည်။ မိဆွေးဆိုတဲ့ ကောင်မလေးကတော့ ကိုကို့ရင်ခွင်နဲ့ အနီးဆုံးနေရာမှာထိုင်နေသည်။ စက်ဘီးရှေ့ခြင်းထဲမှာ သတင်းစာလိပ်တွေ ရှိနေပြီး ဆွေးလက်ထဲမှာ သတင်းစာလိပ်ကလေး တစ်လိပ်ကို ကိုင်ထားသည်။ ဓာတ်ပုံဆရာ တစ်ယောက်ရဲ့ အိမ်ကို သတင်းစာပို့ခဲ့စဉ်က ထိုဓာတ်ပုံဆရာက အမှတ်တရ ရိုက်ပေးခဲ့သော ပုံလေးပင် ...။ ဓာတ်ပုံလေးက ဟောင်းသော်လည်း ကောင်းနေဆဲ ...။

ဆွေးသည် ထိုဓာတ်ပုံလေးကို ကြည့်ရင်း တစ်ချိန်က ပုံရိပ်တွေကို မြင်ယောင်ကာ တမြည့်မြည့် ဆွေးလာရတာမို့ သက်ပြင်းတစ်ချက်ချလိုက်ရင်း ဓာတ်ပုံလေးကို စာအုပ်ကြားသို့ တရိုတသေ ပြန်ညှပ်ထားလိုက်လေသည်။

■ ■ ■



♥ ♥ ♥

"ဟင် ... သောက်ဖပါလား"

ကုန်တိုက်ကြီးတစ်ခုရဲ့ ရှေ့မှာ တက္ကဆီကို ကားပါကင်ထိုး၍ ပါစင်ဂျာ စောင့်နေသော ရွှေသွေးသည် ကိုယ့်ကားဘေးက ဖြတ်ကာ ပါကင်နေရာလွတ်သို့ ကွေ့ချိုးသွားသော မိုးမြင့်ကျော်ရဲ့ ကားကို လှမ်းမြင်လိုက်ရပါသည်။ မိုးမြင့်ကျော်ဘေးမှာ ထိုင်လိုက်လာတဲ့သူကို မိန်းကလေးဟုသာ ရိပ်ခနဲသိမြင်လိုက်ရသည်။ ဘယ်သူဘယ်ဝါဆိုတာ မသဲကွဲသော်လည်း ဆွေးပဲဖြစ်မှာပါဟု ထင်လိုက်သည်။

"တက္ကဆီ အားလား"

"မအားဘူးဗျ"

ရွှေသွေးက ကားလာငှားသည့်သူကို လက်ခါပြလိုက်ပြီး မိုးမြင့်ကျော်ရဲ့ ကားဆီသို့ လျှောက်သွားလိုက်ပါသည်။ သူတို့အိမ်ကို တကူးတက သွားတွေ့ဖို့ စိုးရွံ့လှပေမယ့် ခုလို တိုက်တိုက်ဆိုင်ဆိုင် တွေ့ရတော့လည်း အပြေးအလွှား နှုတ်ဆက်ချင်သည်။ မောင်မိုးက ကိုယ့်အပေါ် ကောင်းသည်ဖြစ်စေ



www.burmeseclassic.com

www.burmeseclassic.com



မကောင်းသည်ဖြစ်စေ ကိုယ့်ညီမရဲ့ ယောကျ်ားမို့ သံယောဇဉ်လေးတော့ ရှိမိသည်ပင် ...။

ရွှေသွေး လျှောက်လာနေဆဲမှာ မိုးမြင့်ကျော်တို့ ရှေ့ခန်းကားတံခါးက ဘယ်ညာနှစ်ဖက်လုံး ပြိုင်တူပွင့်သွားသည်။ ဘယ်ဘက်က ဆင်းလာသူဟာ မိုးမြင့်ကျော်၊ ညာဘက်က ဆင်းလာသူဟာ ...

"ဟင် ... ညီမလေးလည်း မဟုတ်ပါလား"

ရွှေသွေးက ရုတ်တရက် ခြေလှမ်းတုံ့သွားချိန်မှာပဲ ဘယ်ဘက်က ဆင်းလာသူနဲ့ ညာဘက်က ဆင်းလာသူတို့ လက်ချင်းတွဲချိပ်လိုက်ကြပါသည်။

"ဟ ... ဒါ ဘာသဘောလဲဟ ..."

ရွှေသွေးသည် မိုးမြင့်ကျော်ရဲ့ အပြုအမူကို နားမလည်နိုင်ဘဲ ရပ်တန့်ကျန်ခဲ့သည်။ ပြီးတော့ စိတ်တိုလာသည်။ ဒီကောင် ဘာသဘောနဲ့ ဈွေးမဟုတ်တဲ့ တခြားတစ်ယောက်နဲ့ တွဲလာရတာလဲ၊ ဒီကောင် ဖောက်ပြန်နေတာလား ...။

ရွှေသွေးက အတွေးဖြင့် ထူပူလာဆဲမှာ မိုးမြင့်ကျော်တို့ စုံတွဲက ကုန်တိုက်ထဲသို့ လျှောက်ဝင်သွားတာမို့ သူ နောက်ကနေ လိုက်လာခဲ့သည်။

ကုန်တိုက်ထဲမှာ သူတို့လျှောက်သွားဈေးဝယ်နေကြတာကို သူ လိုက်ချောင်းကြည့်နေမိသည်။

ကောင်မလေးရဲ့ ပုံစံဟာ ဆတ်ကော့လတ်ကော့ ဟော့ရှော့လေး ...။ ပုံစံက မှုန့်ချွဲပစ်လွှန်းသည်။ အဝတ်အစား





အသုံးအဆောင်တွေကို သူမလက်ညှိုးထိုးတိုင်း မိုးမြင့်ကျော်က ဝယ်ပေးသည်။ သူမလက်ထဲမှာရော မိုးမြင့်ကျော်ရဲ့ လက်ထဲမှာပါ အိတ်တွေ တသီကြီး ဆွဲကိုင်ထားသည်။

ရွှေသွေးသည် သူတို့ကို လိုက်ချောင်းရင်းကပင် ရင်ထဲမှာ မခံချိမခံသာ ဖြစ်လာသည်။ ညီမလေးနဲ့အတူ ခုလို ဈေးဝယ်နေတာကိုသာ တွေ့ရလျှင် သူ ဘယ်လောက်ကြည်နူးရမလဲ ...။ သူသိခဲ့တာကတော့ မိုးမြင့်ကျော်ဟာ ခုလို ဈေးဝယ်ထွက်ဖို့ မအားလပ်နိုင်အောင် အလုပ်များသူပင်။ သူ ဈွေးတို့အိမ်မှာ နေခဲ့သည့် ကာလပတ်လုံး ဈွေးနဲ့ မိုးမြင့်ကျော်တို့ အတူတွဲပြီး ဈေးဝယ်ထွက်တာကို မမြင်ဖူးခဲ့။ ဈွေးက ဈေးသွားဝယ်တိုင်း မလုရင်ကိုသာ အဖော်ပြုရသည်။

ရွှေသွေးသည် စိတ်ခံစားမှုတွေကို မျိုသိပ်မထားနိုင်တော့ဘဲ ပုန်းကွယ်နေရာမှ ထွက်ကာ မိုးမြင့်ကျော်ကို လှမ်းခေါ်လိုက်သည်။

"ဟေ့ကောင် ... ယောက်ဖ ..."

သူ့ခေါ်သံကြောင့် မိုးမြင့်ကျော်က ဆတ်ခနဲဖြစ်သွားသည်။

"ယောက်ဖ ... ခဏ ... ခဏ၊ မင်းကို ငါ မေးစရာရှိလို့"

ရွှေသွေးက မိုးမြင့်ကျော်ရဲ့ လက်ကို လှမ်းဆွဲပြီး စက်လှေကားထိပ်သို့ ဆွဲခေါ်လာသည်။

"ဟေ့လူ ... လွှတ်စမ်းဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"လွှတ်နိုင်သေးဘူး၊ မင်းကို ငါ မေးစရာရှိလို့ ခေါ်လာတာ"

မိုးမြင့်ကျော်က သူ့လက်ကို ဆောင့်ဆွဲဖြုတ်လိုက်သော်လည်း ရွှေသွေးက လွှတ်မပေးဘဲ ပြန်ဆောင့်ဆွဲကာ အဆင်းဘက် စက်လှေကားပေါ် ဆွဲခေါ်လာသည်။ စက်လှေကားက အောက်သို့ရွေ့နေသော်လည်း ပိုမြန်အောင် လှေကားထစ်တွေကို ကျော်ခွနင်းဆင်းလာရာ မိုးမြင့်ကျော်က ကိုးရိုးကားယား ပါလာသည်။ ဟိုမိန်းကလေးကတော့ လှေကားထိပ်မှာ ရပ်ကျန်နေခဲ့သည်။

လှေကားအောက်ရောက်တော့ မိုးမြင့်ကျော်က သူ့လက်ကို ဆောင့်ဆွဲဖြုတ်လိုက်ရင်း ...

"ခင်ဗျား ဘာပြဿနာ လာရှာတာလဲ"

"မင်း ငါမေးတာကိုပဲအမှန်အတိုင်းဖြေ၊ အဲဒီတစ်ယောက်က မင်းနဲ့ ဘယ်လိုပတ်သက်သလဲ"

"ခင်ဗျားနဲ့ မဆိုင်ပါဘူး"

"ဆိုင်တယ်၊ မင်းက ငါ့ယောက်ဖ၊ ငါ့ညီမကို ယူထားတာ၊ အဲ့ဒီတော့ ငါ့ညီမအပြင် တခြား မိန်းမနဲ့ မင်းတွဲနေရင် ငါက ပြဿနာရှာရမှာပဲ"

"ဆွေးနဲ့ ဘာမှမဆိုင်ဘဲ ငါ့ညီမ ငါ့ညီမလို့ လာမပြောစမ်းပါနဲ့ဗျာ၊ နားကလောတယ်၊ ကျုပ် ခင်ဗျား ယောက်ဖလည်း မဟုတ်ဘူး"

"မင်းက မဟုတ်ဘူးပြောလည်း ငါက ဟုတ်တယ်လို့ဝ





မှတ်တယ်၊ မင်း ဒီလိုတော့ မလုပ်သင့်ဘူး မောင်မိုး၊ မင်းမှာ ဆွေးရှိတယ်၊ ဆွေးက မင်းမိန်းမလေ၊ မင်း ဒီလို ဈေးဝယ်ထွက်ချင်ရင် မင်းမိန်းမနဲ့ ထွက်လေကွာ၊ ဘာဖြစ်လို့ သူများသားသမီးအတွက် ပိုက်ဆံအပိုကုန်ခံပြီး ဝယ်ပေးနေမှာလဲ၊ မင်းမိန်းမလည်း လှသားပဲကွာ၊ တခြားမိန်းမနဲ့ တွဲစရာလိုသေးလို့လား"

"ကျွတ် ... ခင်ဗျားဗျာ"

မိုးမြင့်ကျော်က စိတ်ပျက်သလို ညည်းတွားလိုက်ပြီးမှ ရွှေသွေးကို မခိုးမခန့်အကြည့်မျိုးဖြင့် စိုက်ကြည့်လိုက်ရင်း

"ဒီမှာ ခင်ဗျားကို ကျုပ် ဖြောင်းပဲပြောလိုက်မယ်၊ ဆွေးက လှပေမယ့် မလန်းဘူး၊ အဲ့ဒါကြောင့် ကျုပ်က အလန်းလေးနဲ့ တွဲတယ်၊ သဘောပေါက်တယ်၊ အဲဒါ ဘာဖြစ်လဲ ..."

"ဒါဖြစ်တယ်ကွာ"

"ခွပ် ..."

"အ ..."

ရွှေသွေးက မိုးမြင့်ကျော်ကို တစ်ချက်ထိုးပစ်လိုက်ပြီး မိုးမြင့်ကျော်ကို လက်ညှိုးဖြင့် ထိုးကာ ...

"မင်း ... မင်း တော်တော်ယုတ်မာတဲ့ ကောင်၊ မင်းအကြောင်း ဟိုကောင်မလေးကို ငါသွားပြောပစ်မယ်"

"ခင်ဗျား ပြောလည်း ဘာမှမထူးဘူး"

ရွှေသွေးက အတက်စက်လှေကားဘက်သို့ ခပ်မြန်မြန် လျှောက်သွားသည်။ ထိုနောက် တက်နေသည့် လှေကား



www.burmeseclassic.com

www.burmeseclassic.com



ငှ်စ်ဆွဲကိုတောင် မစောင့်နိုင်ဘဲ ကျော်လွှားတက်လာသဖြင့်
လှကားထိပ်သို့ ခပ်မြန်မြန်ရောက်လာသည်။ မိုးမြင့်ကျော်က
ဘော့ ကိုယ့်အင်္ကျီကို သပ်သပ်ရပ်ရပ်ဖြစ်အောင် ပြုပြင်ရင်း
က်လှေကားပေါ်မှာ ခပ်အေးအေးရပ်လျက် လိုက်ပါလာသည်။

ရွှေသွေးသည် စက်လှေကားထိပ်မှာ ရပ်၍ငုံ့ကြည့်နေသော မိန်းကလေးဆီ ခြေလှမ်းကျဲဖြင့် လျှောက်သွားလိုက်ပြီး ...

"ဒီမှာ မိန်းကလေး၊ မင်းကို နှမချင်းစာနာလို့ ငါပြောပြလိုက်မယ်၊ မင်းနဲ့တွဲလာတဲ့ မိုးမြင့်ကျော်က ငါ့ယောက်ဖ။ နေဦး ... ရှင်းအောင်ပြောမယ်၊ ယောက်ဖဆိုတာက သူ့နှမကို ငါယူလို့ တော်တဲ့ ယောက်ဖမဟုတ်ဘူး၊ ငါ့နှမကို သူယူလို့ သူက ငါ့ယောက်ဖ ဖြစ်သွားတာ၊ သူ့မှာ မိန်းမရှိတယ်"

"သိတယ်လေ ..."

"ဘာ ..."

မိန်းကလေးက ခပ်အေးအေး ပြန်ပြောတာမို့ ရွှေသွေးမှာ ကြောင်တောင်တောင် ဖြစ်သွားရပါသည်။

"သိတယ် ဟုတ်လား၊ အံ့ဩစရာကြီးပျာ၊ သိရက်နဲ့ ဘာလို့တွဲနေရတာလဲ"

"ကိုယ့်နှားလည်မှုနဲ့ကိုယ် တွဲတာလေ၊ ရှင်နဲ့မဆိုင်ပါဘူး"

"ဟာ ... ဘယ်လိုကြီးလဲ၊ ကြောက်စရာကြီးပါလား"

"ဟင်း ... ဟင်း"





နောက်နားဆီမှ ရယ်သံကြောင့် သူလှည့်ကြည့်တော့ မထိတရီ ပြုံးနေသော မိုးမြင့်ကျော်ကို တွေ့ရသည်။

"ချစ် ... လာ ... သွားကြရအောင်"

မိုးမြင့်ကျော်က ရွှေသွေးရှေ့မှာပင် မိန်းကလေးဆီ လက်ကမ်းလိုက်သည်။

မိန်းကလေးက ကမ်းသည့်လက်ကို လှမ်းတွဲလိုက်ပြီး သူ့ရှေ့မှ ဟန်မပျက် ထွက်ခွာသွားလေသည်။

လောကမှာ အမှားလုပ်တဲ့သူတွေရဲ့ ခေါင်းတွေဟာ အမြဲ ငုံ့လျှိုးနေတတ်သည်ဟု သူကြားဖူးသည်။

ခုတော့ သူတို့တတွေရဲ့ ခေါင်းတွေဟာ မော့လို့ပါပဲလား။

လောကကြီးရေ ဘာတွေဖြစ်ကုန်ပြီလဲ။ ဘယ်လိုခေတ်ကြီးလဲဗျာ။



www.burmeseclassic.com

www.burmeseclassic.com

ထိုနေ့မှ စကာ ရွှေသွေးသည် မိုးမြင့်ကျော်ကို နောက်ယောင်ခံ၍ လိုက်တတ်လာလေသည်။

မောင်မိုးက သူ့ကိုမြင်သော်လည်း နောက်မတွန့် ဂရုမစိုက်ချေ။

ရွှေသွေးသည် မောင်မိုးကို ဘယ်လိုမှ ဆုံးမတား မြစ်လို့ မရတော့ပြီမို့ တောင်းပန်အသနားခံဖို့သာ ဆုံးဖြတ်လိုက် မိလေသည်။

သူ မောင်မိုး နောက်သို့ တကောက်ကောက် လျှောက်လိုက်၏။ မောင်မိုးတို့ တွဲသွားတာတွေ့လျှင် နောက်က ထပ်ချပ်လိုက်ကာ ...

"ဟေ့ကောင် ယောက်ဖ ... ငါ တောင်းပန်ပါတယ်ကွာ၊ မင်း ဒီလိုတော့ မလုပ်ပါနဲ့ကွာ၊ ငါ့ညီမလေး သနားပါ တယ်ကွ၊ မင်းနှမချင်း စာနာစမ်းပါ၊ ဒါ အိမ်ထောင်ရေး ဖောက်ပြန်မှုကွ၊ မင်း မရှက်ဘူးလား"

ဟု တတွတ်တွတ် ပြောကာ လိုက်လာသည်။





မောင်မိုးက ဂရုမစိုက်ဘဲ စက်လှေကားပေါ် တက်သွားလျှင် ရွှေသွေးက နောက်ကလိုက်သွားပြီး လှမ်းဆွဲထားတာမို့ ရွေ့နေ သော စက်လှေကားပေါ်မှာ မိုးမြင့်ကျော်က ရှေ့ဆက်တက်၊ ရွှေသွေးက နောက်ပြန်ဆွဲချ၊ ကသောင်းကနင်းတွေဖြစ်ကုန်သည်။ မောင်မိုးက သူ့ကို အရှက်ခွဲရကောင်းလားဟု ဒေါသဖြစ်ကာ ရွှေသွေးကို လက်သီးဖြင့် ထိုးလျှင်လည်း ရွှေသွေးက ငြိမ်ခံ၍သာ နေသည်။ လုံးဝ ပြန်မထိုးတော့ချေ။

အရေးကြီးသည်မှာ ဒီလိုကိစ္စတစ်ခုဟာ ညီမလေး ဘာမှမသိလိုက်ရဘဲ မသိလိုက် မသိဘာသာ ပြီးဆုံးသွားဖို့ ဖြစ်သည်။ ညီမလေးကို မသိရစေဘဲ ဒီကိစ္စကို သူ့မှာ ရှိ သလောက် စဉ်းစားဉာဏ်ကလေးဖြင့် ဖြေရှင်းပေးချင်သည်။ သူ ဒီလိုလုပ်ခြင်းအားဖြင့် သူ့ကို မောင်မိုး အားနာလာလိမ့်မည် ဟု မျှော်လင့်သည်။ ဟိုမိန်းကလေးလည်း ရှက်လာလိမ့်မည်ဟု မျှော်လင့်သည်။

သို့သော် တကယ်တမ်း ရှက်လာရသူက ရွှေသွေး သာဖြစ်သည်။ ယိုသူမရှက် မြင်သူရှက်ဆိုတာ ဒါမျိုးလားတော့ မသိချေ။

ရွှေသွေးသည် မောင်မိုးလုပ်ရပ်တွေကို လိုက်လံ တားဆီးရင်း ဖွေးမျက်နှာလေးကို မြင်ယောင်ကာ ရင်နင့်ရသည်။ ရင်ထဲမှာ မခံမရပ်နိုင်အောင် နာကျင်လာတိုင်း အသံအကျယ် ကြီး အော်ဟစ်ကာ လယ်ကွင်းပြင်တွေထဲသို့ လျှောက်ပြေးချင် လာသည်။


www.burmeseclassic.com

www.burmeseclassic.com



မောင်မိုးတိုးတာ ခံရသဖြင့် သူ့မျက်နှာသည် နာ ကျင်နေ၏။ မောင်မိုးက သူ့မျက်နှာကိုသာမက သူ့ဘယ်ဘက် ရင်အုံကိုပါ ထွင်းဖောက်၍ ထိုးလိုက်သလိုမျိုး ရင်ထဲမှာ နာ အောင့်လှပေသည်။



တစ်နေ့ ...

သူ့ကို ကြမ္မာငင်စေခဲ့သော အဲဒီတစ်နေ့မှာ သူက မောင်မိုးတို့ကားနောက်မှ လိုက်လာခဲ့မိသည်။

မိုတွေရွာနေတာမို့ ပတ်ဝန်းကျင်က မှုန်ဝါးနေ သည်။ သူ့ကားကို မောင်မိုး မြင်မည်မထင် ...။

မောင်မိုး ကားက တိုက်ခန်းတွဲရှည်ကြီး တစ်ခုရဲ့ ရှေ့မှာ ရပ်လိုက်သည်။ သူက ကားကို လမ်းထောင့်မှာရပ်ပစ် ခဲ့ပြီး တိုက်ခန်းတစ်ခုရဲ့ လှေကားထောင့်ချိုးအကွယ်လေးမှာ ရပ်၍ မောင်မိုးကားကို လှမ်းကြည့်သည်။

မောင်မိုးက သူ့ကောင်မလေးနှင့်အတူ ကားပေါ်မှ ဆင်းလာပြီး တိုက်ခန်းလှေကားတစ်ခုဆီ လျှောက်သွားသည်။

ဒါ ကောင်မလေး အိမ်လား၊ အိမ်ပြန်လိုက်ပို့ပေး တာများလားဟု တွေးကာ သူက လှေကားဟာစ်ဆစ်ချိုးစီ အကာ အကွယ်ယူရင်း တက်လိုက်လာမိသည်။ အဲဒီအိမ်မှာ ကောင်



www.burmeseclassic.com

www.burmeseclassic.com



လေးရဲ့ အိမ်သားတွေ ရိုက်ချင် ဆုံးမပေးဖို့ သူက မေတ္တာရပ်ခံ ွင့်တာပင်။

မောင်မိုးတို့အတွဲက ခြောက်လွှာတိုက်ခန်းရှေ့မှာ ရပ်သွားပြီး တံခါးဖွင့်၍ဝင်သွားသည်။

ရွှေသွေးသည် ထိုအခန်းရှေ့မှာ သွားရပ်ကာ ဘာ လုပ်ရမှန်းမသိ ဖြစ်နေဆဲ ဘေးခန်းတံခါးပွင့်သွားတာ အဒေါ် ကြီး တစ်ယောက် ထွက်လာတာကို လှမ်းမြင်လိုက်ရသည်။ အဒေါ်ကြီးက သူ့ကိုလှမ်းကြည့်တာမို့ သူက ပြုံးပြလိုက်မိရင်း

"အဒေါ်က ဒီမှာနေတာလား ခင်ဗျ"

"ဟုတ်တယ်ကွယ့်"

"ဒါဆို ဒီအခန်းက လူတွေကို သိလားခင်ဗျ"

"ဒီအခန်းက လူမနေဘူးကွယ့်၊ တစ်ခါတလေကျမှ စုံတွဲ တစ်တွဲ ရောက်ရောက်လာတတ်တယ်၊ လာလည်း ခဏ တစ်ဖြုတ်ပါပဲ၊ ညတော့ မအိပ်ကြပါဘူး"

အဒေါ်ကြီး စကားက သူ့အသက်ကို ခဏနှုတ်ယူ ိုက်သလိုပင်။ ခဏလေး သေပြီးမှ ပြန်ရှင်သန်လာသလို စားချက်မျိုးဖြင့် အခန်းတံခါးကို သူ သွေးရူးသွေးတမ်း ခေါက် ိုက်သည်။

တံခါးပွင့်သွားသည်။

တံခါးလာဖွင့်သူဟာ မိုးမြင့်ကျော် ...။

"ဟင် ... ခင်ဗျား ..."

မိုးမြင့်ကျော် အံ့သြကြောင်ငေးနေဆဲမှာ ရွှေသွေး





က မိုးမြင့်ကျော်ရဲ့ ရင်ဘတ်ကို ဆောင့်တွန်းကာ အခန်းထဲသို့ လှမ်းဝင်လိုက်ပြီး တံခါးကို ပြန်ပိတ်လိုက်သည်။

အဝတ်အစား ကပိုကရိုဖြစ်နေသော ကောင်မလေး က လန့်ဖျပ်၍ နောက်ဆုတ်သွားသည်။ ရွှေသွေးက သူမကို လှမ်းကြည့်လိုက်ရင်း 'မင်းထွက်သွား' ဟု အော်လိုက်တာမို့ ကောင်မလေးက စလင်းဘတ်အိတ်ကို ပြေးယူကာ အဝတ်အစား တွေကို သေသပ်အောင်ဆွဲဆန့်ပြုပြင်ရင်း အပြင်ထွက်သွားသည်။

ရွှေသွေးသည် မိုးမြင့်ကျော်ရဲ့ အကျႌစကို ဆောင့် ဆွဲလိုက်မိရင်း လက်သီးဖြင့် စိတ်ရှိလက်ရှိ ထိုးသည်။ မျက်စိ စုံမှိတ်လျက် ထိရာမိရာ ထိုးနေတာမို့ မထိတစ်ချက် ထိတစ်ချက် ရှန်းရင်းဆန်ခတ် ဖြစ်နေသည်။ မိုးမြင့်ကျော်က ခေါင်းကို လှုပ်ရှားငုံ့စောင်း၍ ရှောင်ရှားနေရာက ရွှေသွေးကို အားကုန် ဆောင့်တွန်းကာ ရုန်းထွက်လိုက်သည်။

ရွှေသွေးသည် အခန်းထောင့်သို့ လဲပြိုကျသွားသော် လည်း ချက်ချင်း ကြိုးစားထသည်။ သို့သော် မိုးမြင့်ကျော်က အပေါ်စီးမှ လက်သီးဖြင့် ဆက်တိုက်ထိုးချလိုက်ရင်း ...

"ခင်ဗျား ... လာမရှုပ်နဲ့၊ ခင်ဗျားနဲ့မဆိုင်ဘဲ လာမရှုပ်နဲ့"

"မင်းရှုပ်လို့ ငါရှုပ်ရတာ၊ မင်း ဒီအဆင့်အထိတောင် ရှုပ်ရသလား၊ မင်းမှာ မိန်းမ မရှိလို့လား"

"ရှိတော့ရော ဘာဖြစ်သေးလဲ၊ ဒီခေတ်ကြီးမှာ ဒါမျိုး ဆန်းသလား"

"မင်းက နွား ..."



www.burmeseclassic.com

www.burmeseclassic.com



"အိုကော … ဟုတ်တယ်၊ ကျုပ်က နွား၊ အဲ့ဒါကြောင့်မို့ တစ်နေကုန် စားကျက်သစ်တွေ ရှာရှာစားပြီး အချိန်တန်တော့ ချည်တိုင်ကို ပြန်ပြန်နေတာ …၊

"ဘယ်နွားမှ ချည်တိုင်မှာချည်း မပျော်ဘူးဆိုတာ ခင်ဗျားမှတ်ထား၊ ခင်ဗျားဘာသာ ကျုပ်ကို လိုက်ပဲချောင်းချောင်း၊ ဝင်ပဲတားတား ကျုပ်ဂရုမစိုက်ဘူး၊ ကျုပ်ပျော်သလိုနေမှာပဲ၊ လူ့ဘဝဆိုတာပျော်ပျော်နေတတ်မှ အသက်ရှည်တာဗျ၊ ဆင်ခြင်ထိန်းချုပ်တာတွေ သစ္စာတွေ လာမပြောနဲ့ ပျင်းစရာကောင်းတယ်၊ အဲဒီလိုနေရင် အသက်တိုမယ်၊ လူဆိုတာ ဘယ်သူမှ ဟင်းတစ်ခွက်တည်းနဲ့ နေ့တိုင်းမမြိန်ဘူး၊ မြိန်တယ်ဆိုတဲ့လူတွေက အလကား ညာပြောတာ၊ ဟန်ဆောင်နေကြတာ၊ ဘယ်သူမဆို ခံတွင်းချဉ်ရင်တော့ အပြင်မှာ ချဉ်ငန်စပ် အသုပ်လေးဖြစ်ဖြစ် စားချင်မှာပဲ …"

"အေး … စားဦး … စားဦး၊ အဲ့ဒါ အသုပ်စားချင်ဦး"

ရွှေသွေးသည် ဝုန်းခနဲ ထရပ်ကာ မိုးမြင့်ကျော်ကို ဆောင့်တွန်းပစ်လိုက်ပြီး သူ့ခေါင်းက ဆံပင်ကို ပြေးဆွဲကာ နံရံဖြင့် ဆောင့်ဆောင့်ပစ်လိုက်လေသည်။

ပထမတော့ မိုးမြင့်ကျော်က ရုန်းကန်နေသေး၏။ နောက်တော့ တဖြည်းဖြည်း ငြိမ်ကျသွားလေသည်။ ရွှေသွေးသည် မိုးမြင့်ကျော် ဘာဖြစ်သွားသည်ဆိုတာ မသိသေးဘဲ …

"အေး … အဲ့ဒီလို အလျော့ပေးမှပေါ့ကွ၊ မင်း ငါ့ကို





အလျော့ပေးရင် ငါလည်း အလျော့ပေးပြီး အေးအေးဆေးဆေး ပြောမှာပေါ့၊ ကဲ … လာ … ထ၊ မင်းနဲ့ငါ မျက်နှာချင်းဆိုင် ဆွေးနွေးမယ်"

ဟုပြောရင်း မိုးမြင့်ကျော်ကို ဆွဲထူကာ နံရံမှာ မှီလျက် ထိုင်ခိုင်းထားလိုက်ရင်း …

"ကြည့်စမ်း … မျက်နှာမှာလည်း ဒဏ်ရာဒဏ်ချက်တွေ ဖြစ်ကုန်ပြီ၊ ငါဖြစ်တာက အရေးမကြီးဘူး၊ အိမ်မှာ စောင့်မေးမယ့်သူ မရှိဘူး၊ မင်းက ဒီမျက်နှာနဲ့ အိမ်ပြန်သွားရင် ငါ့ညီမလေးက စစ်ဆေးမေးမြန်းတော့မှာ၊ သူခမျာ မင်းမျက်နှာကိုကြည့်ပြီး စိတ်မကောင်းဖြစ်နေဦးမယ်၊ ခဏနေဦး၊ ငါ မင်းမျက်နှာကို ရေခဲကပ်ပေးမယ်"

ရွှေသွေးက နောက်ဘက်သို့ ပြေးဝင်သွားကာ တွေ့ရာ အဝတ်ဟောင်းတစ်ခုကို ယူ၊ ရေခဲသေတ္တာထဲက ရေခဲတုံး တချို့ကို ထုတ်ယူ၍ အဝတ်ထဲထည့်ထုပ်လိုက်ပြီး မိုးမြင့်ကျော်ရဲ့ မျက်နှာကို ရေခဲနှင့် ကပ်ပေးနေလိုက်သည်။

ကပ်ပေးနေရင်းက လုံးဝ မလှုပ်ဘဲ မျက်လုံးမှိတ်၍ ငြိမ်နေသော မိုးမြင့်ကျော်ကို ကြည့်ရင်း ထူးဆန်းသလို ခံစားလာရကာ …

"ဟော့ကောင် ငြိမ်လှချည်လား၊ မင်း သိပ်နာနေလား"

ဟု မျက်နှာကို လှုပ်၍မေးလိုက်ရာ ခေါင်းက စောင်းကျသွားသည်။

"ဟာ … ဟော့ … မင်း သတိလစ်နေတာလား"



www.burmeseclassic.com

www.burmeseclassic.com



ရွှေသွေးက မိုးမြင့်ကျော်ရဲ့ ပခုံးကို ကိုင်လှုပ်၍ မေးစေ့မှာ ခန္ဓာကိုယ်ကပါ ယိုင်ကျသွားသည်။ ရွှေသွေးသည် လန့်ဖျပ်လျက် ထရပ်ကာ နောက်သို့ ဆုတ်လိုက်ရင်း ...

"သေ ... သေသွားပြီလား"

ဟု တုန်ရီစွာ ရေရွတ်လိုက်မိသည်။ မလှုပ်မယှက် ဇက်ကျိုးနေသော မောင်မိုးကို စိုက်ကြည့်ရင်း ချောက်ချားလာ. ကာ နောက်သို့ တရွေ့ရွေ့ဆုပ်နေရာက ရပ်တန့်လိုက်သည်။ ပြီးတော့ မောင်မိုးဆီ လျှောက်သွားကာ ရင်ဘတ်ကို နားဖြင့် ကပ်နားထောင်သည်။ နှာခေါင်းဝကို လက်ဖြင့် ကပ်ကြည့်သည်။

"ဘုရား ... ဘုရား ... အသက်မရှူတော့ပါလား၊ သေပြီ ထင်တယ်၊ ဟော့ကောင် ယောက်ဖ ငါ ... ငါ မင်းကို မသတ်ဘူးနော်၊ ငါမသတ်ဘူး"

ရွှေသွေးက ခေါင်းခါယမ်းကာ သွေးရူးသွေးတမ်း ရေရွတ်နေသည်။ ခဏနေမှ အခန်းထောင့် တယ်လီဖုန်းစင်လေးဆီက တယ်လီဖုန်းလမ်းညွှန်စာအုပ်ကို ပြေးလှန်ကာ ဆေးရုံကို ဖုန်းဆက်ခေါ်လိုက်လေသည်။

"ဒီ ... ဒီမှာ ( ... ... )အိမ်ရာ အခန်းနံပါတ်( ... )ကပါ၊ အိမ်မှာ လူမရှိတုန်း မတော်တဆဖြစ်လို့ ခေါင်းထိသွားပါတယ်၊ ဆေးရုံကား အမြန်လွှတ်ပေးပါ"

ဟု ပြောပြီး ဖုန်းကိုလွှတ်ချကာ အခန်းတွင်းမှ ထွက်လာခဲ့လေသည်။



## အပိုင်း (၆)

www.burmeseclassic.com

www.burmeseclassic.com

မောင်ဆုံးတာ တစ်ပတ်ပြည့်တဲ့ နေ့က ကိုကို ရောက်လာခဲ့တယ် ...။ ထုံပေပေနဲ့ ညှိုးလျော်ငြိမ်သက်နေတဲ့ ဇွေးကို ကိုကိုက ဖေးမနှစ်သိမ့်ပေးတယ်။

ကိုကို့မျက်လုံးတွေက အရင်ထက် ပိုပြီး နူးညံ့နေသလိုပဲ ...။ ရှပ်လက်ရှည်ဖြူဖြူလေးနဲ့ ပုဆိုး ညိုဖျော့ဖျော့လေး ဝတ်ထားတဲ့ ကိုကို့ပုံစံက ရှင်းသန့်နေတယ် ...။

ဇွေး သေသေချာချာပြောမပြတတ်ပေမယ့် ကိုကို့ကို ကြည့်ရတာ တစ်ခုခု ထူးဆန်းနေသလိုပဲလို့ ထင်မိတယ်။

"တမင်ကြံစည် အသတ်ခံရတာလား၊ မတော်တဆဖြစ်တာလားတော့ သေချာမသိရသေးဘူး ကိုကို၊ ရဲက စုံစမ်းနေတုန်းပဲ"

လို့ ဇွေးကပြောပြတော့ ကိုကိုက ဘာမှထပ်မမေးဘဲ ခေါင်းညိတ်ပြတယ်။

ပြီးတော့ ဇွေးယောက္ခမဆီမှာ ခွင့်တောင်းတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ညီမလေးလည်း စိတ်ပြေလက်ပျောက် စိတ်သက်သာရာ ရအောင် ကျွန်တော့်အိမ်မှာ ပြန်ခေါ်ထားပါရစေ"

"ခေါ်ထားပါ၊ မွေးကို မင်းပဲ ပြန်အုပ်ထိန်းရမှာ၊ ပြီးတော့ အန်တီတို့ဘက်ကလည်း သူ့ပိုင်ဆိုင်မှုတွေ ဘာတွေ ခွဲဝေပေးဖို့ မဖြစ်နိုင်ဘူး၊ ပိုင်ဆိုင်မှုတွေအားလုံးက အန်တီ နာမည်နဲ့ချည်းပဲလေ"

"ရပါတယ် အန်တီ၊ မွေးလည်း ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်နိုင်ပါပြီ"

မွေးက ခပ်အေးအေးပြန်ပြောပြီး ဘာပိုင်ဆိုင်မှုမှ မယူဘဲ ကိုကို့လက်ကိုတွဲပြီး အိမ်ပေါ်က ဆင်းလာခဲ့တယ်။

မွေးတို့အိမ်ကလေးကို ရောက်တော့ မွေး စိတ်ထဲမှာ လွတ်လပ်ပေါ့ပါးလာတယ်။ တစ်ချိန်တုန်းက ပျော်ပျော်ရွှင်ရွှင် နေခဲ့ဖူးတဲ့ ပုံရိပ်တွေကို အိမ်ရဲ့ အနှံ့အပြားမှာ ပြန်မြင်ယောင်လာပြီး စိတ်ထဲမှာ နွေးထွေးလုံခြုံသွားတယ်။

အရင်ထက်ပိုပြီး နည်းနည်းလေး အိုမင်းသွားတဲ့ ဒေါ်ကြီးစိုးကလည်း မွေးကို ဝမ်းသာအားရကြိုရှာတယ်။

"မွေးရေ ... ညည်းအစ်ကိုကတော့ ညည်းကို ပြန်ခေါ်မယ်လို့ ဆုံးဖြတ်ပြီးကတည်းက အိမ်လေးကို သေသေချာချာ ဆေးပြန်သုတ်ပြီး စပယ်ရှယ် သန့်ရှင်းရေးလုပ်နေတာ၊ သူ့ခမျာလည်း ညည်းပြန်လာမှပဲ အရယ်အပြုံး ရှိလာရတာလေ၊ သူတစ်ယောက်တည်း ပြန်လာနေတုန်း





ကဆို ဒေါ်ကြီးစိုးကိုတောင် စကားသိပ်မပြောဘဲ သုန်မှုန်နေတာကွယ်"

"ဒေါ်ကြီးစိုးနဲ့ စကားပြောမိရင် ဒေါ်ကြီးစိုးက လေကြောရှည်လွန်းလို့ ကျွန်တော် နားညည်းလွန်းလို့ပါဗျာ"

"အဲမယ် ... မင်းက ခုတော့ ဒီစကားပြောပြီပေါ့လေ၊ အရင်တုန်းကတော့ ဒေါ်ကြီးစိုးအသံမှ မကြားရရင် ပျင်းစရာ ကောင်းလွန်းလို့ဆို ..."

အိမ်လေးနဲ့ အိမ်လေးရဲ့ပတ်ဝန်းကျင်က အရင်အတိုင်းပဲ နွေးထွေးလာတယ်။ မေတ္တာရဲ့ အငွေ့အသက်တွေ ရလာတယ်။

ကလေးလေးတစ်ယောက် တောက်တက်တောက်တက်နဲ့ ပြေးလာတာမြင်တော့ ဒေါ်ကြီးစိုးက ကလေးကို ဆီးပွေ့ မြှောက်ချီလိုက်တယ်။

"ဟယ် ... ကလေးလေးက ချစ်စရာကောင်းလိုက်တာ၊ ဘယ်သူ့ကလေးလေးလဲဟင် ဒေါ်ကြီးစိုး ..."

"ရွှေစင့် ကလေးလေ"

"ဟင် ... မမရွှေစင်တောင် အိမ်ထောင်ကျပြီလား"

"အေးပေါ့ ... ညည်းအစ်ကိုက မယူတော့လည်း သူ့ခမျာ တခြားသူပဲ ယူရတာပေါ့"

ဒေါ်ကြီးစိုးက ကိုကို့ကို မျက်စောင်းလှမ်းထိုးရင်း ခနဲ့တဲ့တဲ့ပြောတော့ မွေးက ရယ်မိတယ်။ မွေး ရယ်နေတုန်းမှာပဲ



www.burmeseclassic.com

www.burmeseclassic.com



ခုနှစ်နှစ်လောက်ရှိမယ်ထင်ရတဲ့ ကလေးတစ်ယောက် ရောက်လာပြန်တယ်။ ဒေါ်ကြီးစိုးက အဲဒီကလေးလက်ကို လှမ်းဆွဲလိုက်ပြန်တယ်။

"ဒီကလေးကရော ဘယ်သူ့ကလေးလဲ ဒေါ်ကြီးစိုး"

"ရွှေစင့် ကလေးပဲလေ"

"ဟင် ... မဟုတ်တာ၊ ဆွေး အိမ်ထောင်ကျတော့တောင် သုံးနှစ်ကျော်ကျော်လောက်ပဲ ရှိသေးတာ၊ ဆွေး အိမ်ထောင်ကျတုန်းကတောင် မရွှေစင် အိမ်ထောင်မကျသေးဘဲနဲ့ ဘယ့်နှယ် သူ့ကလေးက ဒီအရွယ်ရှိဦးမလဲ"

"ဒါက သူ့ယောကျ်ားဘက်က ပါလာတဲ့ ကလေးလေ၊ သူ့ယောကျ်ားက မုဆိုးဖိုဆိုပေမယ့် ရိုးရှာပါတယ်၊ ရွှေစင့်အပေါ်လည်း ကောင်းတယ်၊ ခုတော့ ဒါက ရွှေစင့်သားကြီး၊ သူက ရွှေစင့် သမီးလေးပေါ့"

ဆွေးလည်း ခုမှ သဘောပေါက်သွားတယ်။ ဘာပဲဖြစ်ဖြစ် ကလေးတွေနဲ့ သူတို့မိသားစုကိုကြည့်ရတာ ပျော်စရာကြီးပါပဲ ...။

ကိုကိုကတော့ ဆွေးကို အရင်ကထက်ပိုပြီး ဂရုစိုက်တယ်။ ဆွေး စားဖို့ ထမင်းဟင်းတွေ စုံနေအောင် ချက်ကျွေးတယ်။ ဆွေး စိတ်ပျော်လာအောင် ပန်းခြံတွေ၊ ကစားကွင်းတွေနဲ့ ဘုရားတွေကို လိုက်ပို့တယ်။ မျှော်စင်ကျွန်းမှာ စတော့ရှိုးလည်း လိုက်ပြတယ်။ ပြီးတော့ ကိုကိုက ပြောသေးတယ် ...။

"နှင်းငယ်ငယ်တုန်းက ဒီလို ကစားကွင်းတွေလည်း သိပ်မရှိဘူးဟ၊ ငါ့မှာ နှင်း ရဟတ်စီးချင်လို့ ပွဲဆာတိုင်း ဘုရားပွဲ ဈေးတန်းတွေ ရှာရှာပြီး ပို့ရတာ၊ နှင်းက လုပ်ချင်တာ မလုပ်ရရင် အရမ်းဂျီတာပဲ"

ကလေးတုန်းကအကြောင်းတွေ ကိုကို ပြန်ပြောရင် ဆွေး ကြည်နူးရတယ်။

ကိုကိုက ဆွေးကို စတော့ရှိုးလိုက်ပို့တော့ ဆွေးက ...

"မမြင်ရဘူး ကိုကိုရဲ့၊ ရှေ့နားတိုးကြည့်မှ သေသေချာချာ မြင်ရမှာ"

လို့ ပြောတော့ ကိုကိုက ရယ်မောရင်း ...

"ကလေးတုန်းကလိုဆိုရင်တော့ နှင့်ကို ပခုံးပေါ်ထမ်းတင်ပြီး မြင်အောင်ပြပါတယ်ဟာ၊ အဲဒီတုန်းက နှင်းက အရမ်းဆိုးတာ ညီမလေးရ ...၊ နစ်မမြင်ရရင် ငါ့အရပ်ကို အတင်းရှည်ခိုင်းရော၊ ငါ့မှာ အရပ်ရှည်အောင် တစ်နေ့တစ်နေ့ ရိန်းဘားကွင်းတွေ ဆွဲလိုက်ရတာဟာ ..."

ကိုကို အဲဒီအကြောင်းတွေကို ပြန်ပြောပြတိုင်း ဆွေး ကြည်ကြည်နူးနူး ရယ်မိတယ်။

"ကိုကိုကချည်း ပြောပြောနေတာ၊ ဒီတစ်ခါတော့ ဆွေးပြောအလှည့် ..."

ဆွေးက လက်ညှိုးလေးထောင်ပြီး ပြောတော့ ကိုကိုက မျက်ခုံးပင့်သွားတယ်။

"ကဲ ... ပြောပါဦး ဘာများလဲ"

"ကိုကိုက ဆွေးကို ကလေးဆိုပြီး မဟုတ်တာတွေ ညာ




ပုညခင်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



ပြောဖူးတယ်လေ၊ မွေး မှတ်မိတယ် သိလား၊ ကိုကို့ကို မွေးက ဘယ်တော့မှ မသေနဲ့နော်လို့ ပြောတော့ ကိုကိုက အေးပါ အေးပါဆိုပြီး ခေါင်းညိတ်တယ်လေ၊ အဲဒီတုန်းက ဆို မွေးက လူဆိုတာ မသေဘဲနေလို့ရတယ်လို့ ထင်သွားတာ၊ ကလေးကိုအမှတ်မှားအောင် ကိုကိုက အလွယ် ပြောတယ်"

ကိုကိုက ခဏငြိမ်သက်သွားတယ်။ ပြီးတော့ ခပ်တိုးတိုး ပြောတယ်။

"ငါရှိမှ နှင်းပျော်မယ်ဆိုရင် ငါ ဘယ်တော့မှ မသေဘဲ နေချင်ပါတယ်ဟာ ..."

"ကိုကိုက ဘယ်တော့မှ မသေဘဲနေလည်း မွေးက အချိန်တန်ရင် သေသွားမှာပဲလေ၊ အဲ့ဒါဆို မွေး မရှိတော့တဲ့ အချိန်ကျ ကိုကိုတစ်ယောက်တည်း ကျန်ရစ်နေမှာပေါ့"

"ငါတစ်ယောက်တည်းတော့ မကျန်ရစ်ချင်ဘူး၊ နှင်းကို လည်း တစ်ယောက်တည်းမကျန်ရစ်စေချင်ပါဘူးဟာ..."

"ဒါပေမယ့် တစ်နေ့နေ့ကျ တစ်ယောက်ယောက်ကတော့ ကျန်ရစ်ရမှာပါပဲ၊ တကယ်လို့ နှင်းတစ်ယောက်တည်း ကျန်ရစ်ရင် ဘယ်လိုလုပ်မလဲ၊ ငါမရှိဘဲ နေနိုင်မှာလား"

"အာ ...ကိုကိုကလည်း ဘာတွေလျှောက်ပြောနေတာလဲ၊ သေဖို့ကိစ္စက အဝေးကြီးလိုပါသေးတယ်"

"လူ့ဘဝဆိုတာ မျက်စိတစ်မှိတ် လျှပ်တစ်ပြက်အတွင်း ပြောင်းလဲသွားတတ်တာပဲ၊ တကယ်လို့ ငါသေသွားရင်





စိတ်ဖြောင့်အောင် နှင်းဘယ်လိုနေရမှာခဲ့မယ်ဆိုတာ ပြောပြထားစမ်းပါ ညီမလေးရယ်"

"မွေး အလုပ်လုပ်မှာပေါ့၊ ပညာတွေ ဆက်ပြီးသင်မှာပေါ့၊ ကိုယ့်ဘဝကို ကိုယ် တိုးတက်အောင် ကြိုးစားမှာပေါ့ ကိုကိုရဲ့"

"အေး ... ကောင်းတယ်၊ ငါ စိတ်ချပြီ"

ကိုကို ပြုံးပြီးပြောလိုက်တဲ့ပုံက တကယ်ပဲ မွေးကို စိတ်ချသွားတဲ့ ပုံမျိုးပဲ ...။ ကိုကို့အပြုံးဟာ ထူးဆန်းတယ်၊ သိမ်မွေ့တယ်၊ လျှို့ဝှက်တယ်။



www.burmeseclassic.com

www.burmeseclassic.com

♥ ♥ ♥

နောက်တစ်နေ့ မနက်ခင်းမှာ ကိုကိုက ကြည်လင်တဲ့ အပြုံးမျက်နှာလေးနဲ့ ဇွေးကို မပူဆာစဖူး ပူဆာလိုက်တယ်။

"ညီမလေး ငါ့ကို ရှင်ပြုပေးပါလားဟာ"

ဇွေး အံ့သြပြီး ရယ်ချင်သွားတယ်။ ပြီးတော့ စိတ်မကောင်းလည်း ဖြစ်သွားမိတယ်။

"ကိုကိုရယ် … ဇွေးလေ ကိုကို့အဘွားရဲ့ စုဘူးကို ကိုကို ဖောက်ပြီး ဇွေးကို ကျောင်းထားပေးခဲ့တဲ့အကြောင်း ဒေါ်ကြီးစိုး ပြောပြကတည်းက ကိုကို့ကို ရှင်ပြုဖို့ရည်ရွယ်ပြီး ပိုက်ဆံကျိတ်စုခဲ့ဖူးတယ်၊ ဒါပေမယ့် ဇွေးစိတ်ကူးကို အကောင်အထည်မဖော်နိုင်ခဲ့ဘူး၊ အိမ်ထောင်ကျပြီးတော့လည်း အဲ့ဒီကိစ္စကို ဇွေး မေ့လျော့နေခဲ့တယ်။ ဇွေး တာဝန်မကျေခဲ့ဘူး"

"အဲဒါတွေ ထားလိုက်ပါတော့ဟာ၊ အခု … နင် ငါ့ကို ရှင်ပြုပေးရင် ရပြီလေ၊ နင် ပြုပေးမှာလား …"



"ပြုပေးမှာပေါ့ ကိုကိုရဲ့၊ ဇွေးမှာ [illegible]
ရှိပါတယ်"

"ပိုက်ဆံကတော့ ငါ့မှာလည်း ရှိပါတယ်ဟာ [illegible]
နင် စီစဉ်ပေးရင် ရပြီ"

"ဒီလိုလုပ်ရင် မကောင်းဘူးလား ကိုကို၊ [illegible] သားအကြီးက ၇ နှစ် ၈ နှစ်လောက်ရှိပြီဆိုတော့ ကိုကို နဲ့အတူတူ သူ့ကိုပါ ရှင်ပြုပေးလိုက်ရအောင် …"

"ကောင်းသားပဲ၊ ဒါပေမယ့် သူက ကလေးဆိုတော့ ခဏလေးနဲ့ ရှင်လူထွက်ချင်မှာ၊ ငါက နည်းနည်းကြာကြာလေး သင်္ကန်းဝတ်မှာနော်"

"ဝတ်ပါ ကိုကို …"

အဲဒီနေ့ကစပြီး ဇွေးတို့တွေ ရှင်ပြုပွဲအတွက် စီစဉ်ကြတယ်။ ဇွေးတို့ ပျော်နေသလို ဒေါ်ကြီးစိုးလည်း ပျော်နေခဲ့တယ်။ ဒေါ်ကြီးစိုးက ကြုံရင်ကြုံသလို ဇွေးတို့ ငယ်ငယ်က အကြောင်းကို ပြောပြောပြတယ်။

"ညည်း ငယ်ငယ်ကပေါ့အေ … ငါက ညည်းကိုချစ်လို့ ငါ့ကို မွေးစားဖို့ပေးပါလားလို့ ပြောမိတော့ သူက ဘာပြောတယ်မှတ်လဲ၊ အဒေါ် ကျွန်တော့်ကို သတ်မလို့လားတဲ့၊ ဇွေးက ကျွန်တော်အသက်တဲ့၊ အဒေါ် သူ့ကို ခေါ်ထားရင် ကျွန်တော် သေသွားမှာပေါ့တဲ့ …"

ငယ်ငယ်ကအကြောင်းတွေ သိရလေ ကိုကို ဇွေးကို ဘယ်လောက်ချစ်တယ်ဆိုတာ ဇွေး သိလာရလေပဲ။



www.burmeseclassic.com

www.burmeseclassic.com



ခုတလောမှာ ကိုကို့ကို ကြည့်ရတာလည်း အရမ်း ထူးဆန်းနေသလိုပဲ။ မွေးကို အရိပ်တကြည့်ကြည့် လုပ်နေတတ်တဲ့ ကိုကို့မျက်ဝန်းတွေဟာ တစ်ခုခုကို နှမြောတသနေသလိုပဲ။

ရှင်ပြုပွဲနီးလာတော့ မွေးတို့တတွေ ဒေါ်ကြီးစိုးနဲ့ တိုင်ပင်ပြီး အိမ်ရှေ့ မြေကွက်အလွတ်လေးမှာ မဏ္ဍပ်လေးတစ်ခု ထိုးလိုက်ကြတယ်။ မဏ္ဍပ်ထဲမှာ စားပွဲဝိုင်းလေးတွေချပြီး ကြက်သွန်လှီးတဲ့သူက လှီး၊ ငါးအရိုးနွှင်တဲ့သူက နွှင် ... တစ်ယောက်တစ်လှည့် အလုပ်ရှုပ်နေကြတယ်။ အလုပ်လုပ်နေတဲ့ အချိန်မှာ သီချင်းတွေ ဖွင့်နားထောင်ရင်း အားလုံးက ပျော်တပြုံးပြုံးပေါ့ ...။

မနက်ဖြန်ဆို ကိုကို့ ရှင်ပြုပွဲနေ့ပေါ့။ ရှင်ပြုပွဲမှာ ထမင်းအဝကျွေးမှာဆိုတော့ အားလုံး အလုပ်များပြီး အားလုံး ပျော်နေကြတယ်။ ကိုကို့ကိုလည်း ဝိုင်းနောက်ကြတယ်။

"ဟော့ ... မောင်ရင်လောင်း တကယ်တော့ ခုအရွယ်က မင်း ရှင်ပြုရမယ့်အရွယ် မဟုတ်တော့ဘူး၊ မင်္ဂလာဆောင်ရမယ့်အရွယ်ကွ၊ မင့် မဆွေကြီးက ရည်းစားတွေ တစ်ယောက်ပြီး တစ်ယောက်ထားရင်း မင်းအလှည့် ဘယ်တော့လာမလဲလို့ စောင့်နေရှာတုန်းကွ ..."

ကိုကိုက အားလုံးအလယ်မှာ ရယ်မောနေခဲ့ပေမယ့် မွေး စိတ်အထင် ကိုကို့ မျက်ဝန်းတွေက မှုန်ရီနေသလိုပါပဲ။

မွေးစိတ်မှာ ကိုကို့ အပြုအမူတိုင်း ကိုကို့အကြည့်





တိုင်း ကိုကို့ စကားလုံးတိုင်းက ထူးဆန်းတယ်လို့ပဲ ခံစားမိနေတယ်။

ဒီလိုနဲ့ ရှင်ပြုတဲ့နေ့ကို ရောက်လာခဲ့တယ် ...။



www.burmeseclassic.com

www.burmeseclassic.com

♥ ♥ ♥

အဲဒီနေ့က ကိုကို့ ပုံစံလေးကို ဆွေးတစ်သက် ဘယ်တော့မှ မေ့နိုင်တော့မှာ မဟုတ်ပါဘူး ...။

ဆွေးတို့ ရပ်ကွက်ထဲကနေ ဘုန်းကြီးကျောင်းကို အသွား မောင်ရင်လောင်းစီးဖို့ မြင်းတွေ ငှားလိုက်ကြတယ်။

ကိုကိုက မြင်းပေါ်မှာ မင်းသားလေးတစ်ပါးလို လှနေတယ်။

"အမလေးဟယ် ... ကြည့်လို့ကောင်းလိုက်တဲ့ မောင်ရင်လောင်းကြီး"

လို့ ဒေါ်ကြီးစိုးက အားရပါးရ ရေရွတ်လိုက်တယ်။ ဆွေးကလည်း ကိုကို့ကို ကြည့်လို့မဝနိုင်ခဲ့ဘူး။

ဘုန်းကြီးကျောင်းရောက်လို့ ဆံချခါနီးမှာ ကိုကိုက ဆွေးကိုကြည့်ပြီး ...

"ကျေးဇူးပဲ ညီမလေး ..."

လို့ ... မသိမသာ တုန်နေတဲ့ အသံနဲ့ ပြောလာတယ်။





ကိုကို့ကို ဆံချတဲ့အချိန်မှာ ဆံပင်တွေခံတဲ့ အဝတ်စကို ကိုင်ထားတဲ့ ဆွေးရဲ့လက်တွေဟာ မသိမသာ တုန်ရင်နေတယ်။

ကိုကို သင်္ကန်းဝတ်ပြီးသွားတော့ ကိုကို့ကို ကြည့်ပြီး ဆွေး မျက်ရည်ဝဲတဲ့အထိ ကြည်နူးမိတယ်။

ကိုရင်ကြီး ဖြစ်သွားတဲ့ ကိုကိုဟာ အဲဒီနေ့မှာပဲ သိမ်ဝင်ပြီး ပဉ္စင်းတက်လိုက်တယ်။

ဆွေးကို ကျောခိုင်းပြီး ဣန္ဒြေရရကြွသွားတဲ့ ဦးပဉ္စင်းကြီးရဲ့ ကျောပြင်ကို ကြည့်ရင်း ဆွေးက လက်အုပ်ကလေးချီလိုက်မိတယ်။

အဲဒီတုန်းကတော့ ...

မကြာခင်မှာ ... ခေါင်းတုံးပြောင်ကလေးနဲ့ ကိုကိုဟာ ဆွေးဆီ ပြန်လာဦးမယ်လို့ပဲ ထင်ခဲ့မိပါတယ် ...။



www.burmeseclassic.com

www.burmeseclassic.com

ခွင့်လွှတ်ပါ ညီမလေး ...

ခွင့်ပြုပေးပါ ညီမလေး ...

ကိုကို သွားရတော့မယ် ...။

ကိုကို့အပြစ်တွေကို ဝန်ခံပြီး အပြစ်ဒဏ်ကို ကျေကျေနပ်နပ် ခံယူဖို့ ကိုကို သွားရတော့မယ်။

ကျွန်တော် စိတ်ထဲကနေ ညီမလေးကို အသိပေး ခွင့်တောင်းလိုက်ရတယ်။

ဒီနေ့ ကျွန်တော် လွတ်လာတဲ့နေ့ပါ။

ဒီရက်ပိုင်းတွေမှာ ညီမလေးလုပ်ပေးခဲ့တဲ့ ကောင်းမှုကုသိုလ်ကြောင့် ကျွန်တော့်စိတ်တွေ အေးချမ်းခဲ့ရပါတယ်။ ဘုရားမ ဖြစ်စေချင်တဲ့ဆန္ဒတစ်ခုကို ဖြည့်ဆည်းခွင့်ရခဲ့တဲ့အတွက်လည်း ကျွန်တော် ပျော်ပါတယ်။

ဒီနေ့ကျမှ ကောင်းကင်တစ်ပြင်လုံးလည်း မိုးသားတွေနဲ့ အုံ့ဆိုင်းညို့မှိုင်းနေတာပဲ။

မကြာပါဘူး ...မိုးတွေ ရွာလာတယ်။





ကောင်းပါတယ်။ မိုးထဲမှာ ကျွန်တော် ရောင်ငိုလို့ရသွားတာပေါ့။

ကိုကို ငိုရင် မျက်ရည်လာသုတ်မပေးပါနဲ့တော့ ညီမလေးရယ်။ ကိုကို စိတ်ရှိလက်ရှိ ငိုဝါရစေ ...။

ကျွန်တော် မိုးရေထဲမှာ ခေါင်းငိုက်စိုက်နဲ့ လျှောက်လာခဲ့တယ်။ ခပ်ဝေးဝေးထိ လျှောက်ခဲ့ပြီးမှ ကျွန်တော့် ခြေလှမ်းတွေက ညီမလေး စောင့်နေမယ့် အိမ်ကလေးဆီ ဦးတည်နေမိတာကို အထိတ်တလန့် သိလိုက်ရတယ်။

ကျွန်တော် အထိတ်တလန့်နဲ့ပဲ ရပ်တန့်ခဲ့ရတယ်။ ပြီးတော့ ရင်နာနာနဲ့ နောက်ပြန်လှည့်ခဲ့ရတယ်။

ကျွန်တော် ခေါင်းငိုက်စိုက်နဲ့ ဆက်လျှောက်လာခဲ့ရတယ်။

ကျွန်တော် သွားရမှာ ညီမလေးဆီကို မဟုတ်ဘူးလေ။ ကျွန်တော့်အပြစ်တွေကို ဆေးကြောပေးမယ့် နေရာတစ်ခုကိုလေ။

မိုးတွေကလည်း ဒီနေ့ကျမှ ပိုပိုသည်းလာနေသလိုပဲ။

ပတ်ဝန်းကျင်တစ်ခုလုံးလည်း မိုးတဝါး မှုန်ရီနေတာပဲ။

ကျွန်တော့်ရင်ဘတ်ထဲမှာတော့ ညီမလေးကို ချစ်တဲ့ အချစ်တွေနဲ့ လေးလံနေခဲ့တယ်။

ကျွန်တော် ညီမလေးကို သိပ်ချစ်တယ်။



www.burmeseclassic.com

www.burmeseclassic.com



အသက်မက ချစ်တယ်။

ညီမလေးအတွက်ဆို ဘာမဆို ကျွန်တော် စတေးနိုင်တယ်။ ကျွန်တော့်အချစ်တွေက များပြားလွန်းတော့ တချို့လူတွေက ကျွန်တော့်အချစ်ကို သံသယဝင်ကြတယ်။ စွပ်စွဲချင်ကြတယ်။

ညီမလေးဟာ အထီးကျန်မွန်းနစ်နေတဲ့ ကျွန်တော့်ဘဝအတွက် ကောက်ရိုးတစ်မျှင်မို့လို့ ကျွန်တော့် ဘဝတစ်ခုလုံးကို ပုံပြီး ခိုဆွဲထားခဲ့မိတယ်ဆိုတာ သူတို့ မသိကြဘူး ...။

ညီမလေးကို ကျွန်တော် ဘယ်လိုအချစ်မျိုးနဲ့ ချစ်ခဲ့တာလဲလို့ မေးလာရင်တော့ ကျွန်တော် မပြောတတ်ဘူး ...။ ကျွန်တော့်အချစ်ကို ၅၂၈ တို့ ၁၅၀၀ တို့လို ဂဏန်းတွေနဲ့လည်း တိတိကျကျ မဖော်ပြတတ်ဘူး။

လောကမှာ အချစ်ဆိုတာ ဒီဂဏန်းနှစ်မျိုးပဲ ရှိတာလား။

၅၂၈ လည်းမက ၁၅၀၀လည်း မကျတဲ့ အချစ်မျိုးတွေကော လောကမှာ ရှိမနေနိုင်ဘူးလား။

ညီမလေးနားက တစ်သက်လုံး ခွဲမသွားချင်တဲ့ အချစ်မျိုးနဲ့ ညီမလေးကို ကျွန်တော် ချစ်ခဲ့မိပါတယ်။ ဒါပေမယ့် မရိုးသားစိတ်တော့ လုံးဝမပါခဲ့ဘူးဆိုတာ ကျွန်တော် ကျိန်ပြောရဲပါတယ်။

ကျွန်တော့် အချစ်က ၁၃၀၀ မေတ္တာလို့ ပြောလို့ ရမလားတော့ မသိပါဘူး ...။ ၁၅၀၀ ထဲက မရိုးသားတဲ့စိတ်





ကို ၂၀၀ ဖိုး နုတ်လိုက်ပြီးရင် ချစ်ကြတဲ့သူတွေအချင်းချင်း တစ်သက်မခွဲချင်တဲ့ စိတ်မျိုး ၁၃၀၀ ဖိုးလောက်နဲ့ ကျွန်တော် ချစ်ခဲ့မိတာများလား။

ချစ်ခြင်းမေတ္တာအကြောင်းကို ကျွန်တော်သိပ်ပြီး ရှင်းမပြတတ်ပါဘူး ...။

ကျွန်တော် မိုးထဲကို တရွေ့ရွေ့ တိုးလျှောက်လာခဲ့ပြီး တစ်နာရီလောက်အကြာမှာ ပလက်ဖောင်းပေါ်မှာ ကျွန်တော် ရပ်ပြီး လမ်းရဲ့ တစ်ဖက်ခြမ်းကို မျှော်ကြည့်လိုက်တယ်။

အဲဒီ တစ်ဖက်ခြမ်းမှာ ကျွန်တော့်ကို ညီမလေးနဲ့ မတွေ့ရတော့အောင် ချုပ်နှောင်ထားမယ့် နေရာတစ်ခု ရှိနေတယ်။

အဲဒီ ရဲစခန်းဘက်ကို လမ်းကူးသွားဖို့ ကြိုးစားရင်း ကျွန်တော့်ရင်ထဲမှာ တလှပ်လှပ်တုန်ပြီး မောဟိုက်လာလို့ ခဏရပ်ပြီး နားနေရတယ်။

အဲဒီ ပလက်ဖောင်းပေါ်မှာ ကျွန်တော် သတ္တိနည်းစွာ ရပ်နေခဲ့မိတာ နာရီဝက်လောက် ရှိတော့မယ် ...။

ကျွန်တော် သွားမှဖြစ်မယ်။

ကျွန်တော်ဆုံးဖြတ်ချက်ချပြီး မိုးပေါက်တွေ အပြင်းအထန် ကြွေကျနေတဲ့ လမ်းမကို ဖြတ်ကူးလာခဲ့တယ်။ မှုန်ဝါးနေတဲ့ လမ်းမကြီးကို လေးလံလွန်းတဲ့ ခြေလှမ်းတွေနဲ့ ဖြတ်ကူးနေချိန်မှာပဲ ...



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ကို တစ်စုံတစ်ရာက ပြင်းထန်စွာ ဝင်ဆောင့်လိုက်တယ်။

ကျွန်တော့် အသိစိတ်တွေ လွင့်ထွက်သွားတယ်။

ကိုကို မသေချင်သေးဘူး ညီမလေးရယ်။

ညီမလေးနဲ့ ပြန်တွေ့ချင်သေးတယ် . . . ။



ဈေးဘဝထဲက ကိုကို ထွက်ခွာသွားပုံက ငြိမ်းချမ်းလွန်းခဲ့ပါတယ် . . . ။

ကိုကို့ရဲ့ နောက်ဆုံးပုံရိပ်တွေကို ပြန်တွေးကြည့်လိုက်တိုင်း ကြည်လင်ပြုံးရွှင်နေတဲ့ မောင်ရင်လောင်းနဲ့ အေးချမ်းတည်ငြိမ်နေတဲ့ ဦးပဥ္စင်းကြီးရဲ့ပုံကိုပဲ မြင်ယောင်မိတယ်။

ကိုကိုက သူ့ရဲ့ နောက်ဆုံးအချိန်တွေမှာ ဈေးကို ပျော်ရွှင်မှုတွေ ပေးသွားခဲ့တယ်။

ကလေးဘဝတုန်းက သူ့အပြုံးနဲ့ပဲ အငိုတိတ်ခဲ့ရတဲ့ ဈေးဟာ ဘဝမှာ ကြေကွဲစရာတွေ ကြုံလာတိုင်း ကလေးဘဝကတည်းက မက်မောမိခဲ့တဲ့ ကိုကို့အပြုံးကို ပြန်မြင်ယောင်ရင်း မငိုမိဖို့ ကြိုးစားတတ်လာတယ်။

ဘာမှမရှိတော့တဲ့ ဈေးဘဝထဲကို အရာရာ ဖြည့်ဆည်းပေးဖို့ ရောက်လာခဲ့တဲ့ ကိုကိုဟာ သူ့ဘဝရဲ့ အနှစ်သာရတွေ အကုန်လုံးကို ဈေးဘဝထဲကို ထည့်ထားပေးခဲ့ပြီးမှ ဈေးဆီကနေ ထွက်ခွာသွားခဲ့တယ်။



www.burmeseclassic.com

www.burmeseclassic.com



ကိုကို မရှိတော့တဲ့နောက် ကိုကို ဖြစ်စေချင်ခဲ့သလိုပဲ မွေး အလုပ်တွေလုပ်ရင်း ကိုယ့်ခြေထောက်ပေါ် ကိုယ်မတ်မတ်ရပ်နိုင်လာပါတယ်။

ကိုကို့ကို မွေး သိပ်ချစ်ခဲ့ပါတယ်။

ဘယ်တော့မှ မခွဲချင်တဲ့စိတ်နဲ့ ဖြူဖြူစင်စင် ချစ်ခဲ့မိပါတယ်။

ကိုကို မွေးအနားမှာ မရှိနိုင်တော့တာကို သိပေမယ့် တစ်ခါတစ်ခါ ကလေးဘဝတုန်းကလို 'ကိုကို ဘယ်တော့မှ မသေရဘူးနော်' လို့ ပူဆာမိချင်သေးတယ်။

တစ်ခါတစ်ခါတော့လည်း အိပ်မက်လို ဝိုးတဝါးအသိနဲ့ ကိုကို့ကို ပြန်တွေ့ရဦးမယ်လို့ပဲ ထင်မှတ်နေခဲ့မိပါတယ်။

♥ ♥ ♥



လောကမှာ ရှင်းရှင်းလင်းလင်း ခွဲခြမ်းစိပ်ဖြာ နားလည်ဖို့ ခက်ခဲတဲ့ အချစ်တွေ အမျိုးမျိုး အစုံစုံ ရှိနေတတ်ကြပါတယ် ...

ပုညခင်
14.11.2009
1 : 53 Am



www.burmeseclassic.com